# ချစ်နိုင်

## စိတ်ပညာ



# စက္ကန့်တိုင်းကို စိန်စီထားတယ်

GRAPHIC DESIGN

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွံ့ဖြိုးပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ချစ်နိုင် (စိတ်ပညာ)

# စက္ကန့်တိုင်းကို စိန်စီထားတယ်

ပါရမီ

၈၁၉၆

# စက္ကန့်တိုင်းကို စိန်စီထားတယ်

ပထမအကြိမ်၊ ၂၀၀၀ ဧပြီလ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ ကျော်မင်းမောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၇၃/၂၀၀၀ (၃)နှင့် စာမူခွင့်ပြုချက်အမှတ် ၆၄/၂၀၀၂(၁)တို့အရ ဒေါ်ရွှေအိမ် (၀၁၂၉၉) တိုင်းလင်းစာပေ၊ ၃၊ အောင်သိဒ္ဓိလမ်း၊ အမှတ် ၈/၆၅ အုပ်စု၊ စော်ဘွားကြီးကုန်း က ထုတ်ဝေ၍ ဒေါ်ရှုခင် (၀၅၄၄၉)၊ ဝင်းလိုက်မိတ်အော့ဖ်ဆက်၊ ၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏက ပုံနှိပ်သည်။

တန်ဖိုး ၇၀၀ ကျပ်

## ပါရမီစာပေ

၂၃၀၊ ၂၉ လမ်း (အထက်လမ်း)၊ ရန်ကုန် (ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

# မာတိကာ


| | | |
|---|---|---|
| ၁။ | ပေးသူနှင့် ယူသူ | ၅ |
| ၂။ | အကာနှင့် အနှစ် | ၁၃ |
| ၃။ | ကောင်းရာတွေးပါ | ၁၇ |
| ၄။ | ခွင့်လွှတ်ခြင်းဖြင့် | ၂၁ |
| ၅။ | ကုမုဒြာနှင့် လရောင် | ၂၅ |
| ၆။ | ကံ ကံ၏အကျိုး | ၃၁ |
| ၇။ | ဘိုးဘိုးဘွားဘွားတို့၏ မျက်စိမှုန်မှိုင်း ခါးကကိုင်း နားကထိုင်းသည့်ဘဝ | ၃၇ |
| ၈။ | အနာဂတ်မှာ ရှင်သန်ပါစေ | ၄၃ |
| ၉။ | လုပ်ငန်းခွင်အောင်မြင်လိုသော် | ၄၇ |
| ၁၀။ | စကားပုံထဲက ကြက်နှင့်ကြောင် | ၅၁ |
| ၁၁။ | အထီးလား အမလား | ၅၇ |
| ၁၂။ | သင်ပါ ပြင်ပါ တိုးတက်မှာ | ၆၁ |
| ၁၃။ | မေတ္တာရှေ့တန်းတင် | ၆၇ |
| ၁၄။ | စကားပြောခြင်းအတတ် | ၇၁ |
| ၁၅။ | ဝန်ထမ်းသူနှင့် ဝန်ပိစေသူ | ၇၇ |
| ၁၆။ | အမြန်ဆုံးချမ်းသာနည်းတစ်ခု | ၈၃ |

၁၇။ အပြုံး ၈၉
၁၈။ ကိုယ့်အလုပ် ကိုယ့်လမ်း ၉၅
၁၉။ တကယ်ပင် ကူညီကြပါသည် ၉၉
၂၀။ မဟုတ်မခံတဲ့လား ၁၀၃
၂၁။ အရောင်းကောင်းသည့်ဈေးသည် ၁၀၉
၂၂။ မပြီးစီးသောအလုပ်ဟူ၍မရှိပါ ၁၁၅
၂၃။ လုပ်ရင်အများပါမှာပဲ ၁၂၁
၂၄။ သက်ရှည်ကျန်းမာ လမ်းလျှောက်ပါ ၁၂၅
၂၅။ သူတို့ဘာကြောင့်အောင်မြင် ၁၃၁
၂၆။ ဟိုဘက် ဒီဘက် ၁၃၇
၂၇။ လောကညွှဲ့သည်များ ၁၄၁
၂၈။ အမျက် ၁၄၅
၂၉။ ဉာဏ် နဲ့ ဝီရိယ ၁၅၃
၃၀။ အောင်မြင်အောင်လုပ်ဆောင်ပါ ၁၅၉
၃၁။ စက္ကန့်တိုင်းကို စိန်စီထားတယ် ၁၆၅
၃၂။ ငွေမျက်နှာစကားပြောသော်ကော ၁၆၉
၃၃။ ကျန်းမာပါရဲ့လားလို့ ၁၇၃
၃၄။ လူကြီးဖြစ်မည့် လူငယ်များ ဖတ်စေလိုသော
စာအုပ်တစ်အုပ် ၁၈၁
၃၅။ ယုံကြည်စိတ်ချရမှု ၁၈၇

# ပေးသူနှင့် ယူသူ

မကြာမီက အညာဆီသို့ ခရီးတစ်ခေါက် ရောက်ရှိခဲ့ပါသည်။ ကံကောင်းထောက်မစွာဟု ဆိုရပါမည်။ မတွေ့ကြရသည်မှာ ကြာပြီဖြစ်သော ငယ်ပေါင်းရောင်းရင်း သူငယ်ချင်းများနှင့် ဆုံမိကြသည်။ ဝသူကဝ၊ ပိန်သူကပိန်၊ ဆံပင်ဖြူသူကဖြူ၊ ထိပ်ပြောင်သူကပြောင်နှင့် လွန်ခဲ့သော နှစ်ပေါင်း ၃၀ လောက်အတွင်းမှာ တစ်ခါမျှ မဆုံခဲ့ရသည့် တစ်တန်းတည်း တစ်ခန်းတည်း ကျောင်းနေဖက်တွေနှင့်လည်း ပြန်တွေ့ရသည်။

မိမိကိုယ်ကို အသက် ၅၀ ရှိပြီ သိသည်။ ကြီးပြီဟု မထင်မိ။ အချို့သူငယ်ချင်းတွေ မြေးတောင်ရနေပြီ။ ဘွားဘွားဖြစ်နေပြီ။ ဗိုက်ကြီးပူနေအောင်ဝသော သူငယ်ချင်းရှိသကဲ့သို့ ငါးဖောင်ရိုးခြောက်ဖြစ်အောင် ပိန်ချုံးနေသော သူငယ်ချင်းကိုလည်း မြင်ခဲ့ရသည်။ လောကဓံခရီးကြမ်းမှာ အသောအလွမ်းတွေနှင့် မောပန်းခဲ့ရရှာသည်ထင့်။

အချို့မှာ တောသူဌေးဟု ဆိုရလောက်အောင်ပင် ချမ်းသာကြွယ်ဝနေကြသည်။ အချို့မှာ ကြွေးမတင်အောင် အတော်ကြီးရုန်းကန်နေရသည့်ပုံပေါ်သည်။ သူငယ်ချင်းအချို့ကား ယခုအချိန်အထိ သောက်သောက်စားစားနှင့် ရီရီဝေဝေရှိပုံပေါ်သည်။ အချို့သူငယ်ချင်းတို့ကား တည်ငြိမ်ရင့်ကျက်စွာရှိကြသဖြင့် မေးကြည့်ရာ ဝိပဿနာကမ္မဋ္ဌာန်းများ လေ့ကျင့်

ပွားများနေကြောင်း တိုးတိုးညင်သာ ဖြေကြားပါသည်။ ဝင့်ဝါမောက်မာခြင်း မရှိ။ ထိုစဉ်မှာပင် အသံစွာကျယ်ကျယ်နှင့် လူတစ်ယောက် ရောက်ရှိလာသည်။

"ဟော့ကောင်– မင်း ငါ့ကို သိရဲ့လား"

မြို့နယ်အဆင့် ဌာနဆိုင်ရာလူကြီးတွေ၏ ကြားမှာ စာရေးသူကို ဟော့ကောင်–မင်း ငါနှင့် လာပြီး စကားပြောသူသည် ကျောင်းနေဖက်ထဲကပဲ ဖြစ်ရမည်ဟုထင်သည်။ သူ့မျက်နှာကိုသေသေချာချာကြည့်သည်။ အရွယ်ကတော့ အသက်ငါးဆယ်ကျော်ပြီ။ ကွမ်းစားထားသဖြင့် မည်းနေသောသွားများလည်းရှိသည်။ တိုက်ပုံအင်္ကျီက ချုပ်ပြီးသားဝယ်ဝတ်ထားသဖြင့် ကိုယ်နှင့်မတော်အောင် ပွနေသေးသည်။ တောသားအသွင်သဏ္ဌာန် အပြည့်အဝတွေ့ရသည်။ ဘယ်သူလဲ စဉ်းစား၍မရ၊ သူ့လက်ကိုဆွဲ၍ လှုပ်ကိုင်လိုက်သည်။ သူ့လက်ဖဝါးကလည်း ကြမ်းရှရှပါကလား။

ကျွန်တော် မမှတ်မိကြောင်း ဝန်ခံရသည်။

"စောမောင်လေကွာ၊ စောမောင်"

သိပြီ၊ ငါးတန်းမှ ခုနစ်တန်းအထိ သုံးနှစ်တိတိ အတူနေခဲ့ကြသည့်ကောင်ပေပဲ။ တောင်တတန်း ထိန်စန်းဆိုသည့် ရွာကပါ။ ကျွန်တော်တို့ရွာ ဘုန်းကြီးကျောင်းမှာ ဘော်ဒါလာနေသွားတာပဲ။ သူက ဤကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ကျောင်းသားဟောင်းအနေနှင့် အလှူငွေထည့်ဝင်ခဲ့ကြောင်း ပြောပြသည်။ ကျွန်တော့်ကိုကော ဘယ်လောက်ထည့်သလဲဟု မေး၏။ "အေး– အဲဒီတုန်းက ပိုက်ဆံ လက်ထဲမှာမရှိလို့ မထည့်လိုက်ရဘူး"ဟု ဖြေရ၏။ "ထည့်ဦးကွာ၊ ကျောင်းဆောင်တွေ တိုးချဲ့ဆောက်ကြရဦးမှာ"ဟု ဆို၏။

ပျဉ်းမနားရှိ သူငယ်ချင်းကျောင်းနေဖက်ထံသို့ စာသင်ခုံနှင့်ခုံတန်းရှည် အစုံ ၂၀ လုပ်ပြီးပို့ရန် ငွေပေးထားပြီးဖြစ်ကြောင်းကိုတော့ သူ့ကို မပြောလိုက်မိပါ။ အဆောက်အအုံရှိလာပြီ၊ ပရိဘောဂဖြည့်တင်းပေးရမည်ဟု စိတ်ကူးရှိပါသည်။ လှူဒါန်းမည်ဟုရည်ရွယ်ပြီး ငွေသုံးသောင်းခွဲဖိုး မှာထားပြီးပါပြီ။ ဤရွာ၊ ဤကျောင်းမှ ကျောင်းသားဟောင်းအနေနှင့် စေတနာ အများနည်းတူပါဝင်ပါ၏။

အကြောင်းတိုက်ဆိုင်ချင်တော့ မိမိဇာတိ မွေးရပ်မြေ ကြီးနီရွာမှာ ဆယ့်ငါးသိန်းခွဲတန်ကျောင်းဆောင်သစ် ဖွင့်ပွဲနေ့ပင်ဖြစ်နေသည်။ ထုံးစံအတိုင်း စည်တော်ရှမ်း၊ ဖဲကြိုးဖြတ်၊ ပူစီဖောင်းတွေလွှတ်၊ ဂုဏ်ပြုအမှာစကားတွေပြောကြ၊ ရွာသူရွာသား၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူတွေ ပြုံးပျော်နေကြ၏။ အားလုံးပင် ကြည်နူးဝမ်းသာ...။

ကျွန်တော့်ကို ဤကျောင်းကထွက်သွားသော ကျောင်းသားဟောင်းအနေနှင့် စကားတက်ပြောပေးပါဦးဟု ဆိုကြသဖြင့် ဆယ့်ငါးမိနစ်ပြောဖြစ်သည်။ စင်ပေါ်ကနေ အောက်ကပရိသတ်ကို ငုံ့ကြည့်လိုက်တော့ ဆွေမျိုးတွေအများကြီး မြင်ရသည်။ ဒီဘက်မှာလည်း မွေးချင်းသားချင်းတွေဖြစ်နေသည်။ မေးမော့ကာ ဘာများပြောမလဲဟု အငေးသားနားစွင့်နေကြ၏။

“ပရိသတ်ထဲမှာ ကျွန်တော် သူငယ်ချင်းနဲ့ ပထမတန်းမှာ ဝလုံး ရေဝ၊ စလုံးရေစ သင်ပြခဲ့တဲ့ ကံ့ကူလက်လှည့် ဆရာအရင်း အငြိမ်းစား ကျောင်းဆရာမကြီး ပါပါသည်။ ဆရာမဒေါ်ခင်ရင်ကို ဒီစင်မြင့်ပေါ်ကနေ ဦးစွာပထမ ရိုသေစွာဂါရဝပြုပါတယ်ခင်ဗျား”

ပရိသတ် တစ်ထောင်လောက်သည် အံ့သြသွား၏။ ဤစကားမျိုး စပြောလိမ့်မည်ဟု ထင်မထား။ ကျွန်တော်က ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးကို ထင်ရှားအောင် ဖွဲ့နွဲ့ပြောဆိုသည်။ လူတစ်ယောက် ကြီးပွားထွန်းပေါက်ဖို့ရာ အနည်းဆုံး သမ္ပဒါတရား နှစ်ပါးတော့ ပြည့်စုံရပါမည်။

(၁) ဥဋ္ဌာနသမ္ပဒါ= ကိုယ်တိုင်အားထုတ် အလုပ်လုပ်ရမည်။ (ခိုးချ၍မရ)

(၂) ကလျာဏမိတ္တသမ္ပဒါ= ဆရာကောင်း၊ မိတ်ဆွေကောင်း၊ အပေါင်းအသင်းကောင်းတွေရှိအောင် ရှာဖွေပေါင်းသင်းရမည်။

ပရိသတ်ထဲမှာပါသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များ သေသေချာချာ အထက်ပါနှစ်ချက်ကို မှတ်သားသင့်ပါသည်ဟု သတိပေးခဲ့သည်။ ကလျာဏမိတ္တ သမ္ပဒါတရားနှင့် ပြည့်စုံရန် လူမိုက်ကိုရှောင်၍ ပညာရှိကို ချဉ်းကပ်ပေါင်းသင်းကြရပါမည်။

ပရိသတ်ထဲမှာ ချောက်မြို့ အေးစေတီအစိုးရအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးထွေးမောင် ပါဝင်သည်ကို တွေ့မြင်ရသည်။ ဦးထွေးမော်သည် ကျွန်တော်နှင့် ကိုးတန်း(အေ)အခန်းမှာ ကျောင်းနေဖက်ဖြစ်၏။ ထွေးမောင်သည် ဘယ်သန်ဖြစ်၏။ ဘယ်လက်နှင့် ရေးသောသူ့လက်ရေးသည် ဝိုင်းဝိုင်းစက်စက် ညီညီညာညာနှင့် လှလည်းလှ၏။ သပ်လည်း သပ်ရပ်၏။ ထို့အပြင် စာရေးလည်းမြန်၏။ အေးကိုအောင်၊ ဌေးနိုင်အေးစသော သူငယ်ချင်းတွေကလည်းလက်ရေးလှကြ၏။ ကျွန်တော့်လက်ရေးကား ပဲပင်ပေါက်၊ ရုပ်ထွေးကောက်ကွေး။ မဖြစ်ချေ သူတို့လိုပင် လက်ရေးလှအောင် ကြိုးစားမည်ဟု ဝလုံးမှစ၍ ကကြီး၊ ခခွေးကို ဝိုင်းအောင် လေ့ကျင့်ရေးခဲ့ရပါသည်။ ယခုအခါ ကျွန်တော့် လက်ရေးသည် မဆိုးတော့ပါ။ ကိုးတန်းမှာ သူငယ်ချင်းကောင်းများ ထံမှ အတုယူခဲ့ခြင်း ဖြစ်ပါသည်။

ဆယ့်ငါးမိနစ်အတွင်းမှာ အထက်ပါအချက်ကို ထည့်ဟောပြောခဲ့၏။

လောကမှာ “ပေးသူ”နှင့် “ယူသူ”ဟု နှစ်ဖက်နှစ်နေရာ ရှိပါသည်။ အသင် ဘယ်ဘက်ကနေမလဲ။

ရချင်ကြပါသည်။ ယူချင်ကြပါသည်။ ထို့ကြောင့် ရယူတဲ့ဘက်မှာ နေပါ့မယ်ဆိုသူက များလှပါ၏။

ပေးသည့်ဘက်မှ နေချင်ကြသူ နည်း၏။ အေးဗျာ၊ ပေးနေရရင် ကုန်သွားမှာပေါ့ဟု ထင်မြင်ယူဆကြ၏။ လောက၏သဘာဝမှာ ရသည့်အခါ ပျော်ရွှင်သည်။ ယူရလျှင်ဝမ်းသာသည်။ ယင်းသည်ကား အပေါ်ယံပျော်ရွှင်မှုမျှသာ ဖြစ်လေသည်။

အနှစ်သာရသဘာဝမှုများကား ပေးဆပ်ရမှ ပီတိသုခ၊ ချမ်းသာအစစ်ကို အပြည့်အဝရခြင်းဖြစ်၏။ ပေးသူ၊ လှူသူ၊ စွန့်လွှတ်သူ၊ စွန့်စားအနစ်နာခံသူ၊ စေတနာသဒ္ဓါတရား ထက်သန်သောသူ၊ သူဌေး သူကြွယ်၊ အာဇာနည်သူရဲကောင်း၊ မြင့်မြတ်သောသူတို့၏ အရသာကား ပေးလှူရခြင်းပါ။

သူတစ်ပါး၏စိတ်ကို ချမ်းသာအောင် ဆောင်ရွက်ပေးခြင်း၊ သူတစ်ပါး သို့မဟုတ် လူအများ သို့မဟုတ် ပြည်သူကို ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ကျန်းမာခြင်း (စိတ်ချမ်းသာ ကိုယ်ကျန်းမာ) ရှိအောင် ဖြည့်ဆည်းလုပ်ကျွေးခြင်းသည်သာ မိမိကိုယ်တိုင် ကြည်နူးပျော်ရွှင်ရပါသည်။

အကယ်၍ တစ်စုံတစ်ဦးသည် မိမိချမ်းသာအလို့ငှာ အများပြည်သူတို့ကို ဆူပူအုံကြွ သောင်းကျန်းကြစေလိုသောကြောင့် ငတ်ကြပါစေ၊ မွဲကြပါစေ၊ ဆင်းရဲကြပါစေဆိုပြီး ပြည်ပမှရောင်းဝယ်မှုတွေ မလာပါနှင့်၊ ဆက်ဆံမှုတွေ မပြုပါနှင့်၊ ထောက်ပံ့ကူညီခြင်းတွေ မလုပ်ပါနှင့်ဟု တာမြစ်ပိတ်ပင်၍ ပြည်သူတွေ ဒုက္ခပင်လယ်ဝေအောင် နှိပ်စက်ဖိနှိပ်၍ ညှင်းဆဲခြင်းကို ပြုလုပ်သည်ဆိုပါအံ့၊ အာဏာကို ယူချင်လို့။

လေညာတူရူ လွှင့်သည့်မြူသို့။

သူလွှင့်သော သဲမှုန့်၊ ဖုန်မှုန့်တို့သည် သူ၏ မျက်နှာပေါ်နှင့် မျက်စိထဲသို့ ပက်မိပါလိမ့်မည်။ နှိပ်စက်ညှင်းဆဲလိုသော ဆိုးကျိုးပြုသည့် ဝိပါက်အကြောင်းခံသဖြင့် ထိုသူအတွက် ဆိုးကျိုးသာလျှင် ရရှိပေလိမ့်မည်။ ရယူခြင်းထက် ပေးဆပ်ခြင်းက ဖြူစင်မွန်မြတ်ကြောင်း သာဓကဖြစ်ရပ်တစ်ခုကို ကူးယူဖော်ပြခွင့် ပြုစေလိုပါသည်။ **"သူ့လိုအစ်ကို"** တဲ့။ ဂျက်ကင်းဖီးလ်နှင့် မာ့ခ်ဗစ်တာဟင်ဆင်တို့ ရွေးချယ်စီစဉ်သည့် နှလုံးသားအာဟာရ (Chicken Soup For The Soul) စာအုပ်ထဲမှ အဖြစ်မှန်တစ်ပုဒ် ဖြစ်ပါသည်။ (ဆရာဖေမြင့်က ဘာသာပြန်ထားသည်) ဖတ်ကြည့်စေလိုပါသည်။

ကျွန်တော့်သူငယ်ချင်း ပေါလ်မှာ ခရစ္စမတ်လက်ဆောင်အဖြစ် သူ့အစ်ကိုကြီးထံမှ ကားတစ်စီးရသည်။

ခရစ္စမတ်အကြိုနေ့မှာ သူ့ရုံးခန်းက ထွက်လာတော့ လမ်းဘေးမှာ ကောင်လေးတစ်ယောက်က တောက်ပသောသူ့ကားကြီးကို သဘောကျစွာ လှည့်ပတ်ကြည့်နေတာ မြင်ရသည်။ ကြည့်ရုံနှင့် အားမရဟန်ဖြင့် ကောင်လေးကမေးသည်။

"ဒါ အစ်ကို့ကားလား"တဲ့။

ပေါလ်က ခေါင်းညိတ်ပြီး "အေးကွ၊ ငါ့အစ်ကိုက ခရစ္စမတ် လက်ဆောင်ပေးတာ" ဆိုတော့ ကောင်လေး အံ့အားသင့်သွားသည်။

"ဟာ–ခင်ဗျားအစ်ကိုက ခင်ဗျားကို အလကားပေးတာ ဟုတ်လား။ ခင်ဗျား ပိုက်ဆံတစ်ပြားမှ မကုန်ဘူးပေါ့၊ ဟာဗျာ– ကျွန်တော်သာ ဆုတောင်းလို့ရမယ်ဆိုရင်" ဆိုပြီး ကောင်လေး ရပ်နေသည်။

ဆုတောင်းလို့ရင် ကောင်လေး ဘာဆုတောင်းမလဲဆိုတာ ပေါလ် တွေးနေမိသည်။ သူ့မှာလည်း အဲဒီလို အစ်ကိုမျိုး တစ်ယောက်ရပါစေလို့ ဆုတောင်းမှာပဲပေါ့။

သို့သော် ကောင်လေးထံမှ နောက်ထပ်ကြားလိုက်ရသော စကား ကြောင့် ပေါလ် ကြက်သီးမွေးညင်းထသွားသည်။

"ကျွန်တော် အဲဒီလိုအစ်ကိုမျိုး ဖြစ်ချင်လိုက်တာဗျာ"တဲ့။

ကောင်လေးကို သူအံ့အားသင့်စွာ ငေးကြည့်နေမိသည်။ ထို့နောက်မှ ရုတ်တရက် ဘယ်လို ဖြစ်သွားသည်မသိ။ "မင်း ငါ့ကား လိုက်စီးကြည့် မလား"ဟု မေးမိသည်။

"ဟုတ်ကဲ့၊ စီးချင်တာပေါ့ခင်ဗျာ"

ကားစီးပြီး ခဏလေးကြာတော့ ကောင်လေးက ပေါလ်ဘက်သို့ လှည့်ကာ "အစ်ကိုရေ၊ ကျွန်တော်တို့ အိမ်ဘက် လှည့်မောင်းပေးလို့ ရမလားဗျ"ဟု မေးသည်။

သူ့မျက်လုံးတွေ တောက်ပနေတာကြည့်ပြီး ပေါလ်ပြုံးမိသည်။ ကောင်လေးစိတ်ထဲ ဘာရှိနေသလဲ သူတွေးမိသည်။ သူကားသစ်ကြီးစီးပြီး အိမ်ပြန်လာသာ အိမ်နီးချင်းတွေကို ကြွားချင်ပုံပဲ။

သို့သော် သည်တစ်ခါလည်း ပေါလ် မှားပြန်ပါသည်။

"ဟိုလှေကားနှစ်ဆင့်နဲ့ အိမ်ရှေ့ ရပ်ပေးပါဗျာ" ကောင်လေးက ဆိုသည်။

လှေကားထစ်တွေ သူက ပြေးတက်သွားသည်။ ခဏလေးကြာတော့ ပြန်လာနေသံကြားရသည်။ တက်သွားတုန်းကလို မမြန်၊ သူက ကလေးတစ်ယောက်ကို ချီယူလာခြင်းဖြစ်သည်။ ခြေမသန်သော သူ့ညီလေး၊ သူက ညီလေးကို အောက်ဆုံးလှေကားထစ်မှာ ထိုင်ခိုင်းသည်။ သူ့လက်တစ်ဖက်က ညီလေးကို တင်းတင်းဖက်ထားပြီး ကားကိုပြသည်။

"ဟောဒီမှာတွေ့လား ညီလေး၊ အပေါ်ထပ်မှာတုန်းက အစ်ကို ကြီးပြောတာလေ၊ ဒါ သူ့အစ်ကိုကြီးက ခရစ္စမတ်လက်ဆောင်ပေးတာ တဲ့၊ သူ့ပိုက်ဆံတစ်ပြားမှ မကုန်ဘူး၊ နောက်ကျရင် အစ်ကိုကြီးလည်း ညီလေးကို ဒါမျိုးတစ်စီး ဝယ်ပေးမယ်။ အဲဒီအခါကျတော့ ညီလေးကို အစ်ကိုကြီးပြောတဲ့ ခရစ္စမတ်အရောင်းဆိုင်တွေမှာ ပြထားတဲ့ အလှအပ ပစ္စည်းမျိုးစုံတွေ ညီလေးလိုက်ကြည့်နိုင်မှာပေါ့ကွ"တဲ့။ သူက အားပါးတရ ပြောနေသည်။

ပေါလ် ကားထဲကထွက်လာပြီး ခြေမသန်သော ကလေးငယ်လေးကို ချီ၍ ကားရှေ့ခန်းထဲထည့်သည်။ အစ်ကိုလုပ်သည့် ကောင်လေးက ဝမ်းသာအားရ သူ့ညီလေးဘေးမှ ဝင်ထိုင်သည်။

အဲဒီနေ့က သူတို့သုံးယောက် လျှောက်လည်ကြသည့် အတွေ့အကြုံမှာ သုံးယောက်စလုံးအတွက် တစ်သက်မမေ့နိုင်စရာ ဖြစ်ခဲ့သည်။

အထူးသဖြင့် ပေါလ်အဖို့ သင်ခန်းစာတစ်ခု မှတ်မှတ်သားသား ရခဲ့သည်။ ယူရခြင်းအရသာထက် ပေးရခြင်းကြောင့် ဖြစ်သော ပီတိက ပို၍နှစ်သက်ဖွယ် ချိုမြိန်လှ၏ဟူသော အသိတရား။

**(မူရင်း- Dan Clark ၏ Brother Like That)**

**ရွှေမောင်းသံဂျာနယ်**

**၃၁-၁၂-၉၈**

■

# အကာနှင့်အနှစ်

ကျွန်တော်ရေးသောစာတွေကို တောသံပါသည်ဟု အချို့သော သူငယ်ချင်းတွေက ဝေဖန်သည်။ မှန်၏။ ယင်းအချက်သည် မှန်သဖြင့် ဝန်ခံခေါင်းညိတ်ရပါသည်။ ကျွန်တော့်အသက် ၃၀ ကျော်မှ ရန်ကုန် ရောက်ဖူးနေဖူးသည်။ မိမိဘဝ ဖြတ်သန်းခဲ့ရသမျှသည် တောလက် ကျေးရွာတွေမှာပဲ ကျင်လည်ရသည်။ မြေလတ်ဒေသ တောခေါင်ခေါင် ကျေးရွာလေးမှာ မွေးသည်။ ချောက်မြို့မှာ ၄–နှစ်နေသည်။ မင္ဘူလေးမှာ ၄–နှစ်နေသည်။ ထို့နောက် စစ်ထဲဝင်ခဲ့ရာ ရှမ်းပြည်နယ် တောလက် ကျေးရွာများ၌ ၁၇–နှစ်ကြာ လှည့်လည်လှုပ်ရှားခဲ့ရ၏။ လားရှိုးကို ဗဟိုပြု၍ မြောက်ပိုင်းတစ်ခွင်ပြဲပြဲစင် ၁၂–နှစ်။ ဗထူးနှင့် ကလောကို အခြေပြု၍ တောင်ပိုင်းတစ်ခွင်အနှံ့ပင်။ ၅–နှစ်။ ဒုတိယဗိုလ်မှူးကြီး ဖြစ်ပြီးနောက် ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းဆတ်၊ တာချီလိတ်သို့လည်း၄–၅ခေါက်ရောက်ခဲ့ရလေပြီ။ အရှေ့ပိုင်း ရှမ်းပြည်နယ်သို့လည်း တော်တော် နှံ့အောင် ရောက်ဖူးသည်ဟုဆိုရမည်။ ရှမ်းပြည်နယ်မှာ အနေကြာတော့ ရှမ်းရိုးမကိုခင်တွယ်သည်။

ရန်ကုန်မှာ ဗိုလ်ကြီးဘဝ ၆–နှစ်လောက်တော့ နေခဲ့ဖူးပါ၏။ ဝန်ထမ်းအကြီးအကဲ အဆင့်ဖြင့် ၄–နှစ်မျှတော့ ကြာလာပြီ။ မြို့ကြီး ပြကြီးမှာ ၁၀–နှစ်ကာလ တွေ့ကြုံကျင်လည်ရသော်လည်း ကျွန်တော့မှာ တောစိတ်တောအတွေးက မပျောက်ချင်သေး။

ရန်ကုန်ကို မြို့ကြီးဟု ထင်မှတ်ပြီး ကိုယ့်ကိုကိုယ် မြို့ကြီးသား ဆန်လှပြီဟု ထင်မြင်နေသူအချို့ ရှိတတ်သည်။ ရန်ကုန်မှာမွေးပြီး ရန်ကုန်မှာကြီးသူတို့သည် ကုသိုလ်ကံကောင်းသူများ ဖြစ်ကြပါသည်။ သူတို့၏ ရေးအတိတ်ကံ ကောင်းခဲ့ကြသဖြင့် ဖြစ်သည်။ မနာလိုစရာ မရှိ။ မုဒိတာပွားမိပါသည်။ အားကျပါသည်။

ရန်ကုန်ထက် နှစ်ဆ၊ သုံးဆ၊ လေးဆကြီးသော ပြည်ပမြို့ကြီး အချို့သို့ မိမိရောက်ဖူးသည်။ ရန်ကုန်ထက် ကျယ်သော လမ်းတွေလည်း တွေ့ခဲ့ရသည်။ ရန်ကုန်က အဆောက်အအုံထက် (အထပ်–၄၀–၅၀) ပို မြင့်သော တိုက်တာတွေလည်း မြင်ခဲ့ရသည်။ ရန်ကုန်ထက်ပိုပြီး ခမ်းနား သော ဟိုတယ်များ၊ ဘူတာရုံများ၊ လေဆိပ်များ၊ အားကစားကွင်း ကြီးများ၊ ကုန်တိုက်ကြီးများလည်း ကြည့်ခဲ့ရသည်။ သွားခဲ့ရသည်။

ရန်ကုန်မှာ ကြာကြာနေခဲ့ရသဖြင့် မိမိကိုယ်ကို ကမ္ဘာပေါ်မှာ အဆင့်အမြင့်ဆုံးမြို့ကြီးသားဟု အထက်စီးလေသံနှင့် ဟန်ပါပါပြောတတ် သူများကို ကြုံရသည့်အခါ၌ကား စိတ်ထဲက ကြိတ်ပြုံးမိသည်။ မြစ် မမြင်ဖူးသဖြင့် မူးကိုပင် မြစ်ထင်နေသူပေပဲ။ သူ့လို ရန်ကုန်မှာကြီးသူမှ တကယ့်မြင့်မြတ်သူ၊ လူတန်းစေ့သူဟု ယူဆပြီး နယ်မှာမွေးပြီး နယ်မှာ ကြီးပြင်းခဲ့ရသူမျိုးကို ငုံ့ပြီးစကားပြောချင်သူမျိုးနှင့် တိုးရသည့်အခါ တွင်မူ ပြုံးရုံသာမက စိတ်ထဲက ရယ်မောမိသည်။ သြော်– ဖြစ်မှဖြစ်ရ ပလေ။ သူက အဖက်မလုပ်ချင်သလိုလိုပုံဟန်။

လူမှန်သမျှမှာ မာနရှိကြသည်။ မြင့်သူမြတ်သူမှာ သဒိသမာန် ဟူသော ငါက သာသည်ဟု ယူဆကြသည်။ နိမ့်သူ ရှုံးသူတို့၌လည်း ဟီနမာန်ဆိုသည့် “အောက်ကျတော့ဘာဖြစ်လဲ၊ သူတို့ကိုမကြောက်ဘူးကွ” ဟု မာန်ထောင်တတ်ကြ၏။ လူဆိုသည်ကား မာယမသာဌေယျလည်း ရှိတတ်ပေသည်။

ရန်ကုန်မှာ အနေကြာသဖြင့် ရန်ကုန်စတိုင် ထုတ်ချင်သူတွေကို အပြစ်မဆို။ ၁၀ ပုံ ၉ ပုံမျှရှိကြသော နယ်မှလူတွေကို လူဟုမထင်သလိုလို ပြောဆိုဆက်ဆံသူကိုတော့ မိမိရယ်ချင်သည်။ သူ့ခမျာ ဒုက္ခပါကလား။

စကားဝိုင်းတစ်ခုတွင် ဒုတိယဝန်ကြီးတစ်ဦးက ပြောဖူးသည်။ သူတို့ငယ်ငယ်က မိုးရာသီမှာ ကျောင်းသွားရာတွင် ထီးမပါ။ ထီးမဝယ်

နိုင်တာလည်းပါ၏။ ဝယ်လေ့မရှိကြသည်လည်း ပါ၏။ ထီးလောက်နီးနီး ကြီးသော ဝါးဖက်ခမောက်ကြီးတွေပဲ ဆောင်း၍ ကျောင်းတက်ခဲ့ကြသည်။ မိုးထဲ လေထဲမှာ ဝါးခမောက်ကြီးတွေနှင့်သာ အားလုံးလိုလိုက ကျောင်းလာကြပါသည်။ မိုးဒဏ်ကိုခံနိုင်သည်။ လွန်ခဲ့သော အနှစ် ၄၀ ကျော်က မိဘသည် ချွေတာကြသည်။ ဂုဏ်တုဂုဏ်ပြိုင်နည်းသည်။

ပကာသနမရှိ။ မိုးရွာသည်ကို မိုးကာဖို့ရာ လိုရင်းဖြစ်၏။ ထို့ကြောင့် မိုးရာသီမှာ ဝါးဖက်ခမောက်ကြီးများနှင့် ကျောင်းသို့ဆောင်းပြီး သွားကြခြင်းသည် သူ့ခေတ်သူ့အခါအရ ဘာမျှမထူးဆန်းပါ။ ဝါးဖက်ခမောက်ကိုဆောင်းပြီး ကျောင်းတက်ခဲ့သည့် ထိုကျောင်းသားလေးသည် ပညာရေးမှာတော့ အောက်တန်းမကျခဲ့ပေ။

ဂရိတ်ဗြိတိန်နိုင်ငံမှ ဆေးတက္ကသိုလ်ကြီးတစ်ခုမှာ ပညာသင်ယူခဲ့သည်။ **MRCP, FRCS** ပါရဂူဘွဲ့တွေရခဲ့သည်။ ဆေးပညာမှာ ပါမောက္ခ၊ ပါမောက္ခချုပ် လုပ်ခဲ့သည်။ တောကျောင်းက တက်လာခဲ့ရသော်လည်း အင်္ဂလန်နိုင်ငံအထိ အကျော်အမော်ဖြစ်ခဲ့သည်။ အနှစ်သာရ က ခိုင်မာသည်ကိုး။

မိုးရေထဲမှာ ထီးမဆောင်းနိုင်၍ အရေးမကြီး။ ဦးခေါင်းထဲမှာ အသိပညာပြည့်ဝဖို့က ပိုပြီးအရေးကြီးလေသည်။ ထိုပုဂ္ဂိုလ်မျိုးက ကမ္ဘာ့အဆင့်အတန်းကို တန်းတူရည်တူ လိုက်နိုင်သည်။ ဝါးလုံးခေါင်းထဲမှာ လသာနေသည့်အစားမဟုတ်။

အချို့အချို့သော လူတို့သည် အကာကို အနှစ်ဟုထင်၍ အနှစ်ကို အခွံဟု သဘောထားပြီး လွှင့်ပစ်ချင်နေကြသည်။ မိုးရွာလျှင် ထီးဆောင်းနိုင်သော လုံလောက်ပါပြီ။ မိုးရွာသဖြင့် ဝါးဖက်ဖြစ်စေ၊ ကြာဖက်ဖြစ်စေ၊ ပလတ်စတစ်စဖြစ်စေ ဆောင်းကာပြီး ကျောင်းသွားရလျှင်လည်း အရေးမကြီး။

မိုးလုံဖို့၊ မဖျားမနာဖို့သာ အဓိကမဟုတ်ပါလား။ မြို့ကြီးသား၊ မြို့ကြီးသူ ဆန်ချင်လွန်းသူများက တစ်နေ့တစ်နေ့ ထီးတစ်မျိုး။ ကနေ့ အနီလေးဆောင်း၊ နောက်တစ်နေ့ အပြာကွက်လေး၊ နောက်တစ်နေ့ အဝါအပွင့်သေး။ မလိုရာကို ဇာချဲ့၍ အလုပ်များနေကြ၏။

သူများနိုင်ငံက တင်သွင်းဝယ်ယူရတာတွေကို အဆာကျယ်စွာ ဝယ်ယူသည်က များသည်။ မိမိတိုင်းပြည်မှ ပစ္စည်းပစ္စယတွေကို မသုံးသမျှ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် ဆင်းရဲလာဖို့၊ မွဲလာဖို့သာ ဖြစ်ချေတော့သည်။ ပြည်တွင်းဖြစ်ကို တတ်နိုင်သမျှ အားပေးကြရမည်။ ဥပမာ–

ဂျပန်ထီး ကောင်းချင်ကောင်းပါလိမ့်မည်။

စင်ကာပူထီး ခိုင်ချင်ခိုင်ပါလိမ့်မည်။

ထိုင်းနိုင်ငံမှထီး လှချင်လှပါလိမ့်မည်။

မြန်မာပြည်ကထီးကို ဦးစားပေးပြီး အသုံးပြုကြမှသာ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ထွက်ငွေနည်းပြီး (နိုင်ငံခြားသုံးငွေ လျှော့စေ၍) ချွေတာခြင်းကြောင့် ချမ်းသာကြွယ်ဝလာမည် ဖြစ်လေသည်။

သိပ်ပြီး မြို့ကြီးသား၊ မြို့ကြီးသူ မဆန်မိကြဖို့ သတိပေးတင်ပြချင်မိသည်။ ကျွန်တော်တို့နိုင်ငံသည် စိုလ်ပျိုးရေးကို အားပြုနေရသည်။ တောနိုင်ငံပဲ ဖြစ်နေပါသေးသည်။ ဘုံးပေါလအော သုံးဖြုန်းရမည့် ချမ်းသာသောအခြေအနေ အချိန်အခါတော့ မရောက်သေး။

ဘာအမျိုးအစား ဝီစကီမှ သောက်ချင်သူ၊ ဘာအမျိုးအစား ဂေါက်ရိုက်တံကိုမှ ကိုင်တတ်သူ၊ ဘာအမျိုးအစား ဖိမ်ခံဆလွန်းကားကိုမှ စီးချင်သူ၊ ဘယ်နိုင်ငံမှ ဘယ်အစားအစာကို တကူးတကန့်မှာယူစားသူတို့ကို ပုထုဇဉ်သဘာဝ အားကျမိပါ၏။ ကောင်းပါဘိ၊ ကောင်းပါဘိ။

ထိုသို့စားမှ မြို့ကြီးသားပီသသည်တော့ မဟုတ်။ အကာဖြစ်သော ဝတ်တာ စားတာ၊ ကြွားတာဝါတာတွေကို လျှော့ပြီး အနှစ်ဖြစ်သော အတတ်ပညာ၊ နည်းပညာ၊ သိပ္ပံနှင့်စက်မှုပညာ၊ ခေတ်မီ စီမံခန့်ခွဲရေးပညာတွေမှာ တိုး၍တိုး၍ အဆင့်မြင့်အောင်ကြိုးစားအားထုတ်ကြရပါမည်။ အကာများနှင့်သာ ဗျာများမနေဘဲ အခွံဖြစ်သည်တို့ကို ပစ်၍ အနှစ်ကို ယူနိုင်ကြပါစေ။

■

# ကောင်းရာတွေးပါ

ဝန်ထမ်းအဖြစ်ဖြင့် ကျွန်တော်သည် ဘဝတစ်သက်တာလုံး အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။ မြို့ရွာပေါင်းများစွာမှာ တာဝန်အရနေထိုင်ခဲ့ရပါသည်။ ဌာနပေါင်း၊ ရုံးခန်းပေါင်းများစွာ၌ အလုပ်လုပ်ခဲ့ဖူးသည်။ ကျွန်တော် မပျော်ရွှင်သောဌာန၊ မနှစ်သက်သော အလုပ်ဟူ၍ တစ်နေရာမျှ မရှိခဲ့ပေ။ ရောက်ရာဌာန၊ ကျရာနေရာမှာ မရှောင်မလွှဲဘဲ ထိုနေရာ၌ မိမိကိုယ်ကို ပျော်ပိုက်အောင် ပြုပြင်၍ နေထိုင်ခဲ့သောကြောင့် စိတ်ချမ်းသာခဲ့သည်ချည်း ဖြစ်၏။

"ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စဉ်းစားတွေးခေါ်မှုများဖြင့်သာ တည်ဆောက်ပုံသွင်းထားခြင်း ဖြစ်၏။ စဉ်းစားတွေးခေါ်မှုများ၏ အာနိသင်ဖြင့်ပုံဖော်ထားပေ၏။ ကျွန်ုပ်တို့၏ ပစ္စုပ္ပန်အခြေအနေသည် ကျေနပ်ဖွယ်ရာ မရှိသည်ဖြစ်စေ၊ စဉ်းစားတွေးခေါ်မှု၏စွမ်းအင်ကို ကျွန်ုပ်တို့ အသုံးပြုခဲ့သည့် နည်းလမ်းကိုမူတည်၍ ဤပစ္စုပ္ပန်အခြေအနေ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်လေသည်"

CONSTRUCTIVE THINKING ဟူသော စာအုပ်ထဲတွင် အိပ်ချ်၊ အန်းနက်ဟန့် H. ERNEST HUNT ဆိုသူက ရေးသားခဲ့သော စာပိုဒ်ဖြစ်ပေသည်။ လွန်ခဲ့သော ၂၅ နှစ်ဆီက လားရှိုးမြို့မှာ နေခဲ့ဖူးသည်။ ယခုခဲ့သို့ လုလုပပ စည်စည်ကားကား အေးချမ်းသာယာချိန် မဟုတ်ခဲ့ပေ။ မြို့ထဲမှာပင် သေနတ်နှင့် ဝင်ပစ်သွားသဖြင့် လူတွေအတုံးအရုံးသေပြီး တရားခံရှာမတွေ့။ မမိလိုက်။ ညအချိန်မထွက်နှင့်၊ ည ၈ နာရီကျော်လျှင် တိတ်ဆိတ်၊ မှောင်မိုက်၊ အသွားအလာ လုံးဝမရှိ။ သောင်းကျန်း

သူများ ဆူပူထူပြောသောအချိန်ဖြစ်၏။ လားရှိုးမှ အထွက် ၁၀ မိုင်၊ ၁၁ မိုင်မှာပင် ကားလမ်းပေါ်မှာ ဓားပြတိုက်ခံရသည်ကလည်း မကြာခဏ။ ရထားကိုမိုင်းခွဲတာ၊ ချောင်းပစ်ခံရတာကလည်း အကြိမ်ကြိမ်။ အသက်တစ်ချောင်း၏ တန်ဖိုးသည် သေးငယ်နေ၏။ မအေးချမ်းသော နယ်မြေမှာ အေးချမ်းလုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ရသူ ကျွန်တော်တို့မှာ နေ့မနား ညမအိပ်၊ ပင်ပင်ပန်းပန်း လုပ်ဆောင်ခဲ့ကြရပါသည်။ လွန်ခဲ့သော ၁၉၇၀–ခုနှစ်ကာလဆီက အရှေ့မြောက်တိုင်းတစ်ခွင်ကို ရောက်ခဲ့၊နေခဲ့ကြသူတွေ အားလုံးအသိပင်။ အသက်နှင့်လဲ၍ တိုက်ပွဲဝင်နေကြရသူ ကျွန်တော်တို့အဖို့ ဆင်းရဲကြမ်းတမ်းလှပါ၏။ သို့သော် ပျော်စရာမရှိဟုတော့ မဆိုချင်။ ပျော်ပိုက်အောင်နေရသည်သာ။

၄၊ ၅၊ ၆ လလောက် တောထဲတောင်ထဲမှာနေပြီး လားရှိုးမြို့ပေါ် ခဏတစ်ခေါက် ရောက်သည့်အခါ အောင်သီရိရုပ်ရှင်ရုံမှာ ပြသမျှဇာတ်ကားတွေ မနားတမ်းကြည့်။ ဝင်းနိုင်စာနယ်ဇင်းနှင့် သောင်းစာနယ်မြေမှ စာအုပ်တွေ ဝယ်။ ရိပ်သာမှာ စာဖတ်။ စိုင်းထီးဆိုင်၏ ကက်ဆက်ခွေသီချင်းတွေ တဝကြီးနားထောင်၊ ဟာ– ဒါဟာ လောကနိဗ္ဗာန်ပါတကား။

ပြီးတော့ တစ်ဖန် မန်တုံ၊ နမ့်ဟိုင်း၊ နမ့်နန်း၊ မုံးယော်၊ မုံးကျက်၊ လွယ်မော်၊ နမ့်လန်၊ ဆောင်ကဲ့ စသည့် အရပ်ရှစ်မျက်နှာသို့ လေးငါးခြောက်လမှ တစ်နှစ်လောက်အထိ ကျောပိုးအိတ်ကို အဖော်ပြု၍ ထွက်ရပြန်ပါပြီ။ မုတ်ဆိတ်မွေးတွေရှည်၊ နှုတ်ခမ်းမွေးတွေ မဲမဲရှည်ရှည်၊ နေပူပူ၊ မိုးရွာရွာ၊ နှင်းကျကျ၊ ပေ၅၀၀၀–၆၀၀၀ တောင်ကြောများကို ဆင်းကာ တက်ကာ ရန်သူကိုရှာ၊ ရန်သူကို ရှင်းလင်းနှိမ်နင်း။

"တစ်ဆင့်တက်သော်၊ တစ်တောင်ကျော်
တစ်မော်ရှုံ့လျှို၊ တစ်ချုံတိုး
တစ်မိုးသောက်လျှင် တစ်နေဝင်
တစ်ပင်မြိုင်ကြီး ဂနိုင်ဆီး၊
တောကြီးငယ်တောင်ကာ
သေလာတောင်စောင်း
ပိတ်ပေါင်းသာထွေ"

**(ပြင်စည်မင်းသား)**

အောင်မြေသာစံပတ်ပျိုး သီချင်းထဲက တောကြီးတောင်ကြီးတွေနှင့် (၇)နှစ်တာမျှ နှစ်ပါးသွားခဲ့ရပါ၏။ တော်ပျော်ကျွန်တော် စိတ်ညစ်သလား။ မညစ်ပါ။ စိတ်ချမ်းသာစရာကိုသာလျှင် ရှာဖွေတွေးတောပါသည်။

What you see the world absolutely depends up on how you look at it.

"ကမ္ဘာကြီးကို သင်ကြည့်တဲ့အခါ ဘာတွေမြင်သလဲဆိုတာ သင်က ဘယ်လိုကြည့်သလဲဆိုတဲ့ အပေါ်မှာပဲ လုံးလုံးတည်နေပါတယ်တဲ့" နယူးဝိခ် သတင်းမဂ္ဂဇင်းမှာ ဟိုးလွန်ခဲ့သော အနှစ် ၂၀ နီးပါးက ဖော်ပြခဲ့သည့် ဝါကျတစ်ကြောင်းကို ကျွန်တော် မှတ်ယူထားခဲ့၏။ ပျော်စရာကောင်းအောင် ရှာဖွေတွေးတောသောအခါ ပျော်စရာတွေက တသီတတန်းကြီးပင်။

ဆုံးပဲမဆုံးနိုင်ပါ။ အကယ်၍သာ စိတ်ညစ်စရာတွေ၊ စိတ်ပျက်စရာတွေကို တွေးခဲ့ပါက ကျွန်တော်သည် အတော်ကြီးစိတ်ပိန်ခဲ့ရမှာဖြစ်ပါ၏။ နေ့မြင်ညပျောက်ဆိုသကဲ့သို့ မနေ့က မိမိနှင့် စခန်းတစ်ခုထဲမှာ အတူအိပ်ခဲ့သည့် အရာရှိသည် ယနေ့ကျဆုံးသွားခဲ့ပြီ။ ညနေက မိမိနှင့် အတူတကွ ဘောလီဘောပုတ် ကစားခဲ့ကြသော တပ်ကြပ်ကြီးသည် ညသန်းခေါင်ကျော်မှာ တိုက်ကင်းထွက်ခဲ့ရာမှ ခြေထောက်ပြတ်၍ ပြန်လာခဲ့ရပြီ။ အခြားရဲဘော်တွေက ထမ်းစင်နှင့် သယ်လာခဲ့ကြရပြီ။ သွေးများ ရေချိုးထားသကဲ့သို့ ရွှဲနစ်လျက်၊ နီရဲအိုင်ထွန်း။

စိတ်ပျက်စရာ စိတ်ဓာတ်ကျစရာ အခက်အခဲအမျိုးမျိုးကို အံတင်းပြီး ဖြတ်ကျော်ခဲ့သဖြင့်သာ ယနေ့ထိ အသက်ရှင်ရပ်တင်နိုင်ခြင်းပင်။ ဤကဲ့သို့သော အားမာန်တွေက ဘယ်ကရသလဲ။ အပြုသဘောအတွေးက ပေးပါသည်။ အခြားသောအားကိုး တစ်စုံတစ်ခုမျှမရှိ။

လောကကြီးကို စိတ်ပျက်စရာအဖြစ် သုံးသပ်ရှုမြင်သော လူအချို့၏ ဟောပြောချက်များ၊ ရေးသားချက်များ၊ အတွေးအခေါ်ဖြင့် ဖွဲ့စည်းထားသာ အနုပညာပစ္စည်းများကို ကျွန်တော်တို့ တွေ့ရတတ်သည်။ အကောင်းမမှတ်သင့်ပါ။ ကျွန်တော်တို့၏ စိတ်ဓာတ်များကို ယိမ်းယိုင်ပြိုကွဲအောင် တမင်ရည်ရွယ်ချက်ဖြင့် ပေးဝေနေခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ပရိယာယ်အရ ပါးနပ်စွာ ထိုးနှက်ချေမှုန်းနေခြင်းများ

လည်း ဖြစ်ပါသည်။ စေတနာကောင်းမဟုတ်ပါ။ ကျွန်တော်တို့တော့ ကမ္ဘာမြေ သာယာအေးချမ်းစေရေး အပြုသဘောဘက်ကသာ စဉ်းစားကြပါစို့။

ကျွန်တော်သည် လူတော်တစ်ယောက်တော့ မဟုတ်ပေ။ သို့ရာတွင် လူကောင်းတစ်ယောက်ဖြစ်ရန်ကိုကား အမြဲတစေ ကြိုးစားဆောက်တည်နေပါသည်။ ထို့ကြောင့် အတွေ့အကြုံများမှ သင်ခန်းစာယူ၍ မိမိရရှိလာသည့် အသိပညာကို ဖြန့်ဝေခြင်းဖြစ်ပါ၏။ ကောင်းရာကိုတွေးပါ။ သူတစ်ပါးအား ဖျက်ဆီးနှောင့်ယှက်ဖို့ရာကို မစဉ်းစားပါနှင့်။

မစိုးရိမ်ဆရာတော်ဘုရားကြီးက "သူတစ်ပါး၏ အပြစ်ကို မိမိနှလုံးအိမ်တွင် ကြာကြာမစိမ်လေနှင့်" ဟု ဆုံးမတော်မူဖူးသည်ဟု နာကြားမိပါသည်။ သင်၏ နှလုံးသားတွင် အမှိုက်တွေမစုစေနှင့်။ အဆိပ်တွေကို မသိုလှောင်နှင့်။ စိတ်ကောင်းထားမှ လူကောင်းဖြစ်နိုင်၏။ သို့ဖြစ်၍ ကောင်းရာကောင်းကျိုးများကိုသာ တွေးတောပါ။ စဉ်းစားပါဟု တင်ပြလိုပါသည်။

**အပျိုမ မဂ္ဂဇင်း**

**၁၉၉၈ ခု၊ ဇွန်လ**

■

# ခွင့်လွှတ်ခြင်းဖြင့်

“သူ့ကိုချီးမြှောက်၊ ကိုယ်ဂုဏ်မြောက်၏၊
ယွင်းဖောက်အလို၊ ဝန်မတိုနှင့်၊
သူ့ကိုဂုဏ်နှိမ့်၊ ကိုယ်ဂုဏ်နှိမ့်၏၊
စည်းစိမ့်အရာ၊ သူ့ချမ်းသာ၌
ကြုံသာမပြု၊ ဝမ်းမြောက်ရှုလော့၊
သူ့ကိုစောင့်မှ၊ သူကကိုယ့်ကို
ကြည်ညိုမေတ္တာ၊ စောင့်နိုင်ရာ၏။

**မန်လည်ဆရာတော်**

**ရှင်ဇဝန (၁၈၄၁– ၁၉၁၉)**

(မဃဒေဝလင်္ကာသစ်၊ ၁၈၅)

ကျွန်တော်သည် ဝန်ထမ်းအဖြစ်နှင့် အသက်မွေး၏။ ငယ်စဉ်ကမူ ကျောင်းနေခဲ့၏။ မိဘ၏အထောက်အပံ့ဖြင့် ဘွဲ့ရသည်အထိ ကျောင်းပညာသင်ယူခဲ့၏။ ကိုယ့်ဝမ်းကိုယ်ကျောင်းရပြီဟူသော အသက် ၂၃နှစ်မှစ၍ ကျွန်တော်သည် အစိုးရလခစားဝန်ထမ်းအဖြစ်ဖြင့် ထမင်းတစ်လုတ်စားရ၏။

နိုင်ငံတော်အစိုးရကကျွေးသော ထမင်းကိုစား၏။ နိုင်ငံတော်အစိုးရကပေးသော အိမ်မှာနေရ၏။ နိုင်ငံတော်အစိုးရက ရိက္ခာ၊ ဆန်၊ ဆီအပြင် ဝတ်စရာပါ ဆင်ခဲ့၊ ပေးခဲ့၏။ ဝန်ထမ်းသက် ၂၇ နှစ် ပြည့်လေပြီ။

၂၀-၃-၇၂ ခုနှစ်မှာ မော်ဘီဗိုလ်သင်တန်းကျောင်းဆင်းပွဲ ကျင်းပပြုလုပ်သည်။ ကျောင်းအုပ်ကြီးက ကျွန်တော်တို့ ၁၇၂ ယောက်ကို ရွှေသပြေခက်တစ်ချောင်းစီ ပခုံးပေါ်မှာ တပ်ခွင့်ပေးလိုက်သည်။ စစ်ရာထူးခန့်အတွင်းဝန်က ပြန်တမ်းဝင်အရာရှိအဖြစ် အမည်စာရင်း ထုတ်ပြန်၍ ခန့်အပ်လိုက်သည်။ ယနေ့ ၂၀-၃-၉၉ ရက်နေ့တွင် နှစ်ပတ်လည် အမှတ်တရအဖြစ် ကျောင်းဆင်းဖက် သူငယ်ချင်းတွေ စုဆုံပြီး ညစာအတူစားကြသည်။

ဝီစကီအရက် သောက်သည့်လူက သောက်သည်။ ဘီယာသောက်သောသူကသောက်၏။ အရက်သေစာမဆိုထားနှင့် ညစာထမင်းကိုပင်လျှင် မစား သောသူလည်းပါ၏။ ဥပုသ်စောင့်ထားသည်။ သီလမကျိုးမပေါက်ရအောင် ရေပဲသောက်၏။ ကျဆုံးသူတွေ ကျဆုံးခဲ့၊ သေသူသေ၊ ကျိုးသူကျိုး၊ ကန်းသူကန်း ကျရာတာဝန်ထမ်းခဲ့ကြပြီ။ ကျွန်တော်တို့အားလုံး အသက် ၅၀ ကျော်လေပြီ။ ထိုနေ့က ဆုံစည်းသော ငယ်သူငယ်ချင်း တစ်ပတ်တည်းဆင်းများ ငါးဆယ်ကျော်ရှိသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပျော်ရွှင်ကြသည်။ ၁၉၇၂-ခုနှစ် ကျောင်းဆင်းပြီး ကွဲကွာသွားပြီးနောက် ၂၇ နှစ်လုံးလုံး၊ တစ်ကြိမ်မျှ ပြန်မတွေ့ရတော့သည့် သူငယ်ချင်းအချို့လည်း ထိုညနေမှာဆုံရ၏။ တစ်ယောက်ခါးကို တစ်ယောက်ဖက်ကာ ဝမ်းနည်းဝမ်းသာ ဖြစ်ကြ၏။

"ကိုယ့်သမီးက မောင်ရင့်စာတွေ အမြဲဖတ်တယ်။ တစ်ခါတလေ ဘီယာသောက်ရင် သမီးက တားတာပဲ။ အဖေ့သူငယ်ချင်း ဆရာချစ်နိုင် (စိတ်ပညာ)က အရက်တို့ ဘီယာတို့ မသောက်ဖို့ကို ခဏခဏရေးတယ်။ သူရေးတာကို လေးစားသဖြင့် မသောက်ပါနဲ့တဲ့ကွာ"

ညွှန်ကြားရေးမှူးဖြစ်နေသော အရာရှိကြီးတစ်ဦးက ကျွန်တော့်ကို ပြော၏။

"ဟေ့ချစ်နိုင်၊ ကလေးတွေ ဖတ်ဖို့ပဲရေးကွာ၊ တို့ကိုဆုံးမတဲ့စာတွေတော့ မရေးနဲ့။ တို့မသေလို့ကျန်ခဲ့တာ။ နေရသမျှ ပျော်ပျော်ပေါ့ ငါ့လူရာ"

ရီရီဝေဝေ မျက်လုံးတွေနီနေပြီဖြစ်သော သူငယ်ချင်းတစ်ယောက်က ကျွန်တော့်ကို လှမ်းပြီးနောက်နေသည်။ တစ်ယောက်ပခုံးကို တစ်ယောက်

ဖက်ကာ ဗိုလ်လောင်းဘဝက ရယ်စရာဟာသတွေကို ပြန်လည်စားမြုံ့ပြန် မိကြသည်။ တဝါးဝါး တဟားဟားရယ်မောၾ။

ကျွန်တော်တို့ သူငယ်ချင်းတွေထဲမှာ ကိုခင်မောင်တင့်က ပထမ ဦးဆုံး ဗိုလ်မှူးချုပ်ဖြစ်သည်။ ထို့နောက် တပ်မမှူးကိုအေးကြွေ ဗိုလ်မှူးချုပ် ဖြစ်သည်။ ကိုဌေးဦး၊ ကိုသိန်းလွင်၊ ကိုဝင်းမြင့်တို့ဖြစ်သည်။ နယ်ဘက် တွင် ကိုသိုက်ထွန်း၊ ကိုစစ်မြိုင်၊ ကိုခင်မောင်အေးနှင့် ကျွန်တော်တို့က ညွှန်ချုပ်အဆင့် ရကြသည်။ ကိုမောင်ဝင်းက ဒုညွှန်ချုပ်ဖြစ်လာသည်။ သူ့ရုံးသူ့ဌာနမှာ အကြီးအကဲ ဖြစ်ပါလိမ့်မည်။ ငယ်ပေါင်းရောင်းရင်း တွေ တမင်ဆုံစည်းသော ဤအချိန်နှင့် ဤနေရာမှာတော့ "ငါ ညွှန်ကြား ရေးမှူးချုပ်ကွ"ဟု သွားလုပ်၍မသင့်။ "ဟကောင်– ဘာကြောင်တာလဲ" ဟု အဆဲခံရမှာ သေချာၾ။ ပါးစပ်ထဲရှိရာ ဘာပဲပြောပြော ကိစ္စမရှိပါ။ သူငယ်ချင်းများသည် အတူတကွ ဆင်းရဲအပင်ပန်းခံ၍ သေဖော်ရှင်ဖက် **"ယုံကြည်ချက်တူညီစွာ"** လက်တွဲပြီး တိုက်ခိုက်ခဲ့ကြသူတွေ ဖြစ်သည်။ ကျွန်တော်တို့ ရာထူးအဆင့် အမြင့်ဆုံးရကြသည်ကို အားလုံးက ဝမ်းသာ ကြည်နူးကြသည်။ မုဒိတာပွားကြသည်။

ကျွန်တော်၏ ရာထူးဌာနန္တရ မြင့်မားခြင်းကိုသော်လည်းကောင်း၊ အမျိုးသားစာပေဆု ရရှိခြင်းကိုသော်လည်းကောင်း၊ စာရေးအားကောင်း ခြင်း၊ ကြိုးစားအားထုတ်ခြင်းကို သော်လည်းကောင်း မနာလိုမရှုစိမ့်နိုင်သူ လူ ၃–၄ ဦးကို တွေ့ရဖူးသည်။ သူသည် ကျွန်တော့်အမည်ကို နောက် သလိုလို ပြောင်သလိုလိုနှင့် နှိမ်ၾ။ စကားလိမ်စကားဝှက်လုပ်ကာ သရော်ၾ။ ဘာမျှအဓိပ္ပာယ်မရှိ။

သူ၏ ပင်ကိုယ်အရည်အသွေး အားနည်းမှုများသည် ကျွန်တော်၏ ထက်သန်ပြင်းထန်သော ကြိုးစားအားထုတ် အလုပ်လုပ်မှုများနှင့် နှိုင်းယှဉ်ခြင်းခံရသဖြင့် နစ်နာပါသည်ဟုဆိုၾ။ သူ၏ အဘိဇ္ဈာနှင့် ဣဿာစိတ်ကို ဖုံးမရဖိမရ ထုတ်ဖော်နေသဖြင့် ကျွန်တော်၏ သူငယ်ချင်း တချို့က "ဟ– ဒီလူက ဘယ်လောက်ကြောင်သလဲကွာ၊ ဦးနှောက်မှ မှန်ရဲ့လား"ဟု မေးကြၾ။

စင်စစ် ကျွန်တော်ကိုယ်တိုင် သေးငယ်လှသော အမှတ်စက် တစ်ခုမျှသာ ဖြစ်ရကား သူ့စကား အသေးအဖွဲများသည် အမှတ်မထား

လောက်အောင် မှုန်မွှားလှပါသည်။ စိတ်ခုစရာအကြောင်းမရှိ။ မေတ္တာထားခြင်းသည် လောကကို အလှမြင်နိုင်သည်။ မိမိအပေါ် သိက္ခာချခြင်း၊ မနာလိုခြင်းကြောင့် ထိုလူမှာ ပူလောင်ခြင်းမှအပ ဘာမအကျိုးမရနိုင်ပါ။ အမှန်ကို သူမမြင်သေးသဖြင့်သာ ကလော်သရော်လုပ်နေခြင်းဖြစ်ပါသည်။ အခါအခွင့်သင့်လျှင်ဖြင့် သူ့အကျိုးကို စေတနာဖြူစင်စွာ သယ်ပိုးဆောင်ရွက်ပေးပါဦးမည်။

ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့ဆိုသည်မှာ မည်သူမျှ ကင်းနိုင်သည်မဟုတ်။ ဗုဒ္ဓရှင်တော်ဘုရားပင်လျှင် ရှောင်ကွင်းနိုင်သော အရာမဟုတ်။ ဓမ္မတာတရား။ ချီးကျူးခံရစဉ်မှာ ပြုံးပြုံးကြီးကျေနပ်နေပြီး ထိပါးပုတ်ခတ်ခံရစဉ်မှာ မတန်လှုပ်သင့်။ ဣန္ဒြေမပျက်သင့်။

ပြောပါစေကွာ၊ မောရင်ရပ်သွားမှာပါပဲဟု ကျွန်တော်က ပြောခဲ့၏။ မခံချိမခံသာ မဖြစ်ပါ။

အမှန်တကယ်လည်း ခွင့်လွှတ်သည်းခံထားပြီး ဖြစ်ပါ၏။ လောကကြီးမှာ ကိုယ့်လမ်းကို ကိုယ်သွားကြခြင်းသာ ဖြစ်သည်။ မြန်မာစာဘာသာဖြေရာမှာ သူအမှတ် ၈၀ ရ၍ ဂုဏ်ထူးထွက်ပြီး ကျွန်တော်စာမေးပွဲဖြေရာ၌ မြန်မာစာ ၃၅–မှတ် ရသည်ထားပါစို့။ ဥပမာတစ်ခု ပြခြင်းပါ။ သူ့ကို ကျွန်တော် ဘာမျှ မနာလိုမဖြစ်ပေ။ သူရရှိသော အမှတ် ၈၀ သည် ကျွန်တော်ဖြေနိုင်မှ ကျွန်တော်ရမည့်အမှတ် ၁၀၀ ထဲက နှုတ်ယူသွားခြင်းမဟုတ်ပါ။ ကျွန်တော်ညံ့လို့စာမေးပွဲကျခြင်းသာဖြစ်၏။ အဓိကမှာ မိမိ မြန်မာစာ မကျေညက်ခဲ့ခြင်းသာ အကြောင်းရင်းခံ အမှန်တရား။ သူဂုဏ်ထူးရခြင်းက သူ့အမှတ် ၁၀၀ ထဲမှ ရခြင်းသာ။ လုယူ၍မရနိုင်ပါ။

ရိုပါစေ။ သူ့လမ်းသူသွားပေလိမ့်မည်။

ရန်ကိုအောင်စေလိုသော် မေတ္တာဟု ခံယူ၏။ ဖျက်ဆီးနှောင့်ယှက်လာသူ ရန်ဟူသမျှကို မေတ္တာဖြင့်တုံ့ပြန်မည်။ ခမာ– ခန္တီ။ သည်းခံစိတ်မွေးမြူခြင်းသည် အကြီးအကဲ နာယကတို့၏ ကျင့်ဝတ်ပင် ဖြစ်သည်။ နာယကဂုဏ်နှင့်ညီအောင် မိမိက ကျင့်ရမည်။ သူတစ်ပါးကို အပြစ်မဆိုပါ။ စိတ်ဖြူနှုတ်ဖြူ အလုပ်ဖြူလျှင် လူအများကချစ်၍ ချမ်းသာသည်။

**ထူးခြားဂျာနယ်**

၂၂–၄–၉၉

# ကုမုဒြာနှင့် လရောင်

စိတ်ပညာကျောင်းသားကျောင်းသူဟောင်းများက ကျေးဇူးရှင်မိခင်တက္ကသိုလ်မှ ဆရာဆရာမကြီးများကို နှစ်စဉ်ကန်တော့ခဲ့ကြသည်မှာ (၆)ကြိမ်တိတိရောက်ရှိခဲ့ပေပြီ။ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနကို အခြေပြု၍ စိတ်ပညာကျောင်းသားဟောင်းများ စုစုစည်းစည်းဖြင့် နှစ်စဉ်ဆော်ဩကာ မိမိတို့စေတနာထက်သန်သမျှ စွမ်းဆောင်နိုင်သည့် အတိုင်းအဆဖြင့် စုပေါင်းပါဝင်ခဲ့ကြသည်။ ဟိုနှစ်က တစ်သောင်းစီ၊ မနှစ်က တစ်သောင်းခွဲစီ။ ယခုနှစ်ကျတော့ ဆရာကြီးဆရာမကြီးများကို ငွေသားကျပ်နှစ်သောင်းနှင့်ကန်တော့ပစ္စည်းအမျိုးမျိုးပါ တိုး၍တိုး၍ပူဇော်နိုင်လာကြသည်။

မန္တလေးတက္ကသိုလ်ရွှေရတုပွဲ၌ မန္တလေးတက္ကသိုလ်စိတ်ပညာဌာန ဆရာကြီးများပူဇော်ပွဲ (၁၉၉၇)တွင် ကျွန်တော်ပါဝင်ကန်တော့ခွင့်ရခဲ့သည်။ ထိုစဉ်က အကန်တော့ခံ ဆရာကြီးများမှာ ဒေါက်တာကျော်စိန်၊ ဒေါက်တာစိန်တူ၊ ဦးခင်မောင်တင့် (တက္ကသိုလ်ဘုန်းနိုင်)နှင့် ဦးအုန်းဖေတို့ပါဝင်ကြသည်။ ဤဆရာကြီးများသည် မန္တလေးတက္ကသိုလ်စိတ်ပညာတပည့်များကို သင်ကြားပြသမွေးမြူပျိုးထောင်ခဲ့ကြသည်။ ကျွန်တော်က ၁၉၇၀ ပြည့်နှစ်ဘွဲ့ရ။

ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနမှ ဘွဲ့ရခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူဟောင်းတွေ တိုင်ပင်စုစည်းပြီး ကျင်းပသည့် အာစရိယ ပူဇော်ပွဲများတွင်လည်း ကျွန်တော်ကပါဝင်ခွင့်ရပြန်လေသည်။ ကျွန်တော်က ၁၉၈၃ ခုနှစ်အသုံးချစိတ်ပညာ (စိတ်စစ်ဆေးရေးပညာ)ဘွဲ့လွန်လက်မှတ်ကို ဒေါက်တာကျော်စိန် (ပါမောက္ခချုပ်)ထံမှ လက်ခံ ရယူခဲ့သောတပည့်။ ရန်ကုန်တက္ကသိုလ်မှာ နှစ်နှစ်ပညာဆည်းပူးခဲ့သည် ဆိုရမည်။ ရန်ကုန်တက္ကသိုလ်မှ စိတ်ပညာကျောင်းသားတွေထဲမှာ ကိုကျော်စိန်၊ ကိုကျော်လွင်၊ ကိုကျော်ခိုင်၊ ကိုစောဝေ၊ ကိုတင်ကို၊ ကိုဝင်းမောင်၊ ကိုဝင်းမြင့်စသည့် စေတနာ့ဝန်ထမ်း ဦးစီးဦးဆောင် ပတ်စာခွာ ဖျာသိမ်းလုပ်ရှားကြသူများနှင့်လည်း ကျွန်တော်ရင်းနှီးသည်။ ဤအာစရိယ ပူဇော်ပွဲများ၌ ပါဝင်သော အကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများမှာလည်း ဒေါက်တာကျော်စိန်၊ ဒေါက်တာစိန်တူ၊ တက္ကသိုလ်ဘုန်းနိုင်နှင့် ဦးအုန်းဖေတို့ပင် ပါဝင်ကြလေသည်။ ဒေါ်အေးသန်း၊ ဦးလှကြည်၊ ဒေါ်ခင်လှလှ၊ ဒေါ်ခင်ခင်ဆွေ၊ ဒေါ်ပီရွှေနီ၊ ဒေါ်ခင်အေးဝင်း၊ ဒေါ်မြမြယဉ်၊ ဒေါ်ခင်လတ်၊ ဒေါ်ကြင်စိန်၊ ဒေါက်တာထွန်းသန်း၊ ဦးမြင့်စိုး၊ ဒေါက်တာ ညီဝင်းမှန်စသည်တို့လည်း ပါဝင်သည်။

မန္တလေးတက္ကသိုလ်မှာ လေးနှစ်၊ ရန်ကုန်တက္ကသိုလ်မှာ နှစ်နှစ် ပညာရင်နို့သောက်စို့ခဲ့ရသဖြင့် ဆရာကြီး၊ ဆရာမကြီးများအားလုံး၏ မေတ္တာရင်ငွေ့ကို ကျွန်တော်ခိုလှုံခွင့်ရရှိခဲ့ပါသည်။ ယခုနှစ်အာစရိယ ပူဇော်ပွဲကို ကန်တော်ကြီးတော့ပ်စတားစားသောက်ဆိုင်မှာ ကျင်းပသည်။

ကျောင်းသားကျောင်းသူပေါင်း (၃၅၀)ကျော်ပါဝင်တက်ရောက် ပူဇော်ကန်တော့ကြ၏။ မနှစ်က (၂၅၀)ကျော်ပဲ လာသဖြင့် ယခုနှစ်နေရာ (၃၀၀)စာပဲ ပြင်ဆင်ထားကြ၏။ တကယ်လာသည်က (၃၅၀)ကျော်သွားသဖြင့် ရုံပြည့်ရုံလျှံဖြစ်သွား၏။ ကြည်နူးဝမ်းသာခြင်းနှင့်အတူ စီမံပြင်ဆင်သူများ၌ အပြေးအလွှားအလုပ်များကြ၏။ နှစ်စဉ်နှစ်တိုင်းကဲ့သို့ပင် ဒေါက်တာကျော်စိန်၊ဆရာကြီးဦးအုန်းဖေ၊ တက္ကသိုလ်ဘုန်းနိုင်နှင့် လက်ရှိ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနပါမောက္ခဒေါ်ခင်အေးဝင်းတို့က အမှာစကားများပြောကြားလေသည်။ ဆရာကြီး၊ ဆရာမကြီးတို့၏ ဩဝါဒ

စကားများမှာ နှစ်စဉ်ကြားရသော်လည်း နားထောင်၍ မဝပါ။ ပါမောက္ခ ဒေါ်ခင်အေးဝင်းက ယခုအခါ စိတ်ပညာဌာနကို တက္ကသိုလ်အားလုံးမှာ ထားရှိ သင်ကြားပို့ချရပြီ ဖြစ်သဖြင့် စိတ်ပညာဆရာများ ရာထူးမြန်မြန် တက်သွားကြသည်ကို အသိပေးသည်။ စိတ်ပညာကို လက်တွေ့လုပ်ငန်း ခွင်နယ်ပယ်မှာ ထိရောက်စွာ အသုံးချရမှန်း လူတွေသိလာကြသဖြင့် အားကစား လူမှုဝန်ထမ်းမူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ မှုခင်းကျဆင်းရေး၊ အမျိုးသမီးရေးရာ အလုပ်ရွေးချယ်ရေး၊ ဝန်ထမ်းစစ်ဆေးရေးစသည် စသည်တို့မှာ စိတ်ပညာဌာနမှ ဆရာ ဆရာမတွေ တာဝန် ပိုမိုများပြား လာကြသည်ကိုလည်း ဝမ်းသာစရာပြောကြားသည်။

ဆရာကြီးဦးခင်မောင်တင့် (တက္ကသိုလ်ဘုန်းနိုင်) ကတော့ စာရေးဆရာပီပီ လှလှပပ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောကြားခဲ့သည်။ တပည့်တို့က ကုမုဒြာပန်းကြာဖြူဖြူတွေဆိုပါတော့။ အကန်တော့ခံ ဆရာဆရာမများ၏ မေတ္တာစေတနာက လရောင်ဆိုပါတော့။ လရောင်ပက်ဖျန်းခဲ့သဖြင့် ကုမုဒြာကြာဖြူပန်းများ ငွားငွားစွင့်စွင့် ပွင့်ခဲ့ကြပေပြီ။

ငွေလရောင်ဆရာဆရာမတို့၏ စေတနာမေတ္တာလင်းလက်သဖြင့် ကျွန်တော်တို့ ကျွန်မတို့ လူရာဝင်ကာ လူလုံးလှခဲ့ကြသည် အမှန်ပင်။ အချို့သည် ချမ်းသာကြသည်။ အချို့သည် မကြွယ်ဝကြပေ။ အချို့သည် ထင်ရှားကြသည်။ အချို့ကား မကျော်ကြားကြပေ။ မည်သို့ပင် ဆိုစေ တပည့်ဖြစ်သော ကျွန်တော်တို့သည် ဆရာများကို ချစ်လည်း ချစ်သည်၊ ကြောက်လည်းကြောက်သည်။ (ဆရာများ ဆုံးမသွန်သင်ခဲ့သည့် နီတိများ ကို မျက်မှောက်မျက်ကွယ်တို့၌ ဖောက်ဖျက် ကျူးလွန်ရမှာ ဝန်လေး ကြောက်ရွံ့ကြသည်။) ဆရာများကို ရိုလည်းရိုသေ ကြလေသည်။

စိတ်ပညာကျောင်းသားကျောင်းသူဟောင်းများက စိတ်ပညာဆရာ ဆရာမများနှင့် စိတ်ပညာဌာနအပေါ် လေးစားမြတ်နိုးကြပုံမှာ အခြားသော ဘာသာရပ်ကျောင်းသားတွေက ဩချယူရ၏။ “မင်းတို့က ဆရာဆရာမ တွေနဲ့ သိပ်ပြီး အနီးကပ်ရင်းနှီးတာပဲကွာ”ဟု ချီးကျူးခဲ့ကြ၏။ မှန်ပါ၏။ ကျွန်တော်တို့ ဆရာဆရာမများကလည်း ဝတ်ကျေဝတ်ကုန် သင်ပြကြ သည်မဟုတ်။ ကျောင်းသားကျောင်းသူ တစ်ယောက်ချင်းကို နေ့စဉ်

စေ့စေ့ကြည့်၍ Personal Attachment သံယောဇဉ်ဖြင့် သားသမီးပမာ ကြင်နာစွာ သင်ကြားပြသ ပို့ချခြင်းဖြစ်၏။

ဒေါ်ကြင်စိန်၊ ဒေါ်အေးသန်းတို့ ရှေ့မှောက်ရောက်လျှင် ကျွန်တော့်ကို ဘာများငေါက်လိုက်မည်လဲဟု ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကျွန်တော် ခါးညွှတ်ပခုံးကျုံ့၍ သွားမိ၏။ “မောင်ချစ်နိုင်ရေးတဲ့ ဆောင်းပါးတွေ ဆရာမ စောင့်ဖတ်ဖြစ်ပါတယ်”ဟု ပြောလျှင် ကျွန်တော့်မှာ အခြားသော စာဖတ်ပရိသတ်ဆယ်ယောက်က ချီးကျူးခံရတာထက် ပို၍ ဝမ်းသာ ကြည်နူးသည်။ “ဆရာမကို စာရေးဖြစ်အောင် မောင်ချစ်နိုင်တိုက်တွန်း လွှန်းလို့ Life Style မှာ ရေးဖြစ်နေပြီကွ”ဟု ကြားရလျှင် ကျွန်တော်သည် ဆရာမ၏ သတိတရအသိအမှတ်ပြုခြင်းကို ခံရပေစွဟု ဝမ်းမြောက်ကျေနပ် မိသည်။

ဆရာကြီး ဦးအုန်းဖေဆိုလျှင် ကျွန်တော့်ကို သားအရင်းတမျှ ချစ်ခင်သည်။ တက္ကသိုလ်ရောက်သည်အထိ ဝါကျဆုံးလျှင် ပုဒ်မချရ ကောင်းမှန်းမသိသော ကျွန်တော့်ကို ပုဒ်ထီး (၊) ပုဒ်မ (။) ကို သေသေချာချာ သင်ပြသည့်ဆရာဖြစ်၏။ သူများအပေါ် စိတ်တိုတတ် သလောက် ကျွန်တော့်အပေါ် အလွန်စိတ်ရှည်လှသည်။ ဗေဒင်လည်း သင်ပေးသည်။ ဥပဒေလည်း သင်ပေးသည်။ စာရေးနည်းလည်း သင်ပြ သည်။ သူ သဘောမတူသည့် မိန်းကလေးကို ယူလာသည့် ကျွန်တော့် အပေါ်မှာ ခွင့်လွှတ်သည်းခံပြီး ချစ်မြဲချစ်သည့်ဆရာ။ ဆရာက ပြောသည် “သင့်ကို ထိန်းချုပ်နိုင်သူမှာ သင်သာလျှင် ဖြစ်သည်”တဲ့။

အသက် (၃၀)ကျော်မှာ ဒေါက်တာဖ်ဘွဲ့ယူခဲ့သည့် ဆရာကြီး ဒေါက်တာစိန်တူသည် ကျွန်တော်မန္တလေးတက္ကသိုလ်မှာတုန်းက ပါမောက္ခ ဖြစ်၏။ ဆရာအရင်း။ လောကနီတိကို ဆရာကြီး လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်က အင်္ဂလိပ်ဘာသာသို့ ပြန်ပေးထားခဲ့၏။ ဆရာကြီးဝါဒမှာ **“ကိုယ့်အပေါ် စိတ်ကောင်း စေတနာ ထားစေချင်သလိုပဲ မိမိကလည်း အခြားသူအပေါ် စိတ်ကောင်းစေတနာထားပါ”**ဟု ဆိုသည်။

ဆရာကြီး ဒေါက်တာကျော်စိန်ကား စိတ်ပညာဌာနပါမောက္ခ သာမက ရန်ကုန်တက္ကသိုလ် အနုပညာအသင်းဥက္ကဋ္ဌအဖြစ်နှင့် နှစ်ပေါင်း

များစွာ ဦးဆောင်ခဲ့သူဖြစ်၏။ ပါမောက္ခချုပ် ပညာရေးဝန်ကြီးစသော တာဝန်များကို ထမ်းဆောင်ခဲ့၏။ ဗိုလ်မှူးကြီးကျော်ဇံလှ (စစ်သံမှူး)နှင့် ကျွန်တော်တို့ကို သူကိုယ်တိုင် အထွေထွေစိတ်ပညာ ဘာသာရပ်(ဘွဲ့လွန်) သင်တန်း၌ အပင်ပန်းခံပြီး ပို့ချပေးခဲ့၏။ ဆရာကြီး၏ကျေးဇူး အလွန် ကြီးပါသည်။ ဆရာကြီးဒေါက်တာကျော်စိန်၏ ဩဝါဒမှာ ဤသို့ပင် ဖြစ်သည်။

**"သက်ရှိသတ္တဝါတွေကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း ကို ဖြစ်စေမည့် အကြံအစည် အပြောအဆို အပြုအမူတွေကို ဆောင်ပါ"**

စာရေးကောင်း၊ စကားပြောကောင်း၊ ပညာကို အစဉ်မပြတ် ဆည်းပူး၍ စနစ်တကျအသုံးချရာ၌ နမူနာယူစရာကောင်းသော ကျေးဇူးရှင် ဆရာကြီးများကို ရှိသေစွာ ပူဇော်ခွင့်ရသဖြင့် ကျွန်တော်တို့ ကြည်နူး ဝမ်းသာနေကြသည်။

အနာဂတ်တိုင်းပြည်ကြီးကို အေးချမ်းသာယာစေလိုသည် ဆိုပါက မိဘနှင့် သားသမီး၏ ဆက်နွယ်ပုံများ ကောင်းမွန်ကြရမည်။ အနာဂတ် နိုင်ငံတော်ကြီး လှပဝေဆာစေလိုသည် ဆိုပါက ဆရာနှင့် တပည့်များ၏ ဆက်ဆံပုံ၊ ကျွန်တော်တို့ စိတ်ပညာမိသားစု ပုံသဏ္ဍာန်မျိုး ချောမောပြေပြစ် ဖို့ လိုပေသည်။ စိတ်ပညာအဆောက်အအုံ မိသားစုကြီးထဲမှာ ကျွန်တော် သည် သဲတစ်ပွင့်ပါဝင်ခွင့်ရသည်ကိုပင် ကြည်နူး၍မဆုံးပါ။ လရောင်ကား အစဉ်ထာဝရ အေးမြပါလေစွ။

**ပေါ်ပြူလာဂျာနယ်**

၉-၂-၉၈

# ကံ - ကံ၏အကျိုး

၁၉၉၅ ခုနှစ်၊ ဇူလလိုင်လတွင် ကျွန်တော့်ကို ကုမ္ပဏီအဖွဲ့အစည်းတစ်ခု၏ အမှုဆောင်အရာရှိချုပ် ရာထူးခန့်အပ်ခြင်း ခံခဲ့ရလေသည်။ ထိုလုပ်ငန်းသည် အနုပညာလုပ်ငန်းဖြစ်သည်။ စာပေလုပ်ငန်းလည်း ဖြစ်သည်။ စီးပွားရေးလုပ်ငန်းလည်း ဟုတ်သည်။ လူထုဆက်ဆံရေးသဘောလည်း ပါသည်။ စာပေပြန့်ပွားရေးအတွက် ဝါဒဖြန့်ချိရေးဟု ဆိုချင်လည်း ဆိုနိုင်သည်ပင်။

ခိုင်မာစွာ ထင်ရှားကျော်ကြားသော မဂ္ဂဇင်းကြီးနှစ်စောင်၊ စာစောင် ၃ စောင်နှင့် ဂျာနယ်စာစောင်တို့ကို လစဉ်ပုံမှန်ထုတ်ဝေသည့်အပြင် ဆရာဇော်ဂျီ၏ ဘာသာပြန်ဝတ္ထုတိုများ၊ ရုပ်ပြနှင့် ကလေးစာပေများ၊ "ပြည်မြန်မာမှတ်စု" စသည့် လူကြိုက်များသော စာအုပ်အမျိုးမျိုးတို့ကိုလည်း ထုတ်ဝေခဲ့သော တိုက်ကြီးတစ်တိုက်ဖြစ်ပါ၏။ အကြီးအကဲအဖြစ် မိမိတာဝန်ယူရစဉ်မှာ ဘာတွေ လုပ်သင့်သလဲ။ ဘာတွေလုပ်နိုင်သလဲ။ အကဲခတ်လေ့လာကြည့်သည်။ အော့ဖ်ဆက်ပုံနှိပ်စက်ကြီးတွေလည်း ရှိပါသည်။ အတွေ့အကြုံရင့်ကျက်၍ လုပ်သက်များလှပြီဖြစ်သော အယ်ဒီတာ၊ မန်နေဂျာ၊ ဓာတ်ပုံပညာရှင်၊ ပန်းချီဆရာ၊ ဖလင်ဖလက်ကူးပညာရှင်စသည့် ဝါရင့်ပုဂ္ဂိုလ်တွေလည်း ရှိ၏။ လုံးချင်းစာအုပ်ကောင်းကောင်းတွေ ထုတ်ရမည်။

ကျွန်တော်သည် ပုံမှန်မဂ္ဂဇင်း၊ ဂျာနယ်စာစောင်အားလုံးကို အရည်အသွေးမြင့်မားအောင် ပထမကြိုးစားသည်။ စာနယ်ဇင်း(၆)မျိုး အရည်အသွေးမြှင့်တင်လိုက်ပြီးသောအခါ ဈေးကွက်ရှာဖွေရေးကို နယ်ပယ်အနှံ့ ကွင်းဆင်း၍ လေ့လာရသည်။ ထိုအခါ စာနယ်ဇင်းများမှာ ပြုပြင်စရာတွေကိုလည်း ပိုမိုသိရှိလာသည်။ လုံးချင်းဝတ္ထုစာအုပ်နယ်ပယ်မှာ ဘာတွေ ဈေးကွက်ရှိနေသည်ကိုလည်း အခြေခံကျကျ မိမိမြင်တွေ့ခဲ့ရသည်။ စောင်ရေများလည်း သိသာစွာ တက်စေခဲ့သည်။

ထုတ်ဝေသူနေရာမှာ ကျွန်တော်အဓိက တွက်ဆရမည်မှာ အရင်းနှင့် အမြတ်ဖြစ်၏။ သို့သော် ထိုမျှနှင့် မပြီးသေးပေ။ ဂုဏ်သိက္ခာနှင့် အရှိန်အဝါကလည်း လိုသေး၏။ ဒါလည်း အဓိကတော့ မဟုတ်ပေ။ အရေးအကြီးဆုံးဟု မိမိက သတ်မှတ်သည့်အရာမှာ "စားသုံးသူ"ခေါ် ဈေးကွက်လိုလားချက်(ဝါ)စာဖတ်သူ၏ လိုအင်ဆန္ဒဖြစ်သည်။ စာဖတ်ပရိသတ်က ဘာကို တောင့်တနေသနည်း။ ဘာတွေ ဖတ်ချင်ကြသနည်း။

အနောက်နိုင်ငံတွေမှာကဲ့သို့ Public Opinion Survey စာရင်းကောက်သည့်အဖွဲ့မျိုးတွေနှင့် အဖြေချက်ချင်းရအောင် လုပ်နိုင်စွမ်းလည်း မရှိ။ စာဖတ်သူတို့၏ သဘောထားကို မိမိလက်လှမ်းမီရာ စာပေဝါသနာရှင်များ၊ စာရေးဆရာများ၊ စာပေအသိုက်အဝန်းမှ လူများနှင့် ရင်းနှီးစွာ ထိတွေ့၍ သတင်းယူရသည်။ အချက်အလက်စိစစ်ရသည်။ ဤအထဲမှ မိမိတိုက်နှင့် သင့်တော်ဆီလျော်မည့် စာအုပ်များကို ရွေးချယ်ထုတ်ဝေရလေသည်။

- ဒေါက်တာတင်ထွန်းဦး – **ရောဂါမဟုတ်သောရောဂါများ**
- မစန္ဒာ – **ဘဝအိပ်မက် ပန်းအိပ်မက်**
- ဒေါက်တာရဲနိုင် – **အနောက်ကိုရွှေ့ အရှေ့ကိုမျှော်**
- ရန်ကုန်ဘဆွေ – **သေသော်မှတည့် ဩော်ကောင်း၏**
- ဒေါက်တာနိုင်ပန်းလှ – **ရာဇာဓိရာဇ်အရေးတော်ပုံ**
- ညိုမြ – **ကုန်းဘောင်ရှာပုံတော်**
- ဂျိမ်းလှကျော် – **မောင်ရင်မောင် မမယ်မ**
- ဇော်ဂျီ – **ဗေဒါလမ်းကဗျာများ**

– ဒေါက်တာမတင်ဝင်း – **ဇာတိနှင့်အစဉ်အလာ**
– တက္ကသိုလ်ဘုန်းနိုင် – **စိမ်းနေဦးမည့် ကျွန်တော့်မြေ**
အစရှိသည်– – –။

ရိုက်ပြီးသား ထွက်ပြီးသားစာအုပ်ဟောင်းတွေထဲမှ မိမိနှစ်သက်စွဲလမ်းနေသကဲ့သို့ စာဖတ်ပရိသတ် (အထူးသဖြင့် လူငယ်လူရွယ်များ) ဖတ်မိလျှင်လည်း ကြိုက်လောက်သော စာအုပ်တွေကို ရွေးချယ်ထုတ်ဝေသည်။ ကွန်ပျူတာမိတ်ဆက်၊ သိပ္ပံဝေါဟာရ၊ အဘိဓာန်၊ အာဆီယန် စသည့် ဗဟုသုတအကျိုးပြုစာအုပ်တွေလည်း အောင်မြင်စွာပင် ထုတ်ဝေနိုင်ခဲ့သည်။ အဟောင်းပင်ဖြစ်စေကာမူ ၁၀ နှစ်၊ အနှစ် ၂၀ ကြာပြီဖြစ်သောအခါ စာအုပ်က ရှားပါးသွားတတ်သည်။ ထို့ကြောင့် ရဲရဲဝံ့ဝံ့ပင် ပြန်လည်ပုံနှိပ်ထုတ်ဝေခဲ့သည်။ အကြိမ်ကြိမ် ထပ်မံရိုက်နှိပ်ရခြင်းကို ထောက်လျှင် မိမိရွေးချယ်ခဲ့သမျှ သိပ်မလွဲလှဟု အောက်မေ့ရပါသည်။ စေတနာသည် အကျိုးပေးစမြဲ။

မိမိရွေးချယ်ထုတ်ဝေရန် ရည်ရွယ်သော စာအုပ်မှာ ကမ္မဖလဖြစ်၏။

## တင့်တယ်၏ ကမ္မဖလ။

ညနေစောင်းမဟာ ဤစာအုပ်ကို စကိုင်လိုက်ရာ ည ၉နာရီလောက်မှ လက်ကချနိုင်တော့သည်။ ဆုံးမှပင် သက်ပြင်းချ၍ ရပ်လိုက်ရတော့သည်။ ဝတ္ထုကို ဖတ်ပြီးဆက်လက်တွေးတောဆင်ခြင်စရာတွေ ရင်ထဲမှာ လှိုင်းထ၍ ကျန်ရစ်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်ဆီက ရေးခဲ့သော ဝတ္ထုဖြစ်သည်။ မိမိ ၁၉၆၇ ခုနှစ်မှာ ဖတ်ရသည်။ အနှစ် ၂၀နီးပါးကြာပါသော်လည်း ရိုးမသွား။ ပေါ့မသွား။ လတ်ဆတ်နေဆဲသာ။

စာရေးသူ ဆရာတင့်တယ်ကိုယ်တိုင်က စာရေးသက် အနှစ်၄၀ ကာလအတွင်း သူရေးခဲ့သမျှထဲမှာ **"ကမ္မဖလ"**ကို အားအရဆုံး အကျေနပ်ဆုံးဖြစ်သည်ဟု ရေးသားဖူး၏။ ဗြိတိန်နိုင်ငံမှာ ရှိနေစဉ် ရေးခဲ့ပို့ခဲ့သော ဝတ္ထုဖြစ်၏။ မိတ်ဒ်အင်အင်ဂလန်ဟု ခေါ်နိုင်၏။ တင့်တယ်၏ ထင်ရှားကျော်ကြားသော ဝတ္ထုများစွာအနက်တွင် ကမ္မဖလ ဝတ္ထုသည် တစ်မူထူးခြား၍ အလွန်တစ်ရာ ဆန်းကြယ်လေးနက်သည်

ဟု မိမိထင်မြင်ပါသည်။ ကျွန်တော်ဖတ်၍ စွဲစွဲမြဲမြဲ ထိထိရှရှ ရှိလှသော စာအုပ်ကို မျက်မှောက်ခေတ် (လူငယ်) စာဖတ်ပရိသတ် ဖတ်ရှုနိုင်ရန် တင်ဆက်ချင်ပါသည်။ ထို့ကြောင့် စာမူပိုင်ဆိုင်ခွင့် ရှိသူများကို ရှာဖွေဆက်သွယ်၍ ကမ္မဖလစာအုပ်ကို တောင်းရပါသည်။ မရပါ။ တစ်နှစ်နီးပါးကြာသော်လည်း ရှာမရလို့ ဆိုပြီး မရ။ မိမိဘာသာစာအုပ်အဟောင်းဆိုင်များကို ၆ လောက်အချိန်စောင့်ပြီး ရှာဖွေခဲ့ရ၏။ ဝတ္ထု၏ အနှစ်သာရက ဘာလဲ?

အနောက်တိုင်းသားတို့က စကြဝဠာ၏ နိယာမဟု ဆိုတတ်ကြ၏။ အချို့ဘာသာဝင်တို့က ထာဝရဘုရားသခင်၏ အလိုတော်ဟု ဆိုတတ်ကြ၏။ အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲကြသော်လည်း လူအတော်များများက ဤနိယာမကို နားလည်လက်ခံထားပြီးဖြစ်ပါ၏။ ပညတ်အမည်ဘယ်သို့ပင် ကွဲလွဲစေကာမူ ကံ–ကံ၏ အကျိုးဟူသော ကမ္မဖလနိယာမနှင့် တစ်သဘောတည်း ဖြစ်ကြပါသည်။ ကောင်းတာလုပ်လျှင် တစ်ချိန်ချိန်တွင် တစ်နေ့ရာ၌ ကောင်းကျိုးရမည်။ မကောင်းတာပြုလုပ်လျှင် တစ်ချိန်ချိန် တစ်နေရာရာမှာ မကောင်းတာဖြစ်ရလိမ့်မည်။ ကမ္ဘာလူသားအားလုံးက ကိုယ့်နည်းကိုယ့်ဟန်နှင့် လက်ခံထားကြပြီးဖြစ်ပါသည်။ မိမိစိုက်ပျိုးသောအပင်က အသီးအနှံကို မိမိရိတ်သိမ်းရလိမ့်မည်။ မုချမလွဲ။

သရက်ပင်စိုက်သူက သရက်သီးစားရမည်။

ကြက်ဟင်းခါးသီးစိုက်သူ ကြက်ဟင်းခါးသီးကို မိမိဆွတ်ခူးရလိမ့်မည်။ ဤကဲ့သို့ ရှင်းလင်းလွယ်ကူ၍ မြင်သာထင်ရှားလှသောနိယာမဝတ္ထုကို ဆရာတင့်တယ်သည် ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးခြယ် ပြနိုင်ခဲ့ပါ၏။ စုံထောက်ဝတ္ထုတစ်ပုဒ်သဖွယ် ဖြစ်၏။ သူ့လိုပင် ကျွန်တော်တို့ ပြောပြချင်၏။ မပြောတတ်ပေ။

မိမိနှင့်အများသည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီအပြန်အလှန် အမှီသဟဲပြုနေကြပါသည်။ မကောင်းသော စိတ်သဘောထားမရှိအပ်ပါ။ မမွေးမြူ သင့်ပါ။

မိမိတို့၏ ကောင်းမှု မကောင်းမှုတို့သည် မိမိတို့ကိုသာ ရိုက်ခတ်အကျိုးပေးတတ်သည် မဟုတ်သေး။ ပတ်ဝန်းကျင်ကိုပါ စိတ်ချမ်းသာ

အောင်စိတ်ဆင်းရဲအောင် ဩဇာအရှိန်အဝါ သက်ရောက်စေတတ်ပါသည်။ လူသည် အခြားသောလူ့အဖွဲ့အစည်းဝင်များနှင့် အတူနေထိုင်ရပါသည်။ အဖွဲ့အစည်းနှင့်ခွဲ၍ မရသော သဘောကို လက်ခံရပါမည်။ မိမိကိုယ်တိုင်လည်း အဖွဲ့အစည်း၏ ဩဇာအရှိန်အဝါလွှမ်းမိုးခြင်းကို ခံရသည်။ မိမိကလည်း လူ့အဖွဲ့အစည်းကို အနည်းနှင့်အများ ဩဇာအရှိန်အဝါ လွှမ်းမိုးလေသည်။ ထို့ကြောင့် ကိုယ်ကျင့်တရားကို သတိဖြင့် ထူထောင်၍ မကောင်းမှုရှောင် ကောင်းမှုဆောင်ကာ စိတ်ကို ဖြူအောင်ထားခြင်းအားဖြင့် မိမိကိုယ်တိုင် အကျိုးရှိရုံသာမက အခြားပုဂ္ဂိုလ်များစွာ၏ အကျိုးရှိရာကိုလည်း ဖြစ်စေရာရောက်ပါသည်။ စိတ်မယုတ်မာပါနှင့်။ ဒါသည် ပြည်သူ့သဘောထားမဟုတ်ပေလော။

ပဒိုင်းသီး ပဒိုင်းပင်တို့ကို မစိုက်ပါနှင့်ဟု စေတနာဆိုးမထားရှိသင့်ကြောင်း ထုတ်ဝေသူအနေဖြင့် တင်ပြချင်ခဲ့သည်။ ဆရာတင့်တယ်၏ ဝတ္ထုသည် လှပသော သာဓကတစ်ပုဒ်ဖြစ်ပေတော့သည်။ သို့ဖြစ်၍ ဆရာတင့်တယ်၏ ကမ္မဖလဝတ္ထုကို မိမိထုတ်ဝေသူဘဝက ရွေးချယ်စီစဉ်ခဲ့ပါ၏။ နောက်ဆုံး စီစဉ်ခဲ့သော ဝတ္ထုမှာ ရန်ကုန်ဘဆွေရေးသားခဲ့သည့် **"မြန်မာပြည်သား"**ဖြစ်ပေသည်။ ထိုစာအုပ်သည် မိမိစီမံဆောင်ရွက်ခဲ့သည့် ထုတ်ဝေသူဘဝတွင် နောက်ဆုံး စာအုပ်ပေတည်း။

စာဖတ်ပရိသတ်စာကောင်းပေကောင်းတွေ ဖတ်ရပါစေဟူသော စေတနာအမှန်ဖြင့် မိမိဉာဏ်မီသမျှ မိမိစွမ်းရည်ရှိသမျှ နှစ်နှစ်ခွဲသော ကာလအတွင်း အားသွန်ခွန်စိုက် ကြိုးပမ်း၍ ထုတ်ဝေသူ ဘဝခေတ္တဖြစ်ရစဉ် စာအုပ်ပေါင်း ၅၀ လောက် ထုတ်ဝေခဲ့ပါသည်။ ထိုစေတနာသည် တစ်ချိန်ချိန် တစ်နေရာရာမှာ မိမိကို မလွဲမသွေ အကျိုးပေးလေမည် မဟုတ်ပါလား။ အမြဲမှန်သော ကမ္မနိယာမတရား။ ယခုပင် ခံစားနေရသည်မှာ မိမိသည် လုပ်ပိုင်ခွင့်ရှိသော နေရာတွင် ရောက်ရှိခဲ့ရစဉ် တာဝန်ကို အများပြည်သူအတွက် စေတနာအပြည့်ဖြင့် လုပ်ဆောင်ခဲ့မိပါတကားဟု အားရကြည်နူးမှုပင် ဖြစ်ပါတော့သတည်း။

**ငွေတာရီမဂ္ဂဇင်း**

■

# ဘိုးဘိုးဘွားဘွားတို့၏ မျက်စိမှုန်မှိုင်း၊ ခါးကကိုင်း၊ နားကထိုင်းသည့်ဘဝ

ပထမဦးစွာ ဖော်ပြလိုသည်မှာ ယခုဖောက်သည်ချမည့် ပုံပြင်သည် ပုံပြင်သာ ဖြစ်ပါသည်။ လုပ်ဇာတ်၊ ထိုးဇာတ်ပုံပြင်တစ်ပုဒ်သာ ဖြစ်ပါ၏။ ရေးသူ၊ ပြောသူသည် မြန်မာမဟုတ်။ ထို့ကြောင့် မြန်မာမဆန်ပါ။ သူတို့အတွေးနှင့် ဖန်တီးသော ပုံပြင်ဟု နားလည်ရန် ပဏာမဖော်ပြပါရစေ။

သာမန်အားဖြင့် ကျွန်တော်သည် ညည်းညူခဲ့သူဖြစ်၏။ သို့သော် နိုင်ငံခြားသင်တန်းကာလ တစ်နေ့သောအခါမှာ ကျွန်တော်သည် ပင်ပန်းနွမ်းနယ်လွန်းသဖြင့် ညည်းညူမိပါသည်။ "အလုပ်တွေကလည်း ပုံနေတာပဲကွာ အားကုန်အစွမ်းကုန် ကျုံးပြီးလုပ်ပေမယ့်လည်း မပြီးနိုင်ဘူးကွာ။ နွားလို ရုန်းတာတောင် မပြတ်ပါကလားနော်။"

"ဟော့ ချစ်။ မင်းအသက်ဘယ်လောက်ရှိပြီလဲ"

"၄၃ နှစ်ထဲရောက်ပြီကွ"

"ဟာ မင်းဟာ နွားအသက်ထဲရောက်လာပြီကိုးကွ၊ ရှန်းရမှာပေါ့"

သူဘာကို ဆိုလိုမှန်းမသိ။ အဆက်အစပ်မရှိ။ ကျွန်တော် နားမလည်ပါ။ သဘောမပေါက်သဖြင့်–

"ရှင်းရှင်းပြောစမ်းပါကွာ နွားသက်ဆိုတာက ဘာလဲ"

"အေး ဒီလိုကွ။ ပုံပြင်လေးတစ်ခုရဲ့ အဆိုပဲထားပါစို့ကွာ။ တစ်ရံရောအခါမှာ ထာဝရဘုရားသခင်ဟာ လူရယ်၊ နွားရယ်၊ ခွေးရယ်၊ ဖီးကွက်ရယ်ကို ညီတူညီမျှအသက် ၄၀ စီ နေကြစေလို့ စတင်ဖန်ဆင်းတော်မူသတဲ့"။ အတန်းတက်ဖော် ထိုနိုင်ငံခြားသားအရာရှိသည် ဤသို့ပင် ပုံတိုပတ်စပြောလေ့ရှိသူဖြစ်ပါ၏။

ဖန်ဆင်းရှင်၊ ဖန်တီးသော ထာဝရဘုရားသခင် (God)အယူအဆကို ယုံကြည်သက်ဝင်ခြင်းမရှိဘဲ ကမ္ဘာသကာသမ္မာဒိဋ္ဌိ မိမိပြုသည့်ကောင်းမှု၊ မကောင်းမှု မိမိ၏အပြုအမူအပြောအဆို အတွေးအကြံ၏ စေတနာ၏ စေတနာကံ အဟုန်သတ္တိအလျောက် ကောင်းကျိုး၊ ဆိုးပြစ်ဖြစ်ထွန်းပေါ်ပေါက်၏ဟု ခံယူသော ကျွန်တော့်အတွက် အပျော်သဘော နားဆင်ခြင်းဟုသာ အောက်မေ့ပါ၏။ အတ္တာဟိ အတ္တနောနာထော။

"အေး ဆက်ပြောပါဦးကွာ"

"ထာဝရဘုရားသခင်ရဲ့ ထံတော်မှောက်က ထွက်လာကြပြီးတဲ့နောက် လူသားက စဉ်းစားတယ်။ ငါကလူပဲ။ သူတို့ထက်အသိဉာဏ်ပိုတယ်။ အသက်လည်းပိုပြီး ရှည်သင့်ပါတယ်။ အခုလို အသက် ၄၀စီ အညီအမျှထားတာတော့ မဖြစ်သင့်ဘူး။ ပြန်ပြီး အပြင်ခိုင်းမယ်။ နွားရယ်၊ ခွေးရယ်၊ ဖီးကွက်ရယ် လာကြဦး။ ထာဝရ ဘုရားသခင်က အညီအမျှအသက် ၄၀ စီပေးတာကို ငါမလိုလားဘူး။ ဆင်ခြေတက်မယ်။မင်းတို့လည်း လိုက်ခဲ့ကြဆိုပြီးတော့ ဂေါ်ဒ်ဆီကို သွားကြသတဲ့"

"အိုး မိုင်ဂေါ့ပေါ့ကွာ"

"ဖန်ဆင်းရှင်ဖြစ်တော်မူသော ထာဝရဘုရားသခင်က လူသားရဲ့ လျှောက်ထား တောင်းပန်ချက်ကို လက်ခံ ခေါင်းညိတ်တော်မူတယ်။ အေးအေး ကောင်းပြီ။ မင်းပြောတာကို ငါ လက်ခံတယ်။ မင်းကို မူလ လူသက် အနှစ် ၄၀ အပြင်၊ နွားဆီက အနှစ် ၂၀ ယူ၊ ခွေးဆီက အနှစ် ၂၀ နှင့် ဇီးကွက်ဆီက အနှစ် ၂၀ ယူ။ မင်းကို ထည့်ပေါင်းပေးလိုက်ပါမယ်။ လူသားဟာ အသက် (၁၀၀) နေရပါစေသောဝ်။ နွား၊ ခွေး၊ ဇီးကွက် တို့ကတော့ အသက် ၂၀စီပဲ နေကြရစေသတည်း။ အဲသလို ဖန်ဆင်းရှင်က အမိန့်ချမှတ်တော်မူသတဲ့။ ရှင်းပြီလား"

"အဲဒါနဲ့ နွားအသက်နဲ့ ဘာဆိုင်သလဲကွ၊ မင်းဟာ"

"ချစ် နေခဲ့ရတဲ့ အသက် ၄၀ ဟာ လူ့ဘဝရဲ့ ရယ်ရ၊ ငိုရ၊ မူလ လူ့အသက် ဘဝတာအရသာ အကုန်ပဲကွ။ အသက် ၄၁ နှစ်ကနေ အသက် ၆၀ အထိ အနှစ် ၂၀ ကတော့ နွားဆီက အပိုဆောင်းထပ်ရတဲ့ အသက်မို့ မင်းတို့ငါတို့ နွားလို ရုန်းကြရဦးမယ်"

"ဟေ ဟုတ်လားကွ"

"မပြီးသေးဘူး သူငယ်ချင်းရ။ အသက် ၆၀ ကနေ ၈၀ အထိဟာ ခွေးရဲ့ဆီကရတဲ့ အသက်မို့ လူသားတွေဟာ ကျီးခြောက်၊ ကြက်နှင်၊ အိမ်စောင့်ခွေးဘဝရဲ့ အလုပ်တာဝန်တွေ ယူရဦးမယ်။"

"ဟာ ဒုက္ခပါလား၊ ခြောက်ဆယ်ကျော်ရင်"

"မပြီးသေးဘူး ချစ်။ အသက် ၈၀ နဲ့ ၁၀၀ ကြားမှာတော့တို့ဟာ ဇီးကွက်ရဲ့ အသက်ကို ယူထားတာမို့ ကိုယ်တိုင်ဘာမှမလုပ်နိုင်၊ မကိုင် နိုင်တော့ဘဲ အိုမင်းမစွမ်းဘဝနဲ့ ဇီးကွက်လို မျက်လုံးပြူးကြည့်နေရရုံ လေးပဲ ရှိတော့မယ်။ သိပြီလား"

"အင်း မင်းပြောတဲ့ ပုံပြင်က ရယ်စရာလည်းကောင်း။ သံဝေဂ ရစရာလည်း ကောင်းသကွာ။ ရေးစရာ၊ ကျက်စရာ၊ လက်တွေ့ လေ့ကျင့်ခန်းတွေများလွန်းလို့ စိတ်ပင်ပန်းနေတဲ့ ငါ့ကိုတရားရစေပါတယ်။

ငါမကြားဘူးတဲ့ ပုံပြင်လေး လာပြောပြပေးလို့ မင်းကိုလည်း ကျေးဇူးအထူး တင်ပါတယ်။ Thank you so much.

ကျွန်တော်သည် ကျောင်းသားအဖြစ် ဘွဲ့ရပြီးနောက် အသက်မွေး ဝမ်းကျောင်းအဖြစ် လခစားမင်းမှုထမ်းလုပ်ခဲ့ပါသည်။ ဝန်ထမ်းသည် ရာထူးငယ်ငယ်ကြီးကြီး စေသည့်ကျွန်၊ ထွန်သည့်နွားဟု ဆိုရိုးစကား ရှိသည့်အတိုင်း အထက်အမိန့်ကို နာခံရပါသည်။

ရှေ့ကြည့်ဆိုလျှင် နောက်ကိုကြည့်ချင်၍ မရပါ။

သတိဆိုလျှင် လုံးဝမလှုပ်ရပါ။

စက်ရုပ်ပမာ အသားကျအောင် လေ့ကျင့်မွေးမြူပြီး အလုပ်လုပ်ခဲ့ ရ၏။ ထို့ကြောင့် ဘာဆင်ခြေဆင်လက်မှ တက်နေလေ့မရှိ။ အရာရာ မှာ ဦးလည်မသုန် ထမ်းရွက်ခဲ့လေသည်။ မိမိစိတ်ဖြင့်မနေ။ အထက်အကြီး အကဲ၏စိတ်ဆန္ဒအတိုင်းသာ တစ်သဝေမတိမ်းနေတတ်ခဲ့၏။

သူငယ်ချင်း (စာသင်ဖော်နိုင်ငံခြားသားမိတ်ဆွေ) တစ်ဦးပြောပြ ပုံထောက်တော့ နွားလို ရုန်းရသည့်ဘဝကို မိမိတို့က စောစောရရှိခဲ့ ပေသည်ကိုးဟု ပြုံးမိသေး၏။ မိမိ၏ရုန်းကန်ကြိုးစားမှုအစုစုသည် တိုင်းပြည်နှင့် လူမျိုးတို့၏ တိုးတက်မှုအတွက် အကျိုးဖြစ်စေမည်ဟု ယုံကြည်သဖြင့် ကျေနပ်သည်။ ဆက်ရုန်းရမှာပဲ။

အဲ–အသက် ၈၁နှစ်ထဲရောက်နေပြီဖြစ်သည့် အမေ့ကို သတိရသည်။ အမေကား အသက် ၈၀ ကျော်ပေပြီ။ မျက်စိ ရေတိမ်ရောဂါကြောင့် မျက်စိတစ်ဖက်သည် မမြင်ရရှာတော့ပါ။ ကျန်သည့် တစ်ဖက်ကလည်း မှုန်ဝါးဝါးမျှသာ။ ဇာတိရွာမှာပဲ အမေနေသည်။

သားကြီးကျွန်တော်က ရန်ကုန်မှာ သားလတ်ရဲအရာရှိက ပခုက္ကူမှာ၊ သားငယ်လူပျိုကြီးဖြစ်သူနှင့် အမေ့မှာ အတူနေရပါ၏။ သမီးမရှိခဲ့တော့ ယခုအထိ အမေ့မှာ မီးဖိုချောင်ထဲက မထွက်ရ။

အဖေကွယ်လွန်သည်မှာ (၇)နှစ်ရှိခဲ့ပြီ။ အဖေ ကိုယ်တစ်ခြမ်း လေဖြတ်၍ နာတာရှည်လူနာအဖြစ် အိပ်ရာထဲလဲနေရှာသည်ကိုလည်း အမေသည် မညည်းမညူနှင့် (၃)နှစ်တိတိ ပြုစုခဲ့ရပါသည်။ အမေ၏ အရွယ်အို (၁၀) နှစ်ခရီးသည် အထီးကျန်၊ ခက်ထန်ကြမ်းတမ်းလှပါ တကား။

အမေ့ကို ကျွန်တော်ချစ်ရုံမျှမက သနားသည်။ ကျွန်တော်၏ မျက်စေ့ ၂ လုံးကိုထုတ်ပြီး အမေ့မျက်လုံးနေရာမှာထည့်လဲလို့ ရနိုင်လျှင် ပေးလိုက်ချင်ပါ၏။ အမေစိတ်အေးချမ်းသာ ရှိပါစေ--။

ကျွန်တော့်ညီထွေးက မဆိုးမမိုက်လှသော်လည်း ကြင်ကြင်နာနာ အလိုက်တသိပြုစုတတ်သူကား မဟုတ်။ အလုပ်ကြမ်းသမားဖြစ်သဖြင့် အသိဉာဏ်လည်း နည်းပါးရှာ၏။ စကားကို အော်ကြီးဟစ်ကျယ် ပြောချင်၏။ ညနေညနေ အရက်ကလေး တစ်ခွက်နှစ်ခွက်ဝင်မိလျှင် လေသံက ခက်ထန်ချင်၏။

ရပ်ရွာ့ မျက်နှာဖုံး၊ ကျောင်းဆရာ၏ဇနီး အမေသည် စကားကို ချိုချိုသာသာနှင့် အေးအေးဖြည်းဖြည်းပြောမှ ကြိုက်သည်။ သူတစ်ဖက် သား နားဝင်ချောအောင် ပြောတတ်သည်။ အနီးမှာရှိသည့် သားလေး (အသက် ၄၀ နီးပါး )၏ မူးတိမူးကြောင်စကားသံများကို အမေနားဝင် မချိုနိုင်။ အသက် အရွယ် ၈၀ ကျော်ပြီဆိုမှတော့ ဇီးကွက်ကဲ့သို့မျက်လုံး ပြူးပြူးလေးနှင့် အမေငြိမ်သက်စွာ သည်းခံနေရရှာပါလိမ့်မည်။

အမေ့ကို အဝေးကနေပြီး သတိရလွမ်းဆွတ်သဖြင့် အမေ့အကြောင်း တွေ ရေးထားသော ဆောင်းပါးများကို စုပေါင်း၍ စာတစ်အုပ်ထုတ် ဝေသည်။ အမေ့ပုံပန်းချီ (ဦးစံတိုးလက်ရာ) အဖုံးနှင့် **"အမေ့အတွက် လက်ဆောင်"**။ ပါရမီစာပေမှထုတ်ဝေခဲ့သည်။ စာမူခရသမျှ အမေ့အတွက် ကန်တော့သည်။

ကျွန်တော်သည် အမေ့ကို ချစ်သည်။ အဖေ့ကိုလည်း ချစ်ပါသည်။ အမေနှင့် ကျွန်တော်မှာ တစ်ယောက်စိတ်ကို တစ်ယောက်ထုတ်ဖော်

ပြောပြစရာမလိုဘဲ အလိုလိုနားလည်နေအောင် စိတ်ချင်းထပ်သဖြင့် မှန်သည့်အတိုင်း ဝန်ခံရလျှင် အမေ့ကိုပို၍ ချစ်ပါသည်။

အကယ်၍ ကျွန်တော်တို့ဆက်၍ အသက်ရှည်ကြပါက ခွေးဘဝ၊ ဇီးကွက်ဘဝ (ပုံပြင်ထဲက ဥပမာသာဓက) မည်သူမဆို ရောက်ကြရမည်။ အသက်အရွယ် အိုမင်းကြသူများကို ကိုယ်ချင်းစာနာထောက်ထား ညှာတာသင့်ပါသည်။ သင်လည်း တစ်နေ့မှာ ထိုသို့ပင် အိုရပါလိမ့်ဦးမည်။ မည်သူမှ အစဉ်သဖြင့် မနေပျို။

အသက်အရွယ် ကြီးရင့်၍ အားငယ်ရှာသော အစ်မအရွယ် အဖွားအရွယ်နှင့် ဦးကြီးဘကြီးတို့၏ နွမ်းနယ်မောပန်းမှုကို မြင်ရတိုင်း မွေးသမိခင် ကျေးဇူးရှင် အမေ့ကို သတိရ၏။ အနီးကပ်မပြုစုနိုင်သည့် အမေ့ကို လွမ်းဆွတ်မိ၏။ အမိအဘတို့၏ မေတ္တာစေတနာကို လူငယ်များ ခံစားနားလည်နိုင်အောင် **“အမေ့အတွက်လက်ဆောင်”**ဟူသော စာအုပ် တစ်အုပ် ကျွန်တော်ရေးဖြစ်ခဲ့၏။ သည့်အတွက်တော့ အမှန်ပင် ကြည်နူး မိပါသည်။ အမေလည်း ဝမ်းသာကြည်နူးရှာပါသည်။

**အာရောဂျံမဂ္ဂဇင်း**

■

# အနာဂတ်မှာ ရှင်သန်ပါစေ

ဆဋ္ဌမအကြိမ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကား ယခုနှစ်အဖို့ ပြီးဆုံးသွားလေပြီ။ ယမန်နေ့က မြန်မာ့ရုပ်မြင်မှ တိုက်ရိုက်လွှင့်ထုတ်ပြသသဖြင့် ဆုပေးပွဲကြီးကို မိမိတို့ အနီးကပ် ကြည့်ရှုခွင့်ရရှိသည်။ ဆုရသူပေါင်း မနည်းပါ။ ပြည်နယ်နှင့်တိုင်း နိုင်ငံတော်အဝန်းမှ အဆိုဝါသနာရှင်၊ အဆိုပညာရှင်၊ အက ပညာရှင်၊ အကဝါသနာရှင်စသည်တို့ အနက်မှ ထူးချွန်ပြောင်မြောက် သူတို့ကို နိုင်ငံတော်မှ ငွေကြေးအကုန်အကျများစွာခံ၍ မြှောက်စား ချီးမြှင့်သော ပွဲပေတည်း။

နိုင်ငံတော်အကြီးအကဲများ၏ စေတနာနှင့် လက်တွေ့ပြုစု ပျိုးထောင်မှုတို့ကို ကျေးဇူးအထူးတင်ပါ၏။ မြန်မာ့ရိုးရာယဉ်ကျေးမှု သုခုမပညာတို့သည် တန်ဖိုးထား၍ ထိန်းသိမ်းအပ်သည်။ လှည်းနေ လှေအောင်း မြင်းစောင်းမကျန် ပြည်သူလူထုကြားမှ စိမ့်ဝင်ပျံ့နှံ့၍ ခိုင်မြဲစေအပ်ပါသည်။

ကျွန်တော်တို့ငယ်စဉ်က ရွာမှာ "ရွာပုံထောင် တီးဝိုင်းလေး"ရှိခဲ့ ပါသည်။ ဗုံ၊ မောင်း၊ လင်ကွင်း၊ ကြေးနှောင် စသည်တို့ကို ရပ်ရွာလူထု အများပိုင်ဆိုင်သည့် ငွေဖြင့် ဝယ်ယူထူထောင်ထားခြင်း ဖြစ်သည်။ ဆွမ်းကြီးခံပွဲ၊ ဘုရားပွဲ၊ အလှူပွဲ၊ ကထိန်ပွဲ စသည်တို့မှာ မိမိရွာထဲက

တီးတတ်မှုတ်တတ်သူတွေ စုပေါင်း၍ တီးကြဆိုကြသည်။ ခြောက်လုံးပတ်ဝိုင်း။

ကျွန်တော်တို့ ၇ နှစ်သား၊ ၈ နှစ်သားတွင် ကစားကြရာ၌ ဆိုင်းတီးတမ်း မကြာကဏ ကစားခဲ့ကြသည်ကို သတိရပါ၏။ ခင်မောင်မြင့်၊ ရဲနိုင်၊ မှတ်ခင်၊ ဉာဏ်ထိန်၊ ရွှေရ၊ မြအောင် စသည့် ရွယ်တူငယ်သူငယ်ချင်းများနှင့် ပါးစပ်ဆိုင်းတီး၍ ပျော်ရွှင်ကြသည်။ သီချင်းဆိုသူဆို။ ပါးစပ်က “တိန်နိမ့်ပြောင် ပူနိမ်တိန်”စသည်ဖြင့် ဆိုင်းဆရာလုပ်သူက အသံမြည်သည်။ “ဒယ်တဲ့တဲ့တယ်၊ တဲ့တဲ့တယ်” စသည်ဖြင့် နဲ့ဆရာလုပ်သူက နဲ့သံမြည်ပေးရသည်။ “မောင့်နှောင်၊ မောင့်နှောင်ဒိန်ဒိန်” စသည်ဖြင့် မောင်းဆရာ၊ ကြေးတီးဆရာတို့က အော်ကြရသည်။ ပတ်မချောင်မှာ ထိုင်သူကလည်း ပလို့ဂျိ၊ ဗေထိ ဗေထိနှင့် ဆို၏။

တကယ်တီးတာဆိုလို့ ဝါးလက်ခုပ်နှင့် စည်းပဲပါပါသည်။ စိန်ဗေဒါကြီး၏ “ရွှေမန်းကျည်းရဲ့ ခုနစ်စဉ်ယဉ်ပါပေစ ရပ်ကယ်က”အစရှိသည့် တီးလုံးတွေလည်း တီးသည်။ “မြမန်းဂီရိ” ယိုးဒယားလည်းတီးသည်။ ရွှေမန်းတင်မောင်၏ အောင်ပါစေ၊ ရွှေကြေးစည်စသည့် ဓာတ်ပြားသီချင်းတွေလည်း ကျွန်တော်တို့ သံပြိုင်မြိုင်မြိုင်ဆိုင်ဆိုင်ကြီး တီးမှုတ်လေ့ ရှိကြသည်။

မိမိတို့ကိုယ်ကို တကယ့်အလှူတော်မင်္ဂလာမဏ္ဍပ်ကြီးထဲမှာ ညွှန့်ခံဆိုင်းဖျော်ဖြေတီးမှုတ်နေကြသည့် ဂီတပညာရှင်ကြီးတွေအလား သဘောထားသည်။ နောက်ထလုပ်သူကလည်း သူ့နေရာနှင့်သူဆိုသည်။ ပြောသည်။ လှုပ်ရှားရသည်။ ဆိုင်းဆင့်ဆိုရသည်။

“ရှာစားရေ့၊ ကြက်သားကို ဓိယာနဲ့ ချက်သလို လက်ဖျားမြည်တာနဲ့ နှက်ပါဦးဆရာရဲ့”

“တယ်လဲ လက်သံပြောင်ပါကလားဆရာရဲ့။ လာပြီ လာပြီ။ လေယာဉ်ပျံ ဓာတ်ဆီနဲ့ မောင်းသလို ဆိုင်းဆရာရေ့ ပတ်မြည်တဲ့အကြောင်းဆိုတာပြ”

တကယ်တော့ လေယာဉ်ပျံသည် ဓာတ်ဆီနှင့် မမောင်းပါ။ လေယာဉ်ဆီနှင့်သာ မောင်းရပါသည်။ ငယ်ငယ်က ကျွန်တော်တို့ ဒါတွေကို ခွဲခြားမသိပါ။ မိမိကြားဖူးသမျှ ဗဟုသုတနှင့် လူကြီးတွေ

ပြောပုံ၊ ဆိုပုံ၊ တီးပုံ၊ မှုတ်ပုံတွေ အတုခိုးပြီး ကစားနေကြခြင်းသာ ဖြစ်ပါ၏။

တစ်ခါတစ်ရံမှာ ကျွန်တော်ကလေးတွေ လေးငါးခြောက်ဦးစုပြီး ဤကဲ့သို့ တီးတမ်းဆိုတမ်း ကစားနေကြသည်ကို လူကြီးတွေ ၁၀ ဦး၊ ၁၅ ဦးလာပြီး ကြည့်နေကြ၏။ ဤကဲ့သို့ လူတွေဝိုင်းနေကြပြီဆိုလျှင် ပွဲကြည့်ပရိသတ်ကြီး တစ်ထောင်နှစ်ထောင်ကို ဖျော်ဖြေရသကဲ့သို့ ကျွန်တော်တို့ ပညာကုန်ပြသကြပါပြီ။

သီချင်းကိုလည်း ပီပီသသဟဲသည်။

ပြက်လုံးတွေကိုလည်း တကယ်ပွဲကျအောင် ပျက်နိုင်သည်။ ကိုယ့်ရပ် ကိုယ့်ရွာထဲက လူတွေပဲ။ ရယ်စရာနှင့် ရယ်အောင် ဖြုတ်ချနိုင်ခဲ့သည်။

"ဒီကလေး ဆိုင်းအဖွဲ့က ရယ်ရသဟဲ့၊ ငါဖြင့် အူတောင်နာရဲ့တော်"

မယ်သွယ်ဗူးအမည်ရှိ လက်ဖက်လည်၍ ရောင်းသော အသက် ၇၀ ကျော် အဘွားကြီးက ကျွန်တော်တို့ ကလေးဆိုင်းအဖွဲ့ကောင်းကြောင်း တစ်ရွာလုံးသို့ မောင်းခတ်ကြေညာတတ်သည်။ ဟုတ်တာ၊ မဟုတ်တာ အပထား။ ကျွန်တော်တို့မှာ ဆယ်တန်းစာပေးပွဲ၌ ဘာသာစုံဂုဏ်ထူးအောင်တာကျနေတာပဲ။ ရင်တကော့ကော့ မေးတမော့မော့နှင့် ဂုဏ်ယူ၍မဆုံး။

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်က ကျွန်တော်တို့၏ အိပ်မက်များသည် ယခုအခါတွင်အသက်အရွယ် ၇ နှစ်သား၊ ၈ နှစ်သား အဆို၊အက၊ အတီးစသည့် ဝါသနာရှင်လူငယ်တို့အတွက် အမှန်တကယ်ဖြစ်ပေါ်ခဲ့ချေပြီ။ စိတ်ကူးများသည် လက်တွေ့ အကောင်အထည် ပေါ်ခဲ့သည်။ အမျိုးသားကဇာတ်ရုံစင်မြင့်ပေါ်၌ ဝင့်ထည်ခမ်းနားစွာ ဂုဏ်ပြုခံရသူများကို ကြည့်၍ ကြည်နူးဝမ်းသာမုဒိတာပွားမိသည်။ သူတို့၏ ရင်ခုန်သံပီတိကို မျှဝေနားလည်သည်။

ယာတောသဲတောအလယ်က တောခေါင်ခေါင်ကျေးရွာကလေးတစ်ရွာမှာ ကလေးငယ်တို့သည် ညွန့်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေး (ပိုးချည်နှင့်ဝါ)၊ တိုင်းဦးစီးမှူး၊ မြို့နယ်သမအသင်းဥက္ကဋ္ဌ၊ သဘော်အင်ဂျင်

နီယာ စသည်ဖြင့် ဖြစ်လာခဲ့ကြ၏။ အဆိုတော် တွံတေးသိန်းတန်ရေးဖွဲ့သီဆိုခဲ့သည့် အသီးတစ်ရာ အညှာတစ်ခုဟူသော တေးကဲ့သို့ ဖြစ်၏။ ပူနောင် ဗိန်နောင်ပါးစပ်ဆိုင်းတီး၍ ဂီတပိုးထခဲ့ကြသော ကလေးတစ်စုသည် တိုင်းပြည်အတွက် ကျရာနေရာ၊ ရောက်ရာဒေသ၌ အကျိုးပြုနိုင်ရန် ကြိုးစားနေကြလေ၏။ နိုင်ငံတော်အကြီးအကဲများ ကိုယ်တိုင်ကထူးချွန်သော အသက် ၉နှစ်၊ ၁၀နှစ်အရွယ် ကလေးငယ်များကိုယခုကဲ့သို့ အားပေးပျိုးထောင်နေရကား အနာဂတ်ကာလ အနှစ် ၂၀လောက်ကို မျှော်မှန်းကြည့်မိ၏။ နိုင်ငံတကာလှည့်လည်၍ မြန်မာ့ယဉ်ကျေးမှုအနုပညာကို ဂုဏ်ဆောင်မည့် ပုဂ္ဂိုလ်ကျော်များ မုချ ထွန်းကားလာလိမ့်မည်ဟု မျှော်လင့်ရပေသည်။ ဂီတအနုပညာဖြင့် မြန်မာ့ဂုဏ်ကိုဆောင်ကြပေလိမ့်မည်။ လူစွမ်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ပေါ်ထွန်းလာလိမ့်မည်။

အနာဂတ်နိုင်ငံတော်ကို ပြုစုပျိုးထောင်ကြရာတွင် ရာဇာပဓာနံဟူသော စကားနှင့်အညီ ဦးဆောင်အကြီးအကဲများ၏ အမြော်အမြင်သည် အဓိကကျပါသည်။ ယခုကဲ့သို့ နုနယ်သော ပါရမီရှင်များကို မြေတောင်မြှောက်ပေးလိုက်သဖြင့် နောင်အနှစ် ၂၀၊ ၃၀ ဂီတနယ်ပယ်တွင် အားကိုးထိုက်သည့် သားကောင်းသဘင်သည်များ ပေါက်ပွားရှင်သန်ကြပေတော့မည်။

ကျွန်တော်သည် တီဗီကိုကြည့်၍ အားရမိ၏။ အသက်ဆယ်နှစ်သား ဝိုင်းတော်တီးကလေး၏ အားရပါးရတီးမှုတ်သည်ကို ကြည့်ပြီးလက်ခုတ်လက်ဝါးတီး၍ အားပေးဂုဏ်ပြုမိ၏။ တယ်တော်ကြတာပါကလား။ ယဉ်ကျေးမှု စစ်မျက်နှာမှာ နိုင်ငံခြားက ထိုးဖောက်လာမည့်ဂလိုဘယ်လိုက်ဖေးရှင်း၊ ဝက်စတန်နိုက်ဖေးရှင်းအန္တရာယ်အမျိုးမျိုးတို့ကိုသူတို့သည် အောင်မြင်စွာ ယှဉ်ပြိုင်ခုခံ၍ ရှင်သန်အောင် ကာကွယ်နိုင်ကြပါစေသတည်း။ အရင်းမူလကျစွာ ပျိုးထောင်ပေးကြသည့် နိုင်ငံတော်အကြီးအကဲများ၏ ကျေးဇူးကိုတော့ မမေ့သင့်ကြပါ။

**ရွှေအောင်လံမဂ္ဂဇင်း**
**၁၉၉၈ ဒီဇင်ဘာ**

# လုပ်ငန်းခွင်အောင်မြင်လိုသော်

တပ်ကြပ်မောင်ထူးဟူသော ညွှန်ကြားရေးမှူး တစ်ဦးသည် ယဉ်ကျေးမှုဝန်ကြီးဌာန၌ တစ်ခါက တာဝန်ထမ်းဆောင်ခဲ့ဖူးလေသည်။ တပ်ကြပ်လည်းဆိုသေး၊ ညွှန်ကြားရေးမှူးအရာရှိအဆင့်လည်းဆိုသေး၊ မဖြစ်နိုင်တာလာပြောမနေပါနှင့်ဟု ထင်ဖွယ်ရှိပါ၏။ ရှင်းခွင့်ပြုပါ။

တပ်ကြပ်မောင်ထူးဆိုသည်ကား ဖက်ဆစ်ဆန့်ကျင်ရေးကာလ မတိုင်မီ ဘီအိုင်အေတပ်မတော်မှာ ထိုပုဂ္ဂိုလ်သည် အကြပ်သင်တန်းကျောင်း၊ ဗိုလ်သင်တန်းကျောင်းစသည့် မူလပထမ တပ်မတော် ရေးဦးဆုံးကာလ၌ တပ်ကြပ်အဆင့် စစ်ပညာသင်ကြားပြသသူဖြစ်ခဲ့ပါ၏။ နောင်သောအခါ ရာထူးအဆင့်ဆင့်တိုးမြှင့်တာဝန်ထမ်းဆောင်ခဲ့ရာ ဗိုလ်မှူးအဆင့်ဖြင့် တပ်မတော်မှ အငြိမ်းစားယူပြီးသော် ယဉ်ကျေးမှုဝန်ကြီးဌာနမှာ တာဝန်ပေးခြင်း ခံရပါသည်။ ထိုအချိန်တွင် စာဖတ်များသောဗိုလ်မှူးမောင်ထူးသည် ကိုယ်တွေ့ဘဝများကို အခြေခံလျက် ဝတ္ထုဆောင်းပါးများကို တပ်ကြပ်မောင်ထူး အမည်ဖြင့်ရေးသား ထင်ရှားခဲ့လေ၏။ သို့ဖြင့် ကလောင်အမည် တပ်ကြပ်မောင်ထူးဟု စာဖတ်ပရိသတ် ပြည်သူအများက သိမှတ်ထားကြလေသတည်း။ စစ်ကျောင်းမှာ သူသည် စည်းကမ်းတင်းကျပ်တိကျသော၊ စစ်သားပီသမှုကို လေ့ကျင့်

ပေးတတ်သော မာကျောပြတ်သားသော ဆရာအဖြစ် သူ၏တပည့်ဖြစ်ခဲ့ဖူးသူ အားလုံး၏ လေးစားဂါရဝထားခြင်းကို ခံရသူလည်းဖြစ်ပါ၏။ တိကျပြတ်သားမှု၊ တရားမျှတမှုတွင် ထင်ရှားသူဟု ဆိုနိုင်ပါ၏။ သူ၏ ဇာတ်လမ်းတစ်ခုမှာ ဤသို့ဖြစ်၏။

ယဉ်ကျေးမှုဝန်ကြီးဌာနက နိုင်ငံခြားသို့ ခရီးတစ်ခုသွားဖို့ရှိသည်။ ထိုကိစ္စအတွက် တပ်ကြပ်မောင်ထူးက ညွှန်ကြားရေးမှူးဖြစ်သဖြင့် တာဝန်ယူရွေးချယ်ရန်ရှိသည်။ သူကမည်သူ့ကိုမျှ ဘက်မလိုက်၊ ကော်မတီဖွဲ့၍ မူဝါဒဖြင့် စနစ်တကျရွေးချယ် လျာထားသည်။

သူ့အိမ်သို့ ဝန်ထမ်းတစ်ယောက်ရောက်လာသည်။ သူသည် ဤဌာနတွင် တာဝန်ထမ်းနေသည်မှာ နှစ်ကာလမည်မျှကြာပြီဖြစ်ကြောင်း၊ ဘာအပြစ်မှမရှိဖူးကြောင်း၊ သူ့ထက်နောက်ကျပြီးမှ ရောက်လာကြသူတွေတောင် နိုင်ငံခြားသို့ နှစ်ခေါက်လောက် ပါဖူးခဲ့ပြီးဖြစ်ကြောင်း၊ သူ့မှာတော့ တစ်ကြိမ်မှ နိုင်ငံရပ်ခြားသို့ မလိုက်ရဖူးသေးကြောင်း၊ သနားသက်ညှာသောအားဖြင့် ဤတစ်ခေါက် နိုင်ငံခြားသွားဖို့ ခရီးမှာ (သွားစရာရှိသည်ဟုသူကြားထားပြီး) သူ့ကို မပါပါအောင်ထည့်ပေးပါမည့်အကြောင်း တောင်းပန်တိုးလျှိုးချဉ်းကပ်လေသည်။

ညွှန်ကြားရေးမှူး ဦးမောင်ထူးက ပြောလိုက်သည်မှာ –

"အေးကွာ၊ မင်းပြောလို့ပြီးရင် ငါ့အလှည့်ပေါ့။ ပထမလျာထားတဲ့အထဲမှာ မင်းဟာ ထိပ်ဆုံးကပါခဲ့တယ်ကွာ။ မင်း ငါ့ကိုခုလို ချဉ်းကပ်တာကြောင့် ငါ့မူဝါဒကို ကြေညာထားပြီးသားပဲ။ ချစ်သူကိုလည်း မသာစေရ၊ မုန်းသူမို့လည်း မနာစေရ၊ တရားမျှတစေရမယ်။ အခွင့်အရေးတောင်းမယူနဲ့၊ ဒီမူကို ငါချထားတာ မဟုတ်လား။ မင်းက ပြောလို့ပါရတယ် ဖြစ်မှာ ငါမလိုလားဘူး။ ဒါကြောင့် ဒီတစ်ခေါက်နိုင်ငံခြားကိုသွားရမယ့် အမည်စာရင်းထဲမှာ မင်းကိုပယ်ဖျက်လိုက်ပြီ။ နောက်နောင်ဆိုရင်တော့ ဒီလိုလူကြီးဆီ အိမ်နောက်ဖေးကဝင်ပြီး ပူဆာတဲ့နည်းကို မသုံးနဲ့တပည့်"

ကဲဗျာ၊ မှတ်ကရော။ အဲဒီလိုပြော၍ အဲဒီလိုဆောင်ရွက်ခဲ့ပါသတည်း။

အကြီးအကဲ နာယကတို့သည် ကျောသားရင်သား မခွဲခြားမှသာ ညြဇာအာဏာစက် သက်ရောက်နိုင်ပါသည်။ မူဝါဒ **(Policy)** ဖြင့် ချမှတ်လုပ်ဆောင်ရသည်။ ဓမ္မဓိဋ္ဌာန်ကျစွာ စဉ်းစားရသည်။ ခေါင်းဆောင်ကောင်းဖြစ်လိုလျှင် မူဝါဒ **(Policy)** ကို နားလည်ကျင့်သုံးနိုင်အောင် ကြိုးစားရမည်။ ငယ်သားကလည်း နားလည်ရမည်။ လိုက်နာရမည်။

အခြေခံသဘောတရား **(Priniciple)**ဆိုသော အချက်များလည်း ရှိသည်။ တစ်နေရာနှင့်တစ်နေရာမတူ။ အမေရိကန်က ယူဆသော စစ်အခြေခံသဘောတရားနှင့် ရုရှားကသတ်မှတ်ထားသော စစ်အခြေခံသဘောတရားတို့မတူ။ မြန်မာ့တပ်မတော်က ပြဋ္ဌာန်းထားသော စစ်အခြေခံသဘောတရားသည်လည်း အခြားနိုင်ငံများနှင့် အချို့မှာကွဲလွဲသည်။

အမေရိကန် တပ်မတော်မှာ ခေါင်းဆောင်ကောင်းရမည်ဟု တစ်ချက်ပါရှိ၏။ မြန်မာက စိတ်ဓာတ်ကောင်းရမည်ဟု ဆိုထား၏။ ခေါင်းဆောင်ငယ်သား မခွဲခြား။ စိတ္တေနနိယတေလောကော – လောကကို စိတ်သည်ဆောင်အပ်၏ဟု ဘာသာရေးညြဝါဒက ဆိုထားသဖြင့် လောမသိ။ မြန်မာ့ရိုးရာဇာတိမာန်အရ စိတ်ဓာတ်၏ အရေးပါမှုကိုပို၍ အလေးပေးထား၏။

မည်သို့ပင်ဖြစ်စေ ချမှတ်ကျင့်သုံးနေသော အခြေခံသဘောတရားများ **(Principles)**ကိုကား နားလည်ရမည်။ စွဲမှတ်ရမည်။ မပြတ်လိုက်နာကျင့်သုံးရမည်။

လုပ်ထုံးလုပ်နည်း **(Procedure)** ဟူသော အချက်လည်းရှိသေးသည်။ ရုံးလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းဥပဒေ၊ ဦးစီးတာဝန်ဆောင်ရွက်စဉ် သော့ပါရမည်။ သော့ဖွင့်ပြီးမှ မျောက်လက်ကို ဖြုတ်ရမည်။ ပြီးမှ တံခါးကို တွန်းဖွင့်ရမည်။ ပြီးမှ အခန်းထဲသို့ ဝင်ရမည်။ သော့မပါဘဲနှင့် တံခါးကို ပထမတွန်းဖွင့်နေခြင်းမျိုးဖြင့် အစီအစဉ်မှားယွင်းနေလျှင် အချိန်ကုန်လူပန်းဖြစ်ရသည်။

ထည့်စရာမရှိမီမှာ ထားစရာတွေကရောက်လာ။ ထားစရာတွေအတွက် ထည့်စရာမရှိတော့ လေလွင့်ဆုံးရှုံး၊ ပြုန်းတီး၊ ပျက်စီး၏။

မည်သည့်လုပ်ငန်းကိုမဆို ဆောင်ရွက်စဉ် လုပ်ငန်းအဆင့်ဆင့်၏ ရှေ့နောက် အစီအစဉ်တကျ ရှိပြီးဖြစ်ပါသည်။

တစ်ခုပြီးတစ်ခု ဆက်လုပ်၍ရသော သဘောမျိုးတွင် ပထမ တစ်ဆင့် ပြီးပြတ်အောင် သေချာစွာ ဆောင်ရွက်ရပါသည်။ အချို့သော လုပ်ငန်းမျိုးတွင်ကား အဆင့်(၁)ကို ဆောင်ရွက်နေဆဲကာလ၌ အဆင့်(၂)အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ အဆင့်(၃)အတွက် ကြိုတင်လေ့လာ သတင်းအချက်အလက် စုဆောင်းခြင်းမျိုးတို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အဖွဲ့ခွဲပြီး ဆောင်ရွက်နိုင်သည်လည်းရှိတတ်ပါ၏။ ဒါကခြွင်းချက်။

မည်သို့ဖြစ်စေ လုပ်ငန်းဆောင်တာသဘော စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး စသည့် အသင်းအဖွဲ့၊ အစုအဝေးနှင့် စီမံဆောင်ရွက်ရသည့် လုပ်ငန်းဆောင်ရွက်ကြရာတွင် အထက်ပါသုံးရပ်ကို အခြေခံကျကျ လက်တွေ့အသုံးချရန် အကြံပြုလိုပါသည်။

(က) မူဝါဒ (Policy)

(ခ) အခြေခံသဘောတရား (Principle)

(ဂ) ဆောင်ရွက်စဉ် (Procedure)

တိုတိုနှင့်နိဂုံးချုပ်ပါရစေ။ ဤသုံးချက်ကို အလေးအနက် လက်ကိုင်ပြု ကျင့်သုံးသွားလျှင် မိမိ၏လုပ်ငန်းခွင်၌ ပိုမိုအောင်မြင် တွင်ကျယ်ပါလိမ့်မည်။ နှစ်ပေါင်းများစွာ ကျင့်သုံးပြီး ထိပ်ဆုံးပိုင်း အဆင့်ထိ ကိုယ်တိုင်အောင်မြင်ခဲ့ကြသူများ၏ အဆိုအမိန့်တို့ကို အခြေခံ၍ အနှစ်ချုပ်တင်ပြခြင်းပင် ဖြစ်ပါသည်။

**သုတစွယ်စုံမဂ္ဂဇင်း**

**၁၉၉၇၊ ဧပြီလ**

■

# စကားပုံထဲက ကြက်နှင့်ကြောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့က ၁၉၉၀ပြည့်နှစ်၊ နိုဝင်ဘာလတွင် စတင်ထုတ်ဝေခဲ့သော "မြန်မာစကားပုံ" စာအုပ်သည် ယခုအချိန်အထိ အုပ်ရေ ရှစ်သောင်း ရိုက်နှိပ်ဖြန့်ချိပြီးဖြစ်သော်လည်း ဗဟုသုတလိုလားသော ကျောင်းသား ကျောင်းသူနှင့် စာပေဝါသနာရှင်၏ လက်သို့မပျံ့နှံ့သေးပါ။ မကြာသေးမီက ချမ်းမြေ့ရိပ်သာ ဆရာတော်ရှင်ဇနကာဘိဝံသက "မြန်မာစကားပုံ" စာအုပ်အလိုရှိသဖြင့် ရှာဖွေရာ စာအုပ်ဆိုင်အတော်များများမှာ မတွေ့ရ။ မရှိကြ။ ထို့ကြောင့် မိမိမှာရှိနေသော "မြန်မာစကားပုံ" စာအုပ်ကို ဆရာတော်အား ကပ်လှူလိုက်ပါသည်။

အဆိုပါစာအုပ်နှင့် "မြန်မာဆိုရိုးစကား" စာအုပ်ကို ဆရာတော်သည် နိုင်ငံခြားသို့ သာသနာပြုခရီးကြွတော်မူစဉ် ပြည်ပရှိ အိမ်တစ်အိမ်က စာအုပ်စင်မှာမြင်ခဲ့ရသည်။ မြန်မာပြည် ပြန်ရောက်ရောက်ချင်း အဆိုပါ စာအုပ်ကို ရှာဖွေခဲ့သည်။ တော်တော်နှင့် ရှာလို့မရ။ လူတချို့ ဆိုပါလျှင် ဤစာအုပ်ရှိမှန်းပင် မသိကြ။ ရန်ကုန်မြို့၊ ပြည်လမ်းရှိ မြန်မာစာအဖွဲ့တွင် လွယ်လင့်တကူ ဝယ်၍ရသည်ဟုလည်း သတိမပြုမိကြသူတွေက ခပ်များများ။ မြန်မာစာအဖွဲ့တွင် ထိုစာအုပ်များကို

ကျပ် ၁၀၀ကျော်ကျော်ဖြင့် ရောင်းချသော်လည်း ပြင်ပစာအုပ်ဆိုင်များတွင် ကျပ် ၂၅၀၊ ကျပ် ၃၀၀ဖြင့် ပေး၀ယ်မှရနိုင်၏။ ဒါလည်းပဲ ကြုံကြိုက်ပါမှရနိုင်သည့်အနေအထားဖြစ်သည်။ စာအုပ်မှာ စက္ကူအကောင်းစားဖြင့် စာမျက်နှာ ၃၈၀ ရှိရာ ကာလတန်ဖိုးနှင့်တွက်ကြည့်လျှင် ကျပ် ၅၀၀ လောက်အနည်းဆုံးတန်သည်။ နောက်ထပ်ထပ်မံ ထုတ်ဝေဖြန့်ချိရမည်ဆိုလျှင် မူလဈေးနှုန်း ဘယ်လိုမှ မရနိုင်။

## မြန်မာစကားပုံ

မြန်မာစာအဖွဲ့မှ ကျပ် ၁၀၀ ကျော်ကျော်စီဖြင့် ဝယ်ယူထားသော စာအုပ်နှစ်အုပ်ကို ဆရာတော်အား လှူဒါန်းလိုက်ပြီး တစ်အုပ်လျှင် ကျပ် ၂၅၀ စီနှင့် အပြင်ဆိုင်မှ ဝယ်ကာ မိမိစာအုပ်စင်တွင် အစားပြန်ထည့်ထားလိုက်သည်။ ဒါတောင် ဝယ်ရတာခက်သည်။ ဈေးမများ။ ဤစာအုပ်က စာအုပ်ကောင်းမှန်း သိလာသဖြင့် ယခင်ကထက် ပိုမိုအလေးထားကာ ထပ်မံဖတ်ရှုမိသည်။ မြန်မာပညာရှိ၊ ပညာရှင်များ အချိန်ယူပြီး စုပေါင်းပြုစုထားသဖြင့် အလွန်ပင်လျှင် စေ့စပ်ပြည့်စုံပါပေသည်။ စာအုပ်ကောင်းတော့ ရှားပေမည်။

## ကြက်နှင့်ဆိုင်ရာ

ကျွန်တော်၏အဖေက ကျောင်းဆရာဖြစ်သော်လည်း ကြက်ကိုတော့ ဝါသနာအလွန်ကြီးသည်။ အိမ်မှာ ကြက်မွေးသည်။ ကြက်တိုက်သည်။ ကြက်သမားတွေနှင့်ဆုံတိုင်း ကြက်စကားတွေ အလွန်ပြောသည်။ အိမ်မှာ ကျွန်တော့်တစ်သက် အဖေကြက်မမွေးသော အချိန်ဟူ၍ မရှိသလောက်ရှားလှသည်။ ထို့ကြောင့် ကျွန်တော်လည်း ငယ်စဉ်ကတည်းက ကြက်များနှင့် ရင်းနှီးခဲ့ရသည်။ နေ့တိုင်းကြက်စာကျွေးခဲ့ရသည်။ ကြက်ချေးလှည်းခဲ့ရသည်။ ကြက်ပွဲပေါင်းများစွာ ကြည့်ခဲ့ရဖူးသည်။ ထို့ကြောင့် မြန်မာစကားပုံစာအုပ်ထဲမှာ ကြက်ပါသော စကားပုံ ဘာတွေပါသလဲဟု စိတ်ဝင်တစား ရှာဖွေကြည့်ဖြစ်ခဲ့မိသည်။

(၁) ကြက်ကစပါးစား၊ ထရံကဒဏ်သင့်။
(၂) ကြက်ကောင်း ကြိုးမကွာ။
(၃) ကြက်ကန်း ဆန်အိုးတိုး။
(၄) ကြက်မ တွန်လို့ မိုးမလင်း။
(၅) ကြက်ဥပြုတ် သံတုတ်နှင့်ချ။
(၆) ကြွေတစ်လက် ကြက်တစ်ခုန်။
(၇) ကြောင်တစ်သက် ကြက်တစ်မြုံ။
(ကြောင်တစ်သက်၊ ကွက်တစ်မြုံဟုလည်း မူကွဲအသုံး အနှုန်း ရှိလေသည်။)
(၈) ဆင်ချည်သောကြိုး ကြက်ချည်သော်မခြ၊ ကြက်ချည်သော ကြိုး ဆင်ချည်သော် မခိုင်။

## ကြက်တစ်မြုံက အမှန်

ကျွန်တော်တို့ ငယ်စဉ်က ဘိုးလေးပိုင်နှင့် အရီးဆိုင်ဟူသော အိမ်နားနီးချင်း ဦးကြီးနှစ်ဦး ရှိခဲ့သည်။ သူတို့သည် အဖေ၊ အမေတို့နှင့် ရပ်ဆွေရပ်မျိုးများ ဖြစ်သဖြင့် ကျွန်တော်တို့အိမ်မှာ ရေနွေးကြမ်းသောက်ရင်း ရောက်တတ်ရာရာ စကားဝိုင်းဖွဲ့တတ်ကြသည်။ ကြောင်တစ်သက်၊ ကြက်တစ်မြုံဟု ဆိုသူကဆို၏။ ကြောင်တစ်သက် ကွက်တစ်မြုံဟု ကြားဖူးတာပါဟု ပြောသူကပြော၏။ ဘယ်ဟာ အမှန်မှန်း မသိခဲ့ရ။ အဖြေမသဲကွဲ။ အသက် အနည်းငယ်ကြီးလာကာမှ ဆရာသော်တာဆွေ ရေးထားသည့်စာထဲက ကြောင်ကကြက်ကို ခုန်ပြီးစားတတ်ပြီဆိုလျှင် ကြက်ကလေးများပါ မရှောင် အကုန်စားကြောင်း၊ ကိုယ်တွေ့ဇာတ်လမ်းလေးကို ဖတ်လိုက်ရကာမှ တိတိကျကျ သိခဲ့ရတော့သည်။ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေထားသော မြန်မာစကားပုံ စာမျက်နှာ ၂၇ တွင်လည်း အောက်ပါအတိုင်း တွေ့ရှိရသည်။

ရှေးအခါက သူကြွယ်မတစ်ဦးသည် အရွယ်ရောက်လာသော သားအား သင့်လျော်သော အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ထိမ်းမြားပေးရာ ကာလအတန်ကြာသည့်တိုင် သားသမီးမထွန်းကားသဖြင့် အခြား

အမျိုးသမီးတစ်ဦးနှင့် လက်ဆက်စေပြန်သည်။ ပထမဇနီးက ဒုတိယဇနီးအား သားသမီးမထွန်းကားစေလိုသဖြင့် ပဋိသန္ဓေပျက်စီးအောင် အကြိမ်ကြိမ်ပြုလေသည်။ ထို့ကြောင့် ဒုတိယဇနီးသည် သေဆုံးရလေသည်။ မသေဆုံးမီ ဒုတိယဇနီးသည် ပထမဇနီးအား လက်စားချေနိုင်စေကြောင်း ဆုတောင်းခဲ့ရာ ကြောင်မဖြစ်သောဘဝ၌ ပထမဇနီးသည်က ကြက်မဖြစ်၍ ပေါက်သမျှ ကြက်ကလေးများကို ကြောင်ကစားပစ်လေ၏။ ကြက်က တစ်ဖန် လက်စားချေနိုင်ကြောင်း ဆုတောင်းပြန်ရာ ကျားမ ဖြစ်လာ၍ ၎င်း၏ ပြိုးဘက် သမင်မမွေးသမျှ သမင်များကို စားပြန်လေ၏။ သမင်မက တစ်ဖန် လက်စားချေနိုင်ရန် ဆုတောင်းပြန်ရာ နောက်ဘဝတွင် ဘီလူးမဖြစ်၍ ပြိုးဘက်မိန်းမ မွေးသမျှ သားများကို လုယူစားပြန်လေသည်။

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒ၊ ၁–ယမကဝဂ်၊ ၄– ကာဠီယက္ခိနီဝတ္ထု။

(ဤဝတ္ထုနှင့်ဆင်တူ ဝတ္ထုတစ်ပုဒ်ကို ခုဒ္ဒကနိကာယ်၊ ဓမ္မပဒ၊ ၂၁– ပကိဏ္ဏကဝတ်၊ ၂၁၇ ဧကာကုက္ကုဋဏ္ဍခါဒိကာဝတ္ထု၌လည်း တွေ့နိုင်သည်။)

ကြက်ကောင်းကြီးမကွာဟူသော စကားပုံကို အဖေသည် မကြာမကြာ သုံးနှုန်းပြောဆိုလေ့ရှိသည်။ ကျောင်းတွင် မြန်မာစာသင်ကြားသည့် ကျောင်းဆရာဖြစ်သော အဖေသည် မြန်မာစကားပုံ၊ ပုံတိုပတ်စတို့ဖြင့် စကားပြောတတ်၏။ တိုက်ကြက်ကောင်းတို့မည်သည် ကြိုးနှင့်အမြဲမကွာချည်နှောင်စောင့်ရှောက်ထားရသကဲ့သို့ အလာအလာကောင်းသူကို ဂရုစိုက်၍ စည်းကမ်းနှင့်မကင်းမကွာ ထိန်းကွပ်ကြပ်မတ်ထားရသည်။ ဆိုရိုးစကားတစ်ခုလည်း ရှိသေးသည်။

"အဲမောင်းကိုယ်စီ၊ ရုံးချင်းမှီ၍ စွဲချီမပြတ်၊ ဝန်းပတ်အုပ်ထွေ၊ ရဲဗိုလ်ခြေလည်း၊ ကုဋေကိုးရာ၊ သွားတိုင်းပါလျက်၊ မခွာငြိမ်းသြောင်း၊ ရံကြရှောင်း၏။ ကြက်ကောင်းကြီးမကွာ၊ ဟူစပါသို့"

**မန်လည်ဆရာတော်**

**မဟာသုတကာရီ၊ မဃဒေဝလင်္ကာသစ် (၁၉၀၄ ခုနှစ်)**

## ကြောင်နှင့်ဆိုင်ရာ

ကျွန်တော်တို့အိမ်မှာ ကြောင်ကလေးလေးကောင်ရှိသည်။ လူနှင့် နီးနီး ပွတ်သီးပွတ်သပ် နေချင်ကြသည့် ကြောင်တွေလည်းရှိသည်။ လူနှင့်ဝေးဝေး နေချင်သည့် ကြောင်တွေလည်း ရှိသည်။ ရုံးက ပြန်လာလျှင် လူကိုဖက်၍ ကြိုတတ်ပြီး လူ့အမူအရာ အတော်နားလည်သော ကြောင် ရှိသကဲ့သို့ ဘယ်သို့ပင် ပြုပြင်၊ ပြုပြင် ခိုးနှိုက်စားချင်၊ စာကလေး၊ ခိုကလေးများကို ခုတ်ချင်၊ ဖမ်းချင်၊ စရိုက်ကြမ်းကြသော ကြောင်တွေ လည်းရှိ၏။ ကြောင်နှင့်ပတ်သက်၍ စကားပုံမည်သို့ ရှိသနည်းဟု သိချင်သဖြင့်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရလေသည်။

(၁) ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုး။

(၂) ကြောင်မရှိက ကြွက်ထ။

(၃) ကြောင်ရပ်ဖြစ်စေ၊ ကြွက်သေတာလိုရင်း။

(၄) ကြောင်သူတော်ဆို၊ ယိုတော့ကြွက်မွေး။

(၅) ကြောင်အို ကြွက်မလေး။

## ဆိုရိုးစကား

"မြန်မာဆိုရိုးစကား"စာအုပ်မှာလည်း ကြက်၊ ကြောင်တို့နှင့် ပတ်သက်၍လည်း အောက်ပါတို့ကို တွေ့ရပြန်သည်။

(၁) ကြက်ကောင်းလျှင် တစ်ဒယ်၊ ချိုးကောင်းလျှင် တစ်လွယ်၊ ခါးကောင်းလျှင် တစ်ထမ်း။

(၂) ကြက်မသွား မြားပါ၊ မိန်းမသွား စကားပါ။

(၃) ကြက်မှာအရိုး လူမှာအမျိုး။

(၄) ကြက်ဥအရောင် တိမ်တောင်သဖွယ်၊ မင်းရေးကျယ်။

(၅) ဟင်းစားကြက် အတက်ကောင်းပေါက်။

(၆) ကြောင်အကြီး ခေါင်းကချီ၊ သစ်အလယ်ခါးကဖြတ်၊ ကျားကအထွေး ဖင်ကလွေး။

## စကားပြောကောင်းလိုသော်

ခေါင်းဆောင်ကောင်းတို့မည်သည် လက်အောက်ငယ်သားတို့၏ လေးစားမှု၊ နားလည်မှု၊ လိုလားချက်များကို လွယ်ကူရှင်းလင်းစွာ ပြောကြားမိန့်ဆိုတတ်မှုဟူသော ဘာသာစကား ကျွမ်းကျင်တိကျမှုရှိရန် လည်း လိုအပ်ပေသည်။ ကမ္ဘာကျော် နိုင်ငံရေးခေါင်းဆောင်၊ စစ်ရေး ခေါင်းဆောင်၊ စီးပွားရေးခေါင်းဆောင်တို့သည် နှုတ်မှုစွမ်းရည်၊ နှလုံးရည် ပြည့်ဝကြလေသည်။ မည်သည့်နယ်ပယ်မှာပင်ဖြစ်စေ အောင်မြင်သော ခေါင်းဆောင်တစ်ယောက်ဖြစ်လိုပါက စာ သို့မဟုတ် စကားကို ရှင်းရှင်း လင်းလင်း ထင်ထင်ရှားရှား ပြောဆိုရေးသားတတ်ရန် အခြေခံကျွမ်းကျင် ရပါမည်။ “မြန်မာဆိုရိုးစကား”နှင့် “မြန်မာစကားပုံ”ဟူသော မြန်မာစာ အဖွဲ့ (မျက်မှောက်ခေတ် ပညာရှိကဝိအကျော်များ စုပေါင်း) ပြုစုထားသည့် စာအုပ်နှစ်အုပ်ကို လက်စွဲထားပါဟု အကြံပေးလိုပါသည်။ ကြီးမားစွာ အထောက်အကူရနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစံလွင် (ငြိမ်း)သည် စစ်တက္ကသိုလ် ပထမပတ်ဆင်း ဘွဲ့ရခဲ့သူ ဖြစ်သည်။ သာမန်မဟုတ်။ စာပေထူးချွန်ဆုရ၍ အောင်မြင်ခဲ့သူဖြစ်၏။ မြန်မာစကားပုံနှင့် မြန်မာဆိုရိုးစကားဟူသောစာအုပ်နှစ်အုပ်သည်မြန်မာစာ၊ မြန်မာစကားအတွက် ကြီးမားသော အုတ်နှစ်ချပ်ဖြစ်သည်ဟု ချီးကျူး ဂုဏ်ပြုချင်ပါသည်။ စုဆောင်းပြုစုခဲ့ကြသော ဆရာကြီး၊ ဆရာမကြီး များကို ကျေးဇူးအထူးပင် တင်ထိုက်ပါပေသည်။

**သုတစွယ်စုံမဂ္ဂဇင်း**
**၁၉၉၈ ခု၊ ဒီဇင်ဘာ**

■

# အထီးလား၊ အမလား

အခုခေတ်ကာလ ကျောင်းများမှာ အင်္ဂလိပ်စာကို သူငယ်တန်းက စပြီး သင်ကြားနေကြပါပြီ။ မူလတန်းကျောင်းနေတဲ့ ကလေးဆိုရင် အေဘီစီဒီ ဆိုတတ်ပြီ။ ရေးတတ်ပြီ။

ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ မူလတန်းမှာ အင်္ဂလိပ်စာ မသင်ခဲ့ရပါ။ လေးတန်းအောင်လို့ ငါးတန်းရောက်မှ အေဘီစီဒီ စသင်ရတာပါ။ အသက် (၁၀)နှစ်သားလောက်ရောက်မှပဲ အေဆိုတာ လှည်းထောက်ပုံစံပါကလား။ ဘီဆိုတာ ဘုနှစ်ဘုနှင့် အနှိပ်သည်သစ်သားဘုနဲ့ တူလေစွ။ စီဆိုတာက င။ အိုဆိုတာက ဝလုံးစသည်ဖြင့် မှတ်ရတာပေါ့။

တောရွာကလေးတစ်ရွာက တောကျောင်းလေးတစ်ကျောင်းမှာ ပညာစသင်ခဲ့ရတဲ့ ကျွန်တော်တို့မှာ ငယ်ငယ်က အင်္ဂလိပ်စာဆိုတာ တော်တော်စိမ်းပါတယ်။ မြင့်ပါတယ်။ ခက်ခဲလှတယ်လို့ ထင်ပါတယ်။ အလှမ်းဝေးလှတယ်။ ငါတို့အတွက် မလွယ်လှဘူးလို့လည်း ကြောက်ရွံ့ခဲ့မိတယ်။

တကယ်တော့ အင်္ဂလိပ်စာဟာ ထင်သလောက်ခက်ခဲလှတာတော့လည်း မဟုတ်ပါဘူး။ မြန်မာက ဉာဏ်ရည်မြင့်လို့လား မသိဘူး။ ကုလားပြောတဲ့ အင်္ဂလိပ်စာထက်လည်း ပိုပြီး ပီသရှင်းလင်းတယ်။

ကုလားက အာရ်အသံများလွန်းပြီး ဝဲတဲတဲပဲ။ တရုတ်ပြောတဲ့ အင်္ဂလိပ်စကားကလည်း တရုတ်သံပါပြီး မပီသလှပါဘူး။

မြန်မာတွေပြောတဲ့ အင်္ဂလိပ်စကားသံကမှ တကယ့်လန်ဒန်သူ လန်ဒန်သားပြောတာလိုပဲ အက်ဖ်သံ၊ အစက်စ်သံ၊ တီသံ၊ ပီပီသသ ရှင်းရှင်းလင်းလင်း ရှိကြပါတယ်။ သေသေချာချာ ယှဉ်နားထောင်ကြည့်ပါ။

ခင်ဗျားက ဘယ်လောက်တော်လို့လဲလို့တော့ မမေးလေနဲ့။ ကျွန်တော်တို့က ဘုန်းကြီးကျောင်းမှာ ကိုရင်ကြီးသင်ပြတဲ့ အင်္ဂလိပ်စာနဲ့ စပြီး ထိတွေ့ခဲ့ရတာ။ တောကြို့အုံကြားက ကလေးတွေ–

အေ၊ ကက်ထ၊ ဆက်ထ၉၊ အွန်န အေ၊ မက်ထ။

အဲသလိုပဲ လိုက်ဆိုခဲ့ကြရတယ်။ မူရင်းက–

A cat sits a mat.

ကြောင်တစ်ကောင်ဟာ ဖျာတစ်ချပ်ပေါ်မှာ ထိုင်နေ၏။

တီပါရင်ထသံပီပီသသ ဆိုရတယ် ထင်တာကိုး။

ကံကောင်းချင်တော့ ကျွန်တော့်မိဘနဲ့ အစ်ကိုဝမ်းကွဲကျောင်းဆရာက အင်္ဂလိပ်စာအချိန်ပိုသင်ယူစေပါတယ်။ ဆရာဦးစိုးမောင်ဆိုတဲ့ အင်္ဂလိပ်စာပြ ကျောင်းဆရာရဲ့အိမ်မှာ ဝတ်ကြီးဝတ်ငယ်ပြုစုစေရင်း ၆ တန်း ၇ တန်းမှာ အင်္ဂလိပ် အပိုဖတ်စာတွေ လေ့လာစေပါတယ်။

ဆရာဦးအောင်ကြည် (ချောက်၊ ဇေတီကျောင်းမှ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး)ထံမှ အပ်နှံပြီး V.E.T ယူဗီနယား (ခ)ဦးဝိနယ ရေးတဲ့ စပယ်ရှယ်ဂျူနီယာ အင်္ဂလစ်ရှ်ကို့စ်စာအုပ်ကို လေ့ကျင့်သင်ယူစေပါတယ်။ ရှစ်တန်း၊ ကိုးတန်း။

ဆရာဘ အမည်ရတဲ့ ရခိုင်ဆရာကြီးတစ်ဦးဆီမှာ ဂရမ်မာနဲ့ ဖတ်စာများကို တစ်လဆယ့်ငါးကျပ်နဲ့ ပရိုက်ဗိတ်ကျူရှင်ထားပေးပါတယ်။ ဆရာကြီး ဦးဘဟာ အဲဒီအချိန်က အသက် ၆၀ ကျော် ၇၀ ပါ။ ကျွန်တော့်ကို ချစ်ခင်အလိုလိုက်ပါတယ်။ အင်္ဂလိပ်စာကို ပျော်ပိုက်အောင်

ဆွဲဆောင်သင်ကြားပါရဲ့။ အထက်တန်းရောက်တော့ အင်္ဂလိပ်စာ မကြောက်တော့ပါ။

မန္တလေးတက္ကသိုလ် ၄ နှစ် (၁၉၆၆–၇၀)၊ ရန်ကုန်တက္ကသိုလ် ၂ နှစ် (၁၉၈၂–၈၃) ကာလများမှာ တက္ကသိုလ်မှ ဆရာ ဆရာမများဟာ စိတ်ပညာကို အင်္ဂလိပ်ဘာသာနဲ့ ရေးစေ၊ ဖတ်စေ၊ ဖြေစေ၊ ပြောစေ တာတွေ လေ့ကျင့်ပေးခဲ့တာကြောင့် ၁၉၉၁–၉၂ မှာ နိုင်ငံခြားတိုင်းပြည် တစ်ခုသို့ ပညာသင် ၁ နှစ်သွားရတဲ့အခါ အခြေအနေမဆိုးခဲ့ပါ။ ထိုင်း၊ မလေး၊ စင်ကာပူ၊ အင်ဒို၊ ဘင်္ဂလား၊ ပါကစ္စတန်၊ အိုမန်၊ ကိုရီးယားစတဲ့ ကျောင်းနေဘက်များထက် အောက်မကျခဲ့။ အမေရိကန်၊ ဗြိတိန်၊ နယူးဇီလန်၊ ဩစတြေးလျ၊ ဖီဂျီစတဲ့နိုင်ငံက ငနဲတွေနဲ့ တန်းတူရည်တူ ပြောနိုင်ဆိုနိုင် ရေးနိုင်ဖြေနိုင်ခဲ့ပါတယ်။

နိုင်ငံခြားမသွားခင် မိတ်ဆွေတစ်ယောက်က ဘာသာပြန်ပုံလေးတွေ ရယ်စရာပြောပါတယ်။ စိတ်ထဲပေါ်ရာ ရဲရဲသာပြောလိုက်တဲ့။

မြန်မာပြည်ကိုလာတဲ့ ခရီးသည်နိုင်ငံခြားသား တစ်ဦးက မေးတာ တွေကို သူပြန်ဖြေပြတာတွေ ဖောက်သည်ချပါတယ်။ ဒီလိုမျိုး–

"What is the meaning of နှင့် နှမလွှား"

"အဓိပ္ပာယ်က Jump over your sister"

"ဘုရားနှမလေးကို မပစ်ပါနဲ့နော် What"

"Pagoda Sister never throw away"

ပေါက်တတ်ကရတွေ ဖြေချလိုက်တာပဲတဲ့။ အေးဗျ၊ အဲသလိုမှ မဖြေရင်လည်း ဘယ်လိုလိပ်ပတ်လည်အောင် ရှင်းမလဲနော်၊ မလွယ်ဘူး၊

ကျွန်တော့်သဘောကတော့ မသိရင် မသိဘူး။ ရှင်းမပြတတ်ရင် ရှင်းမပြတတ်ဘူး ဖြေလိုက်မှာပဲ။ အင်ဒိုချိုင်းနားသားတွေထဲမှာ ထိုင်း နိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့နဲ့စာရင် မြန်မာပြည်က လူ တွေဟာ အင်္ဂလိပ်စာ ဒုံးမဝေးပါဘူး။ မြန်မာက လျှာလည်းပါးတယ်။ နားလည်းပါးတယ်။ လူတိုင်း ယက်စ်၊ နိုးလောက်တော့သိတယ်။

ထမင်းစားရေသောက် နားလည်ကြတာများပါတယ်။ လက်ခံတယ် မဟုတ်လား။

ဆိုးတာတစ်ခုတော့ တွေ့ဖူးတယ်ဗျာ။

ရန်ကုန်နဲ့ ပဲခူးအကြား ကားလမ်းရဲ့အရှေ့ဘက်ခြမ်းက ထမင်းဆိုင်ကြီးတစ်ခုရဲ့ သန့်စင်ခန်းမှာပါ။ ရေအိမ်အဝင်မှာ ကျား၊မ ဒီလို ရေးထားကြတယ်မဟုတ်လား။

လူပုံ အမျိုးသားပုံ၊ အမျိုးသမီး (ဆံပင်ရှည် ဂါဝန်နဲ့)ပုံ။ လွယ်လွယ်ကပ်ထားရင်လည်း ရှင်းတာပဲ။

Gent. Lady.

Man. woman.

ဒီလိုရေးရင်လည်း ရပါတယ်။ ကျား/မကို ခွဲခြားရေးထားပုံက အိမ်သာအဝများမှာ အင်္ဂလိပ်လို–

Male Female

အထီး အမ တဲ့ဗျာ။

အဓိပ္ပာယ်နားလည်ပါတယ်။ မှားတယ်လို့လည်း မပြောနိုင်ပါဘူး။ နားထဲမှာ ထိုးထိုးထောင်ထောင်ကြီး ဖြစ်ရတာတစ်ခုပါပဲ။ ရိုင်းရာ ကျမလားနော်။

ဘာသာခြား စကားတို့ရဲ့ အသုံးအနှုန်းများကို ကျွန်တော်တို့ အများကြီး လေ့လာသွားသင့်တယ်။

**နံ့နက်ခင်းဂျာနယ်**

**၁၉၉၉ ခု၊ ဇွန်လ**

■

# သင်ပါပြင်ပါ တိုးတက်မှာ

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း၌ လမ်းတစ်လမ်း၏အမည်သည် မြန်မာ့ဂုဏ်ရည်လမ်းဟု ခေါ်တွင်လေသည်။ လမ်းအမည်မှာပန်းအမည် တွေလည်း ရှိတတ်သည်။ အပင်အမည်တွေလည်း ရှိတတ်သည်။ ထင်ရှားသော လူပုဂ္ဂိုလ်အမည်များလည်း ရှိတတ်ပေသည်။ မြန်မာ့ဂုဏ်ရည် ဟူသော အမည်ကတော့ လှလည်းလှသည်။ အသံချိုကြည်၍ ခေါ်ရသည် မှာ အရသာပါသည်ထင်မိ၏။

မြန်မာ့ဂုဏ်ရည် သူရဲကောင်းများဟူသော စာအုပ်ကို ကျွန်တော် ငယ်စဉ်ကပင် စွဲလမ်းခဲ့ရသည်။ ကျောင်းဆရာဖြစ်သော ကျွန်တော့် အဖေက ကျွန်တော့်ကို အိပ်ရာဝင်ပုံပြင် ညစဉ်ပြော၍ သိပ်လေ့ရှိပါသည်။ ယခုခေတ်လို ရေဒီယို၊ ကက်ဆက်၊ တီဗွီ၊ ဗီဒီယိုတို့လည်း မပေါ်သေးချေ။

ကျေးရွာကလေးတစ်ရွာ၏ အိမ်တစ်အိမ်မှာ ညအခါ မှိန်လဲ့လဲ့ ဖန်းမီးအိမ်ကလေးသာ ထွန်းထားသည်။ ညစဉ်အိပ်ရာဝင်တိုင်း အဖေက ငါ့သား၊ ကနေ့ ဘာအကျိုးရှိတာလုပ်သလဲဟု မေးလေ့ရှိသည်။ အမေ့ကို ထင်းကူသယ်ပေးပါသည်။ ပန်းကန်ကူဆေးပေးပါသည်။ အမေ ခိုင်းသဖြင့် ရွာ အနောက်ပိုင်း ဒေါ်ရွှေသက်တို့အိမ်မှ လက်ဖက်ဝယ်ပေး ရပါသည် စသည်ဖြင့် ကျွန်တော် ပြုလုပ်သမျှ တစ်ခုခုကို ဖြေကြားရသည်။ အေးအေး၊ ငါ့သားကြီးက အာကိုးရတာကိုး။ လိမ္မာတာကိုး။ ဆုချတဲ့အနေနဲ့

မြန်မာ့ဂုဏ်ရည် ပုံပြင်တစ်ပုဒ်တော့ ပြောပြရမှာပေါ့ကွဲ့ အစချီပြီး ပြောပြပါလေပြီ။

ကျွန်တော်လေးတန်းလောက်ရောက်သည့်အခါ အဖေ့စာအုပ်စင်မှ စာအုပ်များကို ရှာဖွေဖတ်ရှုတတ်ပြီ။ ဤတွင် ဦးဖိုးကျား (အမျိုးသား) ပညာဝန်) ရေးသားထားသော "မြန်မာ့ဂုဏ်ရည်သူရဲကောင်းများ" စာအုပ် ဟောင်းလေးကို တွေ့ရသည်။ တစ်ပုဒ်ပြီးတစ်ပုဒ် ဖတ်ရင်းနှင့် သြော် မိမိငယ်စဉ်က စာမဖတ်တတ်သေးခင် အဖေက ညစဉ်အိပ်ရာဝင်ပုံပြင် အဖြစ် ပြောပြခဲ့သည့် ရာဇဝင်တွေပါကလားဟု သိရှိသွားလေသည်။

မြန်မာ့ဂုဏ်ရည်သူရဲကောင်းများအကြောင်းသည် ကျွန်တော့်အတွက် အဖော်အဖက် ဖြစ်ခဲ့ပါတော့သည်။ နှစ်သက်မြတ်နိုးရသော လက်စွဲစာအုပ်ကလေးဖြစ်၏။

နန်းတော်ရှေ့ဆရာတင် ရေးသားသီကုံးထားသည့် "မြန်မာ့ ဂုဏ်ရည်" ဆိုသော တေးသီချင်းတစ်ပုဒ်ကို ကြားရပြန်တော့ အလွန်ပင် နားစွဲသည်။ တေးစာသားကလည်း ရှင်းရှင်းလင်းလင်းနှင့် ထိမိသည်။ မန္တလေးကိုချစ်သော ကျွန်တော့်နှလုံးသားကို ယူကျုံးဆွဲဆောင်သည်။ ကရိန်းတွေ၊ ဝန်ချီစက်တွေမပေါ်ခင်ကတည်းက ရသေ့ကြီး ဦးခန္တီသည် ကြီးမားလေးလံလှစွာသော ကျောက်ဆင်းတုတော်ကြီးကို အတော်မြင့် မားလှသည့် မန္တလေးတောင်တော်ပေါ်သို့ ပင့်နိုင်ခဲ့ပါပေသည်။ ထင်ရှား သည့် မြန်မာ့ဂုဏ်ရည်ဆိုပြီး သီဆိုဖွဲ့နွဲ့သည်။ အမှန်ပင် ဂုဏ်ယူ ကြည်နူးစရာလည်းကောင်းလှသည်။ မြန်မာလူမျိုးတွေဟာ ရှေးရှေး ကတည်းက သူ့ခေတ်သူ့အချိန်ကာလအလျောက် တီထွင်ဖန်တီးနိုင်စွမ်း တွေ ရှိခဲ့ကြပါကလားဟု အားတက်စရာလည်း ဖြစ်၏။ ထို့ကြောင့် မြန်မာ့ဂုဏ်ရည်သီချင်းကို ကျွန်တော် အလွန်နှစ်သက်မိပါ၏။

မြန်မာ့ဂုဏ်ရည်ဟူသော မဂ္ဂဇင်းတစ်အုပ်ကို ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလတွင် အမှတ် (၁)အဖြစ် စတင်ထုတ်ဝေသည်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ အယ်ဒီတာအဖွဲ့က အချိန်တစ်လအတွင်း၌

အကောင်အထည်ဖော်ခဲ့သည်။ စာရေးဆရာ၊ ပန်းချီဆရာ၊ ကဗျာဆရာ အကျော်အမော် အချွန်အမွန်တွေချည်း လက်ရွေးစင်စုစည်းထားသည်။

လယ်တွင်းသားစောချစ်၏ "ဒေါင်မရေ ကလိုက်ချည်သေး" ဟူသော ဝတ္ထုရှည်ကလည်း အလွန်ဖတ်၍ကောင်းသည်။ (သတင်းစာများ၌ အခန်းဆက်ပင် ဖော်ပြနေလေပြီ။) ချစ်ဦးညို၏ ဝတ္ထုနှင့် မစန္ဒာ၏ ဝတ္ထုတို့ကလည်း နှလုံးသားခိုက်အောင် ရသမြောက်လှသည်။ အနုစာပေ အရာမှာဖြင့် ကဝေမှော်ဆရာ ခေါ်ထိုက်လှပါပေ၏။ တော်ကြပါလေသည်။

ဤနေရာတွင် ဆရာချစ်ဦးညို၏ မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁)ထဲမှာ ပါဝင်ခဲ့သော ဝတ္ထု၏ အကျဉ်းချုပ်ကို ဖော်ပြခွင့်ပြုစေလိုပါသည်။ အကျယ်ဖတ်ရှုလိုပါက နိုင်ငံတော်တစ်ဝန်းရှိ ပြန်ကြားရေး စာကြည့်တိုက်တိုင်းမှာ ထိုမဂ္ဂဇင်းရှိနေပါသည်။ လက္ခဏာဆရာကြီး ဦးစံတင်အောင်(ရွှေဘို)က နောင်မွန်းမြို့မှ ကော့သောင်းမြို့အထိ မြို့တိုင်းက စာကြည့်တိုက်အတွက် မြန်မာ့ဂုဏ်ရည်စာအုပ်ပေါင်း ၃၂၀ကို လှူဒါန်းဖြန့်ဝေ၍ ကုသိုလ်ပြုထားလေ၏။ လူတိုင်း ကြည့်ရှုနိုင်သည်။

ပင်းယစကားကျောင်းနေ ဦးပဉ္ဇင်း အရှင်အရိယဝံသနေရာမှ ဆရာချစ်ဦးညိုက ရေးသားထားသည်။ ရှင်အရိယဝံသသည် ပါဠိအဋ္ဌကထာများကို အာဂုံဆောင်နိုင်သူဖြစ်သည်။ နေ့ဝါ ညဝါ စာဝါများတက်ရင်း မဆုတ်မနစ်သော လုံ့လဖြင့် ကြိုးစားခဲ့သဖြင့် ထင်ရှားခဲ့သည်။ နှုတ်တက်အာဂုံရွတ်ဆောင်နိုင်ခြင်း သက်သက်ဖြင့် ကျမ်းတတ်စာတတ် မဟုတ်။ သဘောထားကိုပါသိရန် ဆက်လက်သင်ယူဦးမည်ဟု စစ်ကိုင်းဘက်သို့ ကူးခဲ့သည်။ စစ်ကိုင်းတောင်ရိုး ပုညစေတီ မြောက်ဘက် ရေငုံ ဆရာတော်ထံသို့ ချဉ်းကပ်သည်။ ပထမနေ့ လျှောက်ခွင့်မရ။

ဒုတိယနေ့ လျှောက်ထားခွင့်မရ။

တတိယနေ့ ပေပုရပိုက်များအကြား နစ်မြုပ်နေသည့် ဆရာတော်ကြီးက သတိပြုမိသွားကာ မေးသည်။

"ဘယ်သူလဲ၊ ဘာအကြောင်းလဲ"

"ပင်းယစကားကျောင်းက တပည့်တော် အရိယဝံသပါ ဘုရား။ စာဝါတောင်းချင်လို့ပါဘုရား"

"ဘာသင်ခဲ့သတုံး"

"မသင်ကြား မလေ့ကျက်ခဲ့ဖူးတဲ့ ကျမ်းဂန်မရှိတော့ပါဘုရား"

"ဘောက်မဲ့ ငါ့ဆီလာသတုံး"

"နှုတ်တက်အာဂုံဆောင်ပြီးပေမဲ့ ကျမ်းတတ်၊ စာတတ်ဆိုတဲ့ အကြောင်း သဘောကို မသိလို့ ရောက်လာရပါတယ်ဘုရား"

"ဋီကာလက်သန်းက စသင်မယ်။ နက်ဖြန်ကစစို့"ဟု သင်ကြားပို့ချမှုကို ကတိပြုလိုက်လေ၏။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်မြောက်သော် အရိယဝံသသည် ကျမ်းဂန်တတ် စာတတ်သဘောကို စတင်ရိပ်စားမိလာသည်။

သုံးရက်ပြီးနောက်တွင် ရေငုံဆရာတော်ထံ မသွားဘဲ မန်ကျည်းပင်တောကျောင်းမှာပင်နေ၍ ဆရာပြသခဲ့သော နည်းနာနိဿယများကို အစအဆုံး ပြန်လည်ဆင်ခြင်သည်။ စတုတ္ထရက်သာမက ပဉ္စမရက်၊ ဆဋ္ဌမရက် လေ့ကျက်ဆင်ခြင်သည်။

သတ္တမရက်တွင် ကျမ်းတတ်စာတတ်သဘောကို ခြုံငုံမိပါပြီဟု လျှောက်တင်ရန် ဆရာတော်ကြီးထံ သွားသည်။ တင်လျှောက်သည်။ ရေငုံဆရာတော်ဘုရားက ကျေးဇူးဆပ်ရန် တောင်းခံသည်။

"ဘယ်ပုံ ဆပ်ရမတုံးဆိုတော့ ဋီကာလက်သန်းကို အဖွင့်ရေး"

"တင်ပါ ဘုရား၊ တပည့်တော် ကျေးဇူးဆပ်ပါ့မယ်ဘုရား"ဟု ကတိပေး၍ "မဏိသာရမဉ္ဇူသာကျမ်း"ကို ပြုစုတော်မူသည်။ အဘိဓမ္မာသဘောတရားတို့ကို ပါဠိဘာသာဖြင့် ဖွင့်ဆိုသောကျမ်းသည် နောင်အစဉ်အဆက်သော စာသင်သားရဟန်းတို့အတွက် အလွန်တရာ အကျိုးပြုလေသည်။

နိဂုံးဖြစ်ရပ်ကလေးတစ်ခုကို ဖော်ပြ၍ အဆုံးသတ်ပုံမှာ လုပလွန်းသဖြင့် ဆရာချစ်ဦးညိုရေးဖွဲ့သည့် မူရင်းအတိုင်း ကူးယူတင်ပြပါရစေ။

လွန်စွာကြည်နူးဖွယ်ကောင်းသည့် ဖြစ်ရပ်တစ်ခု ရှိပေသေးသည်။

လပြည့်သီတင်းနေ့၊ တစ်ညဉ့် မဏိသာရမဉ္ဇူသာကို ကျွန်ုပ်စီစဉ်ဖတ်ကြားနေချိန် သံဃာက ကျွန်ုပ် "စာတမ်းဖတ်ပွဲ"ကို အာရုံစိုက်ကာ ငြိမ်သက်နေချိန်ဝယ် ပရိသတ်၏ နောက်ဘက်အစွန်ဆီမှ "အေးအေး"ဟူသော အသံတစ်သံ ကြားလိုက်ရ၏။ တစ်ကြိမ်မဟုတ်

နှစ်ကြိမ်တိုင်တိုင် "အေးအေး"ဟူသည့် ထိုအသံမှာ တစ်စုံတစ်ခုကို သတိပေးထောက်ပြနေသည့် အသံဖြစ်ကြောင်း ကျွန်ုပ်သိလိုက်၏။

ထို့ကြောင့် ထိုအသံ "အေး အေး" ပေါ်ပေါက်ရာ အကျွန်ုပ်၏ ကျမ်းရောက်ရှိဖတ်ကြားသည့်နေရာနှစ်ချက်ကို တေးမှတ်ထားလိုက်၏။ ကျောင်းပြန်ရောက်ပြီးနောက် ထိုနှစ်နေရာကို စစ်ဆေးကြည့်လိုက်သော အခါ–

"အလို"

ကျွန်ုပ်၏ ပမာဒလေခြင်းပါတကား။

တစ်နေရာက ဝါကျထပ်နေခြင်း၊ တစ်နေရာက ဣဒံဂန္ထံ"ဟူ၍ ရေးထားသောနေရာ။

"ဤမဏိသာရမဉ္ဇူသာကျမ်းသည်"ဟု အနက်ရသော ပါဠိဂန္ထံ ကျမ်းသည် ပါဠိသဒ္ဒါအရ ပုလ္လိင်ပြစ်၏။ ပုလ္လိင်ဂန္ထံကို "ဣမံ"ဖြင့်သာ တွဲရမည်။ ဣဒံဖြင့် မတွဲရ။ ဣဒံက နပုလ္လိင်။

ပုလ္လိင်ဖြစ်သော 'ဂန္ထံ'ကို ပုလ္လိင်ဖြစ်သော'ဣမံ'ဖြင့်သာ တွဲရမည်။

အလို အတွဲမှားချေသည်ကော။ အစွဲပျက်လေသည်ကော။

ဤအစွဲပျက်အမှားကို သတိပေးထောက်ပြသည့်အနေဖြင့် ပရိသတ် အစွန်မှ အမည်မသိပုဂ္ဂိုလ်က 'အေး အေး'ဟုအချက်ပြခဲ့ခြင်းပါတကား။ သူဘယ်သူနည်း။

ထိုပုဂ္ဂိုလ်ကို စုံစမ်း၍ ရှာဖွေပင့်ခေါ်ရလေသည်။

ရဟန်းငယ်တစ်ပါးပင် ဖြစ်၏။

"တပည့်တော် စီစဉ်ဖတ်ကြားနေချိန်မှာ အေးအေး နှစ်ခါဆိုပြီး ထောက်ခဲ့တာ အရှင်ဘုရားပါလားဘုရား"

"ဟုတ်ပါတယ်ဘုရား၊ တပည့်တော် ပုဂံကလာတဲ့ အာဂန္တုပါ ဘုရား။ စစ်ကိုင်းမှာ ဘုရားဖူးလာရင်း ပုညရှင်စေတီရင်ပြင်မှာ အရှင် ဘုရားက မဏိသာရမဉ္ဇူသာကျမ်း စီစဉ်ဖတ်ကြားတယ်ကြားလို့ တက်ရောက်လာခြင်း ပြစ်ပါတယ်ဘုရား"

"ဘာကြောင့် အေးအေးလို့ နှစ်ကြိမ်ဆိုပါသလဲဘုရား"

အာဂန္တုရဟန်းငယ်လေး၏မျက်နှာတွင် အားတုံ့အားနာ အမူ အသွင်ဖြစ်သွားပြီးမှ–

"အရှင်ဘုရားရဲ့ ကျမ်းဟာ ဆိုဖွယ်မရှိကောင်းလှပါတယ်ဘုရား။ ပမာတန္တု လူတစ်ယောက်လက်ထဲ ကျောက်စရစ်ခဲတွေဆုပ်ပြီး တိုက်နံရံကို ပစ်ပေါက်လိုက်တဲ့အခါ တစ်စေ့မကျန် တိုက်နံရံကို ထိမှန်သလို မိန့်သမျှ စကားတိုင်း လိုရင်းအနက်သို့ရောက်ပါတယ် ဘုရား။ သို့ပေမယ့် ဝါကျတစ်ချက်ထပ်ပြီး အစွဲတစ်ချက်ပျက်တာတွေ့ရလို့ အေးအေး ဆိုမိပါတယ် ဘုရား"

ကျွန်ုပ်တေးမှတ်ထားသောနေရာကို ပြလိုက်၏။

"ဣမံနဲ့ ဣဒံအသုံးမှား အစွဲပျက်နေတဲ့နေရာလား အရှင်ဘုရား"

"မှန်ပါတယ် ဘုရား"

"အရှင်ဘုရား၊ တပည့်တော် အရှင်ဘုရားကို ဟောဒီဒုကုဋ်နဲ့ ပူဇော်ပါရစေဘုရား"

အမှားထောက်ပြသူ၏ ကျေးဇူးကလည်း ကြီးမားပါဘိခြင်း။ အာဂန္တုဦးပဉ္ဇင်းလေး၏ မျက်နှာတွင် ရှက်သွေးဖြန်းသွားသည် ထင်ရ၏။

"သည်းခံပါဘုရား။ တပည့်တော်က အရှင်ဘုရားထက် အသက်ရော၊ ဝါပါငယ်ပါတယ်ဘုရား"

"မဟုတ်ဘူးဆရာ၊ အရှင်ဘုရားကို ပူဇော်တာမဟုတ်ပါဘူး။ အရှင်ဘုရားရဲ့ ထိုးထွင်းမြင်နိုင်တဲ့ ဂရုတစိုက်သုံးသပ်ရင်း အကျအပေါက်ကို တွေ့တတ်တဲ့ ပညာဂုဏ်ကို ပူဇော်တာပါ လက်ခံပါဘုရား"

ဆရာချစ်ဦးညိုရေးဖွဲ့သော လပြည့်ညပုညစေတီရင်ပြင်ဟူသော ဝတ္ထုကုပြီးပါပြီ။ သို့ရာတွင် ကျွန်တော့်ရင်ထဲ၌မူ သင်ခန်းစာတစ်ခု ဝင်းဝင်းလက်လက် ရှင်းလင်းတောက်ပစွာ ရရှိလိုက်ပါ၏။ အမှားထောက်ပြသူကို ကျေးဇူးတင်တတ်ရပါမည်။ မိမိအမှားကို ထောက်ပြသူအား ဒေါသနှင့် စူးစူးပဲ တုံ့ပြန်တတ်သူကများလှသည်။ ဝေဖန်ရေးကို ကြိုဆိုကြရမည်ဟု နားလည်လိုက်မိပါသတည်း။

**ရွှေအောင်လံမဂ္ဂဇင်း**

**၁၉၉၈ ခု၊ နိုဝင်ဘာလ**

■

# မေတ္တာရေစာတန်းတင်

လူချင်းပင်တူသော်လည်း အသက်ရှူချင်းကွဲသည်ဟု ဆိုရိုးစကား ရှိလေသည်။ ဤစကား၏အဓိပ္ပာယ်မှာ လူတစ်ဦးနှင့်တစ်ဦး ဗီဇချင်းလည်း မတူနိုင်၊ ပတ်ဝန်းကျင်ချင်းလည်း မတူနိုင်၊ ပတ်ဝန်းကျင်လှုံ့ဆော်မှုကို ရွေးချယ်တုံ့ပြန်ပုံ၊ ခံယူပုံချင်းလည်း မတူနိုင်၊ အနည်းငယ်လေးဖြစ်စေ ကွဲလွဲကြသည်ဟု ဆိုလိုသည်။

အောက်ပါ မွေးချင်းညီအစ်မတို့ကို နမူနာကြည့်ပါ–

၁။ မခင်ညိုနှင့် ကြည်ကြည်ငွေး

၂။ ခင်ယုမေနှင့် ခင်ယုဆွေ

၃။ ခင်သန်းနုနှင့် ခင်ချိုဆက်

၄။ ချိုပြုံးနှင့် ရွှင်ပြုံး

၅။ မေသန်းနုနှင့် မေဦးခင်

၆။ စိုးမြတ်သူဇာနှင့် စိုးမြတ်ကလျာ။

တစ်အူထုံ့ဆင်း ညီအစ်မအရင်းများ ဖြစ်ကြပါသော်လည်း အောင်မြင်ထင်ရှားကျော်ကြားမှု မတူကြ။ ရုပ်ရှင်နှင့်ဂီတလောကမှာ

သိသာမြင်သာသည်။ ပရိသတ်ထု၏ အသိအမှတ်ပြုသောမေတ္တာ မတူကြပါ။ သည်အမိ၊ သည်အဖ မွေးဖွားခြင်း အတူတူပင် ဖြစ်ပါသော်လည်း ကံမတူ၊ စန်းမတူ၊ ပါရမီ မတူကြ။

မျိုးရိုးဗီဇ ကောင်းပါက အများအားဖြင့် သားကောင်း၊ သမီးကောင်း ရတနာတို့ကို ရရှိမည်။ ဤသို့ မျှော်လင့်နိုင်ပါသည်။ ထို့ပြင် "နွံထဲက ကြာ"ဟု ဆိုနိုင်လောက်သော တောထဲ တောင်ထဲ ချောင်းကြိုချောင်းကြားထဲမှ အမေရိကန်သမ္မတကြီး လင်ကွန်းကဲ့သို့သော ပုဂ္ဂိုလ်၊ ယူဂိုဆလပ်ဗီးယားပြည်ထောင်စု သမ္မတကြီး မာရှယ်တီးတိုးကဲ့သို့ ပုဂ္ဂိုလ်မျိုးလည်း ပေါက်ဖွားနိုင်ကြသည်ကို တွေ့ကြရပေသည်။ ပုံသေကားကျ မရှိလှချေ။

အနုပညာရှင်ဖြစ်စေ၊ လုပ်ငန်းရှင်ဖြစ်စေ၊ နိုင်ငံရေးသမားဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ၊ အောင်မြင်မှု၏ အခြေခံတစ်ခုကို ရွေးချယ်တင်ပြချင်ပါသည်။ ဗီဇရေယ်၊ ပတ်ဝန်းကျင်ရေယ်၊ အငြင်းအခုံ၊ အဆိုအချေတင်ရန် မဟုတ်။ လက်တွေ့ ယနေ့အလုပ်လုပ်သည်နှင့်အမျှ တိတိကျကျ လက်ငင်းအကျိုးရမည့်အချက်ကို ဖော်ပြပါရစေ–

ပြည်သူလူထုကို အလုပ်အကျွေးပြုမည်၊ ကောင်းကျိုးချမ်းသာဆောင်မည်ဟူသော စိတ်စေတနာ ထက်သန်ပြင်းပြမှု အတိုင်းအဆမြင့်မားရန်လိုသည်။ အနုပညာရှင်သည်လည်း အခြားသူများနှင့် ပညာတူချင်တူမည်။ ဝီရိယ တူချင်တူမည်။ လူထုပရိသတ်အပေါ် စေတနာထားရာတွင်ကား ကွာခြားကြလေသည်။ ဥပမာ– ဇာတ်ဆရာ ရွှေမန်းတင်မောင်ကို ပွဲကြည့်ပရိသတ်က နှစ်ပေါင်း ၄၀ မျှ အသည်းစွဲကြိုက်ခဲ့ကြသည်။ ရွှေမန်းတင်မောင်၏ အက၊ အဆို၊ အငို၊ အပြောတွေကို နှစ်သက်သည်။ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့ တို့မြို့လာလို့ကတော့ မကြည့်ဘဲမနေဟူသော ပရိသတ်က အမြို့မြို့ အရွာရွာ၌ ရှိကြ၏။ ရွှေမန်းမှ မကြည့်ရလို့ကတော့ မဖြစ်ပါဘူးဟု အစွဲကြီးသူတွေကို အနယ်နယ်အရပ်ရပ်မှ တွေ့ရပေလိမ့်မည်။ ပွဲကြည့်ပရိသတ်က သူ့ကို ချစ်ကြသည်။ သူက ချစ်အောင်၊ စွဲအောင် ဖမ်းစားထားသည်။ ဘာနှင့်

ဖမ်းစားသနည်း။ အနုပညာနှင့် ဖမ်းစားသည်။ ဒါပဲလား။ မဆုံးသေး။ အနုပညာထဲမှာ သစ္စာနှင့်မေတ္တာထည့်၍ ပရိသတ်ကို ဖမ်းစားခြင်းဖြစ်သည်။ မှန်သည်။

မေတ္တာရှေးရှုသော ပွဲကြည့်ပရိသတ်ကြီးကို ရွှေမန်းတင်မောင်က သေသည်အထိ လေးမြတ်ရိုသေစွာ အလုပ်အကျွေး ပြုသွားသည်။ ဇာတ်စင်ပေါ်မှာကပြရင်း လဲကျကွယ်လွန်သူပဲဖြစ်၏။ ရွှေပွဲလာပရိသတ်က သူ့ကို စွဲမည်သာတကား။ ထင်ရှားပါပြီ။

ဒါကတော့ ပွဲကြည့်ပရိသတ်၊ ပြည်သူလူထုကျွေးမှ ထမင်းစားရသည့် အနုပညာသမားတွေမို့ပါ။ တို့လို နိုင်ငံရေးသမားတွေတော့ အရေးမကြီးပါဘူးဟု မထင်ပါလေနှင့်။ နိုင်ငံရေးသမားပဲဖြစ်ဖြစ်၊ စစ်သားပဲဖြစ်ဖြစ်၊ ဝန်ထမ်းပဲဖြစ်ဖြစ် ပြည်သူလူထုက ကြည်ညိုရိုသေအောင် နေထိုင်ဆောင်ရွက်မှသာ ပြည်သူလူထုက ထက်ကြပ်မကွာ လက်တွဲလိုက်ပါ၍ အောင်မြင်ပါလိမ့်မည်။

ဟာ–ဒီလောက်မဟုတ်နိုင်ပါဘူး။ ကျုပ်တို့က စီးပွားရေးလုပ်ငန်းရှင်ပါ။ ပြည်သူလူထုကို ဘာများ အကျိုးပြုနေရဦးမှာလဲဗျာ။ ကိုယ့်စီးပွားကိုယ်ရှာတာ။ ကိုယ်ချမ်းသာအောင် ကိုယ်ကြိုးစားရမှာ။ ကိုယ့်လုပ်ငန်းအောင်မြင်ဖို့သာ အဓိကပါဗျ။

ဟုတ်ကဲ့၊ ဟုတ်ကဲ့။ မငြင်းပါ။ စီးပွားရေးလုပ်ငန်းရှင်၏ ပတ်ဝန်းကျင်၊ ရပ်ကွက်၊ ကျေးရွာကလူတွေနှင့် သဟာဇာတဖြစ်လျှင် ပို၍ အောင်မြင်ပါလိမ့်မည်။ ပြည်သူလူထု လိုလားတောင့်တသော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားချင်း ချစ်ကြည်စည်းလုံးရေးကို အကျိုးပြုကြလျှင်၊ ထောက်ကူအားပေးလျှင် မိမိဘဝကိုလည်း တိုးတက်စေပါလိမ့်မည်။ ပို၍ လုံခြုံအေးချမ်းပါလိမ့်မည်။ ကုန်ချောတွေကို ဝယ်ယူစားသုံးမည့်လူတွေက ပြည်သူတွေပဲ မဟုတ်ပါလား။ သင့်ပစ္စည်းကို သူတို့ဝယ်အောင်၊ ကြိုက်အောင် ဆွဲဆောင်စည်းရုံးရာမှာ မေတ္တာမပါဘဲနှင့် သင်အောင်မြင်မည်ဟု ထင်ပါသလား။ သူတို့ကောင်းကျိုးကို ဦးစွာလိုလားသင့်ပေသည်။

စားသုံးသူအတွက် အရည်အသွေးကောင်းပါစေ၊ အကျိုးရှိပါစေ၊ တန်ရာတန်ကြေး ရရှိ၍ ကျေနပ်မှုကို ပေးဝေမည်ဟူသော မေတ္တာစေတနာ မပါဝင်ပါက (ကျွန်ုပ်က တိကျစွာပင် အတတ်ဟောလိုက်ပါမည်) ထိုလုပ်ငန်းသည် လုံးဝ မကြီးပွားနိုင်၊ မထွန်းကားနိုင်။

အောင်မြင်ထွန်းကားနေသော မည်သည့်အရာဝတ္ထုမဆို မေတ္တာစေတနာအရင်းခံသော အနှစ်သာရလေး (အနည်းနှင့်အများ) ပါဝင်နေကြသောကြောင့် ဖြစ်၏။ ဆေးဝါး၊ အထည်အလိပ်၊ လူသုံးကုန်ပစ္စည်း၊ အစားအသောက်စသည့် ကုန်ပစ္စည်းအားလုံးတွင် "တံဆိပ်" အရေးကြီးလေသည်။ တံဆိပ်ကိုရွေး၍ ဝယ်ယူအားပေးလေ့ ရှိကြသည်။ စားသုံးသူသည် မေတ္တာပါသော နာမတံဆိပ်ရှေ့မှာ စုပြုံအားပေးကြပြီး မေတ္တာခမ်းခြောက်သောပစ္စည်းကို ဝေးဝေးရှောင်လေသည်။

မေတ္တာသည် ဆွဲငင်တတ်သောသတ္တိရှိသည်။ မေတ္တာအရင်းခံမှ ဆွဲဆောင်နိုင်သည်။ စည်းရုံးရေးပဲခေါ်ခေါ်၊ ပြန်ကြားရေးပဲခေါ်ခေါ်၊ ဝါဒဖြန့်ချိရေး၊ အရောင်းမြှင့်တင်ရေး၊ ကြော်ငြာ၊ ပိုစတာ၊ ဝေါဟာရအားဖြင့် မည်သို့သော တံဆိပ်ကိုပဲကပ်ကပ် မေတ္တာမပါသော ကိုယ်ကျိုးရှာမှုသည် ခရီးမရောက်ချေ။

နိဂုံးချုပ်ပါမည်–

အောင်မြင်ချင်လျှင် အရာရာတွင် မေတ္တာရှေ့တန်းတင်ပါ၊ မေတ္တာအလံတော်လွှင့်ထူလာပါက လူဟူသမျှက သောင်းသောင်းဖြဖြ ကြိုဆိုကြလိမ့်မည်။

**ကြီးပွားရေးလမ်းညွှန်ဂျာနယ်**

■

# စကားပြောခြင်းအတတ်

**နိဒါန်း**

ဤရွာသို့ ကျွန်တော်မရောက်ဖူးပါ။

ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ ပဲကြီးကျွန်းကျေးရွာ ကားလမ်းလည်းမပေါက်။ ရေလမ်း၊ လှေလမ်းအနေဖြင့် မိုးတွင်းပဲပေါက်သည်။ အိမ်ခြေ ၅၀၀ ကျော်ရှိသည်။ ရွာတွင်းရွာပြင် အရက်ဆိုင်ဟူ၍မရှိ။ တောအရက်ဆိုင်လည်းမရှိ။ အစိုးရအမိန့်ရ အရက်ဆိုင်လည်းမရှိ။ လောင်းကစားဝိုင်းမရှိ။ ဖဲဝိုင်းမရှိ။ ကြက်ဝိုင်းမရှိ။ ကက်ဝိုင်း၊ ဂျင်ဝိုင်း မရှိ။ အလိုဗျာ...။ ဘာကြောင့်ပါလိမ့်။

ကျေးရွာ စာကြည့်တိုက်ကလေးတော့ ရှိ၏။ သူ၏တန်ခိုး။

ဟိုးလွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ရွာသူရွာသား ကိုင်းသမားတွေ စုစည်းတည်ထောင်ခဲ့သည်။ အလယ်တန်းကျောင်းက ယခုနှစ်မှ စဖွင့်သည်။ မူလတန်းမျှသာ ရှိခဲ့ပါသော်လည်း ပညာအရည်အချင်း မညံ့ကြ။ ၁၀ မိုင်မျှဝေးသော အလယ်တန်းကျောင်းသို့ လေးတန်းအောင်သော သားသမီးတို့ကို ကျောင်းထားကြရသည်။

နှစ်စဉ်မပျက် စာဆိုတော်နေ့ ကျင်းပလေ့ရှိသည်။

ဤရွာရှိ ရွာသူရွာသားများသည် စာဖတ်များကြသဖြင့် ဗဟုသုတနှံ့စပ်ကြွယ်ဝကြသည်။ နှစ်စဉ်ပင် စာဆိုတော်နေ့ကျင်းပတိုင်း စာရေးဆရာများကို မပျက်မကွယ် ဖိတ်ခေါ်ကျင်းပ၍ ဟောပြောစေလေ့ရှိသည်။ အသက် ၇၈ နှစ်ရှိသည့် ဦးကြီးကလည်း လာနားထောင်သည်။

လာကြပါ၊ တက်ကြပါ အထူး မဆော်သြရ။ အားလုံးက စိတ်ပါ လက်ပါတက်တက်ကြွကြွ တက်ရောက်အားပေးကြလေ့ရှိလေ၏။ ဤသို့ ကျွန်တော် ကြားရ၏။ ဟသ်ာတရှိ ကျွန်တော်၏ ကျောင်းနေဖက် သူငယ်ချင်းက ပြောပြသဖြင့် ကြားသိရသည့် ပဲကြီးကျွန်းရွာအကြောင်း ဖြစ်၏။ နှစ်ပေါင်းများစွာကပင် ကျေးရွာစာကြည့်တိုက်ရှိခဲ့သည့် ထို ရွာသို့ ကျွန်တော်ရောက်ဖူးချင်စိတ် ပေါက်နေသည်။ စာပေမြတ်နိုးသူ တစ်ယောက်အဖြစ်နှင့် ဟောပြောချင်စိတ် ဝင်လာသည်။

ပရိသတ်ရှေ့မှာ စာဆိုပညာရှင်တစ်ယောက်တော့ ကျွန်တော် မဟုတ်သေးပါ။ အဟောအပြော ဝါသနာပါလှသူလည်း ကျွန်တော် မဟုတ်ရပါ။ သို့ပါသော်လည်း ထိုရွာသို့ စာကြောင်းပေကြောင်း ကျွန်တော်ပြောဖူးချင်ပါ၏။ ထိုရွာကို စိတ်ဝင်စားမိ၏။

ပရိသတ်၏ရှေ့မှာ ဟောပြောဖို့ရာသည် အမှန်စင်စစ် မလွယ် ကူလှပါ။

## ပရိသတ်ရှေ့မှာ

စကားပြောရသူတစ်ဦး၏စကားအစဉ်သည် မပြောမီကပင် သေချာ စွာ စီစဉ်ပြင်ဆင်ရသည်။ ဟောပြောသောစကားသည် ဆွဲဆောင်မှုရှိရ မည်။ ပဋ္ဌလက်မှော်အတတ်နှင့် ပရိသတ်ဖျော်ဖြေမှုအတတ်တို့ နှစ်ရပ် ပေါင်းစပ်ထားသော အရည်အချင်းမျိုး ရှိရမည်ဟု ကြားဖူး မှတ်ဖူး သည်။

## အကြံပြုချက်

အမေရိကန်သမ္မတ အိမ်ဖြူတော်မှာ သမ္မတကြီးအတွက် မိန့်ခွန်း များ ရေးပေးရသော အရာရှိဟောင်း ပက်ဂီနန်းဆိုသူ၏ အကြံပေးချက် အနှစ်ချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်ဆို၏။

(၁) မိန့်ခွန်းတစ်ခုသည် မိနစ် ၂၀ ထက် ပိုမကြာသင့်။

(၂) မိမိပြောလိုသော အချက်ကို အာရုံပြုပါ။

(၃) စကားအသုံးအနှုန်းများကို သေချာစွာ ရွေးချယ်ပါ။

(၄) မိန့်ခွန်း၏ ကျိုးကြောင်းယုတ္တိရှိမှုဖြင့် ပရိသတ်အာရုံကို ဆွဲကိုင် လှုပ်ယမ်းပါ။

(၅) ဟာသ၏အရေးပါမှုကို အသုံးချပါ။
(၆) ကျေးဇူးတင်စကားပြောရန် မမေ့နှင့်။

## လက်တွေ့မျက်မြင်

ယမန်နေ့ နံနက်ပိုင်းက ကျွန်တော်သည် အကြောင်းအားလျော်စွာ ဒါးပိန်ရွာသို့ အကြီးအကဲများ၊ ဝန်ကြီးများ၊ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)မှ လူကြီးများ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ တွဲဖက်ပါမောက္ခချုပ်နှင့် တာဝန်ရှိကြသူများနှင့်အတူ ဒါးပိန်ကျေးရွာအုပ်စုရှိ ပန်းပုဆရာများကို သွားရောက်တွေ့ဆုံ အားပေးသောခရီးမှာ လိုက်ပါခွင့် ရရှိခဲ့ခြင်း ဖြစ်ပါ၏။ ထိုအခမ်းအနားတွင် စင်ပေါ်သို့တက်၍ စကားပြောကြားသည့်ပုဂ္ဂိုလ်များ တော်တော်များသည်။ နားထောင်၍လည်း အလွန်ကောင်းပါသည်။ နားထောင်မှတ်သားရသည်များမှာ အကျိုးလည်း ရှိပါသည်။ ဗဟုသုတလည်း တိုးပွားပါသည်။

ပုဂ္ဂိုလ်တစ်ဦးပြောကြားသော မိနစ် ၂၀ ခန့် ရှိသည့် (မိန့်ခွန်းခေါ်ခေါ်၊ အမှာစကားခေါ်ခေါ်၊ အကြံပြုချက်ခေါ်ခေါ်) ဟောပြောချက်သည်ကား ကျွန်တော့်နားထဲမှ မထွက်ဘဲ အိမ်ပြန်ရောက်သည်အထိ ကျွန်တော် အာရုံထဲဝယ် ဝဲလှည့်နေပါသည်။ ပြန်စဉ်းစားကြည့်သောအခါ ထိုပုဂ္ဂိုလ်၏မိန့်ခွန်းသည် အမေရိကန်သမ္မတ အိမ်တော်မှာ မိန့်ခွန်းရေးရသည့် ကျွမ်းကျင်သူပညာရှင် ပက်ဂီနူးနန် **(PAGGY NOONAN)** ရေးသားထားသည့် အနှစ်ချုပ် ၆ ချက်နှင့် တစ်ထပ်တည်း အံဝင်ခွင်ကျဖြစ်နေကြောင်း တွေ့ရပါ၏။

ယခုအချိန်အထိ ကျွန်တော်၏ အာရုံထဲမှ မမေ့။ ထို့ကြောင့် ကျွန်တော်ကြားနာခဲ့ရသော ထိုပြောကြားချက်များကို ဒါးပိန်ဟောပြောချက် ၉–၈–၉၈ မှတ်စုအား ကိုးကားလျက် ထပ်ဆင့် ဖောက်သည်ချပါရစေ။

## အစချီပုံ

သူသည် မန္တလေးမှ နေထိုင်ခဲ့ပါသည်။ အလုပ်တာဝန်ဖြင့် ရန်ကုန်သို့ မကြာခဏ လာရလေ့ရှိပါသည်။ လာသည့် သွားသည့်အခါတိုင်း မီးရထားကိုသာ စီးလေ့ရှိသည်ဆို၏။ ရန်ကုန်–မန္တလေးအမြန်

ရထားက ၁၄ နာရီ စီးရသည်။ အချိန်ကြာသည်ဆိုပြီး အချို့က မကြိုက်ကြ။ အထူးသဖြင့် နိုင်ငံခြားသားအချို့က ရထားထက် လေယာဉ်ကို ပို၍ နှစ်သက်တတ်ကြသည်။ သူကတော့ ၁၄ နာရီ ကြာသော ရထားစီးရသည့်ခရီးကို အလွန်တရာပဲ နှစ်သက်သဘောကျသည်ဆို၏။ နေ့မနား၊ ညမနား အလုပ်များလှသည့် သူ့အလုပ်မှာ ရထား ၁၄ နာရီ စီးချိန်၌ ကောင်းစွာနားရချိန်ပဲဟု ဆို၏။ (ပရိသတ်က ရယ်ကြ၏။)

သူကတော့ လေယာဉ်ပျံကို မကြိုက်ပါ။ ရထားကို သူကြိုက်နှစ်သက်ရခြင်းအကြောင်းမှာ ပုခက်လွှဲသိပ်သကဲ့သို့ လှုပ်ယမ်းပေးနေခြင်းကို သဘောကျသဖြင့် ဖြစ်သည်ဆို၏။ (အချို့က ရယ်ကြပြန်၏။) ရထားသည် လွှဲသိပ်ခ မပေးရဘဲ ပုခက်လွှဲသကဲ့သို့ လှုပ်ရှားပေး၏။ လူ၏ ကိုယ်ခန္ဓာသည် အသွေးအသားတို့ဖြင့် ဖွဲ့စည်းထားရာ အသက်ရှည်ရန် လှုပ်ရှားမှုကျန်းမာသည်ဆို၏။ ထို့ကြောင့် ရထားက နရီစည်းဝါးမှန်မှန်နှင့် လွှဲသိပ်သလို လှုပ်ရှားပေးခြင်းသည် ကျန်းမာရေးနှင့် အလွန်ညီညွတ်သည်ဟုဆို၏။ ရထားလူး၍ လှုပ်ပေးပုံသည် အင်ဂျင်စက်ပေါ် ထိုင်ရသကဲ့သို့ ဒုတ် ဒုတ် ဒုတ် ဒုတ်နှင့် ခုန်သံမြန်ခြင်းမျိုးလည်းမဟုတ်။ နရီနှေးနှေးဖြင့် ဒုတ် ဒုတ် ဒုတ် ဒုတ်နှင့် ငြိမ့်ငြိမ့်လေးလေး အရသာရှိရုံကလေးဟု သူကဆို၏။ ကမ္ဘာကျော် ဂီတပညာရှင်ကြီးများဖြစ်ကြသော ဗီသိုဗင်၊ မိုးဇက်၊ ချိုက်ကော့စကီတို့၏ ဂီတသံစဉ်ထက်ပင် အရသာရှိသေးသည်ဟု သူကယူဆသည်။ (ပရိသတ်က ရယ်ကြသည်။

မန္တလေး–ရန်ကုန် ရထားလမ်းတစ်လျှောက်မှာ အသွားဖြစ်စေ၊ အပြန်ဖြစ်စေ သူ့အတွက် ထ၍ မကြည့်မဖြစ် ကြည့်ဖြစ်သောနေရာ သုံးနေရာရှိပါသည်ဟု ပြောပြ၏။

(၁) **ရထားလမ်းဘေးရှိ သူ၏မွေးမိခင်ခေါင်းချရာ သုသာန်။** ရထားလမ်းနှင့် မနီးမဝေးမှာရှိသည်။ ရထားပေါ်မှ လှမ်းမြင်နိုင်သည်။ ထိုနေရာကို ဖြတ်ကျော်သွားတိုင်း သူသည် အမေ့ကို သတိရစွာ အမျှဝေသည်။ ဆုတောင်းမေတ္တာပို့သသည်။ နှိုးစက်မလို။ ထိုနေရာရောက်တိုင်း ညဉ့်အခါဖြစ်စေ သူအလိုလို နိုးနေတတ်သည်။

(၂) **ပဲခူးရွှေမော်ဓောစေတီ။** မဖူးဘဲမနေ။ ရွှေမော်ဓောစေတီတော် ရင်ပြင်တွင် တပင်ရွှေထီးသည် နားထွင်းမင်္ဂလာ ကျင်းပခဲ့သည်။ သူ၏ ရဲစွမ်းသတ္တိကို ရဲဝံ့စွာ ပြသခဲ့သည့်ပွဲဖြစ်သည်။ ရာဇဝင်ထဲက ထိုဖြစ်ရပ်ကို သူသည် အလွန်တရာနှစ်သက်သည်။သူ၏ မိခင်သည် တပင်ရွှေထီး၏မိခင် မွေးဖွားရာဇာတိနှင့် အတူတူပင် ဖြစ်သည်။ ထို့ကြောင့် ရွှေမော်ဓောဘုရားကို ရထားပေါ်မှသွားတိုင်း ပြန်တိုင်း သတိတရ ဖူးမြော်ကြည်ညိုလေ့ရှိသည်။

(၃) **မြန်မာပြည်မှာ သူ့စိတ်အထင် အလှဆုံး ပန်းချီကားတစ်ချပ်ဟု သတ်မှတ်ထားသော ဒါးပိန်သချိုင်း။** ရထားပေါ်က ကြည့်လေတိုင်း ဝါးရုံပင်၊ ကုက္ကိုပင်တန်းလေး ဝေ့ဝိုက်၍ပေါက်နေပုံ၊ ကွေ့ဝိုက်နေသော သုသာန်အုတ်ဂူလေးများ။ ကြည့်၍မဝအောင် လှလွန်းသဖြင့် သေလျှင်တောင် ဒါးပိန်သုသာန်မှာ မြေချချင်လောက်အောင် ဖြစ်မိပါသည်ဟုဆို၏။ (ရယ်ကြရပြန်သည်။) ပန်းချီဆန် စွာ လှပလွန်းပါသည်ဟု သူက အထူးညွှန်းဆိုသော ဒါးပိန်သချိုင်းကို ခုချက်ချင်းပင် သွား၍ ကြည့်ချင်လောက်အောင် အပြောကောင်းလှပါ၏။

## ဟောပြောသူနောက်သို့ လိုက်ပါ

သူအစချီလာပုံနှင့် ဟာသကလေးတွေ လှလှပပထည့်ပြီး ပရိသတ်နှင့် ရင်းနှီးအောင် ဆွဲယူသွားပုံတို့မှာ အံ့သြရလောက်အောင် ကောင်းမွန်သဖြင့် သူ၏ဟောပြောချက် ပြီးဆုံးသွားမှာကိုပင် ကြိုတင်၍ စိုးရိမ်ကြောင့်ကြနေမိပါတော့၏။ နားထောင်နေသမျှသော ပရိသတ်၏ အာရုံကို အပြည့်အဝ သိမ်းကျုံးဆွဲဆောင်နိုင်ပုံမှာ လက်ဖျားခါရလောက်ပါသည်။ ပရိသတ်က ပြည့်ပြည့်ဝဝ အာရုံစိုက်လာပြီ ဆိုသောအခါမှ အဓိကကျသော အကြောင်းအချက်တို့ကို ထုတ်ဖော်ဆွေးနွေးပြလေသည်။

## အနှစ်ချုပ်မှာ–

– ဈေးကွက်အရေးကြီးကြောင်း၊
– ဈေးကွက်ရှာရာမှာ MOBILIZATION စုစည်းမှုရှိရန် လိုအပ်ကြောင်း၊

- ဘက်စုံထိုးဖောက် ဖြန့်ဖြူးခြင်း DIVERSITY ရှိရမည်ဖြစ်ကြောင်း၊
- အဆိုကျော် မက်ဒေါနား၏သီချင်းခွေများ ပြည်ပသို့ တင်ပို့ရောင်းချရရှိငွေသည် အမေရိကန်ပြည်ထောင်စုမှ ဂျုံထုတ်လုပ်ရောင်းချရရှိငွေ တစ်နှစ်စာထက် အဆများစွာပိုသေးကြောင်း၊
- ထိုင်းနိုင်ငံမှ အရုပ်၊ လက်ဆောင်၊ အမှတ်တရပစ္စည်း တင်ပို့သူတစ်ဦး တစ်ပတ်စာ သဘောၤတင်ပြီး ပြည်ပသို့ ရောင်းချရရှိငွေသည် နိုင်ငံတစ်ခုက တစ်နှစ်စာ ပြည်ပပို့ကုန်နှင့် ညီမျှကြောင်း၊
- အနုပညာပစ္စည်း၊ ပန်းပုပစ္စည်း ထုတ်လုပ်မှုကို ပြည်တွင်းပြည်ပနှစ်ဌာနသို့စျေးကွက်ထိုးဖောက်နိုင်အောင် ကြိုးစားကြဖို့ လိုအပ်ကြောင်း ပြောကြားသွားပါသည်။

## ပရိသတ်၏အာရုံ

ဒါးပိန်မြို့ဟုခေါ်ရသော ဒါးပိန်ကျေးရွာအုပ်စု အစိုးရအထက်တန်းကျောင်း ခန်းမထဲရှိ ပရိသတ်မှာ ပန်းပုပညာရှင်၊ ပန်းပုလုပ်ငန်းရှင်၊ ပန်းပုဆရာတွေချည်း ၄၀၀ ကျော် ပါဝင်၏။ ဆရာ ဆရာမတွေ ပါကြ၏။ လူငယ်လူရွယ်တွေများ၏။ သူတို့ စိတ်ဝင်စားနိုင်သည့် အကြောင်းအရာများကို သူတို့နားလည်နိုင်မည့် စကားလုံး၊ ဝေါဟာရတို့အား သေချာစွာ ရွေးချယ်ပြီး သုံးနှုန်းဟောပြော၏။ စေတနာအပြည့်အဝနှင့် အမြော်အမြင် အသိပညာ ကျယ်ပြန့်စွာဖြင့် ဤပုဂ္ဂိုလ်၏ တစ်လုံးချင်း ဟောပြောဆွေးနွေးပုံသည် တိုတိုနှင့်လိုရင်းကို ထိထိမိမိအောင်မြင်လှပါ၏။

## နိဂုံး

မိနစ်၂၀ မျှသော အချိန်အတွင်း နားထောင်၍ကောင်းပြီး ပညာရလောက်အောင် ဟောပြောသွားသည့်ပုဂ္ဂိုလ်ကို ကျွန်တော်သည် အားကျ၍မဆုံးပါ။ တကယ့် အတုယူစရာ ဟောပြောမှု အတတ်ပညာပါတကား။ သူ့လို ဗဟုသုတပြည့်ဝအောင် စာများများဖတ်ရမည်။

**ရွှေအောင်လံမဂ္ဂဇင်း**

**၁၉၉၈ ခု၊ အောက်တိုဘာလ**

# ဝန်ထမ်းသူနှင့် ဝန်ပိစေသူ

ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးလက်ထက်တော်တွင် မင်းတိုင်ပင်အမတ် လွှတ်တော်ဝန်ကြီး ပခန်းမင်းကြီး ဦးရန်ဝေးသည် တစ်ခါသော် ဘုရင့်ပန်းထိမ်တော်အိမ်သို့သွား၍ (၄၅) ကျပ်သားရှိသော ရွှေတစ်ကုံးကို ယူသွားလေ၏။ အိမ်ရောက်သော် သားတစ်ယောက်အမေ မုဆိုးမဖြစ်နေသူ သူ၏နှမအထွေး မနီကိုခေါ်၍ "ရော့– အဲဒီရွှေတုံးဟာ (၄၅)ကျပ်သားရတယ်။ နင်ထုခွဲ၍ စားပေတော့။ ယနေ့ပဲ ပခန်းကိုပြန်သွား။ အဲဒီရွှေဟာ ငါပိုင်တဲ့ရွှေမဟုတ်ဘူး။ ရှင်ဘုရင်ရွှေ။ အဲဒါကို ရှင်ဘုရင်မသိအောင် ခိုးလာခဲ့ပြီ နင့်ကိုပေးတာ။ ငါ့မှာ ဝန်ကြီးဖြစ်ပေမယ်လို့ ပစ္စည်းပေါလိမ့်၊ ချမ်းသာလိမ့်မယ်လို့ မထင်နဲ့။ ရှင်ဘုရင်ပေးသမျှနဲ့ လောက်ငအောင် စားသုံးနေရတယ်"ဟု ပြောရင်း ပေးလေသည်။

ပန်းထိမ်ဝန်၏ တိုင်ကြားလျှောက်တင်ချက်အရ ဘုရင်မင်းတရားကြီးသိ၍ ယောအတွင်းဝန်အား စုံစမ်းစေရာ "အိမ်း ဟုတ်၏၊ မောင်လှိုင်။ ငါယူခဲ့သည်မှာ အမှန်ပင်"ဟု ဝန်ခံလျက် "ဟောသူဟာ ငါ့နှမ အငယ်ဆုံး မိနီတဲ့ကွဲ့။ သူ့ခင်ပွန်းကွယ်လွန်၍ အတိဒုက္ခရောက်နေရှာတဲ့အတွက် သူ့မောင်ကြီးငါက မင်းကြီးဖြစ်နေလေတော့ ခိုကိုးရန် ရောက်လာသည်။ ငါ့မှာလည်း မောင်လှိုင်သိသည့်အတိုင်း ရှင်ဘုရင်က

လစာချီးမြှင့်သည်မှာ အခွေခြံအရံများကို ပေးကမ်းဝေငှ စားသောက်ရသောကြောင့် အပိုအမိုမရှိ ဖြစ်နေသည်။ သို့ကြောင့် ငါ့နှမအား ပေးလိုက်စရာရှိ၍ ရှင်ဘုရင့်ပစ္စည်း ရွှေတုံးကလေးကိုယူပြီး သင်းကလေး ငါပေးထားပေ၏”ဟု ဆိုလေသည်။

စစ်မက်ကင်းကွာ အေးချမ်းသာယာသောခေတ်က ဘုရင်အတိုင်ပင်ခံပညာရှိ လွှတ်တော်ဝန်ကြီးများသည် လစာရိက္ခာမျှနှင့် လောက်ငရုံသာရှိသည်။ နှမငယ်မိသားစု ဆင်းရဲဒုက္ခရောက်သည်ကိုပင်လျှင် အပိုအလျှံမရှိသဖြင့် မထောက်ပံ့နိုင်။

ရာထူးကြီးလျှင် ချမ်းသာမည်ဟု အချို့က ထင်မှတ်ကြ၏။ ပခန်းမင်းကြီးကဲ့သို့သော ရိုးသားဖြောင့်မတ်သည့် တိုင်းပြည်အကြီးအမှူးတို့မှာ ကြွယ်ဝချမ်းသာခြင်းမရှိ။ အာဏာကို တော်တည့်ဖြောင့်မှန်စွာ ကျင့်သုံးကြသဖြင့် လာဘ်လာဘကိုလည်း အလိုမရှိ။ ကိုယ်ရေးကိုယ်တာ အခက်အခဲ ကြုံလာသောအခါ ပြည်သူ့ဘဏ္ဍာမှ နှိုက်ယူခိုးဝှက်ခြင်းလည်းမပြု။ မိမိ၏အရှင်ထံမှသာ ဥပါယ်တံမျဉ်ဖြင့် တောင်းယူလေသည်။ ဘုရင်က ငွေတော်တစ်သောင်းပေး၍ ရွှေတုံးကို ပြန်ရွေးယူထားလိုက်သောဟူ၏။ ဝန်ကြီးနှမ မိနီသည် ငွေတစ်သောင်းထုပ်ကိုပိုက်၍ ပခန်းသို့ ပြန်လေသည်။

မည်သည့်ခေတ်အခါမဆို ရိုးသားဖြောင့်မတ်သော ဝန်ထမ်းအမှုထမ်းတို့သည် ချောင်လည်လောက်ငရုံထက်မပို။ မြေဝယ်၊ တိုက်ဆောက်၊ ကားဝယ်၊ ဗွီဒီယိုဝယ် စသည်ဖြင့် အလျှံအပယ် ကြွယ်ဝပေါများသူများမှာ တစ်ဖက်တစ်လမ်းမှ စီးပွားရှာတတ်သူများသာလျှင် ဖြစ်လေသည်။ ချမ်းသာအောင် အလုပ်လုပ်သဖြင့် ချမ်းသာခြင်းကိုလည်းကောင်း၊ ကြီးပွားအောင် ကြိုးစားသဖြင့် ကြီးပွားကြခြင်းကိုလည်းကောင်း အပြစ်ဆိုဖွယ်မရှိ။ သို့ရာတွင် မိမိ၏ရာထူးဌာနန္တရကို အသုံးချလျက် အာဏာအလွဲသုံးစားခြင်း မဖြစ်အောင်ကား ရှောင်ကြဉ်သင့်လေသည်။

လူတစ်ဦးနှင့်တစ်ဦး ဘဝအကျိုးပေးချင်း မတူကြသည်ကို ဘယ်သူက ဘာများကော တတ်နိုင်ပါဦးမည်နည်း။

တတ်နိုင်ရပါမည်။

ဆူကြုံနိမ့်မြင့် ကွာဟခြားနားချက် တာကျယ်လွန်းခြင်းသည် မတရား မမျှတခြင်း အရင်းခံရှိသည်။

လူလူချင်း ခေါင်းပုံဖြတ် အမြတ်ထုတ်သောစနစ်ကြောင့် ဝသူကဝ၊ လှသူကလှ၊ မဝသူကမဝ၊ မလှသူကမလှ ဖြစ်ကြရသည်။ လူ၏လုပ်အားကို အသုံးချ အမြတ်ထုတ်သော သွေးစုပ်သူတို့မှာ မတန်တဆ အဝလွန်ကြသည်။ ခေါင်ပုံဖြတ် သွေးစုပ်ခံရသူ အရင်းမဲ့လူတန်းစား မှာ မွဲပြီးရင်းမွဲကာ အလူးအလဲဘဝမှ မထနိုင်ဘဲရှိရသည်။ ထိုအခါ ဖိနှိပ်သူလူတန်းစားတို့ အသိုင်းအဝိုင်းမှာ အလုပ်လုပ်ရသူတို့သည် ရွှေပင်နားကာ ရွှေကျေးဖြစ်လာကြ၏။ စိန်နားကပ်အရောင်နှင့် ပါးပြောင်လိုသည့်အတွက် စိန်နားပန်၊ စိန်ဘယက်တို့ကို မက်မောတတ်လာ၏။ စင်စစ်မှာ စိန်နားကပ်ပန်သဖြင့် အသားမည်းကြုတ်သူသည် ဖြူဖွေးမလာ၊ စိန်လည်တုန်သည်လည်း ကုပ်ရှိပွေးကွက်ကို မဖုံးနိုင်၊ နှင်းဆီရောင်နီစွေးသော နှုတ်ခမ်းဆိုးဆေးသည် သွားခေါခြင်းကို ညီညာအောင် အလှမဆင်နိုင်၊ မက်စရာမရှိလှသည်ကို တုပရန်မလိုပေ။

နိုင်ငံ့ဝန်ထမ်းတို့သည် နိုင်ငံတော်၏မူဝါဒအပေါ် အပြည့်အဝသစ္စာစောင့်သိကြပါမှ ရည်မှန်းချက်များ အောင်မြင်ကြမည်ဖြစ်လေသည်။ ဖောက်ပြန်သူ စီးပွားရေးသမားအချို့က ဖြားယောင်းဖျက်ဆီးသည်ကို မတပ်မက်မိအောင် ရှောင်ကြဉ်စောင့်ထိန်းကြရချေမည်။ ယာယီချိုမြိန်ယစ်မူးမှုကလေးများ၌ နစ်မျောမသွားသင့်။

မိမိအနီးအနားရှိနေပြီး သူ့အကျိုးအတွက် ချဉ်းကပ်သွေးဆောင်နေသူ လူနည်းစု၏ မျက်နှာဘက်သို့ အားစိုက်ပါမသွားသင့်။ မိမိတို့နှင့် တစ်လှေတည်းစီး၍ တစ်ခရီးတည်းသွားနေကြသော အလုပ်သမား၊ လယ်သမား သန်းပေါင်းများစွာ၏မျက်နှာကို ထောက်ထားစာနာရပေမည်။ အခြေခံစားကုန်များကို နေပူမိုးရွာမရှောင် ထွန်ယက်စိုက်ပျိုးရိတ်သိမ်းကြရသည့် အလုပ်သမားများ ကုန်ကြမ်းမှ ကုန်ချောဖြစ်အောင် ကျွန်ုပ်တို့ သုံးဆောင်ဝတ်ဆင်နိုင်ရေးအလို့ငှာ ချွေးတရွှဲရွှဲ အလုပ်လုပ်ပေးနေကြရသည့် အလုပ်သမားများ။

သူတို့၏လုပ်အား စိုက်ထုတ်ကြိုးစားရမှု ကျေးဇူးတရားသည် အလွန်တရာ ကြီးမားလှပါသည်။ အရင်းစစ်သော် သူတို့ကြောင့် မိမိတို့ ဤကဲ့သို့ နေနိုင်စားနိုင်ကြခြင်း ဖြစ်ပါသည်။ သူတို့ကမှ တကယ့် အခြေခံလူတန်းစား ဖြစ်လေသည်။ အလုပ်သမား၊ လယ်သမား၏ ချွေးစိုရွှဲသော မျက်နှာများကို မြင်ယောင်ကြည့်ရန်က အလှမ်းဝေး မှုန်ဝါးနေပြီး မိမိအနီးရှိ ဒူးယားစီးကရက်ဘူးနှင့် ချိုချိုဆိမ့်ဆိမ့် လက်ဖက်ရည်တစ်ခွက် လာ၍တိုက်ကျွေးနေသော သူ၏အပြုံးမျက်နှာ က ပိုမိုထင်ရှား မြင်သာနေတတ်သည်။ မျက်နှာကြီးရာ ဟင်းဖတ်မပါ မိစေရန် မိမိကိုယ်ကို ဆင်ခြင်စေလိုပါသည်။

မိမိသည် လူကောင်းလူတော်လော–

လူဆိုး လူယုတ်မာလော–

စည်းခြားဘက်ခွဲရပါတော့မည်။

ဘယ်ဘက်ကို ပါပြီနည်း။

နီတိအလိုက ဤသို့ဆိုပါ၏။

သက သာဓုမိ နော သာဓု၊

ယော စည္ဒုဋ္ဌ ကာရကော။

ဗဟူနံ စည္ဒုဋ္ဌ ကာရကော။

ဗဟူနံ သာဓု ပါယေန၊

သ ဝေ သာဓူတိ ဝုစ္စရေ။

**(သူရဿတီနီတိ)**

“အကြင်သူသည် သူတစ်ပါးအပေါ်၌ မကောင်းပြုကျင့်ငြားအံ့၊ မိမိအပေါ် ကောင်းကျိုးပြုပေးပါသော်လည်း လူကောင်းတစ်ယောက် မဆိုအပ်၊ အကြင်သူကား များသောအားဖြင့် များစွာသောလူတို့အပေါ် ကောင်း၏။ ထိုသို့ လူအများစုကောင်းစားမှုကို ရှေးရှုသူများကိုသာလျှင် စင်စစ် လူကောင်းလူတော် ခေါ်ဆိုအပ်ပေ၏”

မိမိတစ်ဦးတစ်ယောက် သို့မဟုတ် မိသားစုတစ်စု ကြီးပွားချမ်းသာ ရေးထက် အလုပ်သမား၊ လယ်သမား၊ လက်လုပ်လက်စား ဆင်းရဲသား အများပြည်သူ၏ ပညာရေး၊ ကြီးပွားရေး၊ ကျန်းမာရေး အစရှိသည့်

တစ်စုံတစ်ခုအကျိုးပြု စွမ်းဆောင်ပေးရန်သည်သာ ပို၍ အရေးကြီးသော လူ့ဘဝတာဝန်တစ်ရပ်ပေတကား။

ပိုက်ဆံချမ်းသာသူများ၊ ရာထူးဌာနန္တရ ကြီးမားသူများ၊ အခွင့်အာဏာရှိကြသူများ စသည့်စသည့် အထက်တန်းအလွှာအတွင်း၌ သူတို့လို နေနိုင်စားနိုင်ဖို့အရေး အားကျငေးမောနေသူတို့ ရှိတတ်ကြသည်။ သနားစဖွယ် ကောင်းလှပေ၏။

"လူလိမ္မာ ပညာရှိဟု သိဝလိဒေဝီမင်းသမီး၏ အချီးမြှောက်ကို ခံလို၍ ဝိဒေဟတိုင်း မိတ္ထိလာပြည်ကြီး၌ ထီးနန်းကို စိုးအုပ်၍ မင်းလုပ်လိုကြကုန်သော စစ်သူကြီးနှင့် ထီးမိုးစားဆွဲ အဆောင်မြဲတို့သည် သိဝလိဒေဝီမင်းသမီး နှစ်သက်အားရအောင် နန်းတော်သို့ လက်ယာရစ် သုံးကြိမ်လှည့်၍ ပြေးသွားပြီးလျှင် မင်းသမီး၏ခြေကိုဆုပ်၍ နှိပ်နယ်ခြင်းအမှုကိုပြုကြရာ ပထမဖဝါးထက် ဒုတိယဖဝါးတစ်လှမ်း၊ ဒုတိယဖဝါးတစ်လှမ်းထက် တတိယဖဝါးတစ်လှမ်း၊ ပထဆုပ်နယ်ခြင်းထက် ဒုတိယဆုပ်နယ်ခြင်း၊ ဒုတိယဆုပ်နယ်ခြင်းထက် တတိယဆုပ်နယ်ခြင်း၊ ဤသို့ စသောအားဖြင့် တစ်ဆင့်တစ်ဆင့် မိမိတို့အလိုရှိအပ်သော မင်း၏ အဖြစ်နှင့် ကြာလေလေဝေးလေသကဲ့သို့"

**ရှင်ဉာဏသာမိ**

**(သာသနာပိုင် မောင်းထောင်ဆရာတော်)**

**ဒေါသကထာ – စာ ၆၆။**

*အကျိုးအကြောင်းကောင်းအဆိုးကို*
*ဝေဖန်နှိုင်းချိန်ကာ*
*လူကောင်း လူတော်များ*
*ဖြစ်ကြပါစေခလို။*

**သောင်းပြောင်းတွေလာမဂ္ဂဇင်း**

**၁၉၈၇ ခု၊ ဇန်နဝါရီလ**

■

# အမြန်ဆုံးချမ်းသာနည်းတစ်ခု

## (၁)

ပုစွန်နှင့်ကျွန်တော် တော်တော်ကြီးပင် ဝေးခဲ့ပါ၏။ နွယ်နီမဂ္ဂဇင်းမှာ မေသကြိန်ဟိန်ဆိုသော အမျိုးသမီး ကလောင်ရှင်တစ်ဦးက မျက်နှာဖုံးဆောင်းပါးအဖြစ် ရေးသားခဲ့သည်ကို မကြာမီက ဖတ်ရတော့ "ပုစွန်မွေးမြူရေး" အကြောင်းကို ကျွန်တော် မျက်လုံးပြူး၍ ကြည့်မိသည်။ ပုစွန်ဆိုသည် ရတနာပုံဆိုက်နိုင်ပါတလား။

ရွှေပုစွန်အမည်ရှိ မဂ္ဂဇင်းထဲမှာ ကထိက ဆရာမဒေါ်စိန်စိန်သိန်းဆိုသော ကလောင်ရှင်က "ပုစွန်မွေးမြူရေး"ကို ရေးသည်။ အမှတ်ထင်ထင် စိတ်ဝင်စားစွာ ဖတ်မိပြန်ပါသည်။ မည်သူမဆို စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး တိုင်းပြည်အတွက်လည်း နိုင်ငံခြားငွေရှာဖွေပေးနိုင်သဖြင့် နိုင်ငံနှင့်လူမျိုးကို အကျိုးကျေးဇူးပြုရာလည်း ရောက်နိုင်ပါ၏။ ထို့ကြောင့် စစ်တွေမြို့သို့ ရောက်ရှိသည့်အခိုက်မှာ တိ–မွေး–ကုတက္ကသိုလ်မှ ဘွဲ့ရသည့် ဗိုလ်ကြီးနေလင်း၊ ပုစွန်လုပ်ငန်းရှင် ဦးခင်မောင်အေး၊ ဦးထွန်းတင်၊ ရန်ကုန်တက္ကသိုလ်မှ မဟာသိပ္ပံ (သတ္တဗေဒ) ဘွဲ့ယူစာတန်းတင်ရန် လက်တွေ့ကွင်းဆင်း ရောက်ရှိနေသော ဒေါ်မိမိလှိုင်၊ ဒေါ်ခင်ခင်ဌေးတို့ကို တွေ့ဆုံမေးမြန်း၍ စာရှုသူတို့အား တစ်ဆင့် ဖောက်သည်ချလိုက်ရပါသည်။ ပါးနပ်သူများ ကြွယ်ဝချမ်းသာကြပါကုန်။

## (၂)

အနောက်တိုင်း စစ်ဌာနချုပ် ပုစွန်မွေးမြူရေးကန်များမှာ ပင်လယ်ကမ်းစပ်မှာ ရှိကြသည်။ ၁၉၄ ဧကရှိသော မွေးမြူရေးကန်များမှ ယခင်နှစ်က တစ်နှစ်အတွက် ၁၇ သိန်းသာရခဲ့၏။ ယခုနှစ်မှာ ၁၇၄ သိန်းအထိ တိုးတက်ရရှိလာခဲ့၏။ အခြားနေရာများမှာလည်း ရှိသေးသည်။ စစ်တွေလေယာဉ်ကွင်းအနီးရှိ ပုစွန်မွေးမြူရေးကန်များကို ကိုယ်တွေ့မျက်မြင် သွားရောက်ကြည့်ခဲ့၏။ လတ်လတ်ဆတ်ဆတ် ပုစွန်ကြော်ကို မြည်းခဲ့ရ၏။ အုန်းပင်ရိပ်အောက်မှာ အုန်းရည်ချိုချိုကိုလည်း သောက်ခဲ့ရ၏။ တစ်ဧကရေိယာလျှင် တစ်နှစ်တစ်သိန်းအထက် အေးအေးဆေးဆေး အမြတ်ရနိုင်သော ပုစွန်မွေးမြူရေးလုပ်ငန်းသည် ငွေကြေးအရင်းအနှီး တတ်နိုင်သော ပုဂ္ဂိုလ်တိုင်း စိတ်ဝင်စားစရာကောင်းသည့် အလုပ်တစ်ခု ဖြစ်ပါ၏။ စာရေးသူတင်ပြသည့် ဤဆောင်းပါးကိုဖတ်ရှုပြီး ဆက်လက်လေ့လာရင်း တစ်နှစ်၊ နှစ်နှစ်မျှ လက်တွေ့လုပ်ကိုင်လိုက်ပါလျှင် အမေရိကန်ဒေါ်လာ သန်းနှင့်ချီ၍ ချမ်းသာကြွယ်ဝသူများ အမှန်တကယ် ပေါ်ပေါက်လာနိုင်ပါ၏။

အကြောင်းမှာ မြန်မာပြည်၏ ပင်လယ်ကမ်းစပ် သဘာဝ သယံဇာတအပျိုစင်သည် ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ကဲ့သို့ ညစ်ပတ်ပေရေမသွားသေးသော အခြေအနေပေးမှုကြောင့်ပင်ဖြစ်၏။ ဤအခွင့်အရေးကို လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ထိုင်းနှင့် အင်ဒိုနီးရှား စသည့် ပစိဖိတ်အရှေ့ အာရှဒေသနိုင်ငံများ အသုံးချခဲ့ကြသည်။ ချမ်းသာသွားခဲ့ကြ၏။ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဘေးထွက်ဆိုးကျိုးတွေတော့ ကျန်ရစ်ခဲ့သည်။

မြန်မာပြည်မှာ ဈေးကွက်စီးပွားရေးစနစ်ဖွင့်သည်မှာ မကြာသေး။ သဘာဝပတ်ဝန်းကျင်က သန့်ရှင်းလတ်ဆတ်၍ အခြေအနေ အပြည့်အဝ ပေးသေးသည်။ သူများနိုင်ငံက အမှားမျိုးကို ကြိုတင်ကာကွယ် တားဆီးနိုင်၏။ သူတို့ထက် ခေတ်နောက်ကျခဲ့ခြင်းသည် အမှားနည်းဖို့ရာ သင်ခန်းစာရ၏။ အဆိုးထဲက အကောင်း။ ပုစွန်လောကအနေနှင့် သူတစ်ပါးအကျ မိမိတို့က အားသစ်၍ တက်ခေတ်။

## (၃)

ပုစွန်ကို အကြမ်းဖျင်း အမျိုးအစားခွဲလျှင် အခြေခံအားဖြင့် (၂) မျိုးပဲ ဆိုရမည်။

၁။ ရေချိုပုစွန်တုပ်နှင့်

၂။ ရေငန်ပုစွန်တုပ်။

ရေငန်ပုစွန်များကို ထပ်ပြီး အမျိုးအစားခွဲခြားကြည့်ပါလျှင် (၃)မျိုး ရှိသည်။

၁။ ပုစွန်ကျား

၂။ ပုစွန်ဖြူ (အမြီးနီ)

၃။ ခွံကြမ်း။

ထိုင်း၊ အင်ဒိုနီးရှားနှင့် တိုင်ဝမ်တို့မှာ မိုးရာသီမှာ ပုစွန်ကျား မွေးမြူသည်။ ပုစွန်ကျားက အငန်များလျှင် မကြိုက်ပေ။ နွေရာသီမှာ ပုစွန်ဖြူကို မွေးကြလေသည်။ ပုစွန်ဖြူက ပင်လယ်ရေထဲမှာ အငယ်ဆာတ် များသော်လည်း ကိစ္စမရှိချေ။

မြန်မာပြည်မှာတော့ အများအားဖြင့် ပုစွန်ကျားကို မွေးမြူကြပါ သည်။ မွေးသူတိုင်း ကြီးပွားချမ်းသာနေပါ၏။

ပုစွန်ဈေးကွက်သည် ကမ္ဘာပေါ်မှာ လျော့စရာမရှိပါ။ တိုးသည်ထက် တိုး၍သာ ဝယ်အားကောင်းနေပါသည်။ ဈေးနှုန်းကတော့ အရည်အသွေး အလိုက် ၆ ဆင့်မျှ ခွဲခြားရပါလိမ့်မည်။ အလွယ်ဆုံးပြောရခြင်း ဖြစ်ပါ သည်။ အသေးစိတ်ဇယားတော့ မဖော်ပြတော့ပါ။

၁။ ပထမတန်းစား၊Headon ခေါင်းပါတန်ဖိုးအမြင့်ဆုံး၊ ဟိုတယ် ကြီးတွေက သုံးလေ့ရှိပါသည်။

၂။ **Head-less** ခေါင်းမပါ ဒုတိယဈေးအမြင့်ဆုံ းအရည်အသွေး အဖြစ် သတ်မှတ်ပါသည်။

၃။ **P.N.D** အခွံချွတ်၊ ခါးရိုးဈေးကြောထုတ်၊ တတိယဈေး အမြင့်ဆုံး။

၄။ P.U.D

၅။ U. 20 (Under.20)

၆။ Broken အကျိုးအပဲ့။

မြန်မာပြည်မှ ပုစွန်များကို စင်ကာပူနှင့် ဟောင်ကောင်များသို့ အများဆုံး ပို့ကြ၏။ ထိုမှတစ်ဆင့် ပက်ကင်သပ်ရပ်လုပစွာစီပြီး ဈေး ၂ ဆ ၃ ဆ ရစွာ တစ်ဆင့် ရောင်းနေကြ၏။ မြန်မာပြည်မှာ အလုပ်သမားခလည်း အလွန်ဈေးသက်သာ၏။ စနစ်တကျနှင့် ဤတိုင်းပြည်မှာ အဆင့်မီမီ ထုတ်လုပ်လိုက်ပါက အကျိုးအမြတ် ၃ ဆ ၄ ဆ ရလာမှာဖြစ်၏။

၁၉၉၈ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံတော်အစိုးရက ပုဂ္ဂလိကကုမ္ပဏီများကို အချိန်ပေးထား၏။ ကမ္ဘာ့စံချိန်မီ ထုတ်လုပ်ပုံစနစ်ကို အသန့်ပြန့်ဆုံးဖြစ်ရန် ပြုပြင်ကြရမည်၊ ရေးကကဲ့သို့ အနည်းငယ်လေးမသန့်တာမျိုးပါကောင်း ပါနိုင်သေးသည့် အခြေအနေကို လက်မခံ။ ငါးလုပ်ငန်းဦးစီးဌာနမှ အရည်အသွေး စစ်ဆေးရေးအရာရှိများက စစ်ဆေးပြီးမှ ခွင့်ပြုမှာဖြစ်၏။

၁၉၉၄ ခုနှစ်မှစ၍ ငါးလုပ်ငန်းဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ခဲ့ပါသော်လည်း အစိုးရငါးနှင့်ပုစွန် ထုတ်လုပ်သောစက်ရုံများကိုယ်တိုင် မလိုက်နာနိုင်သေးသည့်အချက်တွေ ရှိခဲ့၏။ ယခုနှစ်နောက်ပိုင်းမှာမူ ခေတ်မီသန့်ရှင်းမှုကို ကမ္ဘာ့အဆင့်မီ ပြုပြင်လိုက်ကြပေပြီ။ စနစ်ပြောင်းပြီ။

HACCP စနစ်ဟု ခေါ်ပါသည်။ Hazard Analysis Critical Control Point ထုတ်ကုန်ကို စက်ရုံမှအဆင့်ဆင့် ဆင့်ကဲပြုပြင်မှုတိုင်း စစ်ဆေး၏။ ကမ္ဘာနှင့် ရင်ပေါင်တန်း၍ ခေတ်ခွဲစစ်ဆေးပြီး ထုတ်လုပ်ပေးတော့မည်။ ဤစနစ်ဖြင့် ထုတ်လုပ်သဖြင့် ဈေးနှိမ်ခံရစရာမရှိတော့။ တန်ရာတန်ကြေး ဈေးကောင်းကို ရကြတော့မှာ ဖြစ်၏။

ဆန်တစ်တန် တင်ပို့လျှင် ဒေါ်လာ ၂၅၀ မှ ၃၀၀ အထိသာ ရနိုင်ပါ၏။ ပုစွန်တစ်တန် တင်ပို့ပါက ဒေါ်လာ ၁၂၀၀၀ ရရှိ၏။ အဆ

ပေါင်း ၅၀–၆၀ မျှ ရရှိလာမှာ ဖြစ်ပါသည်။ နိုင်ငံတော်ကလည်း အားပေး၍နေသည်။

ပုစွန်မွေးမြူရေး စနစ် (၆)မျိုး ရှိပါသည်။ အသက်သာဆုံးနှင့် အလွယ်ကူဆုံးနည်းကား ယခုမွေးနေကြသည့် သမားရိုးကျနည်းပင်ဖြစ်၏။

သမားရိုးကျနည်းကို အဆင့်မြှင့်ပြီး ကန်ကိုမြေပြင်ခြင်း၊ နွားချေးကြက်ချေး ချခြင်း၊ ယူရီးယားပက်ခြင်းနှင့် ကျောက်ပြင်ပေါ်မှာ နေရာသီးသန့် အစာကျွေးခြင်း စသည့် စနစ်တို့ကို ပြုလုပ်လျှင် ပုစွန်များသားပေါက်နှုန်း၊ ကြီးထွန်းနှုန်း မြင့်မားကာ ၄ ဆမှ ၅ ဆအထိ အထွက်တိုးတက်စေပါ၏။

မြန်မာပြည်က သမားရိုးကျနည်းဖြင့် မွေးသည့်ကန်များမှာ ကုန်ကျစရိတ် အလွန်သက်သာသော်လည်း ၁ ဧကလျှင် ၁ တန်ပင် မထွက်ကြပါ။ ထိုင်းနှင့်အိုင်ဒိုနီးရှားတို့မှာ ၁ ဧကလျှင် Traditional Plus နည်းဖြင့် ၃ တန်ကျော် ထွက်ကြပါသည်။

၁ ဧကလျှင် ပုစွန်ထွက်ကုန် ၁၅ တန်မှ ၃၀ တန်အထိ ထွက်ရှိနိုင်ပါသော်လည်း ငွေအရင်းအနှီးနှင့် နည်းပညာ အလွန်တရာ အလုမ်းကွာဝေးနေသေးသော အခြားကန်ကျပ် မွေးမြူနည်းများအထိ ၄ မျိုးကို မလုပ်နိုင်သေးမီ သမားရိုးကျနည်းကို ပိုမိုစနစ်ကျအောင် ဆောင်ရွက်ကြလျှင်ပင် အကျိုးအမြတ် ၃ ဆ ရရှိနိုင်ပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

**ရွှေပုစွန်မဂ္ဂဇင်း**

**၁၉၉၈ ခု၊ အတွဲ–၁၊ အမှတ် –၇**

■

# အပြုံး

**နိဒါန်း**

အပြုံးအကြောင်းကို ရေးသားတင်ပြလိုပါသည်။ ကျွန်တော်နှင့် မောင်နှမရင်းကဲ့သို့ ခင်မင်သော ညီအစ်မတစ်စုမှာ တင်တင်၊ သောင်းသောင်း၊ အလုံး၊ အမုံး၊ အပြုံးနှင့် မာမာတို့ ဖြစ်ကြပါသည်။ အပြုံးအကြောင်းကိုရေးမည်ဆိုတော့ သန့်သန့်စင်စင်အပြုံးလေးဖြင့် ပြုံး၍နေတတ်သောအပြုံးကို သတိရပါသည်။ သူသည် ကျွန်တော်၏ကျောင်းနေဖက်သူငယ်ချင်းနှင့် အိမ်ထောင်ကျခဲ့သည်။ ဤအပြုံးအကြောင်း မဟုတ်ပါ။

အပြုံးသည် လူသားအတွက် အားတက်စေသော၊ ကြည်နူးစေသောအရာဟု ကျွန်တော်က ခံယူသည်။ ထို့ကြောင့် ကျွန်တော်သည် စိတ်ကို ရွှင်ရွှင်လန်းလန်းထားသည်။ အတွေးကို အပြုသဘောဘက်က တွေးတောသည်။ မျက်နှာက ပြုံးပြုံးရယ်ရယ်နေတတ်သည်။

ယခုအခါ လူကြီးတစ်ဦးဖြစ်နေသည့် ပုဂ္ဂိုလ်တစ်ဦးနှင့် တက္ကသိုလ်တစ်ခုမှာ တစ်နှစ်တာမျှ ပညာအတူသင်ယူခဲ့ကြရင်း ခင်မင်ရင်းနှီးသည်။ သူက ကျွန်တော့်ကို နောက်ပြောင်သည်။

"ကိုချစ်နိုင် ခင်ဗျားက စစ်ဗိုလ်လုပ်ဖို့မကောင်းဘူးဗျ"

"ဘာလုပ်ဖို့ကောင်းသလဲ အစ်ကိုကြီး"

"ဈေးသည်လုပ်ဖို့ ကောင်းတယ်"

"ဘာပြုလို့လဲ ခင်ဗျာ"

"အမြဲတမ်း ဈေးဝယ်ကို ကြုံဆိုသလို ပြုံးနေလို့ပြောတာပါကွာ။ တစ်ခါတလေလည်း ခပ်တည်တည်နေကြည့်ပါဦးလား"

ကျွန်တော်တို့ ရယ်မောခဲ့ကြရပါသည်။ သူပြောမည်ဆိုလည်း ပြောစရာပါ။ မျက်နှာစူပုပ်ပုပ် မနေတတ်။ လူ့သက်တမ်းဆိုသည်ကား တိုတောင်းလှသည်။ ဘဝတိုတိုလေးမှာ ဟိုလူ့ရန်လုပ်၊ ဒီလူ့မနာလို မကျေနပ်မှုမျိုးကို စဉ်းစားခံစားနေစရာမလို။ ဤလောကကို ဘယ်လို အလှဆင်ရပါမည်နည်း ဒါပဲ တွေးတောဖို့ရာကောင်းသည်။ ပျော်စရာတွေ စဉ်းစားသင့်သည်။ အားတက်စရာတွေ ဆင်ခြင်သင့်သည်။

ဤနေရာတွင် ဆရာဖေမြင့် ဘာသာပြန်သည့် **"နှလုံးသား အာဟာရ ရသစာများ"** အမည်ရှိသည့်စာအုပ်ထဲမှ ဟန်နိုမက္ကာတီ၏ The Smile ကို ကူးယူဖော်ပြခွင့် ပြုစေလိုပါသည်။ နှလုံးသားက ယိုစီးလာသည့် အပြုံးတစ်ချက်သည် လူ့အသက်တစ်ချောင်းကိုပင် ကယ်တင်ခဲ့လေသည်။ အသက်ပါသော ဝတ္ထုတိုတစ်ပုဒ်ပါ–

## စာကိုယ်

ပြင်သစ်စာရေးဆရာ အန်တွိုင်းဆန်တက်ဇူပေရီ၏ **"မင်းသားလေး"** ဝတ္ထုကို စာသမားအတော်များများ သိကြပါသည်။ ကလေးများအတွက် နှစ်ခြိုက်ဖွယ် ပုံပြင်တစ်ပုဒ် ဖြစ်သကဲ့သို့ လူကြီးများအတွက် အတွေးပွားစေသော စာအုပ်တစ်အုပ်လည်းဖြစ်ကြောင်း ဖတ်မိသူတို့ လေးစားသိမှတ်ခဲ့ကြပါသည်။

**"မင်းသားလေး"**ကို သိသော်လည်း ဆန်တက်ဇူပေရီ၏ အခြားဝတ္ထုတို–ရှည်များကိုကား သိသူနည်းလှပါသည်။

**ဆန်တက်ဇူပေရီ**သည် တိုက်လေယာဉ်မှူးတစ်ယောက်ဖြစ်၍ ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့နှင့်တိုက်ခိုက်စဉ် ကျဆုံးသွားခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီကလည်း သူသည် စပိန်ပြည်တွင်းစစ်တွင် ဖက်ဆစ်များအား ဆန့်ကျင်သည့်ဘက်က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ယင်း စစ်ပွဲ

ကာလ သူ့အတွေ့အကြုံတစ်ရပ်ကိုမူတည်၍ **"ထိုအပြုံး"** The Smile အမည်ရှိ ဝတ္ထုတစ်ပုဒ် ရေးခဲ့သည်။ ၎င်းဝတ္ထုလေးအကြောင်း ကျွန်တော် ယခု ပြောလိုပါသည်။ "ထိုအပြုံး"ကို သူသည် ကိုယ်တွေ့ဖြစ်ရပ်တစ်ခုအနေဖြင့် ရေးသည်လား၊ ဝတ္ထုတစ်ပုဒ်အဖြစ် ဖန်တီးခဲ့ခြင်းလား ကျွန်တော်မခွဲခြားတတ်ပါ။ သို့သော် ဖြစ်ရပ်မှန်ဟူ၍ပဲ ကျွန်တော် ယူခဲ့ပါသည်။

၎င်းစာ၌ ဆန်တက်ဇူပေရီက–

၎င်းအား ရန်သူတို့ဖမ်းမိသွားပြီး အချုပ်ခန်းတစ်ခုထဲ ထည့်ထားလိုက်ကြောင်း၊ ဖမ်းဆီးချုပ်နှောင်သူတို့၏ စက်ဆုပ်မုန်းတီးပုံရသော အကြည့်နှင့် ကြမ်းကြမ်းတမ်းတမ်းဆက်ဆံပုံများအရ နောက်နေ့မှာတော့ သတ်မှာမုချဟု သူယူဆခဲ့ကြောင်း ရေးပါသည်။

သည့်နောက် သူဆက်လက်ရေးသားပုံကို ကျွန်တော်မှတ်မိသလို ပြန်ပြောပြပါမည်။

"ငါ့ကို သတ်ကြတော့မှာ မုချဟု ကျွန်တော်သိနေပြီ။ လူက အကြီးအကျယ် တုန်လှုပ်ချောက်ချားကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာသည်။ အိတ်တွေထဲ လျှောက်နှိုက်ကာ စီးကရက်တစ်လိပ်တလေများ သူတို့ရှာတုန်းကမတွေ့ဘဲ ကျန်ရစ်လေမည်လားဟု စမ်းကြည့်မိသည်။ ကံအားလျော်စွာ တစ်လိပ်ရသည်။ သို့သော် လက်တွေက တအားတုန်နေသဖြင့် စီးကရက်ကို နှုတ်ခမ်းမှာပင် ကောင်းစွာတပ်၍ မရချင်။ ဆေးလိပ်ရပြန်တော့ မီးခြစ်က လိုလာပြန်သည်။ မီးခြစ်ကလည်း သူတို့ယူသွားသဖြင့် မရှိတော့"

"ကျွန်တော်အား စောင့်ကြပ်နေသူကို သံတိုင်ကြားမှနေ၍ ကြည့်မိသည်။ သူက ကျွန်တော်နှင့် မျက်လုံးချင်းမဆိုင်။ သေလူတစ်ယောက်နှင့် ဘယ်သူ မျက်လုံးချင်းဆိုင်မည်လဲ။ "မီးခြစ်ရှိရင် တစ်ဆိတ်လောက်ဗျာ" ကျွန်တော်လှမ်း၍ ပြောလိုက်သည်။ သူ ကျွန်တော့်ကို လှမ်းကြည့်ပြီး ပခုံးတစ်ချက်တွန့်ကာ စီးကရက်မီးညှိပေးရန် လျှောက်လာသည်"

"သူအနားကပ်ပြီး မီးညှိပေးနေစဉ် အမှတ်မထင် သူနှင့်ကျွန်တော် မျက်လုံးချင်းဆိုင်မိသည်။ ဘာကြောင့်ပြုံးပြမိသလဲ ကျွန်တော့်ဘာသာ မသိ။ ကျွန်တော် စိတ်ဂနာမငြိမ်ဖြစ်နေတာကြောင့်လည်း ဖြစ်နိုင်သည်။ ဒါမှမဟုတ် လူတစ်ယောက်နှင့်တစ်ယောက် အဲသည်လောက်နီးကပ်နေသည့်အခါမျိုးမှာ ပြုံးမပြဘဲ မနေနိုင်တာလားမပြောတတ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ပြုံးပြလိုက်မိသည်။ အဲသည်အခိုက်အတန့်မှာ သူ့နှလုံးသားနှင့် ကျွန်တော့်နှလုံးသားကြား တစ်နည်းပြောရသော် ကျွန်တော်တို့ လူသားဝိညာဉ်နှစ်ခုအကြား လျှပ်စစ်ဝါယာနှစ်ခု ပူးမိသည့်အခါမှာဖြစ်သလို မီးပွားတစ်ခု ခုန်ကူးသွားသည်ဟု ထင်လိုက်ရသည်။ သူ့မှာ နဂိုမူလက ကျွန်တော့်အား ပြန်လည်ပြုံးပြရန် ဆန္ဒမရှိဆိုတာ ကျွန်တော်သိသည်။ သို့သော် ကျွန်တော့်အပြုံးက သံတိုင်များကြားမှနေ၍ သူ့ထံ ခုန်ကူးသွားပြီးသည့်နောက်တွင် သူ့နှုတ်ခမ်းပေါ်၌လည်း အပြုံးတစ်ခုပေါ်လာသည်။ သူက ကျွန်တော့်စီးကရက်ကို မီးညှိပေးပြီးနောက် အနားမှခွာမသွားဘဲ ကျွန်တော့်မျက်လုံးများကို စူးစိုက်စွာပင် ကြည့်ကာ ပြုံး၍နေသည်။"

"ကျွန်တော်လည်း သူ့ကို ဆက်၍ပြုံးကြည့်နေသည်။ သူသည် အချုပ်ထောင်စောင့်တစ်ယောက် မဟုတ်တော့။ သူ့ကို လူတစ်ယောက်အဖြစ် ကျွန်တော်မြင်နေပြီ။ ကျွန်တော့်ကို သူကြည့်ရှုပုံ၌လည်း အဓိပ္ပာယ်သစ်တွေပေါ်လာပြီ။ "ခင်ဗျားမှာ သားသမီးရှိလား" သူကမေးသည်"

"ရှိပါတယ်ခင်ဗျာ။ ဟောဒီမှာ ဟောဒီမှာ" ကျွန်တော် ပျာပျာသလဲ ပိုက်ဆံအိတ်ဖွင့်ကာ ကျွန်တော့်မိသားစုဓာတ်ပုံကို ထုတ်ယူပြီး သူ့အား ပြသည်။ သူလည်း သူ့ကလေးများဓာတ်ပုံတွေထုတ်လာကာ သည်ကလေးတွေနှင့်ပတ်သက်သည့် သူ့အစီအစဉ်များ၊ စိတ်ကူးများ၊ သူတို့အတွက်မျှော်မှန်းထားသည်များကို ပြောပြနေသည်။ တဖြည်းဖြည်း ကျွန်တော့် မျက်လုံးထဲမှာ မျက်ရည်တွေ အိုင်လာသည်။ ကျွန်တော့်မိသားစုကို ကျွန်တော်မတွေ့ရတော့မှာ စိုးရိမ်ထိတ်လန့်လှကြောင်း၊ သည်ကလေးတွေကြီးပြင်းအောင် စောင့်ရှောက်နိုင်ခွင့်မရှိတော့မှာ ပူပန်နေသည့် အကြောင်းများ ကျွန်တော်ပြောမိသည်။ ကျွန်တော့်စကားတွေ နားထောင်ရင်း သူ့မျက်လုံးများမှာလည်း မျက်ရည်တွေ ရစ်ဝဲလာသည်။"

"သည့်နောက်မှ ဘာစကားတစ်ခွန်းမျှ မပြောဘဲ သူက ရုတ်တရက် ကျွန်တော့်အချုပ်ခန်းတံခါးသော့ကိုဖွင့်ကာ ကျွန်တော့်ကို အပြင်ထုတ်သည်။ အချုပ်ထောင်အပြင်ဘက် ရောက်လာပြီးနောက် လမ်းကြိုလမ်းကြားများအကြား တိတ်ဆိတ်စွာပင် ဖြတ်သန်းခေါ်ဆောင်လာပေးလိုက်သည်။ ထို့နောက် နှုတ်ဆက်စကားတွေဘာတွေလည်း ပြောမနေတော့ဘဲ မြို့ဘက်ဆီ သူလှည့်ပြန်သွားသည်။"

"ကျွန်တော့်အသက်ကို အပြုံးတစ်ခုက ကယ်ဆယ်လိုက်ခြင်းပေတည်း"

မှန်သည်။ ဟန်ဆောင်မှုကင်းသော၊ ကြိုတင်ကြံရွယ်ချက်မပါသော သဘာဝအပြုံး သို့မဟုတ် လူနှစ်ဦးအကြား အရိုးသား အပွင့်လင်းဆုံး ပေါင်းကူးဆက်သွယ်မှု။

ဆန်တက်ဇူပေရီ၏ သည်ဝတ္ထုလေးကို အလုပ်ခွင်မှာ ကျွန်တော်ပြောပြလေ့ရှိသည်။ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့တစ်တွေမှာ ဂုဏ်သိက္ခာတွေ၊ ဘွဲ့ထူး၊ ဂုဏ်ထူး၊ ရာထူးအဆင့်အတန်းတွေ၊ ကိုယ့်ကို အများက ဘယ်လိုမြင်စေချင်သည်ဟူသော ကိုယ်ပိုင်သတ်မှတ်ချက်တွေ၊ အလွှာလွှာအထပ်ထပ်ဖုံးကာ ကိုယ့်ကိုယ်ကို ကာကွယ်ထားကြသည်။ သို့သော် ဘာတွေဘယ်လိုဖုံးဖုံး အောက်ဆုံးမှာတော့ တကယ့်လူပုဂ္ဂိုလ်အစစ်အမှန်က ရှိနေသည်ဆိုတာ သိကြ မြင်ကြစေလို၍ပဲ ဖြစ်သည်။

အဲသည် အတွင်းပိုင်းအနက်ရှိုင်းထဲကအရာကို ဝိညာဉ်ဟုပဲ ကျွန်တော် ဆိုလိုက်ပါမည်။ ကျွန်တော့်ကိုယ်တွင်းက အဲသည်ဝိညာဉ်ဟု ကျွန်တော်အမည်ပေးလိုက်သော အစိတ်အပိုင်းနှင့် သင့်ကိုယ်တွင်းက အလားတူအစိတ်အပိုင်းတို့ အပြန်အလှန် သိကျွမ်းသွားကြပြီဆိုလျှင် ကျွန်တော်တို့ ဘယ်နည်းနှင့်မျှ ရန်သူတွေမဖြစ်နိုင်ကြတော့။ တစ်ယောက်ကိုတစ်ယောက် မမုန်းတီးနိုင်၊ မနာလိုဝန်တိုမဖြစ်နိုင်၊ ကြောက်ရွံ့ထိတ်လန့်ခြင်းလည်း မရှိနိုင်တော့။

ယခုတော့ ကျွန်တော်တို့တစ်သက်ပတ်လုံး ကြိုးစားတည်ဆောက်ထားကြသည့် အလွှာအထပ်တွေ ရစ်ပတ်ဖုံးကွယ်နေသည့်အတွက် တစ်

ယောက်နှင့်တစ်ယောက် အစစ်အမှန် မတွေ့ဆုံကြဘဲရှိနေသည်။ ဆန်တက်ဇူပေရီ၏ ဝတ္ထုက ဝိညာဉ်နှစ်ခု အပြန်အလှန်တွေ့ထိ သိမြင်သွားကြသည့် ထူးခြားသော အခိုက်အတန့်လေးအကြောင်း ရေးဖွဲ့ထားခြင်းဖြစ်သည်။

ကျွန်တော်ကိုယ်တိုင်လည်း အဲသည်လိုအခိုက်အတန့်လေးတချို့တော့ ကြုံဖူးပါသည်။ ဥပမာတစ်ခုပြောရလျှင် တစ်စုံတစ်ယောက်ကို ရုတ်တရက် ချစ်ကျွမ်းဝင်သွားမိခြင်းမျိုး ဆိုပါစို့။

နို့စို့အရွယ် ကလေးငယ်များနှင့် တွေ့ရသည့်အခါမျိုးမှာလည်း အလားတူဖြစ်မိတတ်သည်။ သည်လို ကလေးငယ်မျိုးကို တွေ့ရသည့်အခါ ကျွန်တော်တို့ ဘာကြောင့် ပြုံးမိကြသလဲ။

အပေါ်ယံလွှာတစ်ခုမျှ ကာကွယ်ထားခြင်းမရှိသူတစ်ဦးကို တွေ့မြင်လိုက်ရ၍လား။ သူ၏အပြုံးမှာ ဟန်ဆောင်မှုအကင်းဆုံးအပြုံး၊ အစစ်အမှန်ဆုံးအပြုံးဖြစ်ကြောင်း ကျွန်တော်တို့ သိနေကြ၍လား။ ဒါမှမဟုတ် ကျွန်တော်တို့ရင်ထဲရှိ ငယ်ဝိညာဉ်က ရွယ်တူအချင်းချင်း သိကျွမ်းခင်မင်ကာ နှစ်လိုအားရစွာ ပြုံးလိုက်မိခြင်းလား။

**နိဂုံး**

အပြုံးမရှိ၊ ခက်ထန်တင်းမာ၍ မျက်ထောင့်နီနှင့် မာန်မာနတက်နေကြသည့် မျက်နှာမျိုးကို မြင်ရတတ်ပါသည်။ သူ့ကိုယ်သူ ဟုတ်လှပြီထင်နေသည်။ မဲ့ကာရွဲ့ကာနှင့် တစ်လောကလုံးက သူ့လုပ်စာကိုမှီခိုပြီး စားနေကြသကဲ့သို့ ငုံ့ကြည့်တတ်သည့်မျက်နှာမျိုးကို ကြုံရတတ်ပါသည်။ ငွေကြေးပဲ ချမ်းသာ ချမ်းသာ၊ အခွင့်အာဏာပဲရှိရှိ၊ အခြားအရာတွေပဲပြည့်စုံ ပြည့်စုံ လူလူချင်း စာနာထောက်ထားတတ်သော နှလုံးသားနှင့် “အပြုံး” လေးကင်းမဲ့လျှင်တော့ ကွက်လပ်ဖြစ်နေပါလိမ့်မည်။ လူလူချင်း ချစ်ခင်နှစ်လိုပါ။

ပုလဲမြို့ပြမြေယာမဂ္ဂဇင်း
၁၉၉၇ ခု၊ ဧပြီလ

# ကိုယ့်အလုပ် ကိုယ့်လမ်း

ရပ်ဝေးတစ်နေရာရှိ လူတစ်ဦးသည် မိမိအလုပ်လုပ်သောရုံးသို့ သုံးခေါက်တိတိ လာရောက်ခဲ့၏။ ကျွန်တော်ခရီးသွားသည်နှင့်။ ကျွန်တော် ရုံးပြင်ပသို့ထွက်သည်နှင့်။ သူနှင့် မဆုံဖြစ်။ နောက်ဆုံးတစ်ခေါက် သူ လာမှ မိမိနှင့်တွေ့ဖြစ်လေ၏။ သူသည် ကျွန်တော့်ကိုမသိပေ။ ကျွန်တော် ကလည်း သူ့ကို မသိခဲ့ဖူးချေ။

သူသည် စာပေမြတ်နိုးသူတစ်ဦးဖြစ်ပြီး ကျွန်တော်ကလည်း စာပေမြတ်နိုးသူတစ်ဦးပင်ဖြစ်၏။ သူ၏လာရင်းကိစ္စမှာ စာပေဆွေးနွေးရန် ဖြစ်၏။ သူလာခဲ့ရသောခရီးက အလွန်တရာကွာလှမ်းဝေးလံလှသဖြင့် ကျွန်တော်သည် သူ့ကို အားနာပါးနာနှင့် ရုံးချိန်အတွင်းမှာ စကားလက်ခံ၍ ပြောရပါ၏။ သုံးကြိမ်သုံးခေါက် မိမိဆီရောက်အောင်လာခဲ့သော သူ၏ မိမိအပေါ် စေတနာထားရှိမှုကို လေးစားတုံ့ပြန်ရပေမည်။

သူသည် သူ့စိတ်ထဲမှာရှိသည်တို့ကို ပွင့်ပွင့်လင်းလင်းနှင့် ရင်းရင်း နှီးနှီးပြောဆိုဆွေးနွေးပါသည်။ ကျွန်တော်က ထောက်ခံခြင်းသော်လည်း ကောင်း၊ ကန့်ကွက်ခြင်းသော်လည်းကောင်း မပြုလိုက်ပေ။ သူ၏အာဘော် သည် မှန်ကောင်းမှန်ပါလိမ့်မည်။ စာအုပ်တစ်အုပ်၊ စာပုဒ်တစ်ပုဒ်ကို ဝါကျတစ်ခုချင်း ကွဲခြမ်းစိတ်ဖြာ၍ အဓိပ္ပာယ်ဖော်ထုတ်၏။ ကွဲလွဲသော

အချက်အချို့ကို ပြောပြ၏။ သူဖော်ပြသောအချက်က တိကျ၍ စာအုပ်ထဲမှအချက်က မရေမရာဖြစ်ချင်လည်း ဖြစ်ပါလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ဤကိစ္စသည် သူ့အတွက်သော်လည်းကောင်း၊ ကျွန်တော့်အတွက်သော်လည်းကောင်း ဘာမျှ သိပ်ပြီးအရေးမကြီးလှပေ။ သူသည် ခါးတောင်းကျိုက်၍ ခရုကိုလိုက်နေသူပမာဖြစ်နေ၏။ သူ၏ အားစိုက်မှု၊ ကြိုးပမ်းမှု၊ အချိန်အသုံးချမှုအတွက် နှမြောမိ၏။ သူ့မှာ ဤကဲ့သို့ သူတစ်ပါး၏အပြစ်နှင့် ချွတ်ယွင်းချက် ချို့တဲ့မှုတို့ကို မျက်လုံးဖြဲ၍ရှာဖွေခဲ့ရ၏။ ပြောစရာရသော ထိုအချက်တို့ကို မမေ့မလျော့အောင် မှတ်သားသိမ်းဆည်း သယ်ယူခဲ့ရရှာ၏။ သူ့မှာပူလောင်ခဲ့ရသည်။

အာရုံမအေးသဖြင့် စိတ်မအေး။

စိတ်အေးချမ်းသာမှုရစေရန် သူ့ကိုအကြံပေးလိုက်ရ။ သူကလည်း အကြံလက်ခံဖို့ရာ လာသောသူမဟုတ်။ သူပြောချင်ရာကို သွန်ချသကဲ့သို့ ဖြေချထုတ်ဖော်ပြီး ခပ်သုတ်သုတ်ပင်ထွက်ခွာသွားလေ၏။

အာရုံအေးမှ စိတ်အေးသည်။ အာရုံပူတော့ စိတ်ပူသည်။ သူ၏ အာရုံကျက်စားခဲ့မှုသည် စိတ်ချမ်းသာစရာ၊ နှစ်သက်စရာတို့၌ မရှိခဲ့။ သူတစ်ဖက်သား၏ အားနည်းချက်နှင့် အပြစ်ချွတ်ယွင်းချက်တို့ကိုသာ ရှာသည်။ ကြည့်သည်။ ကြည့်တော့မြင်သည်။ မြင်တော့ ခိုးလိုးခုလုနှင့် ခံစားရသည်။ ထို့ကြောင့် မထုတ်ဖော်ရမနေနိုင်ဘဲ ကျွန်တော့်ဆီသို့ သုံးခေါက်လောက်လာရလေ၏။

ကျွန်တော်သည် ထိုသူကို အပြစ်မဆိုချင်။ သူ့စိတ်နှင့် သူ့ဘဝကို သူ၏အတိတ်ကာလ ကံ အဟုန်သတ္တိတို့က ဖန်ဆင်းခဲ့ခြင်းဖြစ်၏။ သူတစ်ပါး၏အပြစ်ကိုမရှုရာ။ သူတစ်ပါးတို့၏အပြစ်ကို မိမိ၏နှလုံးအိမ်၌ ကြာရှည်မစိမ်ပါလေနှင့်ဟု ဆရာတော်ဘုရားကြီးတစ်ပါးက ဆုံးမခဲ့ဖူး၏။ အပြစ်ရှုတတ်သူအတွက် ပူလောင်ရမြဲဓမ္မတာပင်။ လူသည် သူတွေးတောသည့်အတိုင်း သူဖြစ်တည်နေခြင်းဖြစ်လေသည်။ သူ့အတွေးက သူ့ရုပ်သွင်ကို ပုံဖော်သည်။

ယခုအခါ၌ စာပေဝေဖန်ရေးအမည်ပေးလျှင် ရကောင်းရနိုင်သော အပြစ်ဖော်ပြထုတ်ဖော်ကြသည့် ဆော်ပလော်တီးအရေးအသားအချို့ကို

တွေ့ရတတ်ပါသည်။ ဝေဖန်ရေး၏တန်ဖိုးမှာ "စေတနာ"ဖြစ်၏။ အပြု သဘောစေတနာ မည်မျှထက်သန်သနည်းဟူသောအချက်သည် အခြေခံ အုတ်မြစ်ဖြစ်၏။ လွန်ခဲ့သော ၁၀ နှစ်ကျော်က ဆရာအောင်သင်း သဘင်မဂ္ဂဇင်းမှာ ရေးသားခဲ့သော အကြိုက်ဆုံးဝတ္ထုကို ဝေဖန်သုံးသပ် ချက်များသည် အလွန်တရာတောက်ပ၏။ မူရင်းဝတ္ထုတိုကို ဖတ်ခဲ့ရစဉ် က ဤမျှအရသာမသိ။ ဆရာအောင်သင်းက တစ်ပိုဒ်ချင်းကောက်နုတ်ပြီး ခွဲခြားဆန်းစစ်ပြလိုက်ပါမှ အရသာပိုတွေ့ရသည့်အခါတွေလည်းရှိခဲ့၏။

ဒုတိယအချက်မှာ "ပင်ကိုစိတ်ရင်းစိတ်ထားဖြူစင်မှု (ဝါ) ရိုးသားဖြောင့်မတ်ခြင်း"ဖြစ်၏။ စာပေသမားအချို့ကတော့ SINCERITY ရိုးသားပွင့်လင်းမှုဟု ဆိုမည်လားမသိပါ။ ဝေဖန်ရေးသမားကောင်း တစ်ယောက်အတွက် ဤအချက်သည် စာဖတ်ပရိသတ်၏ လေးစားအား ကိုးမှုကို အပြည့်အဝရရှိစေသောအရာဖြစ်ပါ၏။ အပြုစိတ်ဓာတ်စေတနာ လည်းရှိပါသည်။ ဖြူစင်သောရိုးသားဖြောင့်မတ်မှုလည်း ရှိပါပြီ။ ပြီးပြီလား။ လုံလောက်ပြီလော။

အတတ်ပညာ၊ နည်းပညာဆိုင်ရာ အရည်အသွေးမြင့်မားရပါဦး မည်။ တောရောက်တောင်ရောက် ကပေါက်တိကပေါက်ချာတွေရေး နေ၍ လူမလေးစားပါ။ စာဖတ်အားကောင်းခဲ့ရပါမည်။ အဆီအနှစ် "ဝမ်းစာ"ပြည့်ရပါလိမ့်မည်။ သို့မှသာ တန်ဖိုးရှိပါလိမ့်မည်။

"ကဲကွာ – ဒီအချက်တွေ တစ်ခုမျှမပြည့်စုံဘူးကွာ။ ဝေဖန်ရေး ရေးတယ်ကွာ။ မိုက်လို့ရေးတယ်ကွာ ဘာပြောချင်သေးသလဲ"ဆိုလာပါက ဘာမျှမပြောချင်ပါဟု ဖြေရပါလိမ့်မည်။ ကိုယ့်အလုပ်ကို ကိုယ်လုပ်ရုံ သာဖြစ်၏။ မိမိ၏အလုပ်မှာ ပညာဗဟုသုတဆက်လက်ဆည်းပူးရန်နှင့် ရရှိလာသော ထိုအတွေ့အကြုံ၊ အတွေးအမြင်တို့ကို လူ့ဘောင်သာယာ ဖွံ့ဖြိုးရေးအတွက် ပေးဆက်ရန်ပေတည်း။

**ထူးခြားဂျာနယ်**

■

# တကယ်ပင်ကူညီကြပါသည်

နန်းခင်ခင်ထွေးနှင့် နန်းအေးအေးမူတို့သည် မိုးနဲနှင့် မိုင်းပန်မြို့သူများဖြစ်ကြ၏။ ရန်ကုန်မှာ တစ်လသင်တန်းတစ်ခု လာတက်သည်။ ပန်းဆိုးတန်းလမ်းတစ်လျှောက် သူတို့လျှောက်လာစဉ် လူရည်သန့်သန့်အသက် (၆၀)အရွယ် အမျိုးသားတစ်ဦးက စကားစမြည်အတူပြော၍ ချဉ်းကပ်သည်။ ငါးမိနစ်အတွင်းမှာ ယုံကြည်၍ ငွေကျပ်လေးထောင်တိတိ ခေတ္တပေးပြီး ထိုပုဂ္ဂိုလ်က စောင့်ပါဆိုသောနေရာမှာ စောင့်နေကြ၏။

သမဝါယမက ပစ္စည်းတွေရစရာရှိသည်။ အမြန်ငွေလိုသည်။ အချိန်ကလည်း ပိတ်မည့်ရက်သို့ကပ်နေပြီ။ ပစ္စည်းရရှိပြီး ပြန်ရောင်းလိုက်လျှင်ပင် အပြင်မှာ နှစ်ဆလောက်မြတ်မည်။ လေးထောင်ပေးပါက နာရီပိုင်းအတွင်း နှစ်ထောင်အမြတ်နှင့်အတူ ခြောက်ထောင်ပြန်ဆပ်ပါမည်ဟု အကယ်၍ တစ်စုံတစ်ယောက်က ပြောလာပါက ရိုးအသူမှန်သမျှ ယုံမိတတ်ကြ၏။ ရန်ကုန်သူ ရန်ကုန်သားတွေကား "နိုး၊ နိုး ဒါမျိုးဆို ရိုးနေပါပြီ"ဟု ပြောပါလိမ့်မည်။

နန်းခင်ခင်ထွေးနှင့် နန်းအေးအေးမူတို့ကား အလိမ်ခံလိုက်ရပေပြီ။ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီလောက်ကြာမှ သူတို့ရိပ်မိတော့သည်။ ဘယ်လောက်ကြာကြာစောင့်စောင့် ထိုပုဂ္ဂိုလ်သည် ပေါ်လာမှာမဟုတ်တော့ချေ။ ခုခေတ်မှာ ဘာသမဝါယမ၊ ဘာကုန်သွယ်ရေးတို့ကမှ အပြင်ထက် တစ်ဝက်ဈေးချိုသော ကုန်ပစ္စည်းတို့ကို အစုလိုက်အပုံလိုက် ထုတ်မပေး

တော့။ မေ့လျော့စွာဖြင့် တစ်ခဏတွေ့သူပြောသမျှစကားတွေကို ယုံမှတ်ခဲ့မိသည်။ လူလိမ်ခံရတာ ရှက်စရာကောင်းသဖြင့် မည်သူ့ကိုမျှ မပြောရဲ။ ကြိတ်ပြီးခံကြရလေ၏။ ပင်လယ်ထဲ ခဲပစ်မိသကဲ့သို့ ပြန်ရစရာမရှိ။

နှစ်ပတ်လောက်ကြာပြီး နောက်နေ့တစ်နေ့မှာ ပန်းဆိုးတန်းလမ်းရှိ မိမိတို့သင်တန်းခန်းမသို့အလာ နန်းခင်ခင်ထွေးနှင့် နန်းအေးအေးမူတို့ကို ငွေလိမ်ယူသွားသူအား ဘတ်စ်ကားမှတ်တိုင်မှာတွေ့ရသည်။ သို့သော် မိမိတို့၏ဘတ်စ်ကားက ထွက်စပြုနေပြီ။ ထိုလူက မှတ်တိုင်မှာ ရပ်ကျန်ခဲ့သည်။ "သူပဲ သူပဲတော့"

"အဲဒီလူဟာ ကျွန်မတို့နှစ်ယောက်ဆီက ငွေလေးထောင်ညာယူသွားတဲ့သူပါရှင် လုပ်ကြပါဦး"

ဘတ်စ်ကားပေါ်မှာ ပါသမျှလူအားလုံးက ထိုပုဂ္ဂိုလ်ကို လှမ်း၍ငုံ့၍စုပြုံကြည့်လိုက်ကြ၏။

ထိုလူ နောက်ကဘတ်စ်ကားပေါ်တက်သွားသည်ကို ဤကားပေါ်ကလူတွေ မြင်ရသည်။ နောက်ကဘတ်စ်ကားပေါ်မှာ ပါလာပြီ။ နောက်က ဘတ်စ်ကားက တစ်နေရာမှာ ကျော်တက်သွားသည်။ ကားပေါ်ရှိလူတွေက ထိုဘတ်စ်ကားကိုမီအောင်လိုက်ပါ၊ မောင်းပါဟု ပြောကြ၏။ ကားသမားကလည်း လိုက်မောင်းပေးပါ၏။ မြန်မာတို့က ဝိုင်းဝန်းကူညီတတ်သည့်ဓလေ့စရိုက်သည် အလွန်ချစ်စရာကောင်းပါသည်။

မြို့ထဲမှတ်တိုင်တစ်နေရာမှာ ထိုလူညာကြီးဆင်း၏။ ရှမ်းအမျိုးသမီးနှစ်ယောက်သည် ကောက်ကောက်ပါအောင် ထိုသူနောက်သို့လိုက်ကြ၏။ ထိုလူရိပ်မိသွား၏။ သုတ်သုတ်သွား၏။ သူတို့ကလည်း သွက်သွက်လိုက်၏။ "နင်ကမီအောင်လိုက်ကြည့်၊ ငါက ရဲသွားခေါ်မယ်" ဆိုပြီး နန်းခင်ခင်ထွေးက နီးရာကျောက်တံတားရဲစခန်းမှရဲများကို တိုင်သည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦး ချက်ချင်းလိုက်လာပေး၏။ ရှာကြသည်။ "တွေ့ပြီ၊ တွေ့ပြီ၊ ဟိုမှာ"

မျက်စိမျက်နှာပျက်စွာရပ်လျက် ငေးငိုင်နေသော နန်းအေးအေးမူကို တွေ့ရသည်။

"ဘယ်ရောက်သွားပြီလဲ–ဟိုလူ"

လေ့ကားထစ်ကိုပြသည်။

"ဒီအပေါ်တက်သွားပြီး ပျောက်သွားတာပဲ။ ဆယ်မိနစ်လောက်ရှိနေပြီ"

ရဲတပ်ဖွဲ့ဝင်ကသိသည်။ "မပူနဲ့– ဒါဟာ တခြားဆင်းလမ်းမရှိဘူး။ ကွယ်ရာကစောင့်နေမယ်။ သူမျက်ခြည်ဖြတ်နိုင်ပြီထင်ရင် ပြန်ဆင်းလာမှာပဲ" ပုန်းပြီး သုံးယောက်သားစောင့်နေကြ၏။

လာပြီ။ ကျီးကန်းတောင်းမှောက်ကြည့်ကာ တဖြည်းဖြည်းဆင်းလာသည်။ အောက်လှေကားထစ်အဆုံးလည်းရောက်ရော ရဲက လက်ကိုဖမ်းဆွဲထားလိုက်သည်။ ပြီးပါပြီ။

ရဲစခန်းကိုခေါ်သွားသည်။ တရားရုံးကို ပို့ခဲ့သည်။ ရုံးချိန်းသည့်နေ့မှာ နန်းခင်ခင်ထွေးနှင့် နန်းအေးအေးမူတို့ တရားရုံးသို့ သွားကြရသည်။ အမှုကို ပြေငြိမ်းကျေအေး၍ ရုပ်သိမ်းလိုက်ပါသည်။ မျက်ရည်စက်လက်ဖြင့် အသက် (၆၀)ကျော် ထိုပုဂ္ဂိုလ်က ရှိခိုးဦးတင်ဝန်ချတောင်းပန်ရှာသည်။ "သမီးတို့ကအမှုလုပ်ရင် ဦးဦးဟာ ထောင်ထဲမှာပဲသေဖို့ရှိပါတယ်ကွယ်။ ဦးဦးရဲ့အသက်ကို ကယ်တဲ့အနေနဲ့ ခွင့်လွှတ်ပေးကြပါ။ ကျေအေးပြီးပြတ်သဖြင့် ငွေလေးထောင်လည်းပြန်ရခဲ့သည်။ ထိုလိမ်လည်သူပုဂ္ဂိုလ်၏ ဇနီးနှင့်သားတို့လည်း တရားရုံးမှာပါလာကြသည်။ မိသားစုသုံးယောက်စလုံးသည် သပ်ရပ်သားနား၍ မိကောင်းဖခင်သားသမီးရုပ်ရည်မျိုးတွေ ရှိကြသည်ဟု ဆိုသည်။ သားသားနားနားလည်း ဝတ်စားထားသည်။ လူပုံကိုကြည့်ပါက ရိုသေလေးစားချစ်ခင်စရာ ဥပဓိရုပ်တွေ ရှိကြသူများဟု သိရသည်။

ရုပ်ကိုကြည့်ပြီး ယုံမိသည်။

ပြောစကားကိုကြားပြီး ယုံလိုက်မိသည်။

ဌာနဆိုင်ရာသင်တန်းတစ်ခုကို လာတက်နေကြသော ထိုတောင်ပေါ်သူ မိန်းကလေးနှစ်ယောက်၏အဖြစ်မှာ ရယ်မောစရာလည်းကောင်း၏။ အံ့ဩစရာလည်းကောင်း၏။

မြန်မာလူမျိုးတို့သည် မတရားမှုကိုမကြိုက်ပါ။ မသမာမှုကိုစက်ဆုပ်ရွံရှာသည်။ (အချို့နိုင်ငံက လူမျိုးတို့မှာ တရားတာ၊ မတရားတာ အဓိကမစဉ်းစားပါ။ နိုင်ရာစား၊ နိုင်လျှင်ယူ၊ နိုင်ရာပိုင်ရာလုပ်ကြေးသဘောထားရှိ၏။) ကျွန်ုပ်တို့ဆီမှာ တရားဥပဒေစိုးမိုးရေးနှင့်

ရပ်ရွာအေးချမ်းသာယာရေးကို လူတိုင်းက အသိစိတ်ဓာတ်ဖြင့် ကူညီကြ၏။

ဘတ်စ်ကားပေါ်မှာ ရှမ်းသံဝဲဝဲဖြင့် သူတို့က "အဲဒီလူပဲ–အဲဒီလူပဲ– ကျွန်မတို့ဆီက ငွေလိမ်သွားခဲ့တယ်ရှင့်"ဟု ခုနစ်သံချီနှင့် အော်လိုက်သောအခါ ကားပေါ်ရှိခရီးသည်အားလုံးက ထိုလူကိုဖမ်းမိဖို့ရာ ကူညီချင်ကြသည်။ ကားဆရာကလည်း မီအောင်မောင်းပေးသည်။

ရဲအရာရှိများကလည်း ရတ်တရက်ချက်ချင်း အကူအညီပေး၏။ မှန်မှန်ကန်ကန် တိတိကျကျဖြင့် ထိရောက်စွာဖြေရှင်းပေးခဲ့၏။ ကျူးလွန်သူကို ချက်ချင်းမိ။

တရားရုံးမှ တရားသူကြီးကလည်း ရှမ်းပြည်နယ်မှာ အနှစ်(၂၀)လောက် နေခဲ့ဖူးသူဟု သိရသည်။ ထဘီအပြာနု၊ အင်္ကျီအဖြူ ရုံးအဝတ်အစားနှင့် သူတို့ကို ကိုယ်ချင်းစာသည်။ သင်တန်းလာတက်ရသော ဝန်ထမ်းတို့၏အခြေအနေကို နားလည်သည်။

"ခင်ဗျားတို့ သူတစ်ပါးကို အယုံမလွယ်ပါနဲ့။ ပြီးတော့ လွယ်လွယ်ကူကူနဲ့ ငွေအမြတ်အများကြီး ရချင်တဲ့လောဘလည်း မထားပါနဲ့။ အဲဒါ မှားတတ်တယ်၊ သင်ခန်းစာယူပါ"ဟု တရားသူကြီးက ဆုံးမလွှတ်လိုက်၏။

"ကျွန်မတို့ သတိထားပါ့မယ်ရှင့်"

"ကျွန်မတို့ ဆင်ခြင်ပါ့မယ်ရှင်"ဟု ပြောခဲ့ကြ၏။

တကယ့်ဖြစ်ရပ်မှန် မှူခင်းဂျာနယ်မှာ မကြာမီကဖြစ်ခဲ့ရသည့် တကယ့်အဖြစ်တစ်ခုကို ပြန်လည်တင်ပြလိုက်ရပါသည်။ "ကူညီပါရစေ"ဟု ဆောင်ပုဒ်ထူထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လက်မနှေးသော ကူညီဖြေရှင်းပေးမှုကြောင့် မိုးနဲမြို့နှင့် မိုင်ပန်းမြို့မှ မိန်းကလေးနှစ်ဦး ကတော့ဝမ်းသာကြည်နူး၍ မဆုံးကြတော့ပေ။ ရဲတွေကို ချီးကျူးဂုဏ်တင်၍ပင် မပြီးတော့ချေ။ အေးလေ သူတို့က ပြန်ကြားရေးဝန်ထမ်းတွေဆိုတော့ ဤရွှေ့ဤမျှလောက်တော့ ပြောကြပေမှာပေါ့။

**မှူခင်းမဂ္ဂဇင်း**

■

# မဟုတ် မခံတဲ့လား

ငယ်ရွယ်စဉ်က ထော်လော်ကန့်လန့်လုပ်တတ်လှခြင်းသည် ကျွန်တော်မှမဟုတ်၊ ဆက်ကျော်သက်၏ သဘာဝ။ ကလေး မကၤ၊ လူကြီးမကျ၊ လူ့ဘောင်မှာအထာမကျ။ မြှောက်သည့်အခါ အမြှောက်ခံရ၊ နှိမ်သည့်အခါ အနှိမ်ခံရ၊ လူရာမသွင်းချင် မသွင်းကြ။ မင်းငယ်ပါသေးတယ်ဆို ခံရ၏။ လူရာဝင်ပြီပြောသည့်ခါ ပြောကြပြန်၏။ မင်းဟာကလေးမဟုတ်တော့ဘူးတဲ့။ ဘာယုံရမှာလဲ–ကဲ။

စိတ်ဓာတ်ကလည်း တက်ကြွနေသည်။ ကိုယ်လုပ်လျှင် ဖြစ်ရမည်ပဲထင်နေသည်။ အာနက်စထို–ချေဂွေဗာရာတို့၊ ဖိဒယ်လ်ကတ်စထရိုတို့လို ပုဂ္ဂိုလ်မျိုးလောက်တော့ တို့လည်းလုပ်နိုင်တာပါပဲ၊ သူတို့ကအလျင်ကျတာတစ်ခုပဲသာသည်၊ ဤကဲ့သို့ယူဆခဲ့၏။

ယခုမှ အတိတ်ကာလ အနှစ် (၂၀)ကို သမင်လည်ပြန်ငဲ့စောင်းကြည့်လိုက်သောအခါ ထိုစဉ်က ဖြူစင်သန့်ရှင်းမှုများကို ချစ်ခင်စဖွယ်

တွေ့ရသကဲ့သို့ နှာခေါင်းရှုံ့ဖွယ်၊ ရယ်မောဖွယ်အချက်အလက်များကိုလည်း မြင်ရလေ၏။

ချစ်စရာကောင်းသည်မှာ အမှန်တရားကို စိုက်စိုက်မတ်မတ်မြတ်နိုးမှုနှင့် တရားမျှတမှုကို ကိုးကွယ်ယုံကြည်ခဲ့ခြင်းတို့ဖြစ်ပါ၏။

ချဉ်စရာကောင်းသည်ကား မဟုတ်မခံ ကလန်ကဆန်လုပ်တတ်ခြင်းများဖြစ်ပါသည်။ မမှန်တာလုပ်လျှင် နတ်နေကိုင်းမချန်၊ အကုန်ခုတ်ရှင်းပစ်မည်။ ထက်သန်တက်ကြွလွန်းတော့ တစ်ခါတစ်ရံ မင်းမဲ့စရိုက်ဆန်လေသည်။

နိုင်ငံ့ခေါင်းဆောင်အကြီးအကဲများ၏ ဩဝါဒ၊ အားပေးညွှန်ပြမှုတွေရှိခဲ့သည်။

ကြောက်တတ်လျှင် ဝန်မကင်း၊ မကြောက်မရွံ့မှန်တာကို ရဲရဲပြော၊ မှန်သည့်အတိုင်း ရဲရဲဆောင်ရွက်ကြရန် မှာကြားဆုံးမသည်ကို နာယူခဲ့၏။ ထို့ကြောင့် ကျွန်တော်တို့သည် ဆတ်ဆတ်ထိမခံသည့် တက်လူတွေဖြစ်ခဲ့လေ၏။ အတိုင်းအဆမသိ။ လေ့နံ့ဓားထစ်ပဲ မှတ်ယူတတ်သည်။

လူငယ်ဘဝ စိတ်ဓာတ်တွေတက်နေစဉ်မှာ တက်စာများကို ကျွန်တော်တို့ စားသုံးခွင့်ရခဲ့ကြသည်။ ကျွန်တော်တို့နှလုံးသားထဲအထိ စွဲနစ်နေသော ဓာတ်လိုက်များမှာ အညတရကြက်တော၊ ရဲဘော်အောင်ဒင်နှင့် ဒေါက်တာရေချမ်း စသည်တို့ဖြစ်ကြပါသည်။ အရိုင်းစံပယ်ထဲက ကိုဘခက်သည် မတရား မမျှတသော ဂီတပြိုင်ပွဲအလယ်မှာ တယောကို ရိုက်ခွဲပြီး ဆန္ဒပြလိုက်တော့ ဝတ္ထုစာအုပ်ကို ခဏမှောက်ချထားကာ လက်ခုပ်ဩဘာတီးလိုက်ပါသေး၏။ တရားမျှတမှု၊ အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်အောင် ထိုအချိန်က ရေးသားတင်ပြပေးခဲ့ကြသည့် စာရေးဆရာများ၏ ကျေးဇူးတရားကို ယခုအချိန်အထိ ရိုသေဂါရဝဖြင့် အမှတ်ရမိပါ၏။

အငှမတန်း၌ ဦးကြင်ဥ၏ ဒေဝကုမ္ဗာန်ပြဇာတ်ကို သင်ယူရတော့ မြန်မာစာဆရာက ငါးသစ်ဆုပ်က သက်ရှိကောင်လို ထောင်၍ထရမည် စသည်ဖြင့် ဘီလူးမ၏ကြုံဝါးခန်းစာပိုဒ်ကို ရှင်းပြရာ လက်သီးဆုပ် ငါးဆုပ်စာခန့် စက်ဝန်းအကျယ်ရှိသော သစ်တုံးကြီး လဲရာမှ တောင်ထလာ သကဲ့သို့ဟု အဓိပ္ပာယ်ဖော်ပြရာ ကျွန်တော်က မဟုတ်နိုင်ကြောင်း ထ၍ပြောမိ၏။ ဆရာ့မျက်နှာနီသွားပါသည်။

တက္ကသိုလ်ပထမနှစ်ရောက်စကလည်း နည်းပြဆရာမက ဆဒ္ဒန် ဆင်မင်းအစွယ်ကိုဖြတ်သော လုဒ္ဒကမုဆိုးဟု ပြောနေရာ ကျွန်တော်ထ ရပ်၍ လုဒ္ဒကမဟုတ်ပါ။ သောနုတ္တိုရ်ပါဆရာမဟု အမှားပြင်ရန် တင် ပြမိဖူး၏။ ပန်းနုရောင်ပဝါရှည်စုံချလျက် ခြုံထားသောဆရာမမှာ မျက်နှာ ရဲသွား၏။

ဂုဏ်ယူနေခြင်းမဟုတ်ပါခင်ဗျာ။ မဟုတ်မမှန်လျှင် မြူတစ်မှုန် စာမျှမခံဟု ဆတ်ခနဲ၊ ဖြတ်ခနဲ တုန့်ပြန်တတ်သော ငယ်စဉ်စရိုက် ကို နမူနာတင်ပြခြင်းသာဖြစ်ပါသည်။ ရှက်စရာအပြုအမူများပါ။

အလားတူဖြစ်ရပ်ပေါင်းများစွာကို အကြိမ်ကြိမ်အခါခါဖြတ်သန်း လွန်မြောက်လာသောအခါ၌ကား ကျွန်တော်မှားသည်ဟု သိလာပါသည်။ နောင်တတွေအစုအပုံဖြစ်ကာ သင်ခန်းစာရလာပါသည်။ ထောင်ထောင် ထောင်ထောင်လုပ်ချင်တဲ့ကောင် မှတ်ပလားကွဆိုပြီး အကွက်ရသည်နှင့် အချက်ကျကျဖိချသဖြင့် ပိပြားနေအောင်ခံရဖူးသည်များလည်း ကြုံရပါ ၏။ "ဟဲ ဟဲ– ဆင်နင်းတဲ့ဆန်ကောထက် ပိုမပြားပါဘူးကွာ"ဟု ကျွန်တော် အံတင်းရဖူး၏။ နောက်မဆုတ်ဘူး၊ မကြောက်ဘူးရယ်လို့ပဲ။

သို့သော် ကျွန်တော်၏ ဝမ်းကွဲအစ်ကိုကြီးတစ်ဦးသည် အထက် တန်းပြကျောင်းဆရာဘဝ၌ သူ၏ကျောင်းအုပ်ဆရာကြီးနှင့် ကလန်ကဆန် ဖြစ်ကာ နှစ်ယောက်စလုံး အဝေးနယ်တစ်ခုစီသို့ လွင့်သွားရရှာ၏။ မဟုတ်ရင်တော့ မခံနဲ့ကွဟု တဖွဖွအားပေးခဲ့သော အစ်ကိုကြီးလည်း ဘဝတစ်ပါးသို့ပြောင်းသွားရှာသည်မှာ ကြာပါပြီ။ မကွယ်လွန်မီအထိ

သူ့ခများ သားတကွဲ၊ မယားကွဲ နေသွားရရှာ၏။ မဟုတ်ပေမဲ့ ခံတန် ခံရပေမှာပဲဟု သံဝေဂရမိ၏။ (သံဝေဂ=(ပါဠိ) ထိတ်လန့်ကြောက်ရွံ့ ခြင်း)

"Right is might"

အမှန်တရားမှာ တန်ခိုးစွမ်းအားကြီးမားသည်။

"**သစ္စာ ဓမ္မ**၊ ဝီရိယနှင့်

စာဂဟူသည်၊ ရန်သူအောင်မှု

ကြောင်လေးခု"

စသည် စသည်ဖြင့် အမှန်တရားမြတ်နိုးကိုးကွယ်သူ သစ္စာဘက် တော်သားအဖြစ် ရပ်တည်ကြရန် ပညာရှိများ၊ အသက်အရွယ်ရင့်သူများ၊ လူကြီးများက ကိုးကားသင်ပြခဲ့ကြပါသော်လည်း ကျွန်တော်တို့မှာ မှန် ပါလျက်နှင့် ခံရသည့်ဘက် ရောက်ရောက်နေသောအခါ နားမလည်နိုင်။ လက်တွေ့က ဘယ်လိုကြီးပါလိမ့်။

တစ်ခါတစ်ရံမှာ ငွေရှိသူက ငွေနှင့်ဖိချင်သည်။ ရာထူးရှိသူက ရာထူးနှင့်ဖိတတ်သည်။ ထိုအရာများထက် အမှန်တရားက ပို၍တန်ဖိုး၊ မရှိလေရော့သလား။ ထိုးထိုးထောင်ထောင် ဖီဆန်ပြီး ဟီးရိုးလုပ်ချင်နေ သည့် မိမိအဖြစ်ကိုတော့ မမြင်ခဲ့ပေ။

အမှန်တရားသည် နေရောင်လရောင်ကဲ့သို့ အခါခပ်သိမ်းတော့ မထွန်းပြောင်နိုင်ချေ။ ကာလအကန့်အသတ်ရှိသည်။ ဒေသအကန့်အ သတ်ရှိသည်။ အနိုင်ရသူတို့က သူတို့သာမှန်သည် တရားသည်ဟု ကြေညာသည်ကို ရှုံးနိမ့်သူတို့မှာ နှုတ်ဆိတ်ခေါင်ငုံ့နေရသည့် အတိတ် သမိုင်းများလည်းရှိခဲ့၏။ ဥပမာ–ဆယ့်ကိုးရာစုခေတ် မြန်မာပြည် ကိုလိုနီဘဝ ကျရောက်ရခြင်းကိုကြည့်ပါ။ ပို၍ထင်ရှားအောင်ပြရသော် ဆယ့်ရှစ်ရာစု ဥရောပမှာ ပင်လယ်ဓားပြဗိုလ်ကြီးတွေကို ဘုရင်မက တရားဝင်သူကောင်းပြု ဂုဏ်တင်ခဲ့ခြင်းမျိုးတွေ၊ သည့်ထက်ရှေးကျ သောကာလများ၌ ဥရောပအမှောင်ခေတ်ပင် ရှိချေသေး။

ပရိယာယ်အမျိုးမျိုးဖြင့် နယ်ချဲ့အနိုင်ကျင့်ခြင်း၊ လက်နက်အား ကိုး စိုးမိုးခြယ်လှယ်ခြင်းတို့ဖြင့် အမှန်တရားနှင့် တရားမျှတမှုကို မှေး

မှိန်သေးသိမ်အောင်ပြုခဲ့သော လူ့သမိုင်းထဲမှ ခေတ်ကာလနေရာဒေသတို့ကား ကမ္ဘာမြေတစ်လွှားမှာ များလှစွာ၏။ များလှစွာ၏။

ထို့ကြောင့် အချို့အချို့သော ပုဂ္ဂိုလ်တို့က ဆိုမိန့်ကြပြီ။ ခွန်အားကြီးသူ၊ အနိုင်ရသူက တရားမျှတသည်၊ မှန်သည်တဲ့။ နိုင်ရာစားကြေးတောတွင်းတိရစ္ဆာန်တို့၏ထုံးစံ။

ကျွန်တော်တို့လက်ခံရမည်လော။

စင်စစ် အမှန်တရားသည် ဖုံးကွယ်၍မရ။ သစ္စာသည်သာအမြတ်ဆုံးရတနာဟု ကျွန်တော်တို့အမျိုးသားရိုးရာအယူအဆက လက်ခံခဲ့ပါသည်။ တရားမျှတမှုနှင့် မှန်ကန်ခြင်းကို သံမဏိဓွဲဖြင့် မြတ်နိုးမြဲမြဲစွာဆုပ်ကိုင်ထားကြရပါမည်။ မှန်ခြင်း၊ မှားခြင်း၊ တရားခြင်း၊ မတရားခြင်း နှစ်ဖက်ခွဲ၍ ဆွဲဆောင်အားပြိုင်နေပြီဆိုပါစို့။ မတရားမှန်း၊ မှားမှန်းသိပါလျက် မိမိအတွက် အကျိုးလာဘ်လာဘပေးနေပြီဆိုလျှင် သူသူငါငါတွေဝေတတ်ပါသည်။ ငယ်ရွယ်သူတွေမှာ ရုန်းကန်လှုပ်ရှားနိုင်သောအချိန်အခါအခွင့်အရေးတွေ များစွာချမ်းသာသည်။ ကြီးလာလေလေအစဉ်းစားအတွက်အချက်ထွေပြား၍ အားနည်းလေလေဖြစ်တတ်ပါသည်။ ထို့ကြောင့် လူအချို့မှာ အသက်မငယ်ပါပဲလျက် မှောက်လျက်လဲကျကြ၏။ မှန်ခြင်းမှားခြင်းပြဿနာသည်ကား အသက်အရွယ်ကြီးသည် ငယ်သည်မဟူ အတူတူပင် ဖြစ်သည်ဆိုလျှင် လုံလောက်ပါလိမ့်မည်။

မဟုတ်မခံ နှုတ်တုံ့လှန်၍ ဆိုးခနဲဆတ်ခနဲ ပြန်ပက်ချင်သောစိတ်ကိုကား အသက်အရွယ် အတွေ့အကြုံမှတစ်ဆင့် တဖြည်းဖြည်းသင်ယူ၍ထိန်းသိမ်းတတ်ရပါလိမ့်မည်။ အခြေအနေအချိန်အခါကို ကြည့်တတ်သိတတ်ရပါမည်။ အကျိုးရှိ၊ မရှိ ချင့်ချိန်ရပါလိမ့်မည်။ ရလာမည့်ကောင်းကျိုးနှင့် တိုးလာမည့်ဆိုးပြစ်ကို နှိုင်းယှဉ်ဝေဖန်ရပါမည်။

အသက်အရွယ် ဒူယားနှစ်ဘူးစာရှိခါနီးမှ သိလာရပါမည်။ စိတ်ဆတ်ခြင်းသည် မကောင်းပါ။ စိတ်မြန်ခြင်းသည် မိမိမှန်စေဦး မှားတတ်ပါသည်။ ကန့်လန့်တိုက်တိုင်းလည်း လမ်းမှန်မကျ။

စိတ်ရှည်သည်းခံနိုင်ခြင်းကို တစ်နည်းအားဖြင့် ဖွဲ့ဟု ခေါ်ရမည်ထင်ပါသည်။ ဖွဲ့လိုသည်။ သည်းခံခြင်းသည်ကား စိတ်၏ခွန်အားသတ္တိကြီးမားခြင်းလက္ခဏာပင်ဖြစ်၏။ ဖွဲ့ရှိပါရဲ့လား။

ဆတ်ဆတ်ထိမခံ၊ မဟုတ်မခံ၊ ချက်ချင်းချက်ချင်း တုံ့ပြန်တတ်ခြင်းကား နိုင်ပွဲမသေချာပဲနှင့် စစ်ကစားသည်နှင့်တူစွ။ အန္တရာယ်များလှ၏။ မှားတတ်၏။ စိတ်ဓာတ်ခွန်အား နည်းပါးခြင်းလည်းဖြစ်၏။ ထို့ကြောင့် အချိန်ကို စောင့်နိုင်ရမည်။ ဘုရားသခင်က အမှန်တရားသစ္စာကို မြင်တွေ့၏။ သို့သော် စောင့်ကြည့်သည်ဟု လီယိုတော်စတွိုင်းရေးဖူးသည်။

လောကဓံတရားကို မတုန်မလှုပ်ရင်ဆိုင်နိုင်ခြင်းသည်မှ မင်္ဂလာမည်၏ဟု ဂေါတမဗုဒ္ဓ ဟောပြသတ်မှတ်သည်။ အရာရာတွင် မဟုတ်မခံ တုံ့ပြန်လိုက်တိုင်း အမှန်မရောက်နိုင်။ အမှန်တရားသည် တစ်ခါတစ်ရံ ကြန့်ကြာတတ်သည်။ စိတ်ကိုရှည်ရှည် ဆွဲဆန့်ထားနိုင်ပါစေ။ ရင့်ကျက်သူတို့သည် ဤနည်းဖြင့် အေးချမ်းတည်ငြိမ်စွာ နေတတ်ကြလေသည်။

**အတွေးအမြင်**
**၁၉၈၇ ခု၊ မတ်လ**

■

# အရောင်းကောင်းသည့်ဈေးသည်

**"ကိုယ့်အလုပ်ကို ကောင်းကောင်းလုပ်ပါ။ မည်သည့်ပုဂ္ဂိုလ်မျိုး အတွက်ပင်ဖြစ်စေ၊ လုပ်ငန်းကလေးတစ်ခုကို လုပ်ကိုင်သည့်သူ၏ လုပ်ပုံကိုင်ပုံသည် ၎င်း၏အောင်မြင်မှုအပြင် ၎င်း၏စာရိတ္တကိုလည်း အဆုံးအဖြတ်ပေးသည့် အလွန်ကောင်းသော စမ်းသပ်ချက်တစ်ခုလည်း ဖြစ်ပေသည်"**

လူငယ်လေးတစ်ယောက်၏ မှန်ပြတင်းများ သန့်ရှင်းရေးလုပ်ပုံကို စောင့်ကြည့်လိုက်ပါ။ အကယ်၍ သူသည် ပြတင်းပေါက်၏ထောင့်များကို ချန်လုပ်ပြီး အလယ်နေရာများကိုသာ သုတ်ပါက ထိုကလေးသည် ရှေ့တက်လမ်းသိပ်မရှိလှ။

အိမ်ဖော်မိန်းကလေးတစ်ယောက် အိမ်ခန်းသန့်ရှင်းရေးလုပ်ပုံကို စောင့်ကြည့်ပါ။ ဟိုနားတစ်ချက် ဒီနားတစ်ချက် ဖုတ်ခါပြီး ပေါ့လျှော့လျှော့လုပ်သွားသည်ကို တွေ့ရပါက ထိုမိန်းကလေးသည် သူလက်ထပ်မည့်သတို့သားအတွက် အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်မလာနိုင်ပေ။

ကားဂိုဒေါင်စောင့်တစ်ဦး မော်တော်ကားကို သန့်ရှင်းရေးလုပ်ပုံကို စောင့်ကြည့်ပါ။ သူ့ကို ရာထူးတိုးပေးသင့် မသင့် ချက်ချင်းပြောနိုင်ပါလိမ့်မည်။

လူတိုင်း၏ လုပ်ကိုင်ပြီးစီးသွားသည့် အလုပ်များသည် သူတို့၏ စရိုက်လက္ခဏာကို ဖော်ပြ၏။ ဗရုတ်သုတ်ခ လူပျင်းလူညံ့တစ်ဦးသည် အရိုးအစင်းဆုံး အလုပ်ကလေးတစ်ခုကိုပင် ပစ်စလက်ခတ် လုပ်ပေလိမ့်မည်။

လုပ်ငန်းကလေးများကို ကောင်းကောင်းမွန်မွန်နှင့် လုပ်ဆောင်နိုင်ခြင်းသည် ကောင်းမွန်စွာ လုပ်ငန်းကြီးများကို ပြီးစီးအောင်မြင်အောင် လုပ်ဆောင်နိုင်မှုဆီသို့ ဦးတည်လေသည်။

**ဟားဘတ်ကက်ဆန်**

မှန်တာပြောရလျှင် ကျွန်တော်က တစ်သက်လုံးပဲ ဝန်ထမ်းလုပ်လာတာဆိုတော့ အရောင်းအဝယ်သဘော၊ ရောင်းချရတဲ့ကုန်ပစ္စည်းသဘောမျိုးကို နားဝေးခဲ့ပါတယ်။

အတိုချုပ် ကျွန်တော့်ဘဝကို ပိုင်းခြားကြည့်ရင် ဒီ (၂)ပိုင်းပဲရှိတာပဲ။

(၁) ကျောင်းသား

(၂) စစ်သား

စစ်သားအဖြစ် ၂၇ နှစ်၊ စစ်မြေပြင်နဲ့ စစ်တန်းလျားမှာ အချိန်ကုန်ခဲ့ပြီး အရပ်သားအနေနဲ့ အလုပ်လုပ်ရတော့ အစိုးရဝန်ထမ်းပါပဲ။ အမှုထမ်း အရာထမ်းများရဲ့ သဘာဝထုံးစံအတိုင်းပါပဲ။ ကျရာနေရာမှာ လုပအောင်ကပြရမှာပဲ။

စစ်သားအဖြစ် ၂၇ နှစ်၊ စစ်မြေပြင်နဲ့ စစ်တန်းလျားမှာ အချိန်ကုန်ခဲ့ပြီး အရပ်သားအနေနဲ့ အလုပ်လုပ်ရတော့ အစိုးရဝန်ထမ်းပါပဲ။ အမှုထမ်း အရာထမ်းများရဲ့ သဘာဝထုံးစံအတိုင်းပါပဲ။ ကျရာနေရာမှာ လုပအောင်ကပြရမှာပဲ။ ဘဝဇာတ်ခုံပေကိုး။ ရောင်းကုန်သဘော၊ ရောင်းခြင်း၊ ဝယ်ခြင်းသဘောတွေကို ကျွန်တော် တက္ကသိုလ်နည်းပြဘဝကနေ စာပေတိုက်တစ်ခုရဲ့ အမှုဆောင်အရာရှိချုပ်/ စာတည်းမှူးချုပ်တာဝန်ဆီသို့ ပြောင်းရွှေ့အလုပ်လုပ်ရတဲ့အခါမှာတော့ သဘောမပေါက်လို့ မရတော့ဘူး။ ကျွန်တော်က တစ်လတစ်လမှာ ၁၀ သိန်း၊ ၁၂ သိန်းဖိုးလောက် အနည်းဆုံးရှိတဲ့ စာအုပ်မျိုးစုံကို ထုတ်လုပ်ဖြန့်ချိရောင်းချရတာကိုး။ လုံးချင်းစာအုပ် ၃-၄ အုပ်ကိုပါ ဖြန့်တဲ့လမျိုးဆိုရင် သိန်း ၂၀-၃၀ ရောင်းချရတဲ့အလုပ်ပါ။ မသေးဘူးနော်။

ကုန်ချောစာအုပ်တွေကို အဖုံးပန်းချီ၊ ဓာတ်ပုံဆေးသား၊ အတွင်းကဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ အနှစ်သာရတွေ အရည်အသွေးမြင့်မားအောင် ဖန်တီးစီးမံရတာ မိမိရဲ့တာဝန်ပါ။

ကုန်ကြမ်းစက္ကူ၊ မင်၊ စာအုပ်ချုပ်တဲ့ကြိုး၊ စာအုပ်တွေထုပ်ပိုးတဲ့စက္ကူ၊ ဂုန်နီလျှော်ကြိုး စတဲ့ ပစ္စည်းအမျိုးမျိုးကို အရည်အသွေး စံချိန်မီမီနဲ့ ဈေးအသက်သာဆုံးဝယ်ဖို့လည်း မိမိရဲ့တာဝန်ပါပဲ။

စာဖတ်သူ ဝယ်ယူပရိသတ် စိတ်တိုင်းကျမှ စာအုပ်က ပိုပြီးရောင်းရမှာပါ။ စာအုပ်တွေက ဆွဲဆောင်အား၊ ဖတ်ချင်စဖွယ်၊ ကြည့်ချင်စဖွယ်ဖြစ်ပါမှ စာအုပ်ထုတ်လုပ်ရတဲ့စောင်ရေ တိုးမှာပါ။ ဒီလို စောင်ရေတိုးလေလေ အရင်းအနှီးမများဘဲ ရိုက်ချက်ပဲများများ (ပုံနှိပ်စက်က)ရိုက်ရတာမို့ တစ်အုပ်ချင်းရဲ့ ကုန်ကျစရိတ် (အရင်း)တန်ဖိုးဟာ ကျဆင်းလေလေ ဖြစ်ပါတယ်။ ဒါကြောင့် ယခင်က စောင်ရေ ၃၀၀၀ ရှိတဲ့ မဂ္ဂဇင်းကို ကျွန်တော်က စောင်ရေ ၄၅၀၀ အထိ ကုန်အောင်တိုးရောင်းနိုင်တော့ အရင်း၂၀/– ကျတဲ့စာအုပ်ဟာ တစ်အုပ်မှာ ၁၅/–ပဲ ကျတော့တယ်။ အမြတ်လည်း ပိုပြီးတိုးရလာပါတယ်။ စောင်ရေ ၁၂၀၀၀ရှိတဲ့ စာစောင်ကို ကျွန်တော့်လက်ထက်မှာ စောင်ရေ ၁၇၀၀၀ ကုန်အောင် မြှင့်တင်နိုင်လာတယ်။

(၁) ပြည်သူလူထုကြားမှာ ပိုမိုကျယ်ပြန့်စွာ ပြန့်နှံ့ရောက်ရှိစေတယ်။

(၂) စာအုပ်စောင်ရေတိုးလာတာနဲ့အမျှ အရင်းထုတ်လုပ်မှု တစ်အုပ်ချင်းကုန်ကျစရိတ်ကို လျှော့ချနိုင်တာမို့ အမြတ်ငွေ သိသိသာသာ တိုးတက်ရရှိစေတယ်။

(၃) အကျိုးအမြတ် တိုးပြီးရရှိလာတာနဲ့အမျှ ဝန်ထမ်းတွေရဲ့ ဝတ်ဆင်ရေး၊ စားသောက်ရေး၊ အခြေခံ လူမှုရေးလိုအပ်ချက်တွေကို သက်သာချောင်ချိအောင် ထောက်ပံ့ဖြည့်ဆည်းပေးနိုင်လာတယ်။

(၄) ဝန်ထမ်းအဆင့်ဆင့်က ပျော်ရွှင်တက်ကြွပြီး ခေါင်းဆောင်အကြီးအကဲပေါ်မှာ ယုံကြည်စိတ်ချမှုရှိနေကြတော့ ပိုပြီး အလုပ်ကို အားစိုက်ခွန်စိုက်လုပ်ကြတယ်။

(၅) တက်ညီလက်ညီနဲ့ အယ်ဒီတာအဖွဲ့ရော စက်အဖွဲ့တွေ၊ အုပ်ချုပ်မှုအဖွဲ့တွေ အလုပ်လုပ်ကြတော့ အမှားအယွင်း၊ အကျအပေါက် အလွန်နည်းပြီး **(QUALITY CONTROL)** အရည်အသွေး အဆင့်မြင့်တဲ့ စာနယ်ဇင်းတွေ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ စာပေသမားတိုင်း သိပါတယ်။

အောင်မယ်လေး ကြွားလုချည်လားကွယ်။ ဟုတ်မှဟုတ်ရဲ့လားလို့ ကလော့တော့တော့မေးချင်မေးပါ။ နမူနာတင်ပြပါရစေ။

အောက်ပါစာအုပ်များကို ဖော်ပြပါဈေးနှုန်းနဲ့ စက္ကူအကောင်းစားအဖုံး၊ ပလတ်စတစ်ကြွေဖုံး အမာကတ်နဲ့ ရိုက်နှိပ်ထုတ်ဝေခဲ့တာပါ။ ဒီလို စာအုပ်ပေါင်း ၅၀ ပါ –

(၁) ဒေါက်တာတင်ထွန်းဦး–ရောဂါမဟုတ်သောရောဂါများ
တတယအကြိမ် (၁၉၉၅) ၁၀၀/–

(၂) ဒေါက်တာရဲနိုင်၊ အနောက်ကရွှေ့ အရှေ့ကိုမျှော်
ဒုတိယအကြိမ် (၁၉၉၅) ၇၀/–

(၃) ရန်ကုန်ဘဆွေ၊ သေသော်မှတည့် ကြော်ကောင်း၏
တတိယအကြိမ် (၁၉၉၆) ၁၀၀/–

(၄) ဒေါက်တာကျော်စိန်၊ စိတ်ပညာဆောင်းပါးပေါင်းချုပ်
ဒုတိယအကြိမ် (၁၉၉၇) ၁၅၀/–

(၅) ဂျိမ်းစ်လှကျော်၊ မောင်ရင်မောင် မမယ်မ
စတုတ္ထအကြိမ် (၁၉၉၇) ၁၅၀/–

(၆) ဒေါက်တာနိုင်ပန်းလှ၊ **ရာဇာဓိရာဇ်အရေးတော်ပုံ**
ဒုတိယအကြိမ် (၁၉၉၇) ၄၅၀/–

(၇) ညိုမြ၊ ကုန်းဘောင်ရှာပုံတော်
ဒုတိယအကြိမ် (၁၉၉၇) ၆၀၀/–

ဒီလိုစာအုပ်ကောင်းတွေကို ဒီလောက်ဈေးချိုချိုနဲ့ လှလှပပထုတ်ဝေခဲ့တော့ မရှုံးဘူးလားလို့ မေးချင်စရာပဲ။ မရှုံးခဲ့ဖူးပါဘူး။

စာရေးဆရာများကို စာအုပ်တန်ဖိုး၊ စောင်ရေ ရသမျှဝင်ငွေအားလုံးရဲ့ ၂၀ ရာခိုင်နှုန်း ဉာဏ်ပူဇော်ခ ပေးပါသေးတယ်။ ဒါ့အပြင် တစ်

အုပ်ချင်းက ၁–သိန်းမှ ၅–သိန်းအထိ မြတ်ပါသေးတယ်။ လုံးချင်းစာအုပ်ပေါင်း ၅၀–ထုတ်ဝေခဲ့တော့ တွက်ကြည့်ပေရော့ခင်ဗျာ။ အမြတ်ပေါင်းရာနှင့်ချီ။

မဂ္ဂဇင်းမှာ ကဗျာကို တစ်ပုဒ် ၅၀ဝိ/–၊ အချို့ ၇၀ဝိ/–

ဝတ္ထုတိုပြိုင်ပွဲပြုလုပ်ပေးပြီး တစ်ပုဒ် ၅၀၀ဝိ/–

ဓာတ်ပုံကို ပထမဆု ၃၅၀၀ဝိ/–

ကာတွန်းတစ်ကွက် (သို့မဟုတ်) ၁ မျက်နှာ ၅၀ဝိ/–

စသည်ဖြင့် ကျွန်တော်ကပေးပါတယ်။ အရည်အသွေးကောင်းတဲ့ကဗျာ၊ ဝတ္ထု၊ ဆောင်းပါ၊ ဓာတ်ပုံ၊ ပန်းချီကို သုံးချင်ရင် မူလစီးဆင်းရာအရင်းအမြစ်ကို တန်ဖိုးထားလေးစားရမှာပေါ့။ ဆက်ဆံရေးက အရေးကြီးတယ်။

မိမိကိုယ်ကို ဈေးသည်ဆိုတာ နားလည်ရမယ်။

ရောင်းကောင်းချင်ရင် ရောင်းတဲ့ပစ္စည်းကို ကောင်းအောင်လုပ်တတ်ရမယ်။ ဝယ်သူကို ကျေနပ်နှစ်သက်မှု ရရှိစေရမယ်။ စားသုံးသူကို အစွမ်းကုန်အကျိုးပြုနိုင်သူဟာ အောင်မြင်မှာပဲ။

အင်္ဂလိပ်တက်ကျမ်းစာရေးဆရာ ဟားဘတ်ကက်ဆန် ရေးဖူးတဲ့ ရောင်းပုံရောင်းနည်းကို ဖော်ပြရင်း နိဂုံးချုပ်ပါမယ်။

## သရုပ်ပြဖြစ်စဉ် (၁)

မြေသြဇာအရောင်းသမားတစ်ယောက်သည် လယ်သမားနှင့် သူ့လူများ ကောက်ရိုးတွေကို အပြေးလွှား သိမ်းဆည်းနေကြသည့်အချိန်တွင် လယ်တောသို့ ရောက်လာ၏။ ထိုအချိန်မှာ မိုးကုပ်စက်ဝိုင်းတစ်နေရာဆီမှ မုန်တိုင်းလာနေပြီကို စတင်မြင်ရသောအချိန်ပင် ဖြစ်၏။

မြေသြဇာအရောင်းသမားသည် သူ့အပေါ်အင်္ကျီကို ချွတ်ပစ်ပြီး ခက်ရင်းကို ဆွဲကိုင်ကာ လယ်ကွင်းထဲသို့ဆင်းပြီး ကူညီလိုက်သည်။

တစ်နာရီအကြာတွင် မုန်တိုင်းကျလာ၏။

သို့ရာတွင် ကောက်ရိုးတွေက သိမ်းပြီးသွားပြီ။

ထို့နောက် လယ်သမားနှင့် မြေသြဇာရောင်းသမား အတူထိုင်ဖြစ်သွားသည်၊ မြေသြဇာအရောင်းသမားမှာ လယ်သမားများထံမှ ဓာတ်မြေသြဇာ သေချာပေါက် ဝယ်ယူမည်ဆိုသော အော်ဒါကို ကောင်းစွာရရှိသွားလေသည်။

## သရုပ်ပြဖြစ်စဉ် (၂)

စက်အရောင်းသမားတစ်ဦးသည် စက်ရောင်းရန် အလုပ်ရုံတစ်ခုသို့ရောက်လာ၏။ စက်ပျက်သွားသဖြင့် အလုပ်ရပ်ထားရသော အခြေအနေဖြင့် အလုပ်ရုံဖြစ်နေ၏။ သူက ချက်ချင်း မဆိုင်းမတွပင်–

"ကျွန်တော့်ကို အပေအတေခံဝတ်စုံတစ်ခုပေးပါ။ ကျွန်တော်ကူညီပါ့မယ်"ဆိုပြီး ကူညီသည်။ တစ်နာရီကျော်ကျော် သူအလုပ်လုပ်ရသည်။ စက်ကိုပြင်ပြီးသွားသည်။ သူသည် စက်ပြင်ဝတ်စုံကို ချွတ်လိုက်သည်။ အလုပ်ရုံပိုင်ရှင်သည် ပြုံးသွားသည်။ စက်အရောင်းသမားသည် စက်သုံးလုံးရောင်းချလိုက်ရသည်။ (စက်ကောင်းကြောင်း အထူးကြွားစရာမလို)

အနှစ်ချုပ်မှာ ဝယ်သူကိုစိတ်ချမ်းမြေ့အောင် မိမိက ကူညီဆောင်ရွက်ပေးပါ။

**နွယ်နီမဂ္ဂဇင်း**

**၁၉၉၉ ခု၊ ဇွန်လ**

■

# မပြီးစီးသောအလုပ်ဟူ၍မရှိပါ

သူငယ်ချင်းလည်း စိတ်ပညာနှင့် ဘွဲ့ရခဲ့သည့် ကျောင်းနေဖက်ပင် ဖြစ်ပါ၏။ သူက ငွေစာရင်းရုံးမှာ အလုပ်ဝင်ခဲ့သည်။ စာရင်းကိုင်၊ စာရင်းစစ် တာဝန်တွေ ထမ်းဆောင်နေရသည်။ 'ကျောင်းမှာ သင်ခဲ့ရသော ပညာတွေက ကျောင်းကို ပြန်ရောက်ကုန်တာ ကြာပါပြီကွာ'ဟု ဆို၏။ 'ဟ ငါလည်း အတူတူပေါ့ကွဲ'ဟု ပြောသောအခါ 'မင်းက အမြဲထိတွေ့ပြီး ရှာဖွေဖတ်မှတ်နေတာ မဟုတ်လား'ဟု ပြောလာသည်။ သူအထင်ကြီး သလောက် ဘာမှ ထိထိရောက်ရောက် မဆည်းပူးနိုင်ပါသော်လည်း ကိုယ့်ကို မြှောက်ပြောပုံရလျှင် သဘောကျချင်ချင် ဖြစ်တတ်လေသော သဘာဝအတိုင်း 'အဟဲအဟဲ'နှင့် ငြိမ်နေလိုက်မိ၏။ ဘဝင်မမြင့်အောင် အတော်သတိထားယူရ၏။

'ငါ့သားကို မင်းနည်းနည်းပါးပါး ဆုံးမပေးစမ်းပါကွာ။ သူ ဒီနှစ်ဆယ်တန်း အောင်ထားတယ်။ စစ်ဗိုလ်ဖြစ်ချင်နေတယ်' အဲဒါ မင်းက...'စသည်ဖြင့် ခိုင်းတော့၏။ သူသည် လုအေးဟု ခေါ်ရမည့် လူစားမျိုးဖြစ်၏။ အလွန်စကားနည်း၏။ သူ့သားကို ကြည့်တော့လည်း သူ့ဖအေကဲ့သို့ပင် ကုပ်ချည့်ချည့်ပုံပေါက်နေ၏။ ဗိုလ်လောင်း ဖြေကာနီးလျှင် ကျွန်တော့်ဆီသို့ အကူအညီ တောင်းချင်ကြသည့် ရုပ်နီးရုပ်ဝေး

အပေါင်းအသင်းတို့သည် တဖွဲဖွဲ ရောက်လာတတ်ပါသည်။ 'မလာကြပါနှင့် ကျွန်တော် မတရားသဖြင့် ဘာမှမကူညီပါ'ဟု အခါခါ ပြောပြောလွှတ်နေသည့်ကြားက ကျွန်တော်ဟာ အလွန်တရာကူညီချင် စိတ်ရှိသူဟု သိထားကြသဖြင့် လာဆဲ… လာမြဲ…။

'မင်းသားကို ငါက ဘာမှ ဆုံးမစရာ မရှိပါဘူးကွာ၊ မင်းရဲ့သားက ဆိုးမိုက်နေတာမှ မဟုတ်တာ၊ တိုင်းပြည်အတွက် အနစ်နာခံချင်တဲ့ ဉစ္စာ၊ ကောင်းတဲ့အလုပ်ပဲ၊ ငါက ကူညီနိုင်သမျှလည်း စာထဲမှာ ရေးထားပါတယ်၊ စာအုပ်တွေဖတ်ပါ'ဟု ပြောရ၏။ အိမ်မှာရှိသမျှ စာအုပ်များသည် ဤသို့လက်ဆောင်ပေးရင်းနှင့် ကုန်သွား၏။ စာရေးသူအဖြစ် ထုတ်ဝေသူထံမှရသော အုပ် (၄၀)မျှနှင့် မလောက်င။ လက်ဆောင်ပေးရမည့်သူ ပေးချင်သည့်လူတွေက များ၏။

ဆယ်တန်းကျောင်းသားကျောင်းသူတွေ၌ ရန်ကုန်မှာ ဂိုက် (Guide) ငှားသည်ဆိုပြီး ဘာသာစုံ အနီးကပ်ကြီးကြပ်လမ်းညွှန်သူ ငှားရမ်းကြ၏။ ထိုနည်းပြသည် ဆရာ၊ ဆရာမမဟုတ်။ ဆေးကျောင်းသား၊ စက်မှုကျောင်းသားစသဖြင့် ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးနှင့် ကိုယ်တိုင်အောင်ခဲ့ကြသည့် စာတော်သူလူစားမျိုးပြစ်၏။ ကျူရှင် သင်ပေးခြင်း မဟုတ်။ ဘာသာစုံကို ကျက်နည်း၊ ဖြေနည်း လက်တွေ့လေ့ကျင့်ခန်းတွေ ပေးပြီး စစ်ဆေးပေးသူအလုပ်ကို လုပ်၏။ တစ်လ ၇၀၀၀ိ/– ပေးရတတ်၏။ အချို့က တစ်သောင်းပေးကြ၏။ ထို့ကြောင့် ဆယ်တန်းမှာ စာတော်ခဲ့ပြီး ဂုဏ်ထူးများများ ပါသူတို့မှာ ဂိုက် (Guide)အလုပ်ဖြင့် တစ်လတစ်လ (ငါးယောက်မျှသာ ပြနိုင်ကြ၏။ သည့်ထက်ပို၍ တာဝန် မယူသဖြင့်) လခ သုံးသောင်းခွဲလောက် ဝင်ငွေရှိနေ၏။ ကျွန်တော်တို့ လစာထက် ၁၅ ဆ ကျော်၏။

သူငယ်ချင်းက မိမိကို အခမဲ့ ဂိုက်လာအပ်နေခြင်းပင်။ ကျောင်းနေဘက်အဖြစ် တက္ကသိုလ်၌အတူ နေခဲ့စဉ်မှအပ အလုပ်ခွင်၌ ခွဲခွာဝေးကွာသွားသည်မှာ အနှစ် ၂၀ ကျော် ကြာလေပြီ။ သူလည်း လခစားဖြစ်သဖြင့် မိမိကဲ့သို့ပင် ရန်းကန်နေထိုင်ရမည်ကို ကိုယ်ချင်းစာသည်။ သူတောင်းသည့် အကူအညီကို အခမဲ့ပင် ပြောဆိုရပေမည်။

ကျွန်တော်က ဆောင်းပါးရေးသူဖြစ်၏။ ကျွန်တော့်ကို ထမင်းကျွေးနေသော စာဖတ်သူတွေ နိုင်ငံအနှံ့အပြားမှာ ရှိကြသေးသည်။ သူငယ်ချင်း၏သားမို့ စကားကို တိုးတိုးလေးပဲ အကြံပေးလျှင် မျှတမည် မထင်။ စာဖတ်သူတွေအားလုံးကို ကျေးဇူးတင်သည်မှန်က ဆောင်းပါးထဲ ထည့်ရေးမှ တရားမျှတမည်။ ကဲ…ကဲ…နားထောင်ချင်သမျှ တူမောင်များ လာကြ။ ဦးဦးက အောင်ကြောင်းတရား ပြောမည်ဟု နိဒါန်းရှည်ရှည် ချီလိုက်ရပါသည်။

သုံးချက်မျှသာ ပြောစရာ ရှိပါသည်။

ပထမအချက်က 'စိတ်ဆန္ဒ'ထက်သန် ပြင်းပြရမည်။ ဒါကို အချို့က WILL POWER ဟု ဆိုတတ်ကြ၏။ မြတ်စွာဘုရားသခင်က "ဆန္ဒဝတော ကိံ နာမကမ္မံ နသမိဇ္ဈတိ။" ဆန္ဒထက်သန် ပြင်းထန်သော အလိုရှိသူအတွက် မအောင်မြင် မပြီးစီးသောအလုပ်ဟူ၍ အဘယ်မှာလျှင် ရှိပါမည်နည်းဟု ဟောကြားတော်မူဖူး၏။

စိတ်ဆန္ဒထက်သန်မှုကို မီးခြစ်ဆံလောက်မျှရှိရာမှ မီးပုံကြီးတမျှ ကြီးမားအောင် မိမိကိုယ်ကို လှုံ့ဆော်ပါ။ နှိုးဆော်ပါ။ အိပ်ရာဝင်တိုင်း ဘုရားရှိခိုးပါ။ ဆရာသမား၊ မိဘတို့ကို ပူဇော်ကန်တော့ပါ။ ထိုသို့ အနန္တော အနန္တငါးပါးတို့ကို ရိုသေစွာ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသောအကျိုးအားကြောင့် တပည့်တော်၏ ဘာဖြစ်ချင်သည် ဟူသော လိုအင်ဆန္ဒ ပြည့်ဝရပါ၏ဟု ဆုတောင်းပါ။

အိပ်ရာဝင်တိုင်း သုံးကြိမ်ရွတ်ဆို ဆုတောင်းပါ။ နံနက်အိပ်ရာထ၍ ပူဇော်ခြင်း ကောင်းမှုပြုပြီးတိုင်း အလားတူ သုံးကြိမ်ရွတ်ဆို ဆုတောင်းပါ။ တစ်နေ့လျှင် ကောင်းမှု(၂)ကြိမ်ပြုတိုင်း (၃) ကြိမ်စီ ဆုတောင်း, ဆုတောင်းသွားသဖြင့် အာသေဝနပစ္စယျ သူ့သဘာဝအရ ဆန္ဒခွန်အားသည် ကြီးမား ခိုင်ခံ့လာလိမ့်မည်။ ထိုခွန်အားသည်ပင် စွမ်းအင်အဖြစ် တိုးပွားကာ သင့်ကို အောင်မြင်ခြင်းခရီးအဆုံးသို့ ရောက်စေလိမ့်မည် မလွဲ။

ဒုတိယအချက်မှာ စိတ်ဆန္ဒ အလွန်တရာ ထက်သန်ပြင်းပြလာသောအခါ စိတ်အားထက်သန်မှုနှင့်အတူ တက်ကြွစွာ အားထုတ်မှုလည်း ရှိလာလိမ့်မည်။ မှန်သည်။ "လုံ့လဝီရိယ" ရှိရပေမည်။ အင်္ဂလိပ်က ENTHUSIASM ဟု ခေါ်သည်။

"ဝီရိယဝတော ကိံ နာမကမ္မံ နသမိဇ္ဈတိ။" လုံ့လ ရှေ့ထား ဝီရိယဖြင့် ထက်ထက်သန်သန် ကြိုးစားအားထုတ်သူအတွက် အဘယ် အလုပ်သည် မပြီးစီး မအောင်မြင်ဘဲ ရှိပါအံ့နည်း။

ကြိုးစားလာပြီဆိုလျှင် အောင်မြင်ပေမည်။ လိုအပ်သော စံချိန် အဆင့်အထိ မမီသေးသောအားထုတ်မှုမျှနှင့် အောင်မြင်ခြင်းသို့ မရောက် နိုင်။ တစ်ထွာရှိမှ အသုံးကျမည့်ကိစ္စကို တစ်မိုက်မျှသော ကြိုးစားမှုကို သာပေးလာလျှင် အပြင်းပယ်ခံရမည်သာဖြစ်၏။ တစ်ထောင်မျှရှိသော အတိုင်းအဆဖြင့် မိမိက ကြိုးစားအားထုတ်မှုကို ပြသနိုင်ပါက အောင်မြင် ပြီ သေချာသည်။

ဝီရိယလွန်သော ဥဒ္ဒစ္စဟူ၍ မြန်မာစကားရှိ၏။ ပူပန်ကြောင့် ကြ၍ အစားပျက်၊ အအိပ်ပျက် လွန်ကဲစွာ ကြိုးစားလွန်းခြင်းဖြစ်လျှင်ကား အချည်းနှီးဖြစ်သွားတတ်၏။ စာကြိုးစားလွန်ပြီး စာမေးပွဲဖြေကာနီးမှ ဖျားနာ သကဲ့သို့ မဖြစ်ရအောင် ထိန်းသိမ်းနိုင်ရမည်။

အထူးသဖြင့် ကမ္ဘာ့ရေးရာ ဗဟုသုတများကို နေ့စဉ်သတင်းစာ နှင့် မြဝတီဂျာနယ်၊ ကမ္ဘာ့ရှုခင်း၊ မြက်ခင်းသစ်စသည်မဂ္ဂဇင်းစာစောင် များကို ဖတ်ရှု လေ့လာသင့်လေသည်။ နိုင်ငံတကာ အခြေအနေကို မသိရှိလျှင် အမြင်ကျယ်သူ မဖြစ်နိုင်ပေ။ အမြင်မကျယ်သူသည် ခေါင်း ဆောင်ကောင်း မဖြစ်လာနိုင်ချေ။ ထို့ကြောင့် လုံ့လဝီရိယဖြင့် ဗဟုသုတ၊ ကာယကြံ့ခိုင်မှု၊ ဟောမှု၊ ပြောမှု၊ နှုတ်မှုပညာ စသည်တို့ကို လေ့လာ လေ့ကျင့်နေသင့်၏။ အသိအမြင်တိုးအောင် ကြိုးစားရမှာ ဖြစ်၏။

တတိယအချက်မှာ ဆင်ခြင်ဉာဏ်ပြည့်စုံရန် လိုအပ်ခြင်းဖြစ်၏။ မြတ်စွာဘုရားက ပညာဝတော ကိံ နာမကမ္မံ နသမဇ္ဈတိ။" ပညာရှိသူအား

အဘယ်အမှုကိစ္စသည် မပြီးစီးဘဲ ရှိပါအံ့နည်းဟု ဟောတော်မူခဲ့၏။ "ပညာ"ရအောင် အဓိက ဦးစားပေးပါ။

ပညာပြည့်ဝလျှင် အောင်မြင်ပေလိမ့်မည်။ ပညာမပြည့်ဝသေးသော် ဘေးချော်နေတတ်သည်။ ဟိုအကပ် ဒီအကပ်ရှာတတ်သည်။ ဟိုဟိုဒီဒီ လာဘ်ပေး၍ ရာထူးရမည် ထင်မှတ်မှားတတ်သည်။ အစဉ်အလိုက် တစ်ခုကို ရှိအောင်လုပ်ပြီးမှ နောက်တစ်ဆင့်ကို တက်ရသည်။ အဆင့်က သုံးချက်ရှိကြောင်း အထက်မှာ ဖော်ပြခဲ့ပြီး။

ဆန္ဒ – ထက်သန်ပြင်းပြရမည်၊ ညစဉ်ဆုတောင်း။

ဝီရိယ – မပြတ်မလပ် ကြိုးစားအားထုတ်လေ့လာ ဆည်းပူး။

ပညာ – ဆင်ခြင်တုံတရား၊ အမှန်အမှား ခွဲခြားနားလည်။

ဤသုံးချက်ဖြင့် ဆောင်ရွက်ပါက သူငယ်ချင်း၏ သားသည် လိုအင်ကြီဆ ဆန္ဒဟူသမျှ ပြည့်ဝပေလိမ့်မည်။ ဤကဲ့သို့ ကျွန်တော် ပြောလိုက်သည်။ စာဖတ်သူများအနက်မှ 'ခုခေတ်မှာ ဒီသုံးချက်က အံ မကိုက်တော့ပါဘူးဗျာ'ဟု ငြင်းဆန်ချင်သူ၊ သဘောမတူနိုင်သူ အချို့ လည်း ရှိကောင်းရှိနိုင်ပါသည်။ မှန်ပါသည်။ လမ်းရိုးကို လူတိုင်းမကြိုက် ချေ။ ကျွန်တော်ကတော့ သည့်ထက်ပိုပြီး ဆန်းသော၊ သစ်သောလမ်း ကို မပြတတ်ပါပေ။ သေချာပေါက် အောင်မြင်ချင်သူတို့အတွက် လက်တွေ့လမ်းညွှန်ဖြစ်မည်ကိုမူ အာမခံပါသည်။ အောင်မြင်ပါလိမ့်မည်။

**သုတစွယ်စုံမဂ္ဂဇင်း**

■

# လုပ်ရင်အမှားပါမှာပဲ

ကျွန်တော်သည် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကို ထုတ်ဝေရသော အလုပ်သမား မင်းမှုထမ်းတစ်ယောက် ဖြစ်လေ၏။ စာပိုဒ်တစ်ပိုင် မှားလျှင် ကျွန်တော့်တာဝန် မကင်း။ စာကြောင်းတစ်ကြောင်း မရှင်းလင်းလျှင် ကျွန်တော်လည်း သက်ဆိုင်သည်။ စာလုံးတစ်လုံး လွဲမှား သို့မဟုတ် မပီသ သို့မဟုတ် ဖတ်မရလျှင်လည်း ကျွန်တော်နှင့် ပတ်သက်သည်။ ကျွန်တော်က မထွက်မီမှာ ကြည့်ရှု စစ်ဆေးရမည် မဟုတ်လား။ မိမိအလုပ်တာဝန်။

အမှားကတော့ ဘာမှားသလဲ မမေးနဲ့။ သတ်ပုံမှား၊ စာလုံးမှား၊ ဝါကျသဒ္ဒါမှား၊ စာနေရာချပုံမှား၊ ပန်းချီနှင့်စာနှင့်တခြားစီမှား။ တကယ် လုပ်ကြည့်သောအခါ အမှန် ၁၀၀ ထဲမှာ အမှား ၁၀ လောက်ပါသွားလျှင် ပင် ကျေနပ်စွာ သက်ပြင်းချရတော့သည်။

လုံးဝ အမှားမပါအောင် ရည်ရွယ်ချက် ပြင်းထန်စွာ ကြိုးစားကြည့်ဖူး၏။ အလို မရနိုင်ပါတကား။ ၁၅ ရက်နှင့် မှန်မှန်ထွက်ရမည့်ဂျာနယ်သည် ၃ ပတ်၊ ၄ ပတ် ကြာသွားနိုင်သည်။ ၁ လနှင့်ထွက်ရမည့်စာစောင်၊ မဂ္ဂဇင်းသည် နှစ်လ၊ သုံးလ ကြာသွားနိုင်သည်။ မှန်ပါသည်။ အချိန်က ကန့်သတ်ချက် ရှိသည်။ အချိန်မီ ပြီးစီးရမည်။ စောစောထုတ်လေ အကျိုးရှိလေလေ။ နောက်ကျလေလေ ဘယ်လောက်ကြီးပဲ အမှားနည်းနည်း ဈေးကွက်မှာ သူတကာနှင့် မယှဉ်သာ။ အရောင်းထိုင်းပြီ။

ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်။

မိမိထုတ်လုပ်သော ပစ္စည်းဈေးကွက်မှာ ဝယ်အားရှိနေသော အချိန်မှာ အချိန်မီ ထုတ်လုပ်ပေးနိုင်ရမည်။ ဝယ်လိုအား ကျဆင်းသွား

သည့်အခါမှ စုပြုံပြီး ပုံအောထုတ်လုပ်နေသော်လည်း အရောင်းထိုင်းပြီး အပေါင်းဈေး ရောက်သွားနိုင်သည်။ စာပေထုတ်ဝေရေး လုပ်ငန်းသည် အနုပညာကိစ္စ၊ ယဉ်ကျေးမှုကိစ္စဟု ဆိုကြ၏။ မှန်၏။ စာပေလုပ်ငန်း သည် နိုင်ငံရေး၊ သဘောတရားရေး ဆိုင်သည်ဟု အချို့က ပြောကြ၏။ မငြင်းလိုပေ။ အမှန်တကယ် လက်တွေ့ကျကျ လူပ်ရှားရုန်းကန်ရသည် ကား စီးပွားရေး၊ ကုန်ထုတ်လုပ်ငန်း ရောင်းဝယ်ရေး စစ်မြေပြင်မှာ အများတကာနှင့် (မယှဉ်ချည်လည်း ယှဉ်၊ ယှဉ်ချင်လည်း ယှဉ်) သူနိုင် ကိုယ်နိုင်ယှဉ်ပြိုင်ရသော စီးပွားရေးလုပ်ငန်း Commercial Job စစ်စစ် ပါတကား။

အမှားကင်းအောင် ဘယ်သူမျှ မလုပ်ဆောင်နိုင်ကြောင်း ထွက် နေသမျှ မဂ္ဂဇင်း၊ ဂျာနယ်စာစောင်တို့ကို လေ့လာကြည့်သောအခါ တွေ့ရပါလိမ့်မည်။ ပုထုဇဉ်လူသားတွေပဲ။ မမြင်လို့လည်း မှားယွင်း၏။ မသိလို့လည်း မှားတတ်၏။နားမလည်၍လည်း မှားပြန်၏။ မိမိကိုယ် တိုင် သိမြင်နားလည်အောင်လည်း အမြဲတမ်း လုံးပန်းနေရမည်။ မိမိ နှင့်တကွ လုပ်ဖော်ကိုင်ဖက်များကိုလည်း အမှားကင်းစင်နိုင်သမျှ ကင်းစင် အောင် ကူညီလေ့ကျင့် သင်ပြနေရမည်ဟု နားလည်ပါ၏။

မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကို လူတိုင်းလိုလို ဆောင်ထား အောင် ထုတ်ဝေပေး၏။ ထိုအခါ စနှင့် ဆ၊ သနှင့်တ အစရှိသော မမှားသင့်သော အမှားလေးတွေ လျော့ပါး ကျဆင်းသွား၏။ ကျွမ်းကျင် သောပုဂ္ဂိုလ်များကို ဖိတ်ခေါ်၍ ရက်တိုသင်တန်းလေးတွေ ပေးစေသည်။ အလွန်ထိရောက်သည်။ ကွန်ပျူတာစာစီ၊ စာပြင်၊ စာတည်းတို့မှာ ပညာများတိုးတက်လာ၏။ အမှားနည်းအောင် ဆောင်ရွက်၍ရကြောင်း ဝန်ခံပါ၏။ အသိအမြင် ဗဟုသုတတိုးအောင် လေ့ကျင့်ရမည်။ အလေ့ အထသဘောဖြင့် ကျွမ်းကျင်နေအောင် လေ့ကျင့်ရမည်။ ကျွန်တော်သည် လေ့ကျင့်ရေးနယ်ပယ်တွင် ၅ နှစ်မျှ ကျောင်းဆရာတာဝန် ယူခဲ့ဖူးသူ ဖြစ်၏။ လေ့ကျင့်ရေး၏ တန်ဖိုးရှိပုံကို သဘောပေါက်၏။ လေ့ကျင့်ရေး အခန်းကဏ္ဍကို ကျယ်ပြန့်စေလို၏။

အကယ်၍သာ ကျွန်တော်လုပ်ဆောင်မှုသည် အမှားနည်းသည်ဟု ဆိုလျှင် လေ့ကျင့်ရေး၏ ကျေးဇူးများသာဖြစ်ပါ၏။ သို့ရာတွင် ဆရာ တစ်ဦး ပြောသောစကားကို နားထဲမှာ ကြားယောင်သည်။

"လုပ်ရင် အမှားပါမှာပဲ၊ မှားတာကိစ္စ မရှိဘူး၊ အလုပ်တွင်ကျယ် အောင်က အလုပ်ဆိုတာကို လုပ်မှပဲ ဖြစ်တယ်။ ရဲရဲလုပ်"

ရဲရဲလုပ်သဖြင့် အမှားလေးတွေတော့ တွေ့ရသည်။ ထိုအခါ ကျွန်တော် အားမလို အားမရ ဖြစ်မိသည်။ အားလုံးသိသည့်အတိုင်း ကျွန်တော်၏ ပထမဆုံးသော လုံးချင်းစာအုပ်တစ်အုပ်ကို ထုတ်ဝေရာ စာလုံးပေါင်းအမှား ၃၂၀ တိတိ စစ်ဆေးတွေ့ရှိရပါသည်။ မည်သည့် ကွန်ပျူတာစာစီမှာ အပ်သည်ဟု မပြောလို။ မူလမဂ္ဂဇင်းထဲမှာ မှားသည် ကို မှားခြင်းလည်းပါသည်။ မူလမဂ္ဂဇင်းထဲမှာ မှန်သည်ကိုလည်းသူ့စီမှ မှားခြင်များလည်း ပါသည်။ စာတစ်အုပ်လုံး၏ စာမျက်နှာ ၃၀၀ပင် မပြည့်ပါ။ ထို့ကြောင့် တစ်မျက်နှာလျှင် စာလုံးတစ်လုံး ပျမ်းမျှ အမှားအယွင်းပါနေတော့၏။ အားမရ။

စာအုပ်က ထွက်လျှင်ထွက်ချင်း ပြိုက်ခနဲ ကုန်သွားသည်။ နောက်ထပ်စောင်ရေ ၂၀၀၀၊ နောက်ထပ်စောင်ရေ ၂၀၀၀၊ တတိယ အကြိမ်အထိ ဆက်တိုက်ရိုက်နှိပ်သော်လည်း ဝေါခနဲဝေါခနဲ ကုန်သွား သည်။ ဆွဲအားကောင်းနေသည်။ တောင်းဆိုနေသေးသည်။ နည်းနည်း စောင့်ချင် စောင့်ပါစေ။ စာလုံးပေါင်းမှားသည်များကို ပြင်ပြီး အသစ်စာစီ ချင်သည်။ အသစ်စာစီ၊ အသစ်ဖောင်ဖွဲ့၊ အသစ်ဖလင်ရိုက်၊ အသစ် ပလိတ်ကူး၊ ဟာ– တစ်သိန်းလောက် စတုတ္ထအကြိမ်မှာ ပိုပြီး ကုန်မည်။ ကုန်ပါစေ။ ငွေအမြတ်အတွက် ထုတ်ဝေဖြန့်ဖြူးနေခြင်း သက်သက် မဟုတ်။ စာလုံးပေါင်းသတ်ပုံကို စာပြင်အဖွဲ့က စစ်ဆေးပြုပြင်ပြီးသားမှ အမှားနည်းမည်။ တိုင်ပင်ဆွေးနွေးပြီး၊ အသစ်ပြင်ပြီး ရိုက်ဖို့ ဆုံးဖြတ် ကြသည်။ ရိုက်ပြီ၊ ထွက်ပြီ၊ ကျွန်တော် စစ်ကြည့်သည်။ ဟောဗျ။ အမှား မကင်းသေး။

အာဇာနည်ခေါင်းဆောင်ကြီး ဆရာကြီး ဦးရာဇတ်၊ မန္တလေး အမျိုးသားကျောင်း၊ ကျောင်းအုပ်ဆရာကြီးဘဝက ဆရာကြီး ပြောနေကျ အဆုံးအမတစ်ခုရှိသည်။ (Simple English is the best English) ရိုးရိုး ရှင်းရှင်း အင်္ဂလိပ်စာက အကောင်းဆုံး အင်္ဂလိပ်စာပဲကွာဟု ဆရာကြီး လက်သုံးစကား ပြောကြားတတ်သည်။ မိမိ၏တစ်သိန်းလောက် ထပ်ကုန်ရ အောင် ကြိုးစားပမ်းစား ပြင်ပြီး လုပ်ထားရသော ထိုစာအုပ် စာမျက် နှာ ၂၄၈ မှာ English is the best English တဲ့ ဗျာ။ အဓိကအကျဆုံးသော

Simple က ပြုတ်ကျ ကျန်ရစ်ပါကော။ စိတ်ညစ်စရာပါပဲ။ အမှားပြင်ဆင်ချက် လိုနေပြန်ပါရော။

စာဖတ်သူတွေထဲက အမှားထောက်ပြ ဝေဖန်ကြသည့်စာတွေလည်း ရခဲ့သည်။ အမှားကင်းစင်အောင် စိစစ်ခဲ့ပါသည်။ တောင်ကြီးမြို့မှ သွားဆရာဝန် ဒေါက်တာအောင်ကျော်ဆိုလျှင် စာလုံးပေါင်းသတ်ပုံအမှား ၂၀၀ နီးပါးကို စာပြင်ဆရာပမာ စေ့စပ်စွာ ပြင်ဆင်တည်းဖြတ်ပြီး ပို့ပေးလာသည်။ ကျေးဇူးအထူး တင်ပါ၏။

မာလာရီခေါ် ဒေါ်ကြည်ကြည်ဌေးကို နာမည်ကျော် ဇာတ်မင်းသားတွေနှင့် တွဲပြီး ရုပ်ရှင်ရိုက်ဖူးသည်ဟု ကျွန်တော် ရေးခဲ့၏။ ရွှေမန်းဦးတင်မောင် (ဝိမာန)၊ ဦးစိန်အောင်မင်း (မင်းကုသ)၊ ဦးကက်နက်စိန် (သုယောနန္ဒိ) စသည်ဖြင့် ရိုက်ခဲ့ဖူးသော်လည်း ရွှေနန်းတင်နှင့် ဒေါ်ကြည်ကြည်ဌေးတို့ တွဲ၍ မရိုက်ခဲ့ဖူးပါ။ ဒေါ်ကြည်ကြည်ဌေးသည် ရွှေနန်းတင်နှင့် ရုပ်ရှင်ရိုက်ဖူးသည့်သဘော ထိုစာအုပ်ထဲမှာ ပါသွားခဲ့သည်။ ဤသို့စသည် လွဲမှားသောအချက်အချို့လည်း မပြင်လိုက်ရပေ။ ကျွန်တော်က မိမိကိုယ်တိုင်ကို စေ့စပ်လှပြီ၊ သေချာတိကျတတ်သည်ဟု ထင်ခဲ့မိသည်။ အမှားပြင်ရန် လိုနေသေး၏။

စက်ရိုက်နေသော စက်ရိုက်ခန်းထဲမှာ ဆူဆူညံညံ စက်သံတွေကြား၌ ပုံနှိပ်ဆရာ တစ်ဖက်သို့ လှည့်ထွက်သွားစဉ် မင်တွေ တစ်ကိုယ်လုံး ပေတေညစ်ပတ်နေရှာသော သူ့တပည့် စက်ရိုက်သမားလေးက ခပ်တိုးတိုး ညည်းတွားလိုက်သည်–

"အလုပ်လုပ်ရင် အမှားကတော့ ပါမှာပဲ"

ဖျတ်ခနဲ ဖျတ်ခနဲ ချောင်ကြိုချောင်ကြားထိအောင် ရောက်သွားတတ်သော ကျွန်တော်ကလည်း စက်ရိုက်သံ မိုးကြိုးရွာနေသလို ဆူညံနေသည့်ကြားက ထိုစကားကို ကြားမိအောင်ကြားလိုက်သေး၏။ ကျွန်တော်ပြုံးမိ၏။

"လုပ်ရင် အမှားကတော့ ပါမှာပဲ"တဲ့။

ဟုတ်ပါတယ်။ အမှားနည်းအောင် တို့တစ်တွေက ပိုပြီး ကြိုးစားကြမယ်။ အတွေးက လျှပ်တစ်ပြက် ပေါ်လာ၏။

**လျှပ်တပြက်ဂျာနယ်**

**၁၉၉၇ ခု**

■

# သက်ရှည်ကျန်းမာ လမ်းလျှောက်ပါ

ဆရာကြီးရွှေဥဒေါင်း (၁၈၈၉–၁၉၇၃) ကို မမီလိုက်ပေ။ သို့သော် ဆရာကြီးရေးသမျှ စာတွေ အားလုံးနီးပါး ကျွန်တော် ဖတ်ဖူးသည်။ ဆရာကြီး ရွှေဥဒေါင်း အသက်(၂၀)ကျော်အရွယ်က ရေးခဲ့သော ရန်ကြီးအောင်ဝတ္ထုမှသည် စုံထောက်မောင်စံရှားနှင့် ဇော်ဟိတ်အလယ်၊ ဘာသာရေးဆွေးနွေးချက်အဆုံး အားလုံးလောက်ပင် ကျွန်တော်စွဲမက်သည်။ မောင်စံရှားနှင့် မောင်ဟိတ်ဆိုလျှင် အကြိမ်ပေါင်း မည်မျှ ဖတ်ခဲ့မိသည် မသိပါ။ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များဆိုလျှင်လည်း အခါခါဖတ်မိ၍ ဖတ်တိုင်းပင် ချီးကျူးလေးစားရပါသည်။ ခွန်အားရှိသောစာဆိုသည်မှာ ဆရာကြီး၏ ရေးပုံရေးနည်း ဖြစ်ပေလိမ့်မည်။

ဆရာကြီးသော်တာဆွေ (၁၉၁၉–၁၉၉၅)ကိုမကွယ်လွန်မီကျွန်တော် တွေ့ဖူးသည်။ ၁၉၈၄ ခုနှစ်မှ စ၍ ရှုမဝနှင့် သောင်းပြောင်းထွေလာရယ်စရာ(ဆရာကြီးက စာတည်းချုပ်လုပ်သည့်မဂ္ဂဇင်း)မှာ ဆရာကြီးနှင့်မကြာခဏဆုံရသည်။ ရှုမဝမှာ သော်တာဆွေ၏ ကျွန်တော့်ဘဝဇာတ်ကြောင်းကို လစဉ်ရေးနေပြီး သောင်းပြောင်းထွေလာမှာ လစဉ် ပင်တိုင်ဆောင်းပါးရေးပေးသည်။ လစဉ် သို့မဟုတ် လခြား၍ ကျွန်တော့် ဆောင်းပါးတွေလည်း ထိုမဂ္ဂဇင်းတို့မှာ ပါသဖြင့် စာမူခ သွားထုတ်ရင်း ထိုစာပေတိုက်

တို့မှာ ဆုံတွေ့ရဖူးသည်။ လက်ဖက်ရည်အတူသောက်၊ အအေးအတူသောက်၍ ရောက်တတ်ရာရာပြောကြသည်ကို ဘေးက မှတ်သားနာယူဖူးပါသည်။ ဆရာကြီးသော်တာဆွေက မြေဇာ၊ ငွေကြည်တို့၏ ကာတွန်းများကို ရယ်မောစွာ ချီးကျူးလေ့ရှိသည်။ ကံချွန်၏ဝတ္ထုနှင့် ဆောင်းပါးများကို အားရပါးရ ချီးကျူးတတ်သည်။ လူတော်တွေ၊ လူတော်တွေဟု မှတ်ချက်ချသည်ကို ကြားခဲ့ဖူးသည်။

သော်တာဆွေ့စာများ ဖတ်လိုက်ရလျှင်ရင်ထဲကို ရှောခနဲ ရှောခနဲ ပျော်ဝင်သွားတာပဲဟု ဖတ်သူတိုင်းလိုလိုက လက်ဖျားခါရလောက်အောင် ဆရာ့ကလောင်သည် မှော်အောင်ပါ၏။ သော်တာဆွေ့စာတွေ ကောင်းတာပေါ့ဗျာ။ သူက စာဖတ်သူတွေကို သိုဝှက်လိမ်ညာထားတာ ဘာမှ မရှိဘဲကိုး။ အရက်သောက်တာရော၊ မိန်းမပိုးတာရော၊ သူ့သား ဖိုးစွဲတာ မကျန် အကုန်ရေးတာဗျ။ သူ့လိပ်ပြာက သန့်စင် Clear Conscious ဖြူရှင်းနေတော့ စာတွေက ကောင်းတာပေါ့၊ သိပ်ကောင်းတာပေါ့ဟု မိတ်ဆွေ တစ်ယောက်က ပြောပြ၏။

စာဆိုသည်မှာ စိတ်ကို ဖော်ပြရခြင်း ဖြစ်ပါသည်။ လိမ်ညာဖုံးဝှက်၍ ရသောအရာမျိုး မဟုတ်ချေ။

ပလီစိချောက်ချက်ဖြင့် စိတ်မပါဘဲ ဟန်ဆောင် ဖုံးကွယ်ပြီး ရေးသောစာများသည် စာကောင်းဖြစ်မလာနိုင်ပေ။ ပေါ့ဟာဟာ ခြောက်ကပ်ကပ် ရှိတတ်၏။

ဆရာကြီးသောတာဆွေ၏ ဝတ္ထုအားလုံး၊ ဆောင်းပါးအားလုံး ကျွန်တော် မရမက ရှာဖွေပြီး ဖတ်၏။ ရေငတ်သူ ရေမော့သောက်သကဲ့သို့ တဂွတ်ဂွတ်ဖတ်၏။ "ရွှေပြည်တော်သည်"နှင့် "ဘွာဒွေ့ဝ"ကိုတော့ (ရပ်ရှင်သာကြည့်ဖူးသော်လည်း)ယခုအထိ မဖတ်ဖူးသေးကြောင်း ဝန်ခံပါရစေ။ အဟိစာစောင်ထဲက အတိုအထွာမကျန် မြေလှန်ရှာပြီး ဖတ်ခဲ့ဖူးပါ၏။ ဆရာကြီးသော်တာဆွေ စာရေးပုံမှာ စာဖတ်သူစိတ်ကို လက်ဆွဲခေါ်သွားသကဲ့သို့ လိုက်ပါသွားစေနိုင်၏။

ရွှေဥဒေါင်းနှင့် သောတာဆွေတည်းဟူသော နေ၊ လတို့၏ အလင်းရောင်ဖြင့် ကျွန်တော်တို့သည် စာဖတ်ဝါသနာထုံကာ စာပေ

မြတ်နိုးသူများ ဖြစ်လာခဲ့ကြ၏။ ဆရာကြီးတို့၏ စာပေကျေးဇူးသည် ဖော်မပြနိုင်အောင် ကြီးမားပါပေသည်။

ကျွန်တော့်တစ်ယောက်တည်း၏အပေါ်တွင် ဆရာကြီးနှစ်ဦး၏ ကျေးဇူးမှာ သူတကာထက် ပို၍ ကြီးမားနေပြန်ပါတော့သည်။ အကြောင်းမှာ ကျွန်တော် ယခုကဲ့သို့ ကြံ့ခိုင်ကျန်းမာရွှင်လန်း သွက်လက်နေရခြင်းသည် ဤဆရာကြီးနှစ်ဆူ၏ ဆုံးမသြဝါဒကြောင့်ပါတည်း။

ရွှေဥဒေါင်းက လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများကို အခါအခွင့်သင့်တိုင်း ရေးသား၏။ လမ်းလျှောက်ခြင်းကို ရေးပြီး အားပေးရုံသာမက ကိုယ်တိုင်လည်း လမ်းလျှောက်၏။ ထို့ကြောင့်လည်း ကျန်းမာအသက်ရှည်ခဲ့ပါ၏။

သော်တာဆွေကလည်း လမ်းလျှောက်ခြင်း၏ကောင်းကျိုးများကို မကြာခဏ ရေးသားတတ်ပြန်၏။ သူကိုယ်တိုင်လည်း လမ်းလျှောက်၏။ ထို့ကြောင့် အဖျားအနာ မရှိသလောက်ပင် ကျန်းမာရေး ကောင်း၏။ အသက် (၇၀)အထိ ဒေါင်ဒေါင်မြည်ဖြစ်ခဲ့ပါ၏။ ဆရာကြီး၏ဇနီး မေကွယ်လွန်ပြီးနောက်ပိုင်းတွင်တော့ စိတ်ထိခိုက်မှုကြောင့်ပေလော မဆိုနိုင်ပေ။ ကျန်းမာရေး အခြေအနေ သိသာစွာ ယိုယွင်းကျဆင်းသွားရှာခဲ့လေသည်။ မည်သို့ပင်ဆိုစေ အရက်သောက်တတ်ကြသူအချင်းချင်းတွင် တင့်တယ်၊ အောင်လင်း၊ သန်းဆွေ၊ မိုးဝေ၊ မင်းရှင်စသည့် သောက်ဖော်သောက်ဖက်တို့ထက် သော်တာဆွေတစ်ယောက် အသက် (၇၆)နှစ်အထိ အိုအောင်မင်းအောင် အသက်ရှည်ခဲ့ခြင်းသည် "လမ်းလျှောက်ခြင်း၏ကျေးဇူး"ဟု အခိုင်အမာ မှတ်တိုင်ထူနိုင်ပါ၏။

စာတွေပေတွေ ဖတ်တတ်လာသည့် ဆယ့်လေးငါးနှစ်အရွယ်မှစ၍ ယနေ့ယခုအသက် (၅၀)တိုင်အောင် ကျွန်တော်သည် တတ်နိုင်သမျှ လမ်းလျှောက်၏။ နေ့စဉ်လမ်းလျှောက်၏။ ရုံးအလုပ် အလွန်အထိုင်များသည့်ကြားမှ ၁၀ ပေ၊ ပေ ၂၀ အခန်းကျဉ်းကျဉ်းလေးထဲ၌ပင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၏။

ဆယ်ကျော်သက်အရွယ်မှာ ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးသော်တာဆွေတို့က လမ်းလျှောက်ခြင်း၏ အကျိုးရှိပုံများကို ရွှန်းရွှန်း

ဝေအောင် ရေးသား ဖော်ညွှန်းခဲ့လေရကား ကျွန်တော်သည် လမ်းလျှောက် ခြင်းကို ပညာရှိကဝိတို့၏ ဩဝါဒအဖြစ် သဘောထားကာ မှတ်ယူလိုက် နာခဲ့ပါ၏။ ထို့ကြောင့် ကျွန်တော်၏ခြေသလုံး ပေါင်လုံးကြွက်သားတို့ သည် လေ့ကျင့်သားတက်ကာ တကယ့် ဘောလုံးသမားတစ်ယောက် ကဲ့သို့ သန်မာ ကြံ့ခိုင်၏။ စစ်သားဘဝတွင် ပေ ၆၀၀၀–၇၀၀၀ တောင်ကြော၊ တောင်ခါးပန်းတွေကို ဆင်းချည်၊ တက်ချည် စစ်ကြောင်း ချီတက်ရတော့ ကျွန်တော်သူများထက် မပျော့ခဲ့ပေ။ တစ်နေ့ မိုင်အစိတ် သုံးဆယ်ကို အခြားစစ်သားများနည်းတူ နေပူမိုးရွာထဲ၌ ကျွန်တော် သွားလာ ချီတက်နိုင်ခဲ့လေသည်။

ရန်ကုန်မှာ နေရသည့် လတ်တလော သုံးနှစ်ကာလတွင် ယခင် ကထက် ကျွန်တော် ပိုဝလာ၏။ အသက် ၄၀ ကျော်လာခဲ့ပေပြီ။ အဆီ အဆိမ့် လျှော့ရမည်။ အအိပ်အစား ဆင်ခြင်ရပေတော့မည်။ ကျွန်တော် ကျန်းမာကြံ့ခိုင်သကဲ့သို့ စာဖတ်သူချစ်မိတ်ဆွေကိုလည်း မေတ္တာရှေ့ ထား၍ လက်ဆင့်ကမ်း အကြံပေးပါရစေ။ ရွှေဥဒေါင်း၊ သော်တာဆွေတို့ အသက်ရှည်ကျန်းမာခဲ့ကြသော "လမ်းလျှောက်ခြင်း"ဟူသည့် အလေ့ အကျင့်ကောင်းလေးကို နေ့စဉ် မွေးမြူလေ့ကျင့်ပါ။

ဆရာသော်တာဆွေကတော့ ဘယ်ခြေထောက်နှင့် ညာခြေထောက် ကို သဘာဝက ပေးလိုက်သည့် ဆရာဝန်နှစ်ယောက်ဟု တစ်ခါက ရေးဖူးပါ၏။ ထိုနှစ်ယောက်ကို နေ့စဉ် အလုပ်ပေးပါတဲ့။ ခြေထောက် နှစ်ချောင်းနဲ့ လမ်းလျှောက်နေသမျှ ရောဂါကင်းဝေး၍ ကျန်းမာနေပါ လိမ့်မည်တဲ့၊

လမ်းလျှောက်ခြင်းသည် ကျန်းမာစေသည်၊ အသက်ရှည်စေသည် ဟူသော အချက်ကို ကျွန်တော်တို့သာ သိကြသည်မဟုတ်ပါ။ ဂေါက်သီး ရိုက်အားကစားကို လိုက်စားကြသည့် အနောက်တိုင်းသားတို့လည်း နားလည်ကြပါသည်။

ဟိုးနှစ်ပေါင်း ၂၅၀၀ ကာလက ဂေါတမမြတ်စွာဘုရားသခင်သည် လည်း စင်္ကြံကြွခြင်း၊ လမ်းလျှောက်ခြင်းကို အားပေး တိုက်တွန်းခဲ့လေ သည်။ သူတော်ကောင်း၊ ရဟန်းသံဃာများစွာတို့သည် စင်္ကြံလျှောက်

ရင်း တရားဘာဝနာ အားထုတ်ခဲ့ကြ၏။ စိတ်ရောကိုယ်ပါ ကျန်းမာစေခဲ့၏။

သက်တော် ၁၀၀ ကျော်အထိ အသက်ရှည်ခဲ့သော ရွှေကျင်သာသနာပိုင် ရွှေဟသ်ာတောရ ဆရာတော်ဘုရားကြီးဆိုလျှင် သက်တော် ၈၀ကျော်သည်အထိ ဆွမ်းခံလှည့်လည်သည်။ လမ်လျှောက်ခြင်းကို အားပေးတော်မူသည်။ ဆရာတော်ကြီး ရေးစီတော်မူခဲ့သည့် လမ်းလျှောက်ခြင်း၏ အကျိုးငါးပါးကို ဤသို့ တွေ့ရပါသည်။

"ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်

ကင်းစင်ရောဂါ၊ အစာကြေညက်

မပျက်သမာဓိ၊ ငါးပါးရှိ

များ၏စင်္ကြံအကျိုးတည်း"

ကောင်းကျိုးဖြာဝေလှသည့် လမ်းလျှောက်ခြင်းကို နေ့စဉ် အနည်းဆုံး တစ်နာရီ နှစ်နာရီတော့ မပျက်မကွက် ချစ်မိတ်ဆွေ ဆောင်ရွက်ပါ။ အသက်ရှည်စေပါသည်။ ကျန်မာစေပါသည်။ စိတ်ကို ကြည်လင်ရွှင်လန်းစေပါသည်။

**အာရေဂျံမဂ္ဂဇင်း**

**၁၉၉၈ ခု၊ အောက်တိုဘာလ**

■

# သူတို့ဘာကြောင့် အောင်မြင်

(၁)

ကျွန်တော် ငယ်စဉ်က ရေမကူးတတ်ပေ။

မြေလတ်ဒေသ၊ ကုန်းခေါင်ခေါင်၊ ရေအလွန်ရှားလှသော တောရွာတစ်ရွာမှာ မွေးဖွားခဲ့သည်။ သဲပြင်ယာပြင်ထဲမှာ ကြီးပြင်းခဲ့ရသည်။ ကန္တာရနီးနီး ရေရှားသောအရပ် ဖြစ်သည်။

အသက် (၁၀)နှစ်သားခန့်မှာ မန္တလေးမြို့၊ ဇောဓိကုန်းရပ်ကွက်ရှိ အစ်ကိုတစ်ဝမ်းကွဲ၏ အိမ်မှာတည်းခို၍ ဘုရားဖူးလာစဉ်အချိန်မှာ အစ်ကိုတစ်ဦးနှင့် ရေနီမြောင်းထဲ ရေချိုးသွားကြသည်။ ဘာမပြော ညာမပြောနှင့် ရေမြောင်းထဲ ရုတ်တရက် တွန်းချလိုက်ခြင်း ခံရသည်။ ဂူးဂူးဝါးဝါး အလန့်တကြားဖြင့် ယက်ကန်းယက်ကန်း မျောပါသွားသည်။ ပါးစပ်ထဲ ရေဝင်၊ နှာခေါင်းထဲ ရေဝင်၊ ကြောက်စိတ်ကို သတိဖြင့် ပြန်လည်ထိန်းချုပ်၍ လက်ရောခြေရော လှုပ်သည်။ ခေါင်းဖော်နိုင်လာသည်။ မြောင်းကမ်းပေါ်သို့ မြက်တွေ ဆွဲတက်လိုက်သည်။

ဝါးတစ်ရိုက်စာကျော်ကျော် မျောပါခဲ့သည်။

အစ်ကိုက ကမ်းပေါ်မှ ရပ်ကြည့်နေသည်။

“ရေကူးသင်ရာမှာ ဒီနည်းက အလွယ်ဆုံးပဲကွ”

အစမှာတော့ ကျွန်တော်သူ့ကို စိတ်ဆိုးသည်။ ရေနစ်လျှင် သေမည်။ သေလောက်အောင် လုပ်တာမျိုးကို စိတ်မဆိုးဘဲ ခံနိုင်မည်လား။ ရူးကြောင်ကြောင်နဲ့ကွာ။ ဝမ်းလျားမှောက် ရေတွေအန်ရင်း ချောင်းဆိုးရင်း စိတ်တိုမိ၏။

နောက်နေ့နောက်နေ့တွေမှာတော့ ရေနီမြောင်းထဲမှာ ကျွန်တော်သည် ခွေကူးကူးတတ်ပြီး၊ လက်ပစ်ကူးတတ်ပြီ၊ စုန်ချည်ဆန်ချည်။ ထိုစဉ်က ရေနီမြောင်းကြီးသည် အတော်ကျယ်သည်ဟု ထင်မိသည်။ မန္တလေးတက္ကသိုလ် မိမိတက်ရတော့ (၁၉၆၆–၇၀) ရေနီမြောင်းသည် ဟိုဘက်ဒီဘက် လှမ်းခုန်ကူးနိုင်အောင် ကျဉ်းလှ၏။ ကလေးဘဝ အမြင်နှင့် လူကြီးဖြစ်လာတော့ အမြင်သိသာစွာ ကွာခြားသွားတော့၏။

ကျွန်တော့်ကို ရေကူးသင်ပေးသော အစ်ကိုဝမ်းကွဲ ဒေါက်တာတင်ထွန်း (မြို့နယ်ဆရာဝန်ကြီး)ကိုလည်း ကြီးလာလေလေ ကျေးဇူးတင်လေလေဖြစ်သည်။ စစ်သားဘဝတွင် နမ္မတူချောင်း၊ နမ့်ယော်ချောင်း၊ နမ္မချောင်းစသည့် ရှမ်းကုန်းမြေမြင့်ပေါ်က ချောင်းပေါက်များစွာကို ရာသီမရွေး ကူးရဖြတ်ရသည်။ မိုးရာသီဆိုလျှင် ချောင်းပြင်က ကျယ်သည်။ ရေစီးလည်း သန်သည်။ စစ်တို့၏သဘောက သွားရမည့်ဆိုသည့်နေရာကို မရောက်ရောက်အောင် ချီတက်ကြရသည်။

ချောင်းကျနေလို့၊ ရေစီးပြင်းထန်နေလို့ မဖြတ်နိုင်ပါ ဘာဘာညာညာ ဆင်ခြေကန်နေခွင့် မရှိ။ မဖြစ်ဖြစ်အောင် ဖြတ်သန်းကူးခတ်ခဲ့ရသည်မှာ အကြိမ်ကြိမ်ပင်။ ခက်ခက်ခဲခဲကြားက မထင်မှတ်ဘဲရောက်သွားမှလည်း ရန်သူကို အလစ်ဝင်တိုက်နိုင်သည်။ အငိုက်ဖမ်းစီးနိုင်သည်။ မမျှော်လင့်သောအချိန်မှာ ရုတ်ခြည်း ရောက်လာသဖြင့် ပြူးပြူးပြာပြာ ဖြစ်သွား၏။ ဤသို့ဖြင့် တိုက်ပွဲများစွာ၌ အောင်ပွဲဆင်နိုင်ခဲ့ပါ၏။ ရေကူးတတ်ခြင်း၏ ကျေးဇူးတရား။

မိမိ၏စစ်သားဘဝ ၂၇ နှစ်ကာလတွင် အသုံးဝင်သော တတ်မြောက်ကျွမ်းကျင်မှုကို ရခဲ့သည်။ ကျေးဇူးတင်သည်။ မိမိကိုယ်ကို အောင်မြင်လှပြီဟု မထင်ပါ။ သို့ရာတွင် အောင်မြင်သူတွေကိုတော့ နည်းလမ်း

လေးတွေပေးချင်သည်။ ဘဝသင်ခန်းစာတွေ ရစေချင်သည်။ ကျွန်တော်၏ စေတနာဓာဖြစ်ပါ၏။ ရေမမွန်းရဘဲ ရေကူးတတ်ပါစေ။

(၂)

အဆင့်မြင့်သော စစ်ကျောင်းကြီးတစ်ခုမှာ နည်းပြမှူးကြီးတာဝန် ထမ်းဆောင်ခဲ့ရသည်။ အောင်မြင်စွာ သင်ကြားပြသနည်းဆိုသည့် ဘာသာရပ်ကို ဗိုလ်လောင်းဘဝကပင် သင်ယူဖူးပါ၏။ နိုင်ငံတကာနှင့် စစ်အတတ်ပညာကို ယှဉ်ပြိုင်နိုင်လောက်အောင် ပို့ချသင်ကြားဖို့ရာမှာတော့ စစ်ပညာ ဝမ်းစာလည်းလို၏။ သင်ပြပုံအတတ်ပညာလည်း ကောင်းဖို့ရာ လိုမည် ထင်၏။ ထို့ကြောင့် သင်နည်းဆိုင်ရာအတတ်ပညာ Methods of Teaching ကို ပါမောက္ခဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ပါမောက္ခ ဦးခင်မောင်သန်း (စိတ်ပညာ)စသည် မိမိရင်းနှီးချစ်ခင်သော ဆရာသမားများထံ သွားရောက်၍ မေးမြန်းနာယူပါ၏။ နာခံမှတ်သားကာ လေ့လာဆည်းပူးပါ၏။

(၆)နှစ်သောကာလမှာ မိမိနည်းပြတာဝန် ဆောင်ရွက်ခဲ့ရာတွင် သင်တန်းသားများ၏ ကျေနပ်အားရခြင်းကို တွေ့ရ၏။ သင်ကြားပြသပုံ ရှင်းသည်။ လွယ်ကူစေသည်။ လျင်မြန်စွာ နားလည်တတ်မြောက်စေသည်ဟု အဖြေရခဲ့၏။

ဆရာမပြ နည်းမကျ၊ ဆရာပြသမှ နည်းလမ်းတကျ တိုးတက်အောင်မြင်နိုင်ကြသည်။ မှန်သည့်အတိုင်းကို ဆိုလျှင် ကျွန်တော်တို့သည် ကျေးလက်တောရွာဇနေပုဒ်မှာ မြစ်ဖျားခံခဲ့သူမျိုးဖြစ်သည်။ လူရာမဝင်၊ အခက်အခဲ အတားအဆီး၊ ပြဿနာပုစ္ဆာများစွာကို အောင်မြင်စွာ ကျော်နင်း၍ မှန်ကန်စွာ ဖြေရှင်းခဲ့ပြီးမှ ဝန်ထမ်းအဖွဲ့အစည်းတစ်ခု၏ အကြီးအကဲတာဝန်မျိုး ထမ်းရွက်ခွင့် ရရှိခြင်းဖြစ်၏။ ပေးအပ်သည့် တာဝန်ဟူသမျှကို ၂၇ နှစ်တိတိ "ဦးလည်မသုန်" ကျေကျေပွန်ပွန်ဖြူဖြူစင်စင် ထမ်းဆောင်ခဲ့ခြင်းကြောင့်ပင် ဖြစ်၏။ အတွေ့အကြုံများစွာကို လက်တွေ့ဆည်းပူး သင်ယူခဲ့ရ၏။

# (၃)

ယခုခေတ်က လျင်မြန်သည်။

ဘဝတစ်ခုမှာ ကိုယ်တွေ့တွေချည်း ရှာဖွေနေရန် အချိန်မပေးနိုင်ပေ။ အရှိန်အဟုန်နှင့် လျင်မြန်စွာ ရွေ့လျား ပြောင်းလဲနေသော ၂၀ ရာစုအကုန် ၂၁ ရာစုအဦးအဖျားကာလမှာ သူတစ်ပါး၏အတွေ့အကြုံများကို စုစုစည်းစည်း တစ်ပုံတစ်ပင် လေ့လာခွင့်ရလျှင် ကောင်းမည်။ အထူးသဖြင့် အနုပညာနယ်ပယ်။

တက်လူငယ်များအတွက် ရည်ရွယ်ပြီး ထူးချွန်စွာ အောင်မြင်မှု သရဖူဆောင်းခဲ့သူများ၏ အတ္ထုပ္ပတ္တိကို ချဉ်းကပ်လေ့လာသင့်သည်ဟု အကြံပြုချင်သည်။

သူတို့ဘာကြောင့် အောင်မြင်ကြသနည်း။

ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်မြေမှ ပြည်သူလူထု၏ ရင်ထဲအသည်းထဲမှာ ထာဝစဉ် ခိုဝင်ခွင့်ရရှိနေသူတို့ကား အရေအတွက် များများစားစား မရှိလှပါ။ ဂန္ထဝင်တွင်လောက်အောင် ပြောစမှတ်ပြုလောက်သူဟူ၍ကား တကယ်တမ်း၌ ရှားပါးပါသည်။ အများစုမှာ အချိန်ကုန်သလောက် ခရီးမရောက်ဘဲ ဝေ့လည်နေတတ်၏။

နည်းယူစရာ မတွေ့ရှာ၍ လှော်ရင်း နစ်နေသူတွေ တွေ့ရတတ်ပါသည်။ ဇာတ်သဘင်၊ ရုပ်ရှင်၊ ဂီတဟူသော အနုပညာနယ်ပယ်သို့ ဝင်ရောက်လိုကြသူများသည် အောင်မြင်ချင်ကြသည်။ ထွန်းပေါက်လိုကြသည်။ မြောက်စားမှုကို အလိုရှိကြသည်။ ထင်ပေါ်ကျော်ကြားချင်ကြသည်။

မိမိ၏အတီး၊ အက၊ အဆို၊ အပြော၊ အမူအရာစသည့် ဘာသာရပ်များကိုသာမက ဆက်ဆံရေး၊ စီမံခန့်ခွဲရေး၊ လူထုဆက်သွယ်ရေးတို့ဟာလည်း အရည်အသွေးမြင့်ဖို့ရာ လိုပါသည်။ မိမိရှေ့က အောင်မြင်ထင်ရှားသူတို့ဆီက (စာတွေ့)လေ့လာဖတ်ရှုသင့်ကြသည်။ နိုင်ငံတကာမှ စာပေဗဟုသုတတွေ မကြည့်နိုင်လျှင်တောင် မြန်မာဘာသာဖြင့် ရေးသား

ထားသော အောက်ပါစာအုပ်မျိုးတို့ကို ဆည်းပူးသင့်လေသည်–

(နမူနာ)

(၁) **အောင်ဇလ၊ ဖိုးစိန်၊ စိန်ကတုံး** လူထုဒေါ်အမာ

(၂) **ရွှေမန်းတင်မောင် (ပ/ဒု)** လူထုဒေါ်အမာ

(၃) **ပြည်သူချစ်သော အနုပညာသည်များ** လူထုဒေါ်အမာ

(၄) **မာလာရီ** ဂျာနယ်ကျော်မမလေး

(၅) သွေးသောက်ဦးပြည့်စုံ၊ အကယ်ဒမီ ဦးထွန်းလှိုင်၊ မြတ်လေး၊ မိုးမြင့်ဦးစသည့် စာရေးဆရာ၊ ရုပ်ရှင်ပညာရှင်များ ရေးသားသော အတ္ထုပ္ပတ္တိဆောင်းပါးများ

(၆) ရွှေနန်းတင်၊ ရွှာစားစိန်တင်ဟန်စသည့် ဇာတ်ဆရာ၊ ဆိုင်းဆရာကြီးများ ရေးသားသည့် အတ္ထုပ္ပတ္တိဆောင်းပါးများ။

ဥရောပဒေသမှ ပညာရှင် ကားလ်ဗွန်ဘစ်စမတ် ပြောဖူးသော စကားတစ်ခွန်း ရှိပေသည်။

"အူတူတူအတတ လူမိုက်လူညံ့တွေက ကိုယ့်ဘဝအတွေ့အကြုံမှ လက်တွေ့သင်ယူကြ၏။ သို့သော် ကျွန်တော်ကမူ သူတစ်ပါးတို့၏ အတွေ့အကြုံများမှ သင်ခန်းစာ ယူရခြင်းကို ပိုမိုနှစ်သက်သဘောကျပေသည်"

စာရေးသူက နိဂုံးချုပ်မှာ တင်ပြချင်သည့် ဆိုလိုရင်းကား အတ္ထုပ္ပတ္တိစာအုပ်တွေကို အလေးထား၍ များများ လေ့လာကြရန်ဖြစ်ပါ၏။ သင်ခန်းစာ များစွာ ရနိုင်သည်။

**နံနက်ခင်းဂျာနယ်**

**၁၄–၇–၉၉**

■

# ဟိုဘက်ဒီဘက်

ပြည်လမ်းပေါ်မှာရှိတဲ့ ပန်းပုပစ္စည်းရောင်းတဲ့ ဆိုင်ကြီးတစ်ဆိုင် ရှေ့မှာ ဆင်ရုပ်ကြီးတစ်ခု ရှိတယ်။ လူတပ်ရပ်စာလောက် မြင့်တယ်။ ဆင်ရုပ်ကြီးဟာ တော်တော်ကြီးပါတယ်။ ထူးခြားတာက ဆင်ရုပ်ရဲ့ တစ်ခြမ်းကို အဖြူသုတ်ထားတယ်။ ဥပမာဘယ်ဘက်ခြမ်းပေါ့။ ညာဘက် ခြမ်းကိုတော့ အမည်းသုတ်ထားပြန်ရော။ ကြည့်ရတာ နည်းနည်းတော့ ကသိကအောက်ပဲ။ အဖြူသုတ်ထားတဲ့ ဘယ်ဘက်ခြမ်းက နားရွက်ကို အနက်သုတ်ထားပြီး အမည်းလုပ်ထားတဲ့ ကိုယ်ဘက်က နားရွက်ကိုတော့ ထုံးသုတ်ပေးထားပြန်တယ်။ ကပေါက်ချိ ကပေါက်ချာနိုင်ပုံဟာ မော်ဒန် ဒီဇိုင်းပေလား။ ကျွန်တော်တော့ ဉာဏ်မမီပါ။

ဆင်ရုပ်မှာ သစ်သားရောင်၊ အနက်ရောင်၊ အဖြူရောင်စသဖြင့် တစ်ကိုယ်လုံး ညီညီညာညာပဲ မြင်ခဲ့ဖူးတဲ့ ကျွန်တော့်အဖို့ ကွက်တိ ကွက်ကျား ဆေးခြယ်ထားတဲ့လူရဲ့စိတ်ကူးကို ကျွန်တော်နားမလည်ပါ။ အပြစ်ပြောခြင်းမဟုတ်ပါ။ ထူးခြားတာတော့ အမှန်ပဲမဟုတ်လား။ သူ့ဟာက အဆန်းသား။

သူများထက် ထူးပြီး နဖူးပန်းပန်တာတွေ အများကြီးတွေ့ရတတ်ပါတယ်။ ဒါကို ဝေဖန်နေစရာမလိုပါဘူး။ သူကြိုက်ရာ သူလုပ်ခွင့်ရှိတာပဲ။ လောကမှာ အဲလိုလူစားတွေ အများကြီးဆိုတာကို သာဓကတင်ပြတာပါ။

ဈေးလို ဘုရားပွဲလို လူစည်ကားတဲ့ တစ်နေရာရာမှာ အရိပ်ကောင်းကောင်းမှာ ထိုင်ပြီး လူတစ်ယောက်ချင်းကို သေသေချာချာ အသေးစိတ်လေ့လာကြည့်စမ်းပါ။ အခြေအနေနဲ့ စံထိုးရမှာက "ဒီလူဟာ ဟန်ချက်ညီပုံရရဲ့လား" ဆိုတဲ့ ရှုထောင့်ကကြည့်ရှုပါ။ ပေစောင်းပေစောင်းဖြစ်နေသလား။

ကြုံကြိုက်လို့ တင်ပြပါရစေဦး။ လူကချိန်ခွင်နဲ့ တူတယ်မဟုတ်လား။ ချိန်ခွင်ဟာ ဟိုဘက်မှာလည်း လက်မောင်းနဲ့၊ ကြိုးနဲ့၊ ချိန်ခွက်နဲ့။ ဒီဘက်မှာလည်း အတူတူပဲ။ နှစ်ဖက်ညီမှ လျှာမထွက်မယ်။

လူမှာလည်း ခလယ်တည့်တည့်က ထက်ခြမ်းခွဲကြည့် မျက်စိတစ်ဖက်စီ၊ နှစ်ခေါင်းတစ်ပေါက်စီ၊ နားတစ်ဖက်စီ၊ လက်၊ ခြေအားလုံးဟာ ဘယ်နဲ့ညာကို တစ်ခြမ်းစီခွဲထားတယ်နော်။ ဟန်ချက်ညီရမယ်။

အံမယ် လူမှမဟုတ်ပါဘူးမောင်ရာ၊ ကြက်၊ ဝက်၊ ဆိတ်၊ ငါး၊ ပုစွန်၊ သတ္တဝါတွေဟာ မျက်စိနှစ်လုံးပါသမျှ ဟန်ချက် (Balance) သဘော ပါကြတာပဲမဟုတ်လား။ ဟုတ်ကဲ့ ယူသော်ရကောင်းပါ၏လို့ ကျွန်တော်က ဖြေချင်တယ်ဗျား။

ရုပ်ပိုင်းဆိုင်ရာ ဟန်ချက်ညီမှ သူ့ရဲ့ လှုပ်ရှားမှုဟာ ဟန်ချက်ညီလို့ ကြည့်ကောင်းပါတယ်။ အချိုးကျတယ်၊ တင့်တယ်ပြေပြစ်တယ်။ တစ်နေရာရာမှာ တစ်ခုခု ချွတ်ယွင်းမယ်ဆိုရင် အချိုးမကျနိုင်တော့ဘူး။ သူ့ရဲ့ လုပ်ဆောင်မှုဟာ ရွဲ့တဲ့တဲ့ စွေစောင်းစောင်း ဖြစ်နေတော့မှာပဲ။

စိတ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်တဲ့ ဟန်ချက်ကတော့ အတ္တနဲ့ပရမ္မတဖို့ရာပဲ ဖြစ်ပါတယ်။ အတ္တအကျိုးကို ဦးစားပေးလွန်းတာဟာ

တစ်ဖက်စောင်းနည်းဖြစ်တတ်တယ်။ ငါ့အတွက်၊ ငါ့မိသားစုအတွက် ငါ့သားမယားအတွက်၊ ငါ့ဆွေမျိုးအတွက်ဆိုတဲ့ မိမိကိုယ်ကျိုးကို အဓိက ကြည့်လွန်းရင် အဲဒီလူဟာ ဟန်ချက်ပျက်ပြီး ထော့ကျိုးထော့ကျိုးနဲ့ ရွံ့စောင်းစောင်းပုံပေါက်သွားတာပဲ။ ခေါင်းဆောင်ကောင်း မဖြစ်နိုင် တော့ဘူး။

အတ္တကို ချိုးနှိမ်ထားပြီး လောကအကျိုးကိုပဲ(လောကတ္ထစရိယ) အပြည့်အဝ စွမ်းဆောင်တယ်ဆိုတာ အကောင်းဆုံးပေါ့။ သူတော်ကောင်း များ၊ အာဇာနည်ပုဂ္ဂိုလ်များမှ စွန့်လွှတ်နိုင်တဲ့ ပါရမီရှင်များသာ လုပ်ဆောင် နိုင်တာ။ မတစ်ထောင်တစ်ကောင်ဖွားတွေပေါ့။ ဒါမျိုးက ရှိတော့ရှိတယ်။ ရှားတယ်။ ဒီလိုမြင့်မြတ်တဲ့ပုဂ္ဂိုလ်မျိုးဟာ တစ်ခေတ်လောက်မှ တစ်ယောက် တစ်လေ ပေါ်ပေါက်တာ။ အများကြီးအရေအတွက်ရှိဖို့တော့ ခက်ပါတယ်။

အများစုလူသားအတော်များများ လိုက်နိုင်တဲ့ (မဇ္ဈိမပဋိပဒါ) အလယ်လမ်းကျယ်ကြီးကတော့ အတ္တနဲ့ပရကို မျှမျှတတ စဉ်းစားတွေးခေါ် တဲ့ နည်းလမ်းပဲ။ အတ္တစရိယ၊ မိမိအကျိုးကိုလည်း ဆောင်ရွက်ပေါ့။ ဒါနဲ့ တစ်ဆက်တည်းအများရဲ့ အကျိုးပါ ဆောင်ရွက်ပေါ့။ မိမိဘဝမြင့်မား တာနဲ့အမျှ ပတ်ဝန်းကျင်ကို အကျိုးပြုသင့်တာပေါ့။ ပတ်ဝန်းကျင်ဘဝကို မြှင့်တင်ပေးရင်းနဲ့ ဒီထဲမှာ မိမိဘဝဟာလည်း ပိုမိုအဆင်ပြေလာမယ် မဟုတ်လား။ အဲသလို အညမည အကျိုးပြုအောင် စဉ်းစားရမယ်။ အတ္တအကျိုးနဲ့ ပရအကျိုးကို သဟဇာတဖြစ်အောင် ဖွဲ့စည်းတတ်ရမယ်။

ပတ်ဝန်းကျင်ကို မဖျက်ဆီးရဘူး။

ပတ်ဝန်းကျင်ကို ချိုးနှိမ်နင်းချေပြီးမှ မိမိရဲ့အကျိုးစီးပွားကို ထူထောင် ချင်လို့ မအောင်မြင်နိုင်ပါဘူး။ မရနိုင်ဘူး။

မိမိအကျိုးအတွက် မိမိလူမျိုးကို နိမ့်ကျနွမ်းပါးအောင် မလုပ်ဆောင် သင့်ပါဘူး။ အကယ်၍ အဲသလို လုပ်ဆောင်နေရင် ငရဲကြီးမှာပဲ။ အဝီစိကို ချိုးကပ်မယ်။ ကျေးဇူးရှင်ဘိုးဘေးမိဘတို့ရဲ့ ကျေးဇူးကို

မဆပ်ချင်နေ။ ကျေးဇူးကန်းရာရောက်အောင်တော့ မမိုက်မှားသင့်ဘူး။ အဲသလို စိတ်ပိုင်းဆိုင်ရာ ဟန်ချက်ပျက်အောင် အဝေးထိန်းခလုတ်နဲ့ လှုံ့ဆော်နေတဲ့ အဖျက်တွေက ခုခေတ်မှာ သိပ်များပါတယ်။

သူများကို ဝေဖန်ဖို့ အခိကမဟုတ်ပါ။ သူ့လမ်း သူသွားမှာပါ။ မိမိတို့ ကိုယ်တိုင်ကိုယ့်လမ်းကိုယ်လျှောက် ကြတဲ့အခါမှာ ဟန်ချက်ပျက်ပြီး မှောက်လျက် (သို့မဟုတ်) ပက်လက်လဲကျ မသွားဖို့ သတိပြုဖို့ပါပဲ။

**ထူးခြားဂျာနယ်**
**၁၇–၆–၉၉**

■

# လောကဓံသည်များ

၁၈၉၉ ခုနှစ်မှာ မွေးဖွားခဲ့တဲ့ သိပ္ပံမောင်ဝအမည်ရှိ ကလောင်တစ်ချောင်းဟာ ၁၉၉၉ ခုနှစ်မှာ အနှစ်တစ်ရာ ပြည့်ပါပြီ။ သူ့အကြောင်းနဲ့ သူရေးခဲ့တဲ့စာတွေကို အမှတ်တရ လေ့လာဖတ်ရှုရင်းနဲ့ သိပ္ပံမောင်ဝရဲ့ ဘဝကို ဒီလို တွေ့ရတယ်။

နိုင်ငံတော်ဝန်ထမ်းအဖြစ် (၁၉၂၉–၁၉၄၂) ၁၃ နှစ်ကြာမျှမြို့အုပ်၊ နယ်ပိုင်ဝန်ထောက်၊ အရေးပိုင်၊ ဒုတိယအတွင်းဝန်စတဲ့ ရာထူးဌာနန္တရ အမျိုးမျိုးဖြင့် စစ်ကိုင်း၊ မိတ္ထီလာ၊ မင်းဘူး၊ ဟင်္သာတ၊ ဇလွန်၊ မြောင်းမြ၊ ညောင်တုန်း၊ ရန်ကုန် (အင်းစိန်)၊ စလင်း၊ ကျောက်ဆည်၊ ရွှေဘို၊ မန္တလေး ပေါင်း ၁၂ မြို့၌ အမှုထမ်းခဲ့တယ်တဲ့။ ဆရာဟာ အသက် ၄၃ နှစ်မှာ ကွယ်လွန်ခဲ့တယ်။

ခြုံကြည့်ရင် ဝန်ထမ်းဘဝတစ်နှစ်၊ နှစ်နှစ်မှာ တစ်မြို့တစ်နေရာ ပြောင်းရ။ ဒီလိုအဖြစ်မျိုးဟာ ဩော်...မိမိမှသာ မဟုတ်ပါကလား။ အတော်များများ ဝန်ထမ်းတွေဟာ ထားရာနေ စေရာသွား၊ လှုပ်ရှားကြရပေတာပဲ။ ဒီလို စဉ်းစားဆင်ခြင်မိပါတယ်။

မိမိဘဝကော ဘယ်မြို့ဘယ်ရွာတွေ နေခဲ့သလဲ။ ပြန်ပြီး သုံးသပ်လိုက်တော့–

လားရှိုး၊ မင်္ဂလာဒုံ၊ နောင်ချို၊ ရပ်စောက်၊ ကလော၊ ရန်ကုန်၊ (၆)နေရာ။

ကြီးနီရာမှာ ၁၃နှစ်၊ ချောက်မြို့ ၄ နှစ်၊ မန္တလေးမြို့ ၄နှစ်။ဒါက ကျောင်းသားဘဝ၊ ပညာသင်ယူစဉ်က။

လားရှိုး ၇နှစ်၊ မင်္ဂလာဒုံ ၇နှစ်၊ နောင်ချို ၅နှစ်၊ ရပ်စောက် ၂နှစ်၊ ကလော ၃နှစ်၊ ရန်ကုန် ၄နှစ်။ ကြည့်စမ်း ဝန်ထမ်း ၂၈ နှစ် ကာလမှာ ၆နေရာပဲ ပြောင်းရွှေ့ရတဲ့ ကျွန်တော်ဟာ ပျမ်းမျှကာလတွက်ကြည့်ရင် တစ်နေရာ၊ တစ်နေရာမှာ တော်တော်ကြာအောင် နေခဲ့ရပါကလား။ နေခဲ့တဲ့မြို့တွေမှာ မပျော်တဲ့နေရာမရှိ။ အဆင်မပြေခဲ့တဲ့ နေရာရယ်လို့ မရှိ။ ရောက်ရာဒေသ၊ ကျရာနေရာ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် လိုက်လျောညီထွေ အကျိုးဆောင်ရင်း နေပျော်ခဲ့တာချည်းပါပဲ။

ဗိုလ်ရွေးအဖွဲ့မှာ ဗိုလ်ကြီးဘဝနှင့် နေခဲ့ရစဉ်မှာ အိမ်နေရာ (၃)ခါပြောင်း နေထိုင်ကခဲ့ရတယ်။ ပထမ ရိပ်သာမှာ တစ်ခန်းကန့်ပြီး၊ ကပ်နေရတယ်။ နောက် ဒညင်းကုန်း အုတ်စက်ဝန်းထဲက တိုက်ခန်းရတယ်။ နောက်ဆုံးအရာရှိလိုင်းက အိမ်ကလေး၊ သွပ်မိုးပျဉ်ကာ တစ်ထပ်အိမ်မှာ နေခဲ့ရရဲ့။ ပိတောက်ပင်တွေ ဝေဝေဆာဆာနဲ့၊ အရိပ်ရရဲ့။

နောင်ချိုမှာရှိတဲ့ ခြေမြန်တပ်ရင်းတစ်ခုကို ဗိုလ်မှူးအဆင့်နဲ့ ရောက်ရတော့လည်း ပထမတဲတန်းလျားကြီးထဲမှာ ယာယီနေကြရတယ်။ နောက် ယာယီတဲအိမ်၊ ပြီးမှ အရာရှိတိုက်အိမ်။ အလားတူပဲ ဗထူးမှာ ဒုတိယဗိုလ်မှူးကြီးတာဝန်နဲ့နေခဲ့ရတော့ အိမ် (၃)နေရာရွှေးရတာပဲ။ ပျဉ်ကာအိမ် ရောက်လိုက်၊ တိုက်အိမ်ရောက်လိုက်။ ကြုံရာ ကျရာပေါ့။ တကယ်ကတော့ ကိုယ်ပိုင်အိမ်အခြေတကျမဟုတ်ဘူးလေ။ နေရသမျှ ကိုယ့်အိမ်ကိုယ့်ယာ သဘောထားပြီး ပတ်ဝန်းကျင်ကို လှပသာယာအောင် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ သစ်ပင်ပန်းမန်စိုက်၊ သီးပင်စားပင်တွေစိုက်။ အရိပ်ရပင် လေကာပင်တွေစိုက်။

လွန်ခဲ့တဲ့ အနှစ် ၂၀က ကျွန်တော်စိုက်ခဲ့တဲ့ သရက်ပင်၊ပိတောက်ပင်၊ သီဟိုဠ်သရက်ပင် ဝေဝေဆာဆာ တောအုပ်ဖြစ်နေတာ မြင်ရတော့ ငွေယားတောင်ကို ကြည့်ပြီး ကြည်နူးမိတယ်။ ဒီလို စိမ်းစိုသာယာလာအောင်

ကျွန်တော်တို့ စနေနေ့တွေမှာ အနားမယူဘဲ အပတ်စဉ်လုပ်အားပေးခဲ့ကြတဲ့ အကျိုးပါ၊ ချွေးနဲ့အရင်းတည်ခဲ့ရတဲ့ သစ်ပင်သစ်တောပါ။ လုပ်အားနဲ့ ပျိုးထောင်ယုယခဲ့ကြရတာပါ။

လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ကျွန်တော်တို့စိုက်ပျိုးခဲ့တဲ့ ကော်ဖီပင်တွေ၊ ကော်ဖီအတွက် ပင်လယ်ကသစ်ခေါ်တဲ့ အရိပ်ပင်တွေ နောင်ချိုမြို့အဝင် သပြေကုန်းဆိုတဲ့နေရာမှာ မြိုင်မြိုင်ဆိုင်ဆိုင် စိမ်းစိမ်းညို့ညို့ကြီး မြင်လိုက်ရတော့ ကြည်နူးလိုက်တာလေ။ ဟိုတုန်းက သမန်းမြက်တော ကြီးပါ။ ဒီလောက်ထူတဲ့ မြက်တောကိုင်းတော၊ ထုံးကျောက်မြေ၊ရေဗွက်တွေက တစ်စွက်စွက်။ သုံးမတဲ့ မြေပါဆိုပြီး ပစ်ထားတဲ့နေရာလေ။ မရဘူးဗျာ၊ စစ်သားဆိုတော့ ခိုင်းလာရင် မရရအောင်၊ မဖြစ်ဖြစ်အောင် ပြုပြင်ယူရမှာပဲဆိုပြီး၊ ကော်ဖီကျင်းပေါင်း သောင်းနဲ့ချီပြီးတူး၊ မြေဆွေး၊ နွားချေး၊ မြေသြဇာထည့်။

မြေချဉ်ဓာတ်၊ မြေငံဓာတ်တွေ အချိုးကျအောင် တဖြည်းဖြည်း ပြုပြင် (ဓာတ်ခွဲစမ်းသပ်) ပြီးမှ ကောင်းအောင်လုပ်ရင်း စိုက်ပျိုးခဲ့တာ။ တောရိုင်းမြေမှာ ဒီလောက်စိမ်းညို့တဲ့ သစ်ပင်သစ်တောဖြစ်လာအောင် ကျွန်တော်တို့ချွေးတွေ အများကြီးပေးခဲ့ပါတယ်။ ရဲဘော်တွေရဲ့ ချွေးစက်တွေကို ရေလိုလောင်းပြီး ဖြစ်ထွန်းလာတဲ့ သစ်တောပါ။

ကော်ဖီပင်က အပွင့်ဖြူဖြူလေးတွေ ပွင့်ပြီး မွေးပျံ့လာတဲ့အချိန်မှာ ကျွန်တော် နောင်ချိုမှ ဗထူး၊ ရပ်စောက်သို့ပြောင်းခဲ့ရာပဲ။

ကျွန်တော်ဟာ စိုက်ပျိုးရေးတို့ မွေးမြူရေးတို့မှာ ဝါသနာမပါခဲ့ပါဘူး။ သို့ရာတွင် အမိန့်ကျလာလို့ လုပ်ရမယ်ဆိုရင်တော့ ပေါက်ရောက်အောင်မြင်အောင် မရမနေ ထမ်းဆောင်တတ်ပါတယ်။ ကြက်တွေ မွေးရာမှာလည်း မြတ်ပါတယ်။ ဖယောင်းတိုင်စက် လုပ်ရာမှာလည်း မြတ်ပါတယ်။ လယ်စိုက်၊ စပါးစိုက်ပြောင်းတို့၊ ဂျုံတို့ စိုက်ပျိုးခဲ့ရာမှာလည်း အထွက်ကောင်းလို့ အများကြီး မြတ်ခဲ့ပါတယ်။ ဒီသမ္မာအာဇီဝရတဲ့ငွေနဲ့ စုပေါင်းရှင်ပြု လှူဒါန်းမှုတွေ ပြုနိုင်ခဲ့တာပဲ။

အခုတော့ ကျွန်တော် ရန်ကုန်ရောက်လာပြီ။

အလုံမှာ ၂ နှစ်၊ ဗဟန်းမှာ ၁ နှစ်၊ ဒဂုံမြို့နယ်မှာ ၁ နှစ် ရှိကာ နီးပါပြီ၊ အခု ကျွန်တော်နေတဲ့အိမ်က ပြည်ထောင်စုရိပ်သာ၊ ပြည်လမ်း ဘေးမှာ ဆရာကြီးသော်တာဆွေနောက်ဆုံး နေထိုင်ပြီး ခေါင်းချသွားတဲ့ အိမ်။

ကျွန်တော်ဟာ ဆရာကြီးသောတာဆွေရေးခဲ့တဲ့ စာတွေကို အခါခါ အထပ်ထပ်ဖတ်ပြီး၊ တအားသဘောကျခဲ့တဲ့ စာဖတ်သူ။ ဆရာကြီး သောတာဆွေ စာတည်းမှူးချုပ်လုပ်တဲ့ "သောင်းပြောင်းထွေလာ ရယ်စရာ မဂ္ဂဇင်း"မှာ ဆောင်းပါးတွေ ရေးရင်းရေးရင်း ၁၉၈၄ ခုနှစ်မှစ၍ ပင်တိုင် ဆောင်းပါးရှင် အဖြစ်ရောက်ရှိလာတဲ့ကလောင်။ ဟောဗျာ၊ ခုတစ်ခါ ဆရာကြီးနေထိုင်ခဲ့တဲ့နေရာ၊ ဆရာကြီးစာရေးခဲ့တဲ့နေရာ၊ ကျွန်တော်က ရောက်လာရပြီး ဒီစာတွေကို ရေးနေပါကလား။ တိုက် အမှတ် (၄)။

ဒီနေရာဟာလည်း ခဏပါ။ သမုဒ္ဒရာရေမျက်နှာထက်ခဏတက်တဲ့ ရေပွက်ပမာ။ ဟုတ်ပါတယ်။ ရေပွက်ပမာ။ ကာလ တစ်ခဏပဲကြာတာပဲ။

ရာထူး၊ ဌာနန္တ ရရှိကြစဉ်မှာ ဒီဝန်ထမ်းအိမ်ရာပေါ်နေခွင့်ရှိတာပဲ။ အငြိမ်းစားယူရင် ဆင်းရမှာပေါ့။ ဆရာကြီးကတော့ သားမက် ဝန်ထမ်းရှိစဉ်က ယောက္ခမအနေနဲ့ နေခဲ့တာ ဖြစ်ပါတယ်။

နေရာအတည်တကျ မရှိကြ။ ဒါဟာ သဘာဝပါပဲ။ သံသရာ ခရီးသွားတွေ၊ အမြဲမပြတ် ရွေ့လျားနေကြရမှာပဲ။ ခေတ္တရောက်ရစဉ်မှာ တစ်နပ်စားမလုပ်ဘဲ ဒေသနဲ့ပတ်ဝန်းကျင်ကို မိမိနိုင်သမျှ စွမ်းသမျှ အကျိုးပြုပေးခဲ့ဖို့တော့ လိုပါမယ်။ အဲဒါ အမြတ်ပဲ။

**သတင်းစုံဂျာနယ်**

**၁၅–၆–၉၉**

■

# အမျက်

တကယ်ကတော့ လူတစ်ယောက်အကြောင်းဟာ ကြာကြာပေါင်းမှ ကောင်းကောင်းသိနိုင်တာပါ။ ခင်စမင်စတုန်းက တော်တော် အထင်ကြီးစရာကောင်းတဲ့လူဟာ ကြာကြာဝါးတော့ ခါးမှန်းသိဆိုသလို အတော်အထင်သေးစရာ ကိုယ်ရည်ကိုယ်သွေး အားနည်းချက်တွေ တွေ့လာရတာလည်း ရှိတယ်မဟုတ်လား။ စတွေ့စဉ်က ထောင့်မကျိုး အပိုးမသေဘူးလို့ ထင်ရတဲ့လူကလည်း မတတ်သာလို့ အတူတွဲလုပ်ကိုင်နေထိုင်ကြတဲ့အခါကျတော့မှ အလွန်လေးစား အားကိုးလောက်တဲ့လူဆိုတာ တွေ့မြင်ရတာလည်းရှိရဲ့။ အသံကြား သနားပါစေ၊ မျက်နှာမြင် ချစ်ခင်ပါစေဆိုတဲ့ ဆုတောင်းပြည့်တဲ့လူ၊ သူနဲ့ နီးနီးကပ်ကပ် ဆက်ဆံပေါင်းရတော့လည်း ရာသက်ပန် ချစ်ခင်ကြင်နာစရာပဲ။

လူတစ်ယောက်အကြောင်း ခဏနဲ့ သိတယ်ဆိုတာထက် အချိန်ကာလ ရှည်လျားကြာမြင့်စွာ အနီးကပ်လေ့လာ ထိတွေ့ပြီးမှ သိရတာက ပိုပြီး ပြည့်စုံမှန်ကန်တယ်။ ဒါဟာ တကယ်ပါပဲ။ လူတိုင်း နားလည်လက်ခံရမယ့် အမှန်ပေပဲ။

ဒါပေမဲ့ အဲဒီလို ရှည်ကြာလေးမြင့် ကြည့်ရှုလေ့လာနေဖို့ အခွင့်အရေးနဲ့အချိန် မရဘူးလေ။ ဘယ့်နှယ်လုပ်မလဲ။ ရက်ပိုင်း၊ နာရီပိုင်း

အတွင်း အဲဒီလူအကြောင်း ချေးခါးအူမပါမကျန် သိချင်တယ်။ အူ ဘယ်နှစ်ခွေရှိသလဲ။

အင်္ဂလိစ္စာတို့၊ နတ်ဆရာ၊ ဗေဒင်ဆရာတို့၊ လက္ခဏာဆရာတို့က သူတို့မှန်အောင် ပြောနိုင်တာပေါ့ ဆိုချင်ဆိုပါလိမ့်မယ်။ အကယ်၍သာ သူတို့ဟာ ယုံကြည်ကိုးစားနိုင်လောက်အောင် မှန်ကန်စွာ ထုတ်ဖော် လေ့လာပေးနိုင်တယ်ဆိုရင် ရာထူးရွေးချယ်ခန့်ထားရေးအဖွဲ့တို့၊တပ်မတော် ဗိုလ်ရွေးအဖွဲ့တို့မှာ ဗေဒင်ဆရာ၊ လက္ခဏာဆရာတွေကို ထားရှိဖို့ကောင်း တာပေါ့။ ကိုးစားနိုင်မှု Reliability တကယ်မရှိလို့ တကယ်မသုံး ကြတာပါ။

နိုင်ငံတကာမှာကော မြန်မာပြည်မှာပါ တရားဝင် အသိအမှတ် ပြုတဲ့ စစ်ဆေးတိုင်းတာနည်းနိသယကတော့ ကျွမ်းကျင်တဲ့ စိတ်ပညာရှင် များက လူတွေရဲ့ ကိုယ်ရည်ကိုယ်သွေး လက္ခဏာရပ်များကို စနစ် တကျ စစ်ဆေးတိုင်းတာတဲ့နည်းများသာ ဖြစ်ပါတယ်။ ပညာရပ်ဆိုင်ရာ သူတို့ရဲ့မှတ်ချက်ဟာ အမှန်အကန်ဖြစ်တယ်ဆိုတာ နောက်ကြောင်း လိုက် လေ့လာချက် သုတေသနတွေအရ သိရပါတယ်။ ဒီအလုပ်နဲ့ ဒီလူနဲ့ သင့်တော်မယ် မသင့်တော်ဘူးဆိုတာ သူတို့အကဲဖြတ်ချက်အရ အပြည့်စုံဆုံး သိရပါတယ်။

စိတ်စစ်ဆေးရေး ပညာရှင်များ အသုံးပြုတဲ့နည်းနာတွေက အများကြီး။ သူက ဘက်ပေါင်းစုံက လေ့လာကြည့်ရှုတာ။ လူတွေ့ နှုတ်မေးခွန်းတွေလည်း မေးတယ်။ အခြေအနေပေးပြီး ဘယ်လိုတုန့်ပြန် ပြုမူသလဲဆိုတာတွေလည်း စောင့်ကြည့်တယ်။ ဘယ်လိုနေထိုင် ဆက်ဆံ ပြောဆိုသလဲ ဆိုတာလည်း ကြည့်တယ်။ ဘယ်လိုသဘောထားအမြင်တွေ ရှိသလဲဆိုတာကိုလည်း ရေးဖြေတွေ အမျိုးမျိုး၊ ရေးစေ၊ ဖြည့်စေသေးတယ်။ မသိစိတ်ထဲမှာ (မိမိကိုယ်တိုင် မသိတာ) ဘာတွေ ငုတ်လျှိုးရှိနေသလဲဆိုတာ ဖော်ကြည့်ဖို့ Free Association Tests, Ink Block Tests, Thematic Appreciation Tests အစရှိတဲ့ စိတ် စစ်ဆေးလွှာ နည်းတွေလည်း အသုံးပြုပြီး နှိုက်ယူတယ်။

အကယ်၍သာ စိတ်ပညာရှင်ရှေ့မှောက်မှာ သင်ဟာ အစစ်အဆေး ခံဖို့ရောက်သွားပြီဆိုရင် ပထမဦးဆုံး အကြံပေးချင်တာကတော့ လိမ်ညာဖို့ မကြိုးစားပါလေနဲ့။

ညာရင် ဘာဖြစ်သလဲ။

ညာရင် ဘာမှမဖြစ်နိုင်ပါဘူး။

ဟုတ်ပါတယ်။ ညာပြီးလာဖြေနေတဲ့လူကို စိတ်ပညာရှင်ကညာမှန်း အလွယ်တကူ သိနိုင်တာမို့ (ဒါကတော့ သူ့ရဲ့အသက်မွေး ဝမ်းကျောင်းပညာမို့ အခြေခံကျကျ သိကိုသိတာပါ) သင့်အကြောင်း သူဘာမှတ်ချက်မှ မပေးနိုင်ပါဘူးလို့ ရေးလိုက်မှာပါပဲ။ ဒီတော့ သင်ဖြစ်ချင်တာ ဘာတစ်ခုမှ ဖြစ်လာတော့မှာ မဟုတ်ပါဘူး။ လူညာ တစ်ယောက်လို့ အသတ်မှတ်ခံရပြီး ပြန်လှည့်ထွက်လာရရုံပဲ ရှိမှာပါ။ ဒါကြောင့် ညာရင်တော့ ဘာမှမဖြစ်နိုင်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း ကြိုတင်အသိပေးတာပါ။

လူတွေရဲ့ ကိုယ်ရည်ကိုယ်သွေး လက္ခဏာရပ်များကို စနစ်တကျ စစ်ဆေးတိုင်းတာတဲ့ ကိုယ်ရည်ကိုယ်သွေး စစ်ဆေးလွှာများမှာ ဒေါသ စိတ်လို့ အနီးစပ်ဆုံး အလွယ်တကူ မြန်မာပြန်ထားတဲ့အင်္ဂလိပ်လို AGGRESSION လို့ ခေါ်တဲ့စိတ် ထည့်သွင်းတိုင်းတာပါတယ်။

အဂရက်ရှင်းဆိုတာ ရန်လိုတဲ့သဘောမျိုး၊ ပြိုင်ဆိုင်ရင်ဆိုင်ရင် အနိုင်ရချင်တဲ့စိတ်မျိုး၊ ပြိုင်ချင်ဆိုင်ချင်လွန်တာမျိုး၊ အေးအေးသက်သာ နည်းတွေ ပါရှိပါလျက်နဲ့ အကြမ်းပတမ်းနည်းကို အားသန်တဲ့စိတ်သဘော မျိုး၊ ရန်စမရှိဘဲ တိုက်ခိုက်မှု၊ သူတစ်ပါးအခွင့်အရေးကို ကျူးကျော်မှု၊ ရန်စမှုလို့လည်း အဓိပ္ပာယ်ရပါသေးတယ်။

ဒီစိတ်မျိုးဟာ လူတိုင်းမှာရှိသလားလို့မေးရင် ဟုတ်ကဲ့ လူတိုင်း မှာ အနည်းနဲ့အများသာ ကွာခြားကြမယ်၊ ရှိတော့ရှိကြတာချည်းပါပဲ လို့စိတ်ပညာရှင်တွေက ဖြေမှာပါပဲ။ မြန်မာတွေ နားလည်လက်ခံထား တဲ့ ဒေါသစေတသိက်နဲ့ ဆင်တူမှာပေါ့။ အခု ဒေါသမရှိပေမယ့် တစ်ချိန်ချိန်မှာတော့ ဒေါသဆိုတာ ပေါ်လာနိုင်တာပဲလေ။ ကောလို့ ခေါ်မလားဘဲ။

ဩစတြီးယန်းစိတ်ပညာရှင် ဆက်ဂမန်ဖရွိုက် (၁၈၅၆–၁၉၃၉) ကတော့ လူရဲ့အခြေခံ စိတ်ဆန္ဒနှစ်မျိုးမှာ ရန်လိုဒေါသစိတ်နဲ့ လိင်စိတ် ဖြစ်တယ်လို့ တစ်ခါက ရေးသားဖူးပါတယ်။ ဒီစိတ်ရှိတာ ကောင်း သလားလို့မေးရင် ကောင်းတာလည်းရှိတယ်။ ဆိုးတာလည်းရှိတယ်လို့ ဖြေရပါလိမ့်မယ်။ လူဆိုတာ အသက်ရှင်ရပ်တည်ဖို့ ရုန်းကန်ရတယ် မဟုတ်လား။ ဘဝဆိုတာ တိုက်ပွဲပဲလို့ ယူဆယုံကြည်တဲ့လူတွေတောင် ရှိသေးတာပဲ။ ကိုယ့်ဘဝ ရှင်သန်တိုးတက်ဖို့ ယှဉ်ပြိုင်ရတာ၊ လုယက် ရတာ၊ ပြေးလွှားကြိုးစားရတာတွေ ဘဝအတွေ့အကြုံက သင်ပေးတယ် လေ။ ကိုယ့်အပေါ် မတရားသဖြင့် ဖိနှိပ်လာရင် အနိုင်ကျင့် ညှဥ်းဆဲ လာရင် သဘာဝတရားကိုယ်၌က ခုခံကာကွယ်ဖို့ အဲဒီတိုက်ခိုက်လိုစိတ် ဒေါသစိတ်ကို ပေးလိုက်တာပါဘဲ။

အရှုံးခံပြီး သေမလား၊ ယှဉ်ပြိုင်ပြီး ရှင်သန်လို ရှင်သန်ငြား တိုက်ခိုက်မလားဆိုတာ တစ်ခါတစ်ရံ ရွေးချယ်ကြရပါတယ်။ ဒီအခါ ခေါင်းငုံ့ခံတဲ့ သက်ရှိသတ္တဝါတွေဟာ မိမိဘဝကို အရှုံးပေးအဆုံးသတ်သွား ကြရတာလည်း ရှိပါတယ်။ ခွေးတောင်မှ ချောင်ပိတ်ရိုက်ရင် ပြန်ကိုက် တတ်တယ်ဆိုတဲ့ စကားဟာ အဲဒီသက်ရှိမှာ ရှင်သန်ဖို့အတွက် နောက်ဆုံး နည်းလမ်းကို အသုံးပြုသေးတယ်ဆိုတဲ့ သာဓကပါပဲ။

ဒါကြောင့် ရန်လိုစိတ်ဆိုတာ သက်ရှိရဲ့ ပင်ကိုယ်သဘောအဖြစ် တွေ့မြင်နိုင်ပါတယ်၊ ဒါပေမဲ့ သက်ရှိအချင်းချင်းမှာ ဒီစိတ်ရှိတဲ့ အပြု အမူချင်း အနည်းအများ အင်မတန်ကွာခြားကြပါတယ်။ သမင်တို့၊ ယုန်တို့ သိုးငယ်တို့မှာ ဒီစိတ်ဟာ နည်းပါတယ်။ ကျားတို့၊ ကျားသစ် တို့၊ အသားစားသတ္တဝါများမှာ ဒီစိတ်ဟာ ပိုပြီးများပါတယ်။ ဒါက လည်း သူ့ရဲ့အသက်ရှင်သန်ရေးအတွက် အစာအဟာရ ရရှိရေးကိုက သတ်ဖြတ်တိုက်ခိုက်ရတော့ သူ့သဘာဝလို့ပြောရင် ရနိုင်ပြန်ပါတယ်။

ကြက် ဆိုပါတော့။ မြန်မာတိုက်ကြက်နဲ့ လိပ်တွန်း၊ ငွေနား၊ စစ်တကောင်းစတဲ့ နိုင်ငံခြားကြက်မျိုးတွေနဲ့ ရန်လိုစိတ် ဒီဂရီချင်း မတူကြပါဘူး။ အများသိကြတဲ့အတိုင်း မြန်မာတိုက်ကြက်ကတော့ ညီအစ်ကို မောင်နှမချင်းတောင် အမွေးလုတယ်ဆိုပြီး နည်းနည်းလေး

ကြီးလာတာနဲ့ ခွပ်ကြတော့တာပါပဲ။ တစ်မိတည်းပေါက် မွေးချင်းချင်း တောင် သွေးချင်းချင်းရဲအောင် ခွပ်ကြတာ အများကြီးတွေ့ဖူးမှာပါ။

လူတွေမှာလည်း ဒီလိုပဲ။

ကိုယ်ရည်ကိုယ်သွေး ပုဂ္ဂိုလ်ခြားနားချက် အမျိုးမျိုးရှိကြတဲ့အနက် တိုက်ချင်ခိုက်ချင် ရန်စချင်တဲ့စိတ် အနည်းအများ မတူကြပါဘူး။ ကြက်မှာအရိုး၊ လူမှာအမျိုးဆိုသလို မျိုးရိုးဗီဇလိုက်တဲ့ အင်္ဂါရပ်ရယ် လို့ တချို့ပညာရှင်များက မှတ်ယူပါတယ်။ လူမျိုး တစ်မျိုးနှင့်တစ်မျိုး လည်း မတူကြဘူးလို့ပဲ ယူဆရပါတယ်။ ဥပမာ – ထိုင်းလူမျိုးနဲ့ ဗီယက်နမ်လူမျိုး။ ဘယ်သူကပိုပြီး ရန်လိုတဲ့စိတ် များသလဲ။

စနစ်တကျ ဒီဇိုင်းချထားတဲ့ စိတ်ပညာမေးခွန်းတွေနဲ့ တွက်ချက် အဖြေထုတ်ထားတဲ့ ရလဒ်မရှိဘဲ အရမ်းသတ်မှတ်နေလို့တော့ မမှန် နိုင်ပါဘူး။ လုံလောက်တဲ့ဦးရေကို ပညာရပ်အရ ခွဲခြားစိစစ်နိုင်တဲ့ ပညာရှင်များက သုတေသနလုပ်ပြီးမှ အမှန်သိရမှာပါ။ ရှေးယခင် အတိတ်ရာဇဝင်သမိုင်းကြောင်းကို လေ့လာပြီး ယေဘုယျပြောရင်တော့ ရသပေါ့လေ။ မှန်ချင်မှတော့ မှန်ပါတယ်။ အခုလူတွေဟာ အတိတ်လူ တွေ မဟုတ်တော့တာ သေချာပါတယ်။ နီးစပ်တဲ့အဖြေ ရချင်လည်း ရမယ်။

မြန်မာလူမျိုးများဟာ ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်လာခဲ့ကြတဲ့ အချိန်ကစပြီး စိတ်ဓာတ်နူးညံ့ပျော့ပြောင်းလာခဲ့ပါတယ်။ ရန်မလိုမှရန်ပြို တယ်။ ရန်လိုရင် ရန်ပိုတတ်တယ်ဆိုတဲ့ ဆိုရိုးစကား အဆုံးအမတွေ ရှိသားပဲ။ မြန်မာတွေ ဒေါသနည်းတယ်လို့ ပြောရင်လည်း အနီးစပ်ဆုံး မှန်နိုင်ကောင်းပါတယ်။ ဒါပေမဲ့ သမိုင်းတစ်လျှောက်လုံးမှာ အမျိုးသား လက်နက်နိုင်ငံတော်(ခေတ်ကြီးတွေ) တစ်စုတစ်စည်း ထူထောင် တည် ဆောက်ရာဖြစ်စေ၊ တစ်ကွဲတပြား သူတစ်လူငါတမင်း နယ်စားပယ်စား အဖြစ်နဲ့ နေကြတဲ့အချိန်မှာဖြစ်စေ စစ်တော့ အတော်တိုက်ခဲ့ကြတဲ့ တိုင်းရင်းသားတွေပါ။ ဟံသာဝတီနဲ့အင်းဝက ရှင်ဘုရင်တွေဟာ အနှစ် လေးဆယ်ကြာ စစ်တိုက်နေခဲ့ကြတာ အထင်အရှားပဲ။ လူမျိုးရေး

သဘောထားကျဉ်းမြောင်းတဲ့ ပဒေသရာဇ်တွေ ဆိုချင်ဆိုပေရော့။ စစ်ကို ဝါသနာထုံတာလည်း ဖြစ်ချင်ဖြစ်ပေမပေါ့။

မြောက်ဘက်က လူဦးရေအင်မတန်များပြားလှတဲ့နိုင်ငံ၊ အနောက်ဘက်က လူဦးရေအင်မတန်များပြားလှတဲ့နိုင်ငံ၊ အဲသလို ဝန်းရံနေတဲ့ကြားက နှစ်ပေါင်း ထောင်နဲ့ချီပြီး ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးကို အဆက်မပြတ် တည်ဆောက်နိုင်ခဲ့တာ၊ ကာကွယ်ထားနိုင်ခဲ့တာကို ထောက်ခြင်းအားဖြင့် မြန်မာတို့ဟာ ကျူးကျော်စော်ကားမှုဆိုရင်လည်း ခေါင်ငုံ့မခံ ခုခံတွန်းလှန်နိုင်စွမ်း ရှိကြတယ်လို့တော့ ပြောနိုင်ပါတယ်။ ဗြိတိသျှနယ်ချဲ့ကိုလည်း ဆယ်စုနှစ်ပေါင်းများစွာ နည်းအမျိုးမျိုးနဲ့ အားမတန်တဲ့ကြားက မာန်မလျှော့ အရှုံးမပေးဘဲ တိုက်ခိုက်ခုခံခဲ့သေးတာ အများအသိပါပဲလေ။ သမိုင်းလို သွေးနဲ့ရေးခဲ့ကြတာကိုး။ ကျွန်တော်တို့လူမျိုးရဲ့ ကိုယ်ရည်ကိုယ်သွေးကို သတ်မှတ်ကြရာမှာတော့ ဆွဲယူတဲ့ ကောက်ချက်တွေနဲ့ ယူဆချက်ထုတ်ကြတာပဲများခဲ့ပါတယ်။ ခေတ်မီတဲ့ သိပ္ပံနည်းကျ စိတ်ပညာသုတေသနများ အခုထိတော့ မရှိကြသေးပါဘူး။ ပညာရှင်များ ဆက်လက်လုပ်ဆောင် ကြရပါဦးမယ်။

တစ်ဦးချင်းကို အကဲဖြတ်ရာမှာတော့ ဒီစိတ် ဘယ်လောက်များသလဲ နည်းသလဲဆိုတာသိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကိုယ်ရည်ကိုယ်သွေး တိုင်းတာစစ်ဆေးတဲ့နည်းတွေမှာ ဒီအင်္ဂါရပ်ကို ထည့်သွင်းကြည့်ရှု အကဲဖြတ်ရပါတယ်။ ရွှေဘိုနယ်သားဆို သတ္တိကောင်းမှာပဲ။ သာယာဝတီနယ်သားဆိုရင် ဒေါသစိတ်များမယ် စသဖြင့် "အထင်"နဲ့ မှန်းဆချက်တွေကို စိတ်ပညာနယ်ပယ်မှာ မသုံးပါဘူး။ ပြင်သစ်ပြည် ဂါစကွန်နယ်သားပါ ဆိုတာနဲ့ ဒါးတည်လို သူရဲကောင်းပါလို့ ပြောလို့ မဖြစ်နိုင်ပါဘူး။ အခြေအမြစ်မရှိဘူးလေ။

အခြေအနေတစ်ရပ်ရပ်မှာ ဘယ်နည်းဘယ်ပုံ တုန့်ပြန်သလဲဆိုတဲ့ လက်တွေ့အပြုအမူ၊ သူရဲ့ပြောဆိုဆုံးဖြတ်ချက်၊ စာနဲ့ဖြေထားတဲ့ဖြေလွှာ ရလဒ်အချက်တွေ၊ မသဲကွဲတဲ့ ရုပ်ပုံကားချပ်တွေကိုကြည့်ပြီး သူရဲ့ အနက်ကောက်ယူ တုန့်ပြန်ပုံတွေ၊ အုပ်စုအတွင်း ဆက်နွယ်ပုံတွေ၊

ပတ်ဝန်းကျင်က သူ့အပေါ် ရှုမြင်ပုံတွေ စသဖြင့် ခိုင်မာတဲ့ အထောက်အထား အချက်အလက်တွေအပေါ်မှာသာ အခြေပြုပြီး စစ်ဆေးရေး စိတ်ပညာရှင်က ကောက်ချက်ထုတ်ယူရတာ ဖြစ်ပါတယ်။

ဒေါသတရားထားရင် မှားတတ်တယ်ဆိုတာ လူတိုင်းကြားဖူးတဲ့ စကားပါပဲ။ ဒါပေမဲ့ လူတွေလိုက်နာနိုင်ကြသလားဆိုတော့ မလိုက်နာနိုင်တဲ့အခါတွေ ရှိလို့သာလျှင် ရိုက်မှု၊ ခုတ်မှုတွေ တရားရုံးတွေမှာ ရောက်ရောက်နေကြတာပဲပေါ့။

လူဆိုတာ သိတာက သိတာတစ်ခြား၊ လိုက်နာကျင့်သုံးတာက ကျင့်သုံးတာတစ်ခြား အသိဟာ အသိပဲရှိတယ်။ တကယ်မကျင့်သုံးသမျှ ကိုယ့်ရဲ့ကိုယ်သွေး လက္ခဏာရပ်ရယ်လို့ မပိုင်ဆိုင်ပါဘူး။ မရရှိနိုင်ပါဘူး။ အပြောတစ်ခြား အလုပ်တစ်ခြားဆိုတဲ့ စကားရှိပါကော။ ပြောတာက ကိုယ်ကြားဖူးတာတွေ သိတာတွေ ပြောတာပဲ။ လုပ်တာက ကိုယ့်စိတ် ကိုယ့်စရိုက်နဲ့ လုပ်လိုက်တာပေပဲ။ တူချင်မှတူမှာပေါ့။

ဓားနဲ့အမြဲနေတဲ့လူဟာ ဓားနဲ့ပဲ သေတတ်တယ်တဲ့။ သိုးဆောင်းစကားပုံတစ်ခုရှိတယ်။ တိုက်တာခိုက်တာ ရန်စွယ်ငေါငေါ၊ ပြောတာပြုတာတွေဟာ မလိုအပ်ရင် မလုပ်သင့်ဘူး။ ရှောင်ရတယ်။ လျှော့ရတယ်။

အရပ်စကားပြောရရင်တော့ ဒေါသဆိုတာ လူမိုက်လက်သုံးပဲ။ ပညာရှိလူလိမ္မာတို့ သုံးတဲ့ဟာမှ မဟုတ်တာ။ ဒါပေမဲ့ လုံးဝမရှိသင့်ဘူးလို့တော့ မဆိုလိုဘူးနော်။ လူ့ဘောင်အတွင်း မရှောင်ကွင်းနိုင်သေးရင် ရှိသင့်သလောက်သာ ရှိရမှာပါ။

ရွှေမန်းဦးတင်မောင်ရဲ့ ဂီတရူးပြဇာတ် ကြည့်ဖူးလိုက်ပါသလား။ ကိုဝင်းဗိုလ်နဲ့ကိုချမ်းသာတို့လည်း ဆက်ပြီး ကပြတတ်ပါတယ်။ ဓာတ်ပြားဇာတ်ထုတ်လည်း ဦးတင်မောင် သွင်းခဲ့ရစ်တယ်။ ဒေါသတရားထားလို့ မှားတတ်တယ်ဆိုတာ အဲဒီထဲမှာ သင်ခန်းစာပေးထားတယ်။

ဒေါသ၊ ဒေါသနဲ့ အများနားလည်လွယ်အောင် သုံးနှုန်းနေပေမဲ့ အဓိကဆိုလိုရင်းက ရန်လိုစိတ်ပါ။ ရန်လိုစိတ်ဟာ လွန်ကဲရင် မကောင်းဘူး။ ကောင်းကျိုးထက် ဆိုးကျိုးသာလျှင် ရစရာရှိတယ်။ ရန်လိုစိတ်ကိုပျိုးတဲ့ အညှိုးအမျက်ဆိုတာလည်း ဒီလိုပဲ။ ကောင်းကျိုးမပေးပါဘူး။

စီးပွားရေး ခေတ်မီတိုးတက်တဲ့နိုင်ငံ ဖြစ်ချင်ရင် ကျွန်တော်တို့နိုင်ငံ ကျွန်တော်တို့ လူမျိုးဟာ ရှေ့ဆက်ပြီး အများကြီး ကြိုးပမ်းအားထုတ်ကြရဦးမှာပါ။ တစ်ခြားနိုင်ငံတွေနဲ့ ယှဉ်ရပါမယ်။ ပြိုင်ရပါမယ်။ အနိုင်ရအောင်ဗိုလ်လုရပါလိမ့်မယ်။ ပညာချင်း၊ လုံ့လချင်း၊ ဇွဲချင်း ပြိုင်တာမျိုးဟာ ကောင်းပါတယ်။ ဒီလိုယှဉ်ပြိုင်ရဲဖို့ အနိုင်မခံ စိတ်ဓာတ် ရှိရပါမယ်။ ဒါလဲ ရန်လိုစိတ်ရဲ့အသွင်က တစ်မျိုးပါပဲ။ ဒါမျိုးကျတော့ ရှိရမှာပေါ့။ မဟုတ်ဘူးလား။

ဒီမိုကရေစီနိုင်ငံဆိုတာ ယဉ်ကျေးသိမ်မွေ့တဲ့ နိုင်ငံကြီးသားပီသတဲ့ နိုင်ငံသူနိုင်ငံသားများအပေါ်မှာ တည်ပါတယ်။ ကေသရာဇာ ခြင်္သေ့မင်းတို့ရဲ့ အဆီဟာ သံဂိုဏ်ရွှေခွက်နဲ့သာ တင့်တယ်သလိုပဲပေါ့။ အိုးမှုတ်ခွက်မှာ မတည်နိုင်ပါ။ သဘောမကြီးတဲ့ ရန်လိုစိတ်ပြင်းထန်တဲ့ သူတွေရဲ့ကြားမှာ ဒီမိုကရေစီဆိုတဲ့ ပြည်သူပြည်သားများ အာဏာပိုင်စိုးရေးဆိုတာ ကြာရှည်ခိုင်ခံ့နိုင်ပါ့မလား။ မင်းမဲ့စရိုက်နဲ့ ထင်ရာစိုင်းချင်သူတွေ၊ ဗိုလ်ကျနေလို့ရှိရင် ဘယ်မှာအေးချမ်းသာယာနိုင်ပါ့မလဲ။ တရားမျှတတဲ့ ယှဉ်ပြိုင်မှုတွေသာ ထွန်းကားစေရပါမယ်။

အာဃာတတရားရဲ့ သွင်ပြင်လက္ခဏာတွေ၊ ဒေါသတရားရဲ့ အရိပ်အရောင်တွေ၊ အညှိုးအမျက်ရဲ့ အနက်အဓိပ္ပာယ်တွေ ထုပြောများပြားနေရင် တစ်ဦးချင်းသာမက မီးဟတ်သလိုပဲ အများစုကိုလည်း ပူလောင်ညှိုးနွမ်းစေပါတယ်။

ဒေါသအမျက်တရားဟာ နေရာတကာမှာ ထားရတာ မဟုတ်ပါဘူး။ ထားသင့်တဲ့အချိန်မှာ ထားပါ။ ထားသင့်တဲ့နေရာမှာ ထားပါ။ ဆင်ခြင်တုံတရား လုံးဝကင်းမဲ့ပြီး ဒေါသမီး တဟုန်းဟုန်း တောက်လောင်တာကိုတော့ အားမပေးသင့်ဘူး။ ဝိုင်းဝန်းငြိမ်းသတ်ကြရမယ်။

# ဉာဏ်နဲ့ဝီရိယ

ဉာဏ်ရည်ဉာဏ်သွေးဆိုတာ ကြည့်လို့မြင်လို့ရနိုင်တဲ့ အရာမျိုးတော့ မဟုတ်ပါ။ ဒါပေမဲ့ ဒီလူဟာ ဉာဏ်ရှိ, မရှိ၊ ဉာဏ်ရည်မြင့် မမြင့် ခွဲခြားချင့်ချိန်နိုင်မှ ကျွန်တော်တို့ တာဝန်ပေးမယ့်အလုပ်မှာ အံကျမကျ ရွေးချယ်ဆုံးဖြတ်နိုင်မှာဖြစ်ပါတယ်။ ဂဃနဏသိရန် လိုအပ်တယ်။

ဒီတော့ ဉာဏ်ရည်အကဲဖြတ်ဖို့ လိုပါတယ်။ ဒါကြောင့် ဉာဏ်ရည်စစ်ဆေးလွှာတွေ ပြုစုတည်ဆောက်ကြရပါတယ်။ ဆယ်တန်းအောင်တဲ့ လူတွေထဲက ဘယ်သူတွေဟာ ဉာဏ်ရည်ကောင်းသလဲ။ ဘယ်သူတွေက ဉာဏ်ရည်ညံ့သလဲ။ ခွဲခြားနိုင်တဲ့ "စစ်ဆေးလွှာ"တစ်ခု ရဖို့ရာက ပဏာမ လေ့လာစမ်းသပ်ကြည့်ရမယ့် စမ်းသပ်ခံ (Subject)တွေ ဦးစွာ ပထမ လိုအပ်ပါတယ်။ အသက်အရွယ်၊ ကျား-မ၊ နေရပ်ဇာတိဒေသ၊ လူမျိုး၊ ဘာသာ ဒီအချက်တွေ ပြန့်နှံ့တဲ့ လူဦးရေ (အနည်းဆုံး ၆၀၀ ကျော်) အတန်အသင့်ကို မိမိပြုစုထားတဲ့ (လျာထားချက်) မေးခွန်း အကြမ်း ၁၀၀ လောက်နဲ့ စစ်ကြည့်ရပါမယ်။

ဒါက မေးခွန်းတစ်ခုချင်းကို စိစစ်တဲ့ဘောပါ။ စမ်းသပ်ခံ လူတွေကို ဘာမှမပြောလိုဘူး။ ခုံနံပါတ် (၁) ကနေ (၆၀၀)အထိ ဆိုပါတော့။ ဘယ်သူတွေက အမှတ်များတယ်၊ ဘယ်သူတွေက ရမှတ်နိမ့်တယ်ဆိုတာတော့ ထွက်လာမယ်။ ဒါပေမဲ့ မေးခွန်းမူကြမ်းနဲ့စစ်တာမို့ မခိုင်မာသေးဘူးနော်။

ဒါဟာ မှန်ချင်မှန်မယ်။ အမှန်နဲ့ နီးစပ်ကောင်းရဲ့လို့တော့ မျှော်လင့်နိုင်တာပေါ့လေ။ မသေချာသေးပါဘူး။

တော်တဲ့လူနဲ့ ညံ့တဲ့လူကိုတော့ ပထမအဆင့်မှာ အကြမ်းမျဉ်း ခွဲခြားရလို့သွားပြီ။ အဲဒီမေးခွန်းလွှာကြီး တစ်ခုလုံးက ခွဲခြားပြတဲ့မှန်၊ မှား အဖြေနဲ့။ မေးခွန်းတစ်ခုချင်းကရတဲ့ မှန်၊ မှား အဖြေတူ၊ မတူ ပြန်လည် စိစစ်ကြရပြန်ပါတယ်။

တော်တဲ့လူ မှန်စေတယ်။

ညံ့တဲ့လူကို အဖြေမှားထွက်စေတယ်။

အဲဒီ **Question** နံပါတ်ဟာ မေးခွန်းလွှာကြီး တစ်ခုလုံးနဲ့ ရှေ့နောက်ညီညွတ်တယ်။ အတွင်းညီညွတ်မှုရတယ်။ **Internal consistency** ရှိတယ်ပေါ့။ ဒီအတွက်ကြောင့် ဉာဏ်ရည်စစ်ဆေးလွှာအဖြစ် တည်ဆောက်ရာမှာ ရွေးချယ်ရမယ်။

တော်သူ ညံ့သူ မကွဲခြားနိုင်တဲ့ မေးခွန်းမျိုးတွေ ပါခဲ့နိုင်ရဲ့။

(က) ဥပမာ ဘယ်သူမှ မဖြေနိုင်အောင် ခက်တဲ့မေးခွန်းမျိုး၊ ဖြေသူအားလုံး မှားတဲ့မေးခွန်းမျိုး။ ဘာမှ အသုံးမကျဘူး။ ခက်လွန်းနေတာကိုး။ ဒီ **Question** မျိုးပယ်။

(ခ) လွယ်လွန်းတဲ့မေးခွန်းမျိုး၊ ဒါလဲအပိုပဲ။ ဒီမေးခွန်းနံပါတ်ကို လူတကာက အဖြေမှန်ရအောင် ဖြေနိုင်နေတယ်။ ဘာလုပ်ရမှာလဲ။ ပယ်ရမှာပဲ။

(ဂ) တော်သူတွေ မှားစေပြီး ညံ့သူအုပ်စုတွေ အမှန်ရစေတဲ့ မေးခွန်းနံပါတ်။ တစ်ခုခုတော့ အံချော်နေတယ်။ ပယ်ရမယ်။

အထက်ပါ နမူနာတင်ပြတဲ့ (က) (ခ) (ဂ) အမျိုးအစားမဟုတ်တဲ့ မေးခွန်းတစ်ခုချင်းကို လက်ရွေးစင်ကောက်ပြီး နောက်တစ်ကြိမ် အစမ်းသပ်ခံ **(Subject)**ဖြေဆိုသူ ၆၀၀ လောက်ကို စမ်းသပ်စစ်ဆေးရပြန်ပါတယ်။

မေးခွန်းဦးရေကတော့ အရေအတွက် ၁၀၀ မရှိတော့ဘူးပေါ့။ ပယ်လိုက်တဲ့ ၃၀ လောက်နှုတ်ရင် ၇၀ ပဲ ရှိတော့မယ်။ ပယ်ရတာ ၄၀ ရှိရင်လည်း ၆၀ ပဲ ကျန်တော့မယ်။

ဒီအခါမှာ ရလာတဲ့ အဖြေမှန်များတဲ့ မေးခွန်းဟာ အလွယ်ဒီဂရီ။ အဖြေမှား သို့မဟုတ် မဖြေနိုင်သူများတဲ့မေးခွန်းဟာ အခက်ဒီဂရီ ဒီလို စဉ်လို့ ရလာမယ်။

မေးခွန်းတွေကို ဉာဏ်ရည်ဉာဏ်သွေး စစ်ဆေးလွှာအနေနဲ့ စုစည်းတည်ဆောက်တဲ့အခါ လှေခါးထစ်လိုင်းပုံစံနဲ့ တည်ဆောက်လေ့ ရှိပါတယ်။ လွယ်ရာကနေ ခက်တဲ့မေးခွန်းတွေကို စီသွား။ အခက်ဆုံး လောက် ရောက်ပြီးရင် လွယ်ကူတာ ပြန်ဆင်း။ တဖြည်းဖြည်း ပိုမို ခက်သွား။ ဒီသဘောပေါ့။




အနီးစပ်ဆုံး၊ ယေဘုယျသဘော ပြောတာပါ။ ပုံသေကားကျ တော့ မဟုတ်ပါဘူး။

မေးခွန်းတွေက စာနဲ့မေးတဲ့ ဂဏန်းပုစ္ဆာတွေလည်း ဖြစ်ချင် ဖြစ်မယ်။ ပတ်ဝန်းကျင်လေ့လာမှုနဲ့ဆိုင်တဲ့ ဗဟုသုတတွေလည်း ပါဝင် ပါမယ်။ သိပ္ပံနဲ့ဆိုင်တာတွေ၊ ပထဝီ၊ သမိုင်းတို့မှာပါတဲ့ အချက်တွေ စသည်တို့လည်း ဖြစ်နိုင်တယ်။ အနောက်နိုင်ငံတွေမှာတော့ အာကာသ သိပ္ပံအကြောင်းတွေလည်း ပါချင်ပါမှာပေါ့။ မြန်မာပြည်အဖို့ကတော့ လယ်ဘယ်နှစ်ဧက စပါးဘယ်နှတင်းထွက်ရင် ဆန်ဘယ်လောက်ထွက် မလဲ။ လူဘယ်နှစ်ယောက် ဘယ်နှစ်လ စားနိုင်မလဲ စတဲ့ ပုစ္ဆာတွေလည်း ဖြစ်ချင်ဖြစ်မယ်။

ဉာဏ်ရည်နဲ့ဆိုင်တဲ့ မေးခွန်းတွေကို အထက်ကဖော်ပြခဲ့သလို စမ်းသပ်စစ်ဆေး၊ ရွေးချယ်စီစဉ်ပြီးမှ တည်ဆောက်ယူရပါတယ်။

(က) အသက် ၁၆ နှစ်မှ ၁၉ နှစ်အတွင်း ကျောင်းသား ကျောင်းသူများအတွက် ဉာဏ်ရည်စစ်ဆေးလွှာ (မြန်မာဘာသာ)။

(ခ) အသက် ၂၀ နှင့် ၂၅ နှစ်အတွင်း ဘွဲ့ရကျောင်းသူ၊ ကျောင်းသားများအတွက် အင်္ဂလိပ်ဘာသာဖြင့် ဉာဏ်ရည်စစ်ဆေးလွှာ၊

(ဂ) အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်းရှိ မြန်မာစာ၊ မြန်မာ

စကားလုံးဝမတတ်သော တိုင်ရင်းသားများအတွက် စာမဲ့၊ ရုပ်ပုံသုံး ဉာဏ်ရည်စစ်ဆေးလွှာ။

အဲဒါမျိုးတွေကို တည်ဆောက်ပြုစုကြဖို့ရာ စိတ်ပညာဌာနများရဲ့ သုတေသနလုပ်ငန်းတွေ အများကြီး–အများကြီး၊ လုပ်စရာတွေ ရှိနေပါတယ်။ ဖွံ့ဖြိုးပြီးသားနိုင်ငံတွေမှာ လူတစ်ဦး ရောက်လာတာနဲ့ သူ့ရဲ့ ဉာဏ်ရည်ကို စစ်ကြည့်လိုက်။ ၁ နာရီအတွင်း ခွဲခြားသိနိုင်တယ်။ သူ့အရွယ်၊ သူ့အရည်အဆင့်နဲ့ တူညီတဲ့လူပေါင်း ၁၀၀၀ ကျော်ကို စမ်းသပ်စစ်ဆေးပြီး တည်ဆောက်ထားတဲ့ စစ်ဆေးလွှာ Test တွေက ရှိထားတာကိုး။

မြန်မာနိုင်ငံမှာ အလားတူ စစ်ဆေးလွှာတွေ တည်ဆောက်ကြတာဟာ အများကြီး တိုးတက်ဖို့ကောင်းပါတယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် စိတ်ပညာသုတေသန လုပ်ငန်းတွေဟာ ကျွန်တော်တို့ ဖြစ်စေချင်သလောက် မဖွံ့ဖြိုးနိုင်သေးပါ။ ငွေကြေးချွေတာရတာလည်း ပါရဲ့။ သုတေသနတွေရဲ့ ရေရှည်အာရုံစိုက်ပြီး အနစ်နာခံ နှစ်မြှုပ်အလုပ်လုပ်အောင် အားမပေးနိုင်ခဲ့တာလည်း ပါမယ်ထင်ပါရဲ့။

ကိုယ့်ရေမြေ၊ ကိုယ့်တိုင်းပြည် (ကိုယ့်ယဉ်ကျေးမှုစံတွေနဲ့ အခြေပြုပြီး တည်ဆောက်ထားတဲ့) စစ်ဆေးလွှာ Test တွေ ထောက်စုံအလွှာစုံအောင် မရှိသေးတော့ တိတိကျကျ သိပ္ပံနည်းနဲ့ ခွဲခြားလုပ်ဆောင်ရမယ့် စစ်ဆေးရွေးချယ်မှုတွေကို အထောက်အကူ မပေးနိုင်သေး။

မှားပြီး ရွေးမိသူတွေလည်းပါ၊ စုန်းပြူးစေ့တွေကြောင့် နာမည်ပျက်ရ။

မှားပြီး ပယ်လိုက်မိသူတွေလဲရှိ၊ အဲဒီလို သင့်လျော်တဲ့သူကို မဆွဲခေါ်လိုက်ရတာကြောင့် နစ်နာ။

လူတွေရဲ့ ကိုယ်ရည်ကိုယ်သွေးဆိုတာက ပတ်ဝန်းကျင်အခြေအနေကြောင့် အများကြီး ပြောင်းလဲတယ်။ အဖြူဟာ အမည်းဖြစ်သွားနိုင်သလို အညိုဟာအဝါဖြစ်လာနိုင်တယ်။ ကိုယ်ရည်ကိုယ်သွေး အင်္ဂါရပ် GPersonality Tracts အမျိုးမျိုးဟာ တစ်သက်လုံး စွဲမြဲတယ် လို့ မပြောနိုင်ဘူး။

ဉာဏ်ရည်ကတော့ မျိုးရိုးဗီဇနဲ့ ပိုဆက်စပ်ပါတယ်။ မွေးကတည်း

က ဉာဏ်ရည်တောက်တဲ့ကလေးဟာ တောမှာနေခဲ့ရပေမယ့် လူတကာ ထက် အများကြီးနိမ့်လောက်အောင် မညံ့လှဘူးတဲ့။

သာမန်မျှသာဖြစ်တဲ့ ကလေးတစ်ယောက်ကိုလည်း ဉာဏ်ရည် မြင့်အောင် ဗဟုသုတတွေ၊ ပတ်ဝန်းကျင်အခြေအနေတွေ၊ ဆရာကောင်း တွေနဲ့ အမျိုးမျိုးအဖုံဖုံ ပျိုးထောင်ဖြည့်ဆည်းပေးမဲ့ ၁၀ ရာခိုင်နှုန်းထက် တော့ ပိုပြီး မတက်လာတတ်ဘူးတဲ့။ ဥပမာ မူလက ဉာဏ်ရည်ပြကိန်း Intelligence Quptient (၈၀)မှတ်ရှိတဲ့ ကလေး။ ပြုပြင်ပျိုးထောင်မှု တွေ မိုးပျံအောင်လုပ်ပေး။ ၈၈ မှတ်ဆိုတာဟာ မိုင်ကုန်ပါပါတဲ့။

ကျေးလက်တောရွာမှာ နေထိုင်ရစေဦး မျိုးရိုးဗီဇာဉာဏ်ထက်မြက် သူဖြစ်ပါက စစ်ဆေးလွှာတစ်ခုမှာ ၁၁၀ မှတ် ရှိတယ် ဆိုပါစို့။ စာမဲ့ ရုပ်ပုံစစ်ဆေးလွှာ အခြားတစ်ခုနဲ့ ထပ်စစ်ကြည့် ၁၁၀ ပတ်ဝန်းကျင်တော့ သူရပြန်တာပဲတဲ့။ ဉာဏ်ရည်ဟာ ခိုင်မာမြဲမြံတယ်။ ပြုပြင်ပေမဲ့ အများ ကြီးတော့ မပြောင်းလဲဘူး။

ဉာဏ်ရည်အကြောင်း တော်တော်ရှည်ရှည်ဝေးဝေး တင်ပြခဲ့ပါပြီ။ ဝီရိယက ပိုပြီးအရေးကြီးတယ်လို့ ဆက်လက်ပြီး တင်ပြချင်တာပါ။

အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရား (အရှင်ဇနကာဘိဝံသ ၁၉၀၀–၁၉၇၇) ရေးသားတော်မူခဲ့တဲ့ ကျမ်းစာများမှာ အထူးသိသာပါ တယ်။ ဆရာတော်ကြီးက ကျမ်းစာအမွန်ပေါင်း မြောက်မြားစွာ ရေးသား ပြုစုနိုင်တဲ့ တကယ့်ပါရမီရှင် ပုဂ္ဂိုလ်ကျော်ပါ။ ဒီလောက်ကြီးကျယ် ခမ်းနားတဲ့ လုပ်ဆောင်မှုတွေကို လုပ်နိုင်တာက သူဉာဏ်တော်လို့ မဟုတ်ပါဘူးတဲ့။ သူရဲ့ ဖြစ်အောင်ကြိုးစားမယ်ဆိုတဲ့ ဆန္ဒထက်သန်မှု၊ သူ့ရဲ့ဝီရိယ အားထုတ်ကြိုးပမ်းမှုကြောင့်ပါတဲ့။ အောင်မြင်မှုတွေဟာ ရေရှည်မှာ ကြိုးစားအားထုတ်မှု ဝီရိယအဓိကပဲတဲ့။

ကျွန်တော်တို့ကျောင်းသားဘဝမှာ ထင်ရှားသိသာအောင် ဉာဏ် တော်တဲ့ သူငယ်ချင်းတွေ တွေ့ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဝီရိယနည်းလေ တော့ ရွာမှာ သာမန်ဆင်းရဲသားအဖြစ်နဲ့ပဲ နေကြရတယ်။

ဉာဏ်မချွန်လှပေမဲ့ ဝီရိယ အားစိုက်ပြီး မှန်မှန်ကြီး အလုပ်လုပ်တဲ့ လူစားတွေဟာ တဖြည်းဖြည်းနဲ့ ရှေ့တန်းကိုတက်လာပြီး အလုပ်ကြီး၊ အကိုင်ကြီးတွေ လုပ်ဆောင်ကြရတယ်။ စီးပွားရေးမှာ ချမ်းသာကြွယ်ဝ

သူတွေ ဖြစ်လာကြတယ်။ လှူနိုင်တန်းနိုင် ရပ်ရွာအပေါ် သြဇာတိက္ကမ ရှိကြသူများအဖြစ် ထင်ပေါ်လာနိုင်တယ်။ ဝီရိယက ပိုပြီးအကျိုးပေးပုံတွေ လက်တွေ့သိမြင်ရပါတယ်။

တီထွင်ကြံဆ၊ ဆန်းသစ်ကြဖို့ဆိုတာမျိုးမှာ ပင်ကိုယ်ဉာဏ်ရည် အစွမ်းအစဟာ အခြေခံလိုအပ်ပါလိမ့်မယ်။ မှန်ပါတယ်။ ဒါပေမဲ့ အတွေ့အကြုံတွေကို ဖြတ်သန်းရပါမယ်။ ဇွဲနဲ့ လုံ့လနဲ့ ချီတက်ပါမှ ရနိုင်တယ်။

ကျွန်တော်တို့ဟာ နံနက် ၆ နာရီမှ အိပ်ရာထလေ့ရှိတယ်။ ညဆိုလျှင် ၉ နာရီကျော်တာနဲ့ အိပ်တတ်ကြတယ်။ မအိပ်ပါဘူး တီဗီကြည့်ပါတယ်။ ည ၁၀ နာရီ ၁၁ နာရီအထိ ကြည့်ပါတယ်ဆိုစေဦး ဒါက အလုပ်လုပ်တာမှ မဟုတ်ပါဘဲ။ ဖျော်ဖြေမှုမှာ သာယာနေတာလေ။

ကျွန်တော်တို့မှာ အိပ်ချိန်၊ နားချိန်တွေက များနေပါသေးတယ်။ ည ၁၁ နာရီအထိ မိမိအသက်မွေးဝမ်းကျောင်းပြုတဲ့ အလုပ်နဲ့ဆိုင်တဲ့ သင်ခန်းတွေ၊ စာရင်းတွေ၊ စစ်ဆေးမှုတွေ ပြုလုပ်။ နံနက် ၅ နာရီထပြီး မှတ်တမ်းရေး၊ သုံးသပ်ချက်ရေး၊ ယနေ့ဘာတွေပြီးအောင် ဆောင်ရွက်မယ်ဆိုတာမျိုး ၁ နာရီလောက်စဉ်းစား၊ တွေးတော၊ စီမံ။

ဝီရိယနဲ့ အားစိုက်ပြီး (၃)နှစ်လောက် အကျင့်မြဲအောင် စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲနဲ့ အလုပ်လုပ်ကြည့်စမ်းပါ။ သင့်ဘဝ ထူးထူးခြားခြား ကြီးကြီးကျယ်ကျယ် တိုးတက်အောင်မြင်ပါလိမ့်မယ်။ (အသက် ၄၀ ကျော်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ခုရဲ့ အကြီးအကဲတာဝန်၊ ရာထူးအဆင့်အမြင့်ဆုံး အခြေအနေ ရောက်ရှိတဲ့သူရဲ့ ကိုယ်တွေ့နဲ့ ပေးတဲ့အကြံဉာဏ်ပါ။)

ဉာဏ်ဟာ အရေးကြီးလှပါတယ်။ မှန်ပါတယ်။

ဝီရိယကတော့ သင်ဟာ ဘယ်အဆင့်ထိအောင်ပင် အောင်မြင်ထွန်းပေါက်မှာလဲဆိုတာ အဆုံးအဖြတ်ပေးပါတယ်။ ထိပ်ဆုံးကို ရောက်နေသူကြသူတွေဟာ အလွန်တရာ ဝီရိယခွန်အား ကောင်းကြသူတွေပဲဆိုတာ နားလည်ယုံကြည်ပါ။ အားကျအတုယူစမ်းပါ။

**သုတစွယ်စုံမဂ္ဂဇင်း**

**၁၉၉၉ ခု၊ ဇူလိုင်လ**

# အောင်မြင်အောင်လုပ်ဆောင်ပါ

**နိဒါန်း**

အရင် ကျွန်တော်က စီးပွားရေးလုပ်ဖူးတဲ့လူမဟုတ်ဘူး။ ဘဝတစ်လျှောက်လုံးပဲ ပြောပါတော့။ အစိုးရလခစားအဖြစ် ဝန်ထမ်းပဲလုပ်ဖူးတာပါ။ လခစားဟာ လခစားစိတ်ဓာတ်နဲ့ လခစားအမူအကျင့် ပဲရှိမှာပေါ့လို့တော့ ဝါးလုံးရှည်နဲ့ သိမ်းပြီးမရိုက်ပါနဲ့။ ကျွန်တော်က မခံနိုင်ဘူး။ ၁၇ နှစ် စစ်သားလုပ်ပြီး ထမင်းစားခဲ့တာဗျ။ ထမင်းငတ်တို့ စစ်ထဲလိုက်ခဲ့တာတော့ မဟုတ်ဘူး။ ဘာရာထူးရကောင်းစေလို့လည်း မရည်ရွယ်ဘူး။ တကယ်ပါ။ အနစ်နာခံချင်လို့။

တိုင်းပြည်ကိုကာကွယ်ဖို့ရာ လူငယ်ဘဝမှာ သေသေရှင်ရှင် သမိုင်းပေးတာဝန်ကို ဝင်ထမ်းရမှာပဲဆိုတဲ့ စိတ်နဲ့ စစ်သား၊ စစ်ဗိုလ်ဖြစ်ခဲ့တာ။ စစ်မြေပြင်ပင်ပန်းဆင်းရဲမှုဒဏ်တွေကို တော်ရုံတန်ရုံဇွဲနဲ့ ဘယ်ခံနိုင်မှာတုံး။ အောင်မြင်မှုနဲ့ အခွင့်အာဏာ၊ အခွင့်အရေးတွေနဲ့ သွေးဆောင်ဖျားယောင်းမှုဒဏ်ကလည်း တော်ရုံတန်ရုံစာရိတ္တနဲ့ ဘယ်လွယ်မှာတုံး။ အဲဒီ ဆင်းရဲ၊ ချမ်းသာ ဘေးအန္တရာယ်နှစ်ခုကြားက ၂၇ နှစ် ဖြတ်သန်းပြီး ဘာအပြစ်၊ ဘာအမှုမှမရှိခဲ့လို့ "စစ်မှုထမ်းကောင်းတံဆိပ်" ရရှိခဲ့တာကြည့်ပေတော့။ ကဲ–ထားဗျာ။

စစ်နဲ့ပတ်သက်လို့ သုံးသပ်ကြည့်ကြပြီဆိုရင် အခြေခံစဉ်းစားရမဲ့ အကျိုးဝင်တဲ့အချက်တွေရှိတယ်ဗျ။ အကြမ်းဖျင်းပဲဆိုပါတော့ဗျာ။ ဥပမာ–

(၁) **အင်အားနှိုင်းယှဉ်ချက်** (ရန်သူ / မိမိ)
(က) လူအင်အား / လက်နက်အင်အား / ဓနအင်အား။
(ခ) မဟာမိတ်အင်အား
(ဂ) အရံအင်အား
(ဃ) ပြည်သူလူထုထောက်ခံမှုအင်အား
(၂) **မြေ**အခြေအနေ (အချက်အချာမြေ၊ စစ်ဗျူဟာအရေးကြီးမြေ၊ အတားအဆီး၊ လေကြောင်းရန်အကာအကွယ် စသည်ဖြင့် TERRAIN နဲ့ ဆိုင်တာအားလုံး)
(၃) **ချဉ်း**လမ်းများ။
(၄) **အချိန်**နဲ့ အကွာအဝေး။
(၅) **ရာ**သီဥတု၊ နေဝင်နေထွက်၊ ထူးခြားတဲ့မိုးလေဝသပြောင်းလဲမှုများ။

# စာကိုယ်

ခံစစ်ပဲဆင်ဆင်၊ ထိုးစစ်ပဲလုပ်လုပ် အထက်ကဖော်ပြခဲ့တဲ့ အခြေခံ (၅) ရပ်ကို အား၊ မြေ၊ ချဉ်း၊ ချိန်၊ ရာ လို့ အမြဲမပြတ် ကျက်မှတ်လက်စွဲပြုကာ ထည့်သွင်းသုံးသပ်ပြီးမှ စစ်ကစားရတယ်။ ဒီသဘောကို အတွေ့အကြုံအရ ကျွန်တော်တို့ဘဝမှာ အိပ်ရာကထရင် မျက်နှာသစ်သလို စွဲမြဲတဲ့အလေ့အထ SECOND NATURE ဖြစ်ခဲ့ကြရပါတယ်။

စီးပွားရေးလုပ်ငန်းမျိုးလုပ်ရရင်လည်း ဒီလိုပဲ အခြေခံကိန်း FACTOR တွေ ရှိရမှာပေါ့။ ဒါတွေကို အစီအစဉ်တကျရေးချပြီး ကျွန်တော် C.E.O (CHIEF EXECUTIVE OFFICER) တာဝန်တစ်ခုကို သုံးနှစ်လောက် ထမ်းဆောင်ရတဲ့အခါ အောင်မြင်တိုးတက်အောင် လုပ်နိုင်ခဲ့ပါတယ်။ ယခုတင်ပြမယ့် အချက်တွေဟာ စမ်းတဝါးဝါးနဲ့ ထင်ရာမြင်ရာတွေ ပြောပြနေတာ မဟုတ်ပါဘူး။ လက်တွေ့စမ်းသပ် အောင်မြင်ပြီးမှ အခိုင်အမာ သာဓကနဲ့ ထုတ်ဖော်တာပါ။ စိတ်ချသုံးပါ။ သိန်းပေါင်းရာနဲ့ချီပြီး အသားတင်အမြတ်ထွက်ပေါ်အောင် စွမ်းဆောင်နိုင်ခဲ့သူရဲ့ "ကွန်ချက်" တွေပါ။

**၁။ လူအင်အား MAN POWER**

စီးပွားရေးလုပ်ငန်းတစ်ခု အောင်မြင်မှုအတွက် အခြေခံအကျဆုံးက လုပ်အားစိုက်ထုတ် အလုပ်လုပ်မည့်လူတွေပါပဲ။ သူတို့က ဘယ်မှာနေကြသလဲ။ ဘယ်လိုစားကြသလဲ။ ဘာတွေကြိုက်သလဲ၊ ဘယ်လိုစရိုက်တွေရှိကြသလဲ။ ဘာတွေတတ်ကျွမ်းကြသလဲ။ ဘာတွေအားနည်းသလဲ။ ဒီအချက်တွေကို ခွဲခြမ်းစိတ်ဖြာပြီး မိမိလုပ်ငန်းမှာ အသုံးတည့်အောင် ပြုပြင်ပုံသွင်းကြရမှာပဲ။

**၂။ ငွေကြေးအရင်းအနှီး MONEY**

ငွေကြေးအတိုင်းအဆပေါ်မူတည်ပြီး စီးပွားရေးလုပ်ငန်းဆိုတာလည်ပတ်ရတာ။ ဘယ်လောက်အမြတ်ရချင်သလဲ။ ဘယ်လောက်အရှုံးခံမှာလဲ။ နောက်နှစ်တွေအတွက် ဘယ်လောက်အရင်းအနှီး မတည်မှာလဲ။ လစဉ် အဝင်အထွက်၊ အရှုံးအမြတ်။ နှစ်စဉ် ရငွေ သုံးငွေ၊ အရှုံးအမြတ် စတဲ့အခြေအနေတွေမှာ စနစ်တကျကွပ်ကဲရမယ်။ တာဝန်ခံရသူမှာကွပ်ကဲပိုင်ခွင့်အာဏာရှိရမယ်။

**၃။ စိတ်ဓာတ် MORALE**

လုပ်သားအဆင့်ဆင့်ရဲ့ စိတ်ဓာတ်ကောင်းရင် လုပ်ငန်းတိုးတက်မှာပဲ။ အလုပ်သမားတွေကို ချိုးနှိမ်ဆက်ဆံတာမျိုး၊ ခွဲခြားပြုမူတာမျိုးနဲ့ အုပ်ချုပ်ရင် စိတ်ဓာတ်ပျက်ပြားမှာပဲ။ စက်ရုံ (သို့မဟုတ်) အလုပ်ရုံအကြီးအကဲအပေါ် အားကိုးယုံကြည်မှု လုံးဝမရှိဘူးဆိုရင် ကုန်ထုတ်လုပ်မှုကျဆင်းမှာပဲ။ စိတ်ဓာတ်မြှင့်တင်ဖို့ရာက သက်သာချောင်ချိရေးနဲ့ လုပ်ငန်းခွင်ပျော်ရွှင်ချမ်းမြေ့အောင် ဆောင်ရွက်ပေးကြရပါမယ်။ စိတ်ဓာတ်က ခေါင်းဆောင်မှုနဲ့ ဆက်စပ်နေတယ်။

**၄။ အုပ်စုစေ့ဆော်မှု NOTIVATION**

စိတ်ဓာတ်ကြံ့ခိုင်ရင် အခက်အခဲအကျပ်အတည်းတွေတွေ့ပေမဲ့ လက်မလျှော့ နောက်မဆုတ်ဘဲ ရင်ဆိုင်သွားမှာပဲ။ ဒါနဲ့မပြီးသေးဘူး။ ကုန်ထုတ်စွမ်းအားမြင့်မားဖို့နဲ့ ထုတ်ကုန်အရည်အသွေးကောင်းမွန်ဖို့က အရေးကြီးသေးတယ်။ အဲဒါတွေက အလုပ်သမားတွေရဲ့ အကျိုးစီးပွားနဲ့ တစ်ထပ်တည်းကျရမယ်။ တို့ဌာနအောင်မြင်မှ တို့ဘဝလည်းမြင့်မား

ကြမယ်ဆိုတာ ဆက်စပ်ပေးထားရမယ်။ လုပ်ချင်ကိုင်ချင်စိတ်ကို လှုံ့ဆော်ပေးနေစေရမယ်။ အဆင့်အတန်းအားလုံးရဲ့ တစ်လုံးတစ်စည်းတည်း ထက်သန်တဲ့စေ့ဆော်မှုရှိမှ လုပ်ငန်းက တိုးတက်တယ်။

## ၅။ စီမံခန့်ခွဲမှု MANAGEMENT

စီမံခန့်ခွဲမှုဟာ မျက်မှောက်လောကမှာ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်နေတဲ့ ပညာရပ်တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ အချို့ဌာနမှာလူကြီးလုပ်နေတဲ့ ပုဂ္ဂိုလ်အချို့ကတော့ ဟိုးအနှစ် ၄၀ – လောက်ဆီကနည်းနိဿယကိုပဲ သိပါတယ်။ သုံးပါတယ်။ အဲ – အတွေ့အကြုံရှိပါတယ်လို့ပြောတာပဲ။ လက်တွေ့သာမက စာတွေ့ဗဟုသုတနဲ့ ပတ်ဝန်းကျင်က အောင်မြင်သူတွေဆီမှာလည်း နည်းယူသင့်တာပေါ့။

အောင်မြင်သူတွေ ဘယ်လိုစီမံခန့်ခွဲသွားသလဲ။

အဲဒါကိုပညာမယူဘဲ မိမိအတွေ့အကြုံလေးနဲ့ပဲ ငုံပြီး နှေးနှေးကွေးကွေးအလုပ်လုပ်တဲ့အခါ သေးနုပ်ပြီး ဆုံးရှုံးကျဆင်းရတတ်ပါတယ်။ ဘယ်သူကမှ လာမကယ်နိုင်ဘူး။ "စီမံမှုပညာ" စာအုပ်ကောင်းတွေ ယခုခေတ်မှာ အများကြီးပဲထွက်ပေါ်ပါတယ်။ ဆည်းပူးပါ၊ ဆွေးနွေးပါ၊ မေးမြန်းပါ၊ သင်ခန်းစာယူပါ၊ အောင်မြင်တိုးတက်လာပါလိမ့်မယ်။ စီမံခန့်ခွဲပုံသာ ကောင်းမွန်ပါစေ။

## ၆။ ရုပ်ဝတ္ထုပစ္စည်းများ MATERIAL

စက်ရုံ၊ အလုပ်ရုံ၊ ကုန်ကြမ်း၊ ကုန်ချော၊ ယာဉ်၊ ကိရိယာတွေဟာ စီးပွားရေးလုပ်ငန်းရဲ့ တိုးတက်မှု၊ ဆုတ်ယုတ်မှုကို ဖြစ်ပေါ်စေတဲ့အရာများ ဖြစ်ပါတယ်။ ပစ္စည်းမှန် စျေးမှန်နဲ့ အရည်အသွေးမှန်အောင် စီမံနိုင်ရပါမယ်။

## ၇။ စက်မှုတပ်ဆင်ခြင်း MECHANZATION

ဟ – စီးပွားရေးလုပ်ငန်းဆိုတိုင်း စက်မှုတပ်ဆင်ဖို့လိုပါ့မလား။ စိုက်ပျိုးရေးမှာ စက်လိုသလား။ မွေးမြူရေးမှာ စက်မှုတပ်ဆင်လို့ရမလား။ အတိုဆုံးပြောရရင်တော့ သယ်ယူပို့ဆောင်တဲ့ ကား / လေယာဉ်ပဲဖြစ်ဖြစ် စက်ကောင်းကောင်းနဲ့ ချောချောမောမောရောက်အောင် ဆောင်ရွက်နိုင်မှ ထိရောက်ပါမယ်။ စက်မှုမတပ်ဆင်ရင် ဒီခေတ်မှာ သူများနဲ့မယှဉ်နိုင်ပါ။

သူများတကာက AUTO-MACHINEနဲ့ ကွန်ပျူတာစက်တွေကို အသုံးပြုဆောင်ရွက်နေချိန်မှာ ဒီက ခြေနင်းနဲ့၊ လက်လှည့်နဲ့ လုပ်ကိုင်နေဦးမယ်ဆိုရင် ရတနာပုံခေတ်က နေဝင်သွားသလို တစ်ကျော့ပြန်နစ်မြုပ်သွားရမှာပဲ။ ခုခေတ်မှာ အဆင့်မီအောင် အမြော်အမြင်နဲ့ စဉ်းစားလုပ်ဆောင်ကြရပါလိမ့်မယ်။ နည်းပညာကိုအသုံးချပါ။

## ၈။ ခေတ်မီရေး MODERNIZATION

စကားလုံးကကြီးကျယ်သွားလို့ လျှာရှည်ရန်ကောတော့ မအောက်မေ့ပါနဲ့။ ခေတ်နောက်ကျတာနဲ့အမျှ စုံးစုံးမြုပ်သွားနိုင်တဲ့ ဈေးကွက်စီးပွားရေး အပြိုင်အဆိုင်ကာလမှာ သူများလုပ်တာကိုင်တာတွေကို မျက်ခြေမပြတ်လေ့လာပြီး အမြဲခေတ်မီအောင် ပြောင်းလဲနေရပါမယ်။ ဥပမာ– အရင်ကစာအုပ်တွေဟာ စက္ကူအဖုံးနဲ့။ အခု ၃–၄ နှစ်အတွင်းမှာ ပလတ်စတစ်ကြွေဖုံးနဲ့။ ကြည့်ပါ။ ချုပ်ပုံချုပ်သားကလည်း အင်မတန်သပ်ရပ်လှပကြပါတယ်။ ကိုယ်က သူများထက်ညံ့တဲ့ စက္ကူနဲ့ အပေါ်စား၊ အညံ့စားထုတ်လုပ်နေရင် ရေရှည်ရှင်သန်ရပ်တည်နိုင်ပါ့မလား။ ခေတ်မီအောင် ဖြစ်နိုင်ရင် ခေတ်ရှေ့ကရောက်အောင် ဦးဆောင်ကြရပါမယ်။ အရည်အသွေးမြင့်မှရမယ်။

## ၉။ ဈေးကွက် MARKET

စားသုံးသူရဲ့လိုလားချက်က ဘာလဲ။ ဘယ်လိုပရိသတ်အတွက် ထုတ်လုပ်တာလဲ။ လယ်သမားတွေသုံးဖို့လား။ စာရေးမတွေသုံးဖို့လား။ လူကြီးတွေအကြိုက်လုပ်မှာလား။ လူငယ်တွေ မဝယ်ဘဲမနေနိုင်အောင် ဆွဲဆောင်မှာလား။ စားသုံးသူပစ်မှတ် ခွဲခြားသတ်မှတ်ပြီး တိတိကျကျ ဇဟိုကို ကျည်စုရောက်အောင် ပစ်ခတ်တတ်ရပါမယ်။ ရောရော ယောင်ယောင်နဲ့ ဖြုတ်စဗျင်းတောင်းတွေ ရောမွှေထုတ်တဲ့ခေတ်က ကုန်ခဲ့ပြီ။ ဈေးကွက်မှာ ဝယ်လိုအားကျဆင်းတာနဲ့အမျှ သူများက အစားဝင်ယူသွားမှာပဲ။ ကိုယ့်လုပ်ငန်းလည်း ကျဆင်းကျဉ်းကျုတ်ပြီး ရှုံးသထက်ရှုံးနေမှာပဲ။

ပရိသတ် ဘာကိုလိုချင်တာလဲ။

ဈေးကွက် ကြိုက်တာထုတ်လုပ်နိုင်တဲ့အခါမှာ ပစ္စည်းပေါင်းအမျိုးအစား ဘယ်လောက်များများ၊ အရေအတွက် ဘယ်လောက်များများ ကုန်တာပဲ။ ဒါမှ အောင်မြင်တယ်။ ကုန်ထုတ်စွမ်းအားမြင့်မားရမယ်။

**၁၀။ တည်နေရာအနေအထား LOCATION**

လုပ်ငန်းအောင်မြင်ချင်ရင် တည်နေရာဟာ ပတိရူပ ဖြစ်ရမယ်။ ဆီလျော်သင့်တော်တဲ့ အရပ်ဒေသဖြစ်ရမယ်။ စာဖတ်ခန်း၊ စာကြည့်တိုက်ဖွင့်ဟတယ်ဆိုမှ အရက်ဆိုင်တွေတန်းစီနေတဲ့လမ်းမှာ သွားဖွင့်ရင် သင့်တော်ပါ့မလား။ ငမူးငရူးတွေ အော်ဟစ်နေတဲ့နေရာကို စာဖတ်ချင်တဲ့လူငယ်တွေက လာချင်ပါ့မလား။ မိမိရဲ့အဓိကလုပ်ငန်းကို အဟန့်အတားဖြစ်တဲ့နေရာအနေအထားမှာ မရွေးမိဖို့လိုတာပေါ့။ အထူးသဖြင့် အရောင်းအဝယ်လုပ်တဲ့ စီးပွားရေးလုပ်ငန်းများအတွက် အရောင်းပြခန်းကောင်းကောင်း ရှိရပါမယ်။ တည်နေရာဟာ စီးပွားရေးလုပ်ငန်းကို အောင်မြင်ရေး အခြေခံအချက်တစ်ခုပဲ။

# နိဂုံး

စီးပွားရေးလုပ်ငန်းတစ်ခုခု လက်တွေ့လုပ်နေသူတစ်ဦးအတွက် ထိထိရောက်ရောက် အကျိုးပြုပေးဖို့ ကျွန်တော်မြင်သမျှ ပွင့်ပွင့်လင်းလင်းတင်ပြခဲ့ပါတယ်။ တိုက်ရိုက်ဘာသာပြန်တာမဟုတ်ပါဘူး။ ရှာဖွေစုဆောင်းပြီးရရှိတဲ့ စာတွေ့တွေရယ်၊ လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံရယ် စုပေါင်းပြီး အနှစ်ချုပ်ဖော်ပြလိုက်တာပါ။ ပြည့်စုံပြီတော့မဟုတ်ပါ။ ကျွန်တော်ပြောသမျှအမှန်ချည်းပဲလို့ မဝါကြွားပါဘူး။ စဉ်းစားစရာအခြေခံရရင်ပဲ စာရေးသူက ကျေနပ်ဝမ်းသာပါပြီ။ ဆက်စဉ်းစားဗျာ။ လက်တွေ့ကျင့်သုံးကြည့်ရင် အကျိုးရှိတာကို ပိုပြီးသိလာရပါလိမ့်မယ်။ အောင်မြင်ကြပါစေ ... ။

■

# စက္ကန့်တိုင်းကိုစိန့်စီထားတယ်

မြန်မာအစဉ်အလာအရ အရွယ်ကို သုံးပိုင်းပိုင်းလေ့ရှိကြပါတယ်။ ပထမအရွယ်မှာ ပညာရှာရမယ်။ ဒုတိယအရွယ်၌ ဥစ္စာရှာရမယ်။ တတိယအရွယ်ဝယ် ဘာဝနာကျင့်ကြံပွားများကြရမယ်။ ယေဘုယျအားဖြင့် ဒီလိုပဲမှတ်သားမိခဲ့ပါရဲ့။ တိတိကျကျ အသက်ဘယ်လောက်ကနေ ဘယ်မျှအထိဆိုထားတာ မသိခဲ့ဖူးပါ။ ဖတ်မှတ်လေ့လာရှာဖွေရာမှ တွေ့လာရတယ်။ ဒီပဲယင်းဆရာတော်ဘုရားကြီးရဲ့ "ပရမတ္ထစက္ခုကျမ်း" မှာပါတဲ့ အရွယ်သုံးပါး ပိုင်းခြားပုံက –

> "အရွယ်ဆိုသောစကား၌ ၃၃–နှစ် ပထမအရွယ်။ ထို့ နောက် ၆၆–နှစ်အထိ ၃၃–နှစ်ဒုတိယအရွယ်။ ထို့နောက် ၉၉–နှစ်အထိ ၃၃–နှစ် တတိယအရွယ်ဟူ၍ အရွယ်သုံးပါးမှတ်" လို့ ဆိုထားတယ်။

ဒါဟာ အလွယ်တကူမှတ်မိစေရန် လူအများ နားလည်လွယ်စေရန် သံခိပ်ပြုပေးတော်မူတဲ့သဘောပါ။ ဆရာတော်ဘုရားကြီးရဲ့စေတနာကြီးမားလှပါတယ်။ တရားဘာဝနာ ရှုမှတ်ပွားများလိုသူ၊ တရားရှာသူတို့အတွက်ကိုတော့ လယ်တီဆရာတော်ဘုရားကြီးက **ပဋိစ္စသမုပ္ပါဒ ဒီပနီ** မှာ ဒီလိုစေ့စပ်သေချာစွာ မိန့်ဆိုတော်မူပါတယ် –

"လူတို့၌ အစ သုံးဆယ့်သုံးနှစ်နှင့် လေးလသည် ပထမ အရွယ် မည်၏။ အလယ် သုံးဆယ့်သုံးနှစ်နှင့် လေးလ သည် ဒုတိယ အရွယ်မည်၏။ နောက်သုံးဆယ့်သုံးနှစ်နှင့် လေးလသည် တတိယ အရွယ်မည်၏"

"အရွယ်သုံးပါးရှိသည့်တွင် ပထမအရွယ်၌ ရုပ်တရားတို့သည် တိုးပွားကုန်၏။ ဒုတိယအရွယ်၌ တိုးပွားပြီးသည့်အတိုင်း တည်နေကြကုန်၏။ တတိယအရွယ်၌ ဆုတ်ယုတ်၍သွားကြကုန်၏"လို့ ဆရာတော်ဘုရားကြီးက "နိုင်ငံတွင်းပုစ္ဆာများအဖြေပေါင်းချုပ်"မှာ ရေးသားဖူးပါတယ်။ လယ်တီဆရာတော်ဘုရားကြီးဟာ စာရေးရာမှာ အင်မတန် ရှင်းလင်းပြေပြစ်တော်မူပါတယ်။

အသက် ၃၀ နဲ့ ၆၇ – နှစ်အကြားမှာ ရုပ်တရားတို့ဟာ တည်နေတယ်လို့ဆိုပေမဲ့ ယေဘုယျကို လွယ်ကူဆောင်ဆိုရတာပါ။ သွားတွေကလည်း နာလာပြီ။ မျက်စိကလည်း မှုန်တာပဲ။ နားကလည်း လေထွက်ချင်သလိုလို။ တောင်တက်မယ်။ ခရီးဝေးသွားမယ်ဆိုရင် အရင်ကထက်မောလာတယ်။ (ဆေးလိပ်သောက်တာတွေလည်း ပါမှာပေါ့လေ။ အဆုတ်ကို မီးခိုးနဲ့ရှို့မြိုက်နေတဲ့ လူမိုက်ပေကိုး)

ဗုဒ္ဓကျမ်းစာများမှာ အများသိကြတဲ့အရွယ် (၁၀)ပါး ပိုင်းခြားပုံကို တင်ပြချင်ပါသေးတယ် –

(၁) မန္ဒ ဒသက။ ဆယ်စုနှစ်အတွင်း၊ အသိအလိမ္မာနည်းသော အရွယ်။

(၂) ခိဍ္ဍာ ဒသက။ နှစ်ဆယ်အတွင်း၊ အပျော်အမြူးများသော အရွယ်။

(၃) ဝဏ္ဏ ဒသက။ သုံးဆယ်အတွင်း၊ အဆင်းကောင်းသော အရွယ်။

(၄) ဗလ ဒသက။ လေးဆယ်အတွင်း၊ ခွန်အားကောင်းသော အရွယ်။

(၅) ပညာ ဒသက။ ငါးဆယ်အတွင်း၊ ပညာဉာဏ်အားသန်သော အရွယ်။

(၆) ဟာနိ ဒသက။ ခြောက်ဆယ်အတွင်း၊ အလုံးစုံဆုတ်ယုတ်

|  |  |  |
|---|---|---|
|  |  | သောအရွယ်။ |
| (၇) | ပဗ္ဘာရ ဒသက။ | ခုနှစ်ဆယ်အတွင်း၊ ကိုင်းသောအရွယ်။ |
| (၈) | ဝင်္က ဒသက။ | ရှစ်ဆယ်အတွင်း၊ ကုန်းသောအရွယ်။ |
| (၉) | မောမူဟ ဒသက။ | ကိုးဆယ်အတွင်း၊ တွေဝေခြင်းများ များသောအရွယ်။ |
| (၁၀) | သယန ဒသက။ | ကိုးဆယ်ကျော်၊ အိပ်ရာ၌ လျောင်းစက်ခြင်းများသောအရွယ်။ |

ယခု ကျွန်တော့်အရွယ်ဟာ ငါးဆယ်ပြည့်လို့ ကျော်လာပြီ။ ယခုနှစ်ဟာ ၅၁–နှစ်ထဲမှာ။ အောင်မြင်ထင်ရှားတဲ့စာရေးဆရာ၊ ကဗျာဆရာ၊ စာဆို၊ ပုဂ္ဂိုလ်အတော်များများဟာ အသက် ၅၀–ကျော်အောင် နေခဲ့ရသူက ရှားရှားပါးပါးပဲ။ လူချွန်လူမွန် အတော်ဆုံးအကျော်အမော်တွေဟာ အသက်ရှည်သူနည်းတယ်လို့ ထင်မိတယ်။ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင် စတဲ့ ဇာတ်ဆရာ၊ ဇာတ်မင်းသားဟာ အသက် ၅၁–နှစ်မှာ ကွယ်လွန်သွားခဲ့ရှာတာပဲ။

အလွန်တရာ လုံ့လဝီရိယပြည့်ဝတဲ့မင်းသား။

အဆို၊ အငို၊ အပြော၊ အက၊ ပွဲကြည့်လာသူပရိသတ်အပေါ် မခိုမကပ်၊ မနားတမ်းကြိုးစားပြီး တင်ဆက်လေ့ရှိတဲ့သူပေါ့။ အကယ်ဒမီ ၄–ဆုရတဲ့ ရုပ်ရှင်မင်းသားညွှန့်ဝင်းရဲ့ ဖခင်ပေါ့။

ကျွန်တော်တို့က တစ်ရက်တလေ အချိန်ကိုတန်ဖိုးမထားတတ်ဘူး။ ပေါ့ပေါ့နဲ့ ကုန်လွန်သွားစေပါတယ်။ ကျွန်တော်တို့ဟာ တစ်လဆိုတဲ့အချိန်ကိုလည်း အကျိုးရှိအောင်မသုံးတတ်ကြဘူး။ တစ်နှစ်ဆိုတဲ့ ကာလကိုလည်း အလေးထားရကောင်းမှန်း မသိလှပါဘူး။

တကယ်တော့ ဘဝဆိုတာ အချိန်တွေကိုစီပြီး ဖွဲ့စည်းထားတာပါပဲ။ ပုလဲလုံးတွေသီကုံးထားသလို နေ့အချိန် (ပုလဲဖြူ) ညအချိန် (ပုလဲနက်) ဆိုတဲ့ အဖိုးတန်ရတနာတွေနဲ့ တန်းစီနေတယ်။ အိပ်ချိန်၊ စားချိန်၊ အနားယူချိန်တွေကို နုတ်ထားလိုက်ရင် အလုပ်လုပ်ချိန်ဟာ ဘယ်လောက်မှ မရှိကြပါဘူး။

ထူးချွန်အောင်မြင်တဲ့ ပုဂ္ဂိုလ်တွေကတော့ အချိန်ကို အကျိုးရှိရှိ အသုံးချခဲ့ကြပါတယ်။ မိမိဘဝကိုလည်း တောက်ပစေတယ်။ ဆွေမျိုး ဉာတိ၊ ဇာတိ၊ လူမျိုး၊ ရပ်ရွာ၊ နိုင်ငံစတဲ့ မိမိရဲ့ ပတ်ဝန်းကျင်ရှိ လူများကိုလည်း အကျိုးပြုတယ်။ ကောင်းကျိုးဆောင်နိုင်ကြတယ်။

အရွယ်အပိုင်းအခြားတဲ့ သတိပေးချက်ဟာ ဘာလဲဆိုရင် အချိန်ကို တန်ဖိုးထားပြီး အကျိုးအရှိဆုံး၊ အကောင်းဆုံး သေသေချာချာ အသုံးချဖို့ အဓိကပဲလို့ ကျွန်တော်မှတ်ယူချင်ပါတယ်။

ယနေ့ ပညာဘာရသလဲ။ ဘာဥစ္စာတွေရလာသလဲ။ ဘာဝနာ စီးဖြန်းရှုမှတ်မှု ဘယ်လောက်ပြုနိုင်သလဲ။ ဥပမာ– မေတ္တာဘာဝနာ ဖြစ်စေပေါ့။ အချိန်တစ်ချိန်မှာ တစ်ခုခုတော့ရအောင် ဆောင်ရွက်ကြ မှသာ အဖိုးတန်တဲ့ အချိန်တွေကို တန်ဖိုးထားရာရောက်ပါမယ်။

■

# ငွေမျက်နှာ စကားပြောပါသော်ကော

(၁)

တစ်ခါတစ်ခါမှာ သရော်စာ ရေးချင်မိပါတယ်။ တကယ်တော့ ကလော်စာရေးရတာသာ လွယ်ကူတာ။ ထွေ့ထွေ့လေးနဲ့ ထိမိပြီးခံရတဲ့ လူပါ ပြုံးစိစိဖြစ်သွားစေမယ့် သရော်စာရေးဖို့ဆိုတာက ခက်ခဲပါတယ်။ အပြောမတတ်တော့ ဆဲသလိုဆိုတဲ့ မြန်မာဆိုရိုးစကားရှိတယ်မဟုတ်လား။

သရော်စာနဲ့ ကလော်စာရဲ့ ခြားနားချက်က ပါးပါးလှပ်လှပ် ကလေးပဲ။ ဘာနဲ့ခြားထားသလဲဆိုတော့ စေတနာရဲ့ ဒီဂရီမှာ မျဉ်းကြောင်း အနီကလေးတားထားတာပါမယ်ထင်တယ်။ စေတနာသန့်သန့်နဲ့ မေတ္တာ ပါပြီး ပြောတဲ့စကားက ရယ်မောပေ့ါပါးစေတဲ့ သရော်စာဖြစ်တယ်။ သရော်စာအဖြစ် ထမြောက်တယ်။ ကရုဏာဒေါသောပဲပြောပြော ဒေါသသံ အလိုမကျတဲ့ မာန်တစ်ခုခု သိသိသာသာပါရင်တော့ စာရေးသူရဲ့ မောက်မာတဲ့ ဟားတိုက်သံကြီးဟာ သရော်စာအဖြစ်ရောက်မလာတော့ဘူး။ ရွံ့ရှာမုန်းတီးစရာဆဲစာ ကလော်စာကြီးအဖြစ် ညစ်တစ်တစ်ပေတေတေ ဖြစ်နေရော။

သရော်စာရဲ့ အတွင်းအနှစ်သာရမှာ စေတနာကောင်းပါရမယ်။ ပျက်စီးပါစေ၊ သိက္ခာကျပါစေ၊ နစ်နာပါစေဆိုတဲ့ စေတနာနဲ့ အရင်း

တည်ရင် ပေါ့ပျက်ပျက်ကြီးဖြစ်နေတတ်ပါတယ်။ ကက်ကက်လန်အောင် ရန်တွေ့နေမှတော့ ပြုံးစိစိဘယ်ဖြစ်တော့မှာလဲ။

(၂)

ယဉ်ကျေးမှုဆိုတာမှာ စိတ်ပိုင်းဆိုင်ရာအနှစ်သာရကို ဆိုလိုတာ။ လူ့ဘောင်အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်အောင် ထူထောင်ကြရာမှာ ရုပ်ဝတ္ထုပစ္စည်းတွေ ခေတ်မီဆန်းသစ်နေရရုံနဲ့ မပြီးဘူး။ လူတစ်ဦးချင်း စောင့်စည်းထိန်းသိမ်းရမယ့် ကိုယ်ကျင့်သီလတွေ ပြည့်စုံမှုလည်း လိုသေးတယ်။ ဒါက စိတ်ယဉ်ကျေးမှု ခေါ်ချင်ခေါ်ပေါ့။

ငွေရှိရင် ထင်ပေါ်တယ်။

ငွေရှိရင် ပျော်ရွှင်တယ်။

ငွေရှိရင် လူရာဝင်တယ်။

မှန်သင့်သလောက်မှန်ပါတယ်။ ငွေဟာ အရေးကြီးပါတယ်။ ဈေးဝယ်ဖို့လည်း ငွေလိုတယ်။ ဆေးရုံတက်ဖို့လည်းငွေလိုတယ်။ အမှုအခင်းဖြစ်ရင်တော့ ကုန်ဖို့သာ ပြင်ပေတော့။ ကုန်စရာတွေကို ကုန်ဖို့ရာငွေရှိမှဖြစ်မှာပေါ့။ ငွေမပါရင် ပက်လက်လန်စေတဲ့ အခြေအနေတွေအများကြီးပေါ့။

သို့သော် ငွေက အရာရာကို ဖန်တီးနိုင်မယ်လို့ ထင်မှတ်ရင်တော့ မှားပြီပေါ့။ အချို့နေရာတွေမှာ ငွေပါမှ ပြီးစီးနိုင်တာတွေရှိပေမဲ့ ငွေမပါဘဲ စေတနာမေတ္တာနဲ့ ပြီးတာတွေလည်း အများကြီးပါ။ ငွေဟာ နေရာတကာခြယ်လှယ်ဆုံးဖြတ်တာတော့မဟုတ်ပါ။ လူ့ဘောင်အဖွဲ့အစည်းရဲ့ အေးချမ်းသာယာမှုဆိုတာ အဲဒီလူတွေရဲ့ စိတ်ယဉ်ကျေးမှုနဲ့ တည်ဆောက်ရတာပါ။

(၃)

ငွေတစ်သိန်းရအောင်ရှာဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး။ ကျွန်တော့်လခ ၅ နှစ်စာနီးပါးရှိပါတယ်။ ကျွန်တော့်ရဲ့လခစားဝင်ငွေနဲ့ စုမိဆောင်းမိရှိဖို့ရာက တကယ်မလွယ်ဘူး။ မလွယ်ပေမဲ့ သမီးနှစ်ယောက်

က ဆယ်တန်းကို ဂုဏ်ထူးတွေနဲ့အောင်ခဲ့တော့ တက္ကသိုလ်ကောလိပ်တော့ ဆက်ပို့ဖို့ ဝတ္တရားရှိနေတယ်။ ငွေလိုပါတယ်။

အကယ်၍သာ ကျွန်တော်ဟာ အဝေးတစ်နေရာမှာ နေထိုင်ခဲ့ရလျှင် သမီးနှစ်ယောက်ကို တစ်ပြိုင်တည်း တက္ကသိုလ်ထားပေးဖို့ရာ မလွယ်ပါ။ ဟော အနှစ် ၂၀ ကျော် တောင်ပေါ်ဒေသ နယ်စွန်နယ်ဖျားတွေမှာ ဆင်းဆင်းရဲရဲနေခဲ့ရပေမယ့် ကံကောင်းထောက်မစွာ တာဝန်နဲ့ ဟောဒီရန်ကုန်ရောက်လာရတော့ သမီးတွေကို တက္ကသိုလ် ထားနိုင်ပြီ။ ဘတ်စ်ကားနဲ့သွားလို့ရပြီ။

ကျောင်းစရိတ်ဘယ်လောက်ကြီးကြီး၊ အမျိုးသားစာပေဆုအတွက် အစိုးရက ဆုငွေကျပ်တစ်သိန်း ကျွန်တော့်ကိုပေးပြီ။ မွေးမိခင်အမေ့ကို နှစ်သောင်းကန်တော့မယ်။ နှစ်သောင်းက လုပ်ဖော်ကိုင်ဖက်တွေကို ဝေမျှကျွေးမွေးမယ်။ ငွေခြောက်သောင်းက သမီးတွေကျောင်းစရိတ်ပေပေ။ ဟန်ကျလိုက်လေ။ စေတနာမှန်တော့ ကံကောင်းလာတာတွေ။

ငွေကို ကျွန်တော် မက်မောပါတယ်။ ဝန်ထမ်းအဖြစ် မြေတစ်ကွက်ရတာကလွဲလို့ အိုးမရှိ အိမ်မရှိ။ အခြေချစရာအိုးအိမ်လေးတော့ ရှိချင်တာပေါ့။ အိုးအိမ်ဦးစီးဌာနကိုလျှောက်တော့ ကံကောင်းထောက်မစွာ မဲပေါက်သဗျ၊ တရားမျှတစွာ ဖြူဖြူစင်စင် ရတာပါ။ ရတော့မရသေး။ ရလာမှာပါ။ အရစ်ကျငွေသွင်းရတယ်လေ။ အသက် ၅၀ ပြည့်ရင်တော့ အစိုးရပေးတဲ့ တိုက်ခန်းတစ်ခု (တန်ဖိုးနည်းစုပေါင်းအိမ်ရာ) ရပါတော့မယ်။ တစ်သက်လုံး လင်မယားနှစ်ယောက် ချွေချွေတာတာ စုခဲ့တဲ့ ကျေးဇူး။ ဝန်ထမ်းတွေရဲ့ အကျပ်အတည်းကို တစ်ခုပြီးတစ်ခု ကြိုးစားပြီးဖြည့်ဆည်းပေးနေတဲ့ အစိုးရကိုလည်း ကျေးဇူးအထူးပင်တင်ပါရဲ့။ ဝန်ထမ်းတစ်သန်းကို အားလုံးဝအောင်ကျွေးဖို့ဟာ နည်းတဲ့တာဝန်လား။

■

# ကျန်းမာပါရဲ့လားလို့

လောကကြီးမှာ ကိုယ်ဖြစ်ချင်တာတော့ ဖြစ်မလာဘူးပေါ့ခင်ဗျာ။ တိုင်းပြည်ကောင်းစားရေးကိစ္စပဲဖြစ်ဖြစ်၊ ရပ်ရွာတိုးတက်ရေးပဲဖြစ်ဖြစ် ကိုယ်ရည်မှန်းတာလောက်ကတော့ မပေါက်ရောက်တာများပါတယ်။

ဆယ်ကျော်သက်လောက်က ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်တွေဟာလည်း ပျက်ပြယ်တာက များများပါပဲ။

အသက်သုံးဆယ်ကျော်လာတော့ ဖြစ်ချင်တိုင်းလည်းမဖြစ်ရပါလား။ မဖြစ်ချင်တာတွေ ဖြစ်တာကများများပေတကားလို့ နားလည်လာပါပြီ။ အဲဒါမျိုးနဲ့ အသက် ၄၀ လည်းကျော်ရော ယောကျ်ားတော်တော်များများဟာ စိတ်အကြောင်းရင်းခံတဲ့ ရောဂါအတော်များများရကုန်တတ်ကြတာပါပဲ။

အိမ်ထောင်ဦးစီးတာဝန်ထမ်းရတဲ့ အသက် ၃၀ နဲ့ ၄၀ ကြားဘဝတာဟာ အတော်ကြီးရုန်းကန်ကြိုးစားရပါတယ်။ စီးပွားရှာတာတစ်ခုတည်းမဟုတ်ဘူး။ ဆွေမျိုးသားချင်း အသိုင်းအဝိုင်းရဲ့ အဆင့်အတန်းနဲ့မီအောင် ကိုယ့်ရပ်ကိုယ့်ဒေသရဲ့ လူနေမှုအဆင့်နဲ့ညီအောင်စားဖို့သောက်ဖို့ တစ်ခုတည်းမဟုတ်ဘူးပေါ့။ နေရေးထိုင်ရေး ဝတ်ရေးဆင်ရေး ဒါတွေလည်း ပါပေတာကိုး။

ဇနီးမယားအရေးနဲ့ သမီးသားအရေးတွေဟာ လိုက်လေဝေးလေ လျှာထွက်အောင်ပြေးပြေးလွှားလွှား ဖြည့်ဆည်းနိုင်လွန်းပါမှ နည်းနည်း တန်ကာကျပါတယ်။

အဲသလို သေကဗျာပါဒတွေ ဖိစီးဖန်များလာတဲ့အခါ အသက် ၃၀ ကျော် ၅၀ အတွင်းမှာ အောက်ပါစိတ်ရောဂါတွေ ရတတ်ပါတယ်။

(၁) စိုးရိမ်လွန်ညှုရိုးဆစ်
(၂) တစ်ခုခုကို အကြောက်လွန်ခြင်း
(၃) စိတ်စွဲမလုပ်ရမနေနိုင်ရောဂါ
(၄) ဟာစွတီးရီးယားရောဂါ
(၅) ယုံမှားလွန်ခြင်း
(၆) စကိဇိုဖရီးနီးယား (စိတ်ကစဉ့်ကလျားရောဂါ)
(၇) စိတ်ကျရောဂါ
(၈) မတော်တဆထိခိုက်မှုများခြင်း
(၉) ရောဂါကြောင့်ကျလွန်းခြင်း – စသည်ဖြင့်။

စိတ်ကြောင့် ရုပ်ပိုင်းဆိုင်ရာတွေမှာလည်း ရောဂါလက္ခဏာတွေ ပေါ်လာတတ်ပါတယ်။ ဒါတွေကတော့ ကိုယ်ခန္ဓာရောဂါတွေပေါ့။

(၁) အသက်ရှူမဝ၊ မောလွယ်၊ ရင်ခေါင်းနာ၊ နှာရည်ယို၊ နှာစေး၊ ချောင်းဆိုး၊ ပန်းနာထ စတဲ့ အသက်ရှူလမ်းကြောင်း ရောဂါများ။

(၂) ရင်ဘတ်နာ၊ နှလုံးသွေးကြောကျဉ်း၊ နှလုံးခုန်မြန်လွန်း၊ ခြေလက်၊ သွေးကြောကျဉ်း၊ သွေးတိုး၊ ရုတ်တရက် သတိမေ့မြောခြင်းစတဲ့ နှလုံးသွေးကြောနဲ့ဆိုင်တဲ့ရောဂါများ။

(၃) ခံတွင်းပျက်၊ စားမဝင်၊ အိပ်မပျော်၊ အမြဲလိုလိုပျို့အန်၊ ဝမ်းချုပ်၊ ဝမ်းလျှောလွယ်၊ အစာမကြေ၊ လေပွလေထ၊ အစာအိမ်နာ, အူသိမ်နာရခြင်း၊ အူမရောင်ခြင်းစတဲ့ အစာအိမ် လမ်းကြောင်းနဲ့ဆိုင်တဲ့ ရောဂါများ။

(၄) ခေါင်းမူး၊ ခေါင်းတစ်ခြမ်းကိုက်၊ တက်တတ်၊ ဝက်ရူးပြန်၊ သွက်ချာပါဒဖြစ်၊ စကားထစ်၊ ဆွံ့အနားမကြား၊ ကြောင်တောင်ကန်းစတဲ့ ဦးနှောက်နဲ့ အာရုံကြောရောဂါများ။

(၅) လည်ပင်းအကျိတ် (သိုင်းရွိုက်)ရောဂါ၊ ကျောက်ကပ်အထက်အကျိတ်ရောဂါ၊ ပီကျူထရီအကျိတ်ရောဂါ၊ အရိုးပျော့ရောဂါ၊ ဆီးချိုရောဂါစတဲ့ ကိုယ်တွင်း အကျိတ်ဂလင်းနဲ့ဆိုင်တဲ့ ရောဂါအမျိုးမျိုး။

(၆) အဆစ်အမြစ်ကိုက်ခဲခြင်း၊ အဆစ်ရောင်၊ ခါးနာ၊ ခြေလက်များနာကျင်၊ အုံးလွဲစတဲ့ အရိုးအဆစ်ရောဂါများ။

(၇) ဝက်ခြံတင်းတိပ်ပေါ်ခြင်း၊ ဆံပင်ဖြူခြင်း၊ ဆံပင်ကျွတ်ခြင်း၊ အဖုအပိမ့်ထ၊ ယားယံ၊ ဝဲနှင်းခူစတဲ့အရေပြားရောဂါအမျိုးမျိုး။ ပြီးတော့

(၈) ရာသီမမှန်၊ သွေးဆုံး၊ လင်စိတ်သားစိတ်ကုန် (မိန်းမတွေမှာ)။ ယောကျ်ားတွေဆိုရင် လိင်တူစုံမကျ်၊ ပန်းသေးပန်းညှိုးစတဲ့ လိင်နဲ့ဆိုင်ရာရောဂါတွေ။

အဲဒါတွေဟာ စိတ်ကြောင့်ဖြစ်ရတာတွေရှိတယ်လို့ ခေတ်သစ်ဆေးပညာရှင်တွေက အတိအကျ တွေ့မြင်သိရှိခဲ့ကြပါပြီ။

များလှလွန်းလှချည်လားလို့ ထင်စရာပါပဲ။ စာမျက်နှာများမှာ စိုးလို့ အရိပ်အမြွက်မျှတင်ပြတာပါ။ ကြီးကျယ်တယ်မထင်ဘူးဆိုရင် ဘုရားဟောတရားတော်နဲ့ ကိုးကားဖော်ပြပါရစေ။

"မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနောသေဋ္ဌာ၊ မနောမယာ၊
မနသာစေ ပဒုဋ္ဌေန၊ ဘာသတိဝါကရောတိဝါ၊
တတောနံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတောပဒံ။"

စိတ်ရဲ့ အခြေခံအချင်းအရာသဘောတရားတို့ဟာ စိတ် ရှေ့သွားရှိပါသတဲ့။ စိတ်သာအမြတ်ရှိကုန်၏တဲ့။ စိတ်ဖြင့်ပြီးကုန်၏တဲ့။

မကောင်းတဲ့စိတ်နဲ့ ပြောဆိုပြုမူရင် ဝန်ကိုဆောင်တဲ့ နွားရဲ့ ခြေရာကိုလှည်းဘီးက အစဉ်လိုက်သလိုပဲ၊ အဲဒီလူနောက် ဒုက္ခက တကောက်ကောက်လိုက်တော့တာပဲတဲ့။

ကောင်းတဲ့စိတ်နဲ့ကြံစည်ပြောဆိုပြုမူရင်လည်း ဒီလိုပဲ ကောင်းကျိုး တွေရပါသတဲ့။

ကဲ– စိတ်ဟာ ရောဂါဘယဘေးဒုက္ခတွေကို ဖိတ်ခေါ်နိုင်တယ်။ ကာကွယ်တားဆီးနိုင်တယ်ဆိုတာ တွေ့ကြရပါပြီ။

ဒါကြောင့် အစွမ်းအထက်မြက်ဆုံးဆိုတဲ့ အဏုမြူလက်နက်ထက် တောင် စိတ်ရဲ့ စွမ်းအင်ကသာပါတယ်လို့ ကဗျာဆရာမောင်သန့်စင် (ပါမောက္ခ၊ ဦးအေးမောင်) ရေးခဲ့ဖူးတာပေါ့။ စကားစပ်လို့ ဆရာကြီး ဦးအေးမောင်အကြောင်းပြောရရင် ၁၉၈၃ ခု အောက်တိုဘာလမှာ သာသနာ့ တက္ကသိုလ်အတွက် သိန်းပေါင်း (၅၀)ကျော်တဲ့ ပစ္စည်းများနဲ့ ငွေများကို ရေစက်ချလှူဒါန်းပြီး ၁၉၈၅ ခုမှာ ကွယ်လွန်သွားခဲ့ပါတယ်။

"လူ့ဘောင်ဌာန၊ ဤလောကဌ်
စိတ်ကကြည်စွာ၊ စေတနာနှင့်
သဒ္ဓါဝမ်းတွင်း၊ ပေးကမ်းခြင်းကား
ရခြင်းထက်သာ၊ ဝမ်းမြောက်စွာသည်။"

မာန်လည်ဆရာတော်
မဟာသုတကာရီ၊ မဃဒေဝလင်္ကာသစ်
**(တတိပိုင်း၊ အပိုဒ်ရေ–၂၅၄)**

အငြိမ်းစား မြန်မာစာပါမောက္ခဟောင်း၊ ကဗျာဆရာကြီးဟာ သူသိတာသိတဲ့အတိုင်း ရေးခဲ့သလို သိတဲ့အတိုင်း ကျင့်သွားနိုင်တာ သာခုခေါ်စရာပဲ။

"တကယ့်ပြဿနာက ဒုက္ခဖြစ်ခြင်းမဟုတ်။ ယင်း ဒုက္ခကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတဲ့အချက် ဖြစ်ပါတယ်"တဲ့ အပ်ဒစ်ဝှဝ်မင် (Ardis Whitman) ဆိုသူက ရေးခဲ့ဖူးပါတယ်။

ကိုယ်ကြုံတွေ့ရတဲ့ ဒုက္ခအခက်အခဲ၊ ဒါမှမဟုတ် မကျေနပ်မှု အလိုမကျမှု ပြဿနာတစ်ခုခုကို ဘယ်လိုသဘောထား ရှုမြင်သလဲဆိုတာ စိတ်ထားနဲ့ဆိုင်ပါတယ်။

ဥပမာဆိုပါစို့–

သူများတွေ ပန်းသီးသစ်တော်သီးများရပြီး မိတ်ဆွေတစ်ယောက် တည်းကျမှ သံပုရာသီးတွေပဲရရင် ဘယ်လိုခံစားရမလဲ။

"ဘာဖြစ်သလဲဗျာ ဖျော်ရည်လုပ်သောက်လိုက်ရုံပေါ့"ဟုတ်လား။

မှန်တာပေါ့။ သူတို့ခမျာ ချစ်မိတ်ဆွေလို ဖျော်ရည်မသောက် ရရှာပါဘူး။ ဒါကို အဆိုးထဲလိုလိုက အကောင်း(ဝါ) ရပ်ဖျက်လာတဲ့ မင်္ဂလာဆိုပြီး ကျေနပ်ဝမ်းသာတတ်ရပါမယ်။

အဆိုးထဲက အကောင်းတွေ အများကြီးပဲ။ လောကနိယာမက အနာခံမှ အသာစံရတာမဟုတ်လား။ ဒုက္ခအရင်းတည်မှ သုခရရှိနိုင် တာပေပဲ။ ကဲ–ခင်ဗျားဟာ ဗီတာမင်စီဓာတ် အများဆုံးရခဲ့ပြီး။ ဒီလို အကောင်းဘက်က ဆင်ခြင်ရှုမြင်တတ်ဖို့ရာဟာ စိတ်ကျန်းမာရပါတယ်။

စိတ်ကျန်းမာသူတွေဟာ စိတ်ရှည်တယ်။

သည်းခံတယ်။ စွဲရှိတယ်။ ခွင့်လွှတ်လွယ်တယ်။ ငြူစူစောင်း မြောင်းတာ၊ အပြစ်ဖို့တာနည်းတယ်။ စိတ်ညစ်နေလို့ အပိုပဲဆိုတာသိတယ်။ စိတ်ပူနေရင်လည်း အလကားပဲဆိုတာ နားလည်ကြတယ်။

လူတော်တော်များများက မရေရာမသေချာတဲ့ အနာဂါတ်အရေး အတွက် တန်ဖိုးရှိလှတဲ့ ပစ္စက္ခလက်ငင်းကာလကို ပြုန်းတီးပစ်နေကြ တယ်။ တဒင်္ဂသာယာမှုကလေးတွေကို ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ် အရသာခံတတ်ပါမှ ဘဝဆိုတာ နေပျော်တာမဟုတ်လား။ ရပ်တည်ဆဲ မိနစ်တိုင်း မိနစ်တိုင်းကို ချမ်းချမ်းမြေ့မြေ့ နေထိုင်သွားမယ်။ ဒါမျိုးအချိန်တို လေးတွေဟာ ကြုံတောင့်ကြုံခဲဖြစ်ရပ်တစ်ခုပေပဲလို့ လက်ခံနေထိုင်တတ်ဖို့ လိုပါမယ်။

ဒီတော့ စိတ်ချမ်းသာစရာ ကြည်နူးကျေနပ်စရာတွေကို ရှာကြည့် ရှာမြင်တတ်ရပါမယ်။

တန်ဖိုးရေးမထားတဲ့ သဘာဝပန်းချီကားချပ်ကြီးဟာ အင်မတန်သာယာလှပပေတာပဲ။ လရောင်ရဲ့ ကြည်လင်အေးမြမှု၊ ရေမြေတောတောင်လယ်ကွင်းတွေ စက်ရုံတွေရဲ့ လှပမှုတွေဟာ အလှကိုခံစားတတ်ရှုမြင်တတ်မှရရှိနိုင်တာပါ။

နွေရယ်ဆောင်းရယ် ရာသီတွေလည်း အလီလီပြောင်းနေတယ်။ နေ့ရယ်ညရယ်ဆိုတဲ့ အလင်းနဲ့အမှောင်ဟာလည်း အလှည့်ကျဖြစ်နေတယ်။ ဆင်းရဲဒုက္ခနဲ့ ဘဝရဲ့အခက်အခဲ အကျပ်အတည်းနဲ့ ဘဝအမောတွေဟာလည်း ကျွန်တော်တို့လူတိုင်းမှာ မလွဲမသွေတွေ့တော့ တွေ့နေရကြမှာပဲ။ ရှောင်လွှဲချင်လို့မရဘူး။ တစ်နေ့မဟုတ် တစ်နေ့အချိန်စေ့ရောက်တော့လည်း ကျော်လွှားလွန်မြောက်သွားတာပါ။

ဘာကြောင့် တုန်လှုပ်ကြောက်လန့်နေစရာလိုသလဲ။ ဘာကြောင့် စိုးရိမ်ပူပန်နေရဦးမှာလဲ။

ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖြတ်သန်းကြရုံပေါ့ခင်ဗျာ။

ဘဝဆိုတာရုန်းကန်ရမှာပဲ။

ဘဝဆိုတာတိုက်ပွဲရှိမှ အဓိပ္ပာယ်ရှိတာ၊ အခက်အခဲတွေ့ရမှ သဘာဝကျမှာပေါ့။ ဂေါတမဗုဒ္ဓဟောပြခဲ့တာ–

"ဖုဋ္ဌဿလောက ဓမ္မေဟိ၊

စိတ္တံ ယဿ န ကမ္ပတိ။

အသောကံ ဝိရဇံ ခေမံ၊

ဧတံမင်္ဂလ မုတ္တမံ။"

လောကဓံတရားရှစ်ပါးနဲ့ ကြုံရသမျှ မတုန်လှုပ်မချောက်ချားပါစေနဲ့။ အဲဒါဟာ ကောင်းမြတ်တဲ့ မင်္ဂလာတစ်ပါးပါတဲ့။ အမှန်ကတော့ ချမ်းသာတာလည်း ဖိစီးမှုပဲ။ ဝမ်းသာတာလည်း ဖိစီးမှုပဲ။ စိတ်ဆင်းရဲတာ ဝမ်းနည်းကြေကွဲရတာမှ ဖိစီးမှုမဟုတ်ပါဘူး။ သာမန်ခံစားမှုထက်လွန်ကဲတဲ့ စိတ်လှုပ်ရှားမှုဟူသမျှဟာ အနည်းနဲ့အများ လူရဲ့ ဇီဝကမ္မလုပ်ငန်းများကို ထိပါးပါတယ်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများဟာ သက်တော်ဝါတော် ရှည်ပြီး နှစ်ပေါင်းကိုးဆယ်၊ တစ်ရာကျန်းမာကြည်လင်စွာ သီတင်းသုံး နေထိုင်နိုင်ကြတာဟာ စိတ်လှုပ်ရှားမှုနည်းပါးလို့ပါပဲ။

စိတ်လှုပ်ရှားမှုနည်းဆို လောဘ၊ ဒေါသ၊ သောက၊ မောဟလည်း နည်းတာကိုး။ လောဘ ဒေါသနည်းတာလည်းမပြောနဲ့ ကိုယ်ကျင့် သီလပြည့်စုံကြတာကိုး။ သီလစင်ကြယ်တော့ စိတ်ကကော ရုပ်ကကော ကြည်လင်ရွှင်လန်းပြီး ကျန်းမာနေကြတော့တာပေါ့။

ဘာသာရေးအမြင်နဲ့တင်ပြခြင်း မဟုတ်ပါ။ လူတိုင်းအတွက် နေ့စဉ်ဘဝ စိတ်ကျန်းမာရေးအတွက် ဆွေးနွေးခြင်းသာဖြစ်ပါတယ်။

“မိမိစိတ်ကို ချိုးနှိမ်ဆုံးမတဲ့သူရဲ့ ကံတရားဟာ လုံခြုံစိတ်ချ ရတယ်”လို့ အင်္ဂုတ္တရနိကာယ်ကူဋသုတ်မှာ ဂေါတမဗုဒ္ဓဟောကြား ခဲ့ပါတယ်။

ကိုယ့်စိတ်ကို ကိုယ်တိုင်ဆင်ခြင်သုံးသပ်ပြီး မကောင်းမှုနည်းပါး အောင်၊ ကောင်းတဲ့စိတ်ထား၊ ကောင်းတဲ့စကားနဲ့ ကောင်းတဲ့ အပြုအမူ တွေ တိုးပွားအောင် ကြိုးစားလေ့ကျင့်သွားသင့်ကြပါတယ်။

တစ်ဦးချင်းတစ်ဦးချင်း အဲသလိုကျန်းမာ ကြံ့ခိုင်တဲ့ လူသားတွေ ပေါင်းစုဖွဲ့စည်းထားရင် ဒီလူ့ဘောင်အဖွဲ့အစည်းဟာလည်း မုချမသွေ ငြိမ်းချမ်းသာယာပေမှာပေါ့။ ဗြဟ္မစိုရ်တရားတွေ ထွန်းကားမှ လောက ဟာ ချမ်းမြေ့မယ်။ ဒီတရားများဖြစ်တဲ့ မေတ္တာ ကရုဏာ မုဒိတာနဲ့ ဥပေက္ခာဆိုတာ ကိုယ်တိုင်မွေးမြူပျိုးထောင်ကြရတာ။ သူတစ်ပါးက ပေးလို့မရနိုင်ပါဘူး။ အတင်းအကျပ်ထိုးထည့်ပေးလို့လည်း မရ၊ ချည် နှောင်ချိတ်ဆွဲပေးလို့လည်း မရ။။

လူတိုင်းဟာ စိတ်ကောင်းစေတနာကောင်းနဲ့ မိမိစိတ်ကို မိမိ ကိုယ်တိုင်ပျိုးထောင် တည်ဆောက်ကြရမှာပါ။ ဒါဟာ ပထမဆုံးအဆင့် အခြေခံအကျဆုံးလုပ်ငန်းပါပဲ။ ဒါမှလည်း ကျန်းမာကြံ့ခိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်လာကြပါမယ်။

■

# လူကြီးဖြစ်မည့် လူငယ်များ ဖတ်စေလိုသော စာအုပ်တစ်အုပ်

ကိုယ့်အလုပ်မဟုတ်တာ လာလုပ်တယ်လို့ အပြစ်တင်ရင်လည်း ကြည်ကြည်ဖြူဖြူ ခံယူဖို့အသင့်ပါ။ ကြော်ငြာဖို့ရာဟာ ကျွန်တော့် တာဝန်မဟုတ်ပါ။

ငယ်ငယ်ကတော့ စာဖတ်ဝါသနာပါသူပေါ့။ စာဖတ်တာ ကျွန်တော့်အလုပ်ပဲ။ စာအုပ်နဲ့မျက်နှာနဲ့ မခွာတမ်းပါ။

နည်းနည်းကြီးလာတော့ စာတိုပေစတွေ ရေးရော။ စာရေးတာ ဟာ ကျွန်တော့်အလုပ်ပါ။ ဟုတ်ပါတယ်။ ထမင်းစားရတဲ့အလုပ်ကို ရိုရိုသေသေလုပ်တာပါ။ မဂ္ဂဇင်းတွေမှာ တစ်လတစ်လ ၄–၅ ပုဒ် ပါ အောင် လစဉ် (၁၀)ပုဒ်လောက် မှန်မှန် နယ်ကနေပို့တဲ့ ဆောင်းပါးရှင်မျိုး များများစားစား ရှိပါသလား။ ဒီလူစားတွေစာရင်းမှာ ကျွန်တော်ဟာ တစ်ယောက်အပါအဝင်ပေါ့။ တစ်လတစ်လ ဆောင်းပါး(၁၀)ပုဒ် (၁၅)ပုဒ်ရေးပြီး မဂ္ဂဇင်းမျိုးစုံသို့ပို့ခဲ့တာ ကျွန်တော်ပဲ။ ဇွဲ၊ လုံ့လမှာ အဲသလိုပါ။ လစဉ်ထုတ်မဂ္ဂဇင်းတွေမှာ တစ်လတစ်လ ၄–၅ ပုဒ်မှ ၆–ပုဒ် ၇ ပုဒ် အထိ ရွေးချယ်ဖော်ပြခံရတာ ကျွန်တော်ပေါ့။ စာရေးတာဟာ ကျွန်တော့်အလုပ်ဆိုတာ ရှင်းလောက်ပါပြီ။

စာအုပ်ရောင်းတာ ကျွန်တော့်အလုပ် ဖြစ်လာပါတယ်။ စာအုပ် ထုတ်ဝေတာ ကျွန်တော့်အလုပ်ဖြစ်လာခဲ့ပါတယ်။ ဒီအခါမှာလည်း

ကျွန်တော်ဟာ စောင်ရေ ၂–ဆလောက် တက်လာအောင် မဂ္ဂဇင်း၊ စာစောင် ဂျာနယ်တွေကို လူကြိုက်များအောင်၊ တွင်ကျယ်အောင် ထုတ်ဝေရောင်းချခဲ့ပါရဲ့။ လုံးချင်းစာအုပ်ကောင်းတွေ ၅၀ အုပ်တိတိကိုလည်း ကျွန်တော် ရွေးချယ်စီမံပြီး ထုတ်ဝေခဲ့ပါသေးတယ်။

စာဖတ်တာ ကျွန်တော့်အလုပ်။

စာရေးတာ ကျွန်တော့်အလုပ်။

စာအုပ်ထုတ်ဝေတာ ကျွန်တော့်အလုပ်။ မကြာမီက–

စာအုပ်ရောင်းချတာ ကျွန်တော့်ရဲ့အလုပ်။

အရင်က အဲဒါတွေ ဟုတ်ခဲ့တယ်။ အခုအခါမှာတော့ စာအုပ်ဝယ်တာ ကျွန်တော့်အလုပ် ဖြစ်နေပြန်ပါရော။ ဒီလိုပါ–

နည်းနည်းလေးရှင်းပြပါရစေ–

ကျွန်တော်တို့ဌာနမှာ စာကြည့်တိုက်ပေါင်း ၃၀၀ ကျော်ရှိတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်အားလုံးမှာ ဖွင့်လှစ်ထားရတယ်။ အဲဒီပြည်သူလူထု အခမဲ့ဖတ်ရှုဖို့ စာအုပ်ကောင်းတွေ ရွေးချယ်ပြီး ဝယ်ကြရတယ်။ စာဖတ်တဲ့ကော်မတီဖွဲ့ပြီး စာအုပ်တွေကို စိစစ်ရွေးချယ်ကြရပါတယ်။ ဒီအဖွဲ့က သင့်တော်တယ်လို့ဆုံးဖြတ်တဲ့ စာအုပ်တွေကို စောင်ရေ ၃၀၀–၆၀၀ စသည်ဖြင့် ဝယ်ယူပြီး နိုင်ငံအဝန်းမှာရှိတဲ့ ပြန်ကြားရေးစာကြည့်တိုက်တွေကို ဖြန့်ဝေပေးပို့တာပဲ။ ပြည်သူပြည်သားလူအများအကျိုးရှိမဲ့ စာအုပ်မျိုး၊ အကြိုက်ကျမယ့် စာအုပ်မျိုး ဖြစ်ရမယ်။

နိုင်ငံတော်အစိုးရက ချမ်းသာလို့ ဝေပေးနေတာမဟုတ်ဘူး။ ပညာဘဏ်တိုက်၊ စာကြည့်တိုက်ဆိုပြီး ပြည်သူလူထုရဲ့ အသိပညာအတွေးအမြင် မြင့်မားကျယ်ပြန့်အောင် အရင်းအနှီး မြှုပ်နှံပေးရတာ။

လူသားစွမ်းရည် အရင်းအမြစ်ဖွံ့ဖြိုးရေး ရည်ရွယ်ချက်နဲ့ တိုင်းပြည်ကို တိုးတက်အောင် ထူထောင်နေတဲ့ နည်းလမ်းတစ်သွယ်ပေါ့ဗျာ။ အနာဂတ်ကာလ ပိုမိုအေးချမ်းသာယာစေဖို့ ရင်းနှီးရတာလေ။

စာအုပ်တစ်အုပ်ကို ကြော်ငြာပေးဖို့ရာ ကျွန်တော်ရဲ့အလုပ်မဟုတ်ဘူးဆိုတာ စာဖတ်သူသိထားသလို မိမိကိုယ်ကို နားလည်ပါကြောင်း တင်ပြတာပါ။

ကိုယ့်အလုပ်မဟုတ်ဘူးဆိုပေမဲ့ ကျွန်တော်က ကောင်းတဲ့အရာကို ကောင်းပါတယ်လို့ ရေးခွင့်၊ ပြောခွင့်ရှိတဲ့ စာရေးသူတစ်ယောက် မဟုတ်လား။ တူဒေးစာအုပ်တိုက်ကိုသိလို့ မျက်နှာလုပ်ခြင်းမဟုတ်။ ဆရာကြည်မင်းနဲ့ ခင်မင်လို့ မြှောက်ပင့်ခြင်းမဟုတ်။ သူတို့ကို မျက်နှာချိုသွေးစရာ အကြောင်းးမရှိပါ။

| | |
|---|---|
| စာအုပ်အမည်။ | ထိရောက်ပီပြင် တင်ဆက်ဟောပြော |
| ဘာသာပြန်သူ။ | ကြည်မင်း |
| မူရင်းစာအုပ်။ | SUCCESSFUL PRESENTATION |
| မူရင်းရေးသူ။ | Francis Bergin |
| စာမျက်နှာ။ | ၁၂၆ မျက်နှာ |
| စာအုပ်အရွယ်။ | ၅ လက်မ x ၈ လက်မ |
| အဖုံးပန်းချီ။ | စိုးသော်တာ |
| တန်ဖိုး။ | ၂၀၀ ကျပ် |
| ထုတ်ဝေကာလ။ | ၁၉၉၉၊ ဖေဖော်ဝါရီ |
| အကြိမ်။ | ပထမအကြိမ် |
| ထုတ်ဝေသူ။ | တူဒေးစာအုပ်တိုက် |
| ပုံနှိပ်။ | သန်းထိုက်ရတနာပုံနှိပ်တိုက် |

အဲဒီစာအုပ်ထဲမှာ အခန်း (၁၄)ခန်း ဖော်ပြထားတယ်။ ဘာတွေပါသလဲဆိုရင် မာတိကာကို ကူးယူဖော်ပြပါရစေ။

၁။ မိတ်ဆက် ၂။ ရည်မှန်းချက် ၃။ ပရိသတ်ကိုသိပါ ၄။ မှတ်စုပြင်ဆင်ခြင်း ၅။ ဟောပြောပုံ ၆။ ကိုယ်ဟန်အမူအရာ ၇။ ရလာဘ်ကောင်းထွက်ပို့ ၈။ ကူပြပစ္စည်းများ ၉။ ရင်ဖိုမှုကိုရင်ဆိုင်နည်း ၁၀။မေးခွန်းများကန့်ကွက်ချက်များ ၁၁။ စာနယ်ဇင်း ရုပ်သံလွှင့်အင်တာဗျူး ၁၂။ ညစာစားပွဲမှာပြောခြင်း ၁၃။ အထူးဟောပြောပွဲ၁၄။ အဓိကခလုတ်ကန်သင်းများ။

အခန်း (၂)မှာ ဟောပြောတင်ပြမှုတစ်ခု ပြုလုပ်ရာမှာ အောက်ပါအဆင့် (၅)ဆင့်နဲ့ ပြင်ဆင်ရမယ်လို့ ဆိုပါတယ်–

(၁) ကိုယ်ပြောရမဲ့အကြောင်း စဉ်းစားကြံဆ။

(၂) ရနိုင်သမျှအချက်အလက်တွေ ရှာဖွေဖတ်ရှုမှတ်သား။

(၃) ကိုယ်တွေ့အချက်အလက်တွေကို ရေးချ။

(၄) အပေါင်းအသင်းမိတ်ဆွေတွေနဲ့ ဆွေးနွေးကြည့်။

(၅) ပြီးတော့မှ တကယ်ဟောပြောရမဲ့စာကိုယ်ကို ပြုစု။

အဓိကအကျဆုံးကတော့ ပန်းတိုင်အတိအကျဖော်ပြမှု ဖြစ်ပါတယ်တဲ့။

အခန်း (၃၄) ပရိသတ်ကို သိပါဆိုတဲ့ အခန်းရဲ့ အနှစ်ချုပ်ကို ဒီလို တွေ့ရှိရပါတယ်–

(၁) ဟောပြောရမဲ့ အကြောင်းအရာကို ကိုယ့်ရှုထောင့်က မချဉ်းကပ်ပါနဲ့။

(၂) ပရိသတ်ကဘယ်လိုလဲ၊ ဘာတွေပါသလဲဆိုတာမျိုး ကြိုတင်စုံစမ်းထားပါ။ သတင်းအချက်အလက်တိုင်းဟာ အဖိုးတန်ပါတယ်။ သူတို့ယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးတမ်းတွေကို နှစ်သက်ခံစားကြပါ။

(၃) ကိုယ့်ဆီက သူတို့ ဘာကြားရမလဲဆိုတာ ကြိုပြောထား အသိပေးထားပါ။ ဗြုန်းခနဲ မိုးပေါ်ကကျလာသလို လျှို့ဝှက်ဆန်းကြယ်တွေ မလုပ်ပါနဲ့။

(၄) သူတို့ရဲ့ စိတ်သန်ရာတွေ၊ လိုအင်တွေကို နားလည်ကြောင်းပြောပါ။ ကိုယ်ကသူတို့နဲ့ တန်းတူနေပြလိုက်ရင် သူတို့ကလည်း ကိုယ်နဲ့တစ်သားတည်း ဖြစ်လာပါလိမ့်မယ်။

(၅) သူတို့ကို တောက်လျှောက်အတူ ခေါ်သွားပါ။ သူတို့ရဲ့ စဉ်းစားဉာဏ်ကို ဖွင့်ပေးတဲ့ မေးခွန်းမျိုးတွေမေးပါ။ ဘာတွေပြောပြီးခဲ့ပြီ၊ ဘာတွေ ဆက်ပြောမယ်ဆိုတာတွေ အသိပေးပါ။

(၆) သူတို့မတတ်နိုင်တဲ့အလုပ်တွေကို လုပ်ဖို့ မပန်ကြားပါနဲ့။ ဝန်နဲ့အား၊ လေးနဲ့မြား ညီမျှပါစေ။

(၇) အထက်စီးလေသံ မသုံးမိပါစေနဲ့၊ မရည်ရွယ်ဘဲနဲ့ ပြောမိတတ်ပါတယ်၊ သတိထားပါ။

(၈) ပရိသတ်ကို ကြည့်ပြီးပြောပါ။ တစ်ချိန်လုံးကြည့်ပါ။ အားလုံးနီးပါးကို ကြည့်ပါ။

အခန်း (၄) မှတ်စုပြင်ဆင်ခြင်းဆိုတဲ့ အခန်းမှာ ရေးသားထားတာတွေရဲ့ အနှစ်ချုပ်ကို နောက်ဆုံးမှာ (၉)ချက် ဖော်ပြထားပါတယ်။ အောက်မှာ ဖတ်ကြည့်စေလိုပါတယ်–

## အခန်း (၄)

၁။ ဘာပြောချင်တယ်ဆိုတာ တိတိကျကျရှိဖို့တော့ မမေ့ပါနဲ့။ ကိုယ်တင်ပြတာကို အထောက်အကူပြုမဲ့ အချက်အလက်တွေပဲသုံးပါ။

၂။ တစ်ထိုင်တည်း အပြီးမပြင်ဆင်ပါနဲ့။ အချိန်ယူပါ။ တစ်နေ့ထက်တစ်နေ့ ပိုကောင်းလာတတ်ပါတယ်။

၃။ နိဒါန်း၊ စာကိုယ်၊ နိဂုံးဆိုပြီး သုံးပိုင်းခွဲပါ။ ကိုယ်က ပီပီပြင်ပြင်ခွဲပိုင်းထားသလိုပဲ၊ ပရိသတ်ကလည်း ပိုင်းပိုင်းခြားခြား သိနိုင်ပါစေ။

၄။ အသုံးဝင်မည့် မှတ်စုတွေ ရှာထားပါ။ ကိုယ့်အတွက် သီးသန့်မှတ်စုတွေ ဖြစ်တယ်။ သူများဖတ်ဖို့မဟုတ်ဘူး။ ဒါကြောင့်ကိုယ့်အတွက် အရေးကြီးတဲ့၊ အသုံးဝင်တဲ့ သတိပေးချက်တွေပါ ရေးထည့်ထားပါ။

၅။ ပြောစရာတွေကို ကျိုးကြောင်းတကျ စီစဉ်ထားပါ။ အဓိကအချက်၊ အထောက်အကူအချက်အလက်၊ အဆက်အစပ်စသည်ဖြင့်ပေါ့လေ၊ ဒီအပိုင်းကို အချိန်ယူပြီး ပြင်ဆင်ရမယ်။

၆။ အဖွင့်ဝါကျနဲ့ အပိတ်ဝါကျတွေကို အပြည့်အစုံ ရေးချထားပါ။ ဘာကြောင့်မှန်းမသိနိုင်ဘဲ အဖွင့်အပိတ်တွေမှာ မာကြောကြောတိတောင်းတောင်း ဖြစ်သွားတတ်လို့ပါပဲ။ စိတ်ကြိုက်ရေးထားပြီး ဖတ်ပြလိုက်တော့ အဆင်ချောသွားတာပေါ့။

၇။ အနည်းဆုံး တစ်ကြိမ်တော့ အစမ်းလေ့ကျင့်ပါ။ ဘယ်လောက်ကြာသွားနိုင်သလဲဆိုတာသိပြီး အတိုအရှည်ကို လိုသလို ပြင်ယူနိုင်မယ်။ ပြောတော့မှ အချိန်မလောက်တာ၊ အချိန်ကကုန်တော့မယ် အဓိကအချက်ကြီးက ကျန်နေသေးတာမျိုး ဖြစ်လာရင် ဒုက္ခတွေ့ပါလိမ့်မယ်။

၈။ ပြောနှုန်းက တစ်မိနစ်ကို စာလုံးရေ ၁၇၅ လုံး (တစ်စက္ကန့်ကို သုံးလုံးနှုန်းလောက်ပဲ ကောင်းပါတယ်။) ပွဲဝင်ခါနီးရင် ဆယ်စက္ကန့် အတွင်း စာလုံး သုံးဆယ်လောက် ပြောကြည့်ပြီး အဲဒီနှုန်းကို မှတ်ထားပါ။

၉။ တကယ်ပြောရင် တွက်ထားတာထက် ပိုပြီး ကြာတတ်ပါတယ်။ ပရိသတ်ကလည်း အချိန်မစေ့ခင် ဟောပြောပြီးသွားတာမျိုး ပို ကြိုက်တတ်တယ်။

ဒါကြောင့် အချိန် မိနစ် (၃၀)ပေးထားရင် (၂၆)မိနစ်စာလောက်နဲ့ ပြင်ဆင်ထားတာ ကောင်းပါတယ်။

စနစ်တကျမသိဘဲ ကျွန်တော်တို့ဟာ ဟောပြောတင်ပြသူတွေ လုပ်ဖူးခဲ့ပါတယ်။ ပရိသတ်ကို တောတော်နှိပ်စက်ဖူးပါတယ်။ သူ တစ်ပါးဟောတာ ပြောတာတွေကိုလည်း အချိန်နာရီပေါင်းများစွာထိုင်ပြီး နားထောင်ဖူးပါတယ်။ ရှည်လျား၊ ထွေပြား၊ ပေများပြီး မထိရောက်တဲ့ တင်ဆက်ဟောပြောချက်တွေကို အလွန့်အလွန် စိတ်ပျက်ခဲ့ရဖူးပါတယ်။ ကြုံဖူးကြမှာပါ။

စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးစတဲ့ နယ်ပယ်အသီးသီးမှာ အောင်မြင်ထွန်းပေါက်သူတွေရဲ့ အခြေခံအရည်အသွေးကတော့ အဟော အပြော ကောင်းမွန်ခြင်းဖြစ်ပါတယ်။

ဒီစာအုပ်က ဟောပြောခြင်းအလုပ်ကို စနစ်တကျ အသုံးချဖို့ နည်းလမ်းတကျညွှန်တဲ့ တကယ့်အသုံးချ အတတ်ပညာရပ် စာတစ်အုပ်လို့ ကျွန်တော်တော့ မြင်တာပဲ။ မယုံသေးဘူးလား။

ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်ပေါင်း ၃၀၀ ကျော်ကို ကျွန်တော်တို့ ဝယ်ပို့ဖို့ ထောက်ခံတင်ပြခဲ့ပါပြီ။ အခမဲ့ ငှားပြီး ကြည့်ရှုနိုင်ပါလိမ့်မယ်။ သဘောမတူပါက စာရေး၍ အပြစ်တင်နိုင်ပါ ကြောင်း၊ ခေါင်းဆောင်လုပ်မဲ့ လူငယ်လူရွယ်တိုင်း မလွဲမသွေ လေ့လာပါ။

**LIFE STYLE မဂ္ဂဇင်း**

**၁၉၉၉ ခု၊ ဇူလိုင်လ**

# ယုံကြည်စိတ်ချရမှု

သက်ကြီးစကား သက်ငယ်ကြားဆိုသလို ဒီစကားတွေကို ကျွန်တော်တို့ အထက်တန်းကျောင်းသားလောက်ကပဲ ကြားနေခဲ့တာပါ။ နားရည်ဝခဲ့ကြပြီးသားပါ။ ကျွန်တော့်သူငယ်ချင်းတွေရဲ့ မိဘတွေက ငါးခြောက်ရောင်းဝယ်ပါတယ်။ ဆီ၊ ဆန်၊ ပဲစတဲ့ ကုန်ခြောက်ပွဲရုံကြီးတွေ ရှိပါတယ်။ အရောင်းအဝယ်သမားတွေဆိုတော့ အရောင်းအဝယ်စကားတွေ အမြဲကြားရပါတယ်။

စီးပွားရေးလုပ်တဲ့နေရာမှာ အမြဲတစေ ငွေလက်ငင်း အရောင်းအဝယ် ဖြစ်ချင်မှဖြစ်တာပါ။ နောက်မှရှင်းမယ် နောင်မှပေးမယ်ဆိုတာ ရှိစမြဲပါ။ ကုန်ကြွေးပေါ့။ ဒီတော့ ကိုယ်က ပေးစရာလည်း အမြဲရှိနေတယ်။ ကိုယ်က ရစရာအကြွေးကလည်း အမြဲပဲရှိနေတယ်။ ကုန်သည်ပွဲစားအရောင်းအဝယ်သမားတွေမှာ ပေးရန်၊ ရရန်ဆိုတာ ဘယ်ကင်းမလဲ။ ကတိတည်ရတယ်။

အရောင်းအဝယ်ဆက်ဆံကြရတဲ့ လူတွေထဲမှာ နောက်မှဝင်လာတဲ့လူဖြစ်ပေမဲ့ စီးပွားတက်တဲ့လူက တက်လာတယ်။ လူအရွယ်ငယ်ပေမဲ့ အလုပ်အကိုင်မှာ အောင်မြင်ကျယ်ပြန့်လာတဲ့ လူငယ်တွေလည်း တွေ့ရတယ်။ အချို့က နှစ်ကာလများစွာ ရပ်ရွာမျက်နှာဖုံး၊ ရပ်ရွာလူကြီး၊ စီးပွားရေးလုပ်လာတာကြာပြီ။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ ခမ်းခြောက်

ကျဆင်းသွားတယ်။ အရောင်းအဝယ် သူ့ဆီမှာ ပါသွားတယ်။ ဘာဖြစ်လို့လဲ။

စီးပွားရေးတက်လာတဲ့လူ၊ စီးပွားရေးကျဆင်းသွားတဲ့လူ၊ သူတို့နှစ်ဦးရဲ့ ခြားနားချက် ပင်မအရင်းအမြစ်က ဘာလဲ၊ ကျွန်တော် ငယ်ငယ်ကတည်းက စပ်စုဖူးတယ်။ လူကြီးသူမတွေရဲ့ အဖြေက တစ်ထပ်တည်းပဲ။ **"ယုံကြည်စိတ်ချရမှု"**ပေါ် မူတည်ပြီး အရောင်းအဝယ် ဒီရေဟာ တက်တာကျတာပဲတဲ့။ ယုံကြည်စိတ်ချရမှုရှိရင် ရှိသလောက် ထိုးတက်လာတာပဲ။ ယုံကြည်စိတ်ချရမှု မရှိဘူးဆိုရင်တော့ တစ်နေ့တခြား လျော့ပါးကျဆင်းသွားတာပဲတဲ့။

ယုံကြည်စိတ်ချရမှုဆိုတာက ဂုဏ်သတင်းပဲပေါ့။ ဂုဏ်သတင်းသင်းပျံ့မွှေးကြိုင်ရင် ရတနာရှိရာကို ရတနာစုတော့တာပဲ။ သူ့ပွဲရုံက ပစ္စည်းမှ လိုချင်တယ်။ သူ့ဆိုင်ကပစ္စည်းပဲပေးပါ။

အဖျင်းအမှော်တွေပါလို့၊ သဲတွေခဲတွေ အရောအနှောများလို့ သို့မဟုတ် အပုပ်တွေ ပိုးဖောက်တွေပါလို့ စသဖြင့် ကုန်ပစ္စည်းရဲ့ အရည်အသွေး ညံ့ဖျင်းတာကို တွေ့ရတယ်ဆိုရင် နာမည်ပျက်တော့တာပေါ့။ တစ်ခါဆို ခွင့်လွှတ်ရဲ့။ နှစ်ခါဆိုရင် သည်းမခံချင်တော့ဘူး။ သုံးခါဆိုတော့ ဒီပွဲရုံကို လန်သွားပြီ။ တခြားနေရာ ရောက်သွားရော။ ဖောက်သည်ပျက်ကရော။

ဒါက လုပ်ရည်ကိုင်ရည်၊ စီမံခန့်ခွဲတာ အရည်အသွေးမရှိတဲ့လူတွေကြောင့် နာမည်ကောင်းပျက်ရတာ။ ကျွမ်းကျင်မှုညံ့ဖျင်းရင် ကုန်ပစ္စည်းမှာပဲဖြစ်ဖြစ်၊ ဆက်ဆံရေးမှာပဲဖြစ်ဖြစ် ကျဆင်းမှာပဲ။

ယုံကြည်စိတ်ချရမှုဆိုတာတွေမှာ နှုတ်ကတိတွေလည်း ပါပါတယ်။ ကတိတစ်လုံးကို မဖြစ်မနေ တည်မြဲအောင် စောင့်ထိန်းတဲ့လူတွေ ရှိသလို လျှာမှာအရိုးမရှိတိုင်း ဗလောင်းဗလဲပြောတတ်တဲ့လူတွေလည်း ရှိတယ်။ နက်ဖြန်ပေးပါမယ်၊ သန်ဘက်ခါပေးပါမယ်နဲ့ နေ့ရွှေ့၊ လရွှေ့၊ တရွှေ့ရွှေ့လုပ်တဲ့လူမျိုးလည်း တွေ့ရတတ်တယ်။

အကြောင်းအကျိုး ခိုင်လုံရင်ထားတော့။

ရေကြီးလို့ပါ။ မီးလောင်လို့ပါဆိုရင် ခွင့်လွှတ်သည်းခံကြပါတယ်။ သို့မဟုတ်ဘဲနဲ့ မရိုးသားတာ၊ တမင်တင်စီးတာမျိုးဆိုရင်တော့ လန်သွားရော။ မဆက်ဆံချင်တော့ဘူးလေ။

စီးပွားရေးလုပ်တဲ့လူတွေက ရိုးသားမှုကို သိပ်အလေးထားတယ်။ သိက္ခာသမာဓိ အရေးကြီးမှန်း ကောင်းကောင်းသိကြတယ်။ ရိုးသားဖြောင့်မတ်ခြင်းနဲ့ အရင်းတည်ရင် ပိုက်ဆံရှိတဲ့လူတွေက ကူညီဖို့ အသင့်ပဲ။

ကြီးပွားချင်တာတစ်ခုတည်းနဲ့ စီးပွားရေးလောကထဲကို လူလည်လုပ်လို့ရပါတယ်ထင်ပြီး ဝင်မလာနဲ့။ ရရင် တစ်နှစ်၊ နှစ်နှစ်ပေါ့။ တာရှည်ခံလှ ၄–၅ နှစ်ပေါ့။ ကြာကြာဝါးလို့ ခါးမှန်းသိလာရင်တော့ ရောင်းသူ ဝယ်သူတွေက မနေဘူးဗျ၊ ကျဉ်သွားရော၊ ဝေးရာ ရှဲသွားတာပဲ။ အလိုလို ဝိုင်းပယ်ပြီးသား ဖြစ်ကျန်ရစ်တယ်။

အရောင်းအဝယ် နယ်ပယ်မှာ ရိုးသားဖြောင့်မတ်ခြင်းဟာ အင်မတန်အခြေခံကျတယ်။ ငွေကြေးချမ်းသာတာ၊ နည်းပါးတာနဲ့ သိပ်တန်ဖိုးမဖြတ်ကြဘူး။ ရိုးသားဖြောင့်မတ်တဲ့လူရဲ့ သိက္ခာသမာဓိကို အဓိကတန်ဖိုးထားကြတာ ဖြစ်ပါတယ်။

ကျွန်တော်ငယ်ငယ်ကတည်းက ပွဲရုံနဲ့ ဈေးတန်းဈေးရုံတွေမှာ လေ့လာခဲ့ပြီး သိရှိခဲ့ရတဲ့ ယုံကြည်စိတ်ချရမှုဟာ နှစ်ပေါင်း ၃၀လောက် ဝန်ထမ်းလောက ဖြတ်သန်းရတဲ့အခါမှာလည်း အရေးပါကြောင်း ကိုယ်တွေ့ သိရှိရပြန်ပါတယ်။

ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုးလုပ်ချင်တဲ့ သူတွေ၊ လောဘသက္ကာယ အင်မတန်များတဲ့သူတွေ၊ ကိုယ်ကျိုး၊ ကိုယ့်သားမယားအကျိုးအတွက် လိပ်လိုယက်ဖို့ မရှက်တတ် မကြောက်တတ်တဲ့ လုပ်ပိုင်ခွင့်ရှိခဲ့သူတချို့ဟာ (သူတို့ဩဇာအာဏာရှိတုန်းမှာ အရှိန်အဝါကြီးလွန်းလို့) တစ်နေ့မှာ ဒီလို ခွေးကျဝက်ကျ အကျနာရလိမ့်မယ်လို့ အိပ်မက်တောင်မမက်ပေမဲ့ မျက်စိအောက်မှာပင် နိမ့်ပါးသွားကြရရှာတယ်။

အမှန်တရားနိယာမကတော့ ကြာကြာဖုံးထားလို့ ဘယ်ရမှာလဲ။

အမှုဖြစ်။ ရာထူးပြုတ်၊

ထောင်ကျ

လူရာမဝင်၊ မျက်နှာမပြရဲ။

စားခဲ့တုန်းက ပါးဖြီနားဖြီ စားခဲ့ကြတာ၊ လာဘ်လာဘတွေ ပေါများစဉ်မှာ အတိုင်းအဆကို မချုပ်တည်းဘူး။ ဟိုဟာပေးပါဦး၊ ဒါလည်း ယူခဲ့ပါဦး။

"ငါ့ကို ဘာမှတ်လို့လဲ"---ကွ၊ သိရဲ့လား"

"မမကိုတော့ ပေါ့သေးသေးမထင်နဲ့နော်"

မလျော်ညီဇာတွေ သုံးခဲ့ကြ။ လောကမှာ သူတို့ဟာ တစ်သက်လုံး ဥပဒေရဲ့အပေါ်မှာ ထင်ခဲ့ကြရဲ့။ ခုတော့ **"ယုံကြည်စိတ်ချရမှု"**ပျက်ယွင်းခဲ့သူတွေဟာ မြောင်းထဲရောက်ခဲ့ရှာပါပြီ။

မြောင်းထဲခုန်ဆင်းရချင် ဆင်းရပါစေ ငါတို့အလှည့်ရောက်ရင်တော့ ဝါးမှာပဲဆိုတဲ့ ပါးစပ်တပြင်ပြင်နဲ့ လူအချို့ကိုလည်း တွေ့မြင်ရရဲ့။ သနားဖို့ကောင်းလိုက်တာ။ ဓားသွားပေါ်က ပျားရည်စက်ကို မက်တဲ့လူ။

အများပြည်သူ ကောင်းကျိုးဆောင်မဲ့လူဆိုတာ ယုံကြည်စိတ်ချရမှုကို ဦးစွာပထမ တည်ဆောက်ယူရမယ်။ ငါ့ကိုယ်ကျိုးအတွက်၊ ငါ့သားမယားအတွက်၊ ငါ့ဆွေမျိုးအတွက်၊ ငါ့မိသားစုအတွက်စတဲ့ "င"တွေ ရှေ့တန်းတင်ပြီး အစွယ်ထွက်နေရင်တော့ ရာထူးရှိနေလို့သာ ဘေးကသွားဖြဲပြနေကြတာ။ ရင်ထဲက လေးစားမှုတော့မရှိ။ ယုံကြည်စိတ်ချ ဘယ်ရှိပါ့မလဲ။

စီးပွားရေးနယ်ပယ်မှာပဲဖြစ်ဖြစ်၊ ဝန်ထမ်းလောက ရာထူးခံ နယ်ပယ်မှာပဲဖြစ်ဖြစ် တစ်နပ်စားဉာဏ်နဲ့ အုပ်မယ်၊ ခုတ်မယ် မကြံစည်လေနဲ့။ မြန်မြန်ကျဆုံးသွားလိမ့်မယ်နော်။ စေတနာနဲ့ တင်ပြခြင်းပါ။ စေတနာလား၊ ဝေဒနာလား ခွဲခြားသိမြင်နိုင်မှာပါ။

"င"လေးလုံးကို လက်တွေ့ရှောင်။ ယုံကြည်စိတ်ချရမှုကိုသာ အလေးအနက်ထားပြီး သီလ၊ သမာဓိသိက္ခာရှိအောင် ဆောင်ရွက်ပေးကြပါ။ ရတနာ၊ ရွှေ၊ ငွေ အထွေအထွေအပြင် လိုရာတောင့်တ အောင်မြင် ကြပါစေ့မယ်၊ သေချာပါတယ်ခင်ဗျာ။

**ဈေးကွက်ဂျာနယ်**

**အမှတ် (၁၂၂)၊ ၂-၇-၉၉**



ချစ်နိုင်

စိတ်ပညာ

# စက္ကန့်တိုင်းကို စိန်စီထားတယ်